Food and Agriculture
Organization of the
United Nations



# အမျိုးသမီးများနှင့် အမျိုးသားများ အတွက် မြေယာ စီမံအုပ်ချုပ်ရေး

ကျား-မသာတူညီမျှရှိကာ တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု
အတွက် အထောက်အကူပြု နည်းပညာဆိုင်ရာ လမ်းညွှန်



လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု **နည်းပညာလမ်းညွှန်** စာအုပ် အမှတ် (၁)

# အမျိုးသမီးများနှင့် အမျိုးသားများ အတွက် မြေယာ စီမံအုပ်ချုပ်ရေး

ကျား-မသာတူညီမျှရှိကာ တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုအတွက် အထောက်အကူပြု နည်းပညာဆိုင်ရာ လမ်းညွှန်



**ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့**

ရောမမြို့၊ ၂၀၁၃

Required citation:

FAO. 2021. *Governing land for women and men - A technical guide to support the achievement of responsible gender-equitable governance land tenure.* Governance tenure Technical Guide No. 1. Rome.

FAO. ၂၀၂၁၊ *အမျိုးသမီးများနှင့်အမျိုးသားများအတွက် မြေယာစီမံအုပ်ချုပ်ရေး - ကျား-မသာတူညီမျှရှိကာ တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုအတွက် အထောက်အကူပြု နည်းပညာဆိုင်ရာ လမ်းညွှန်။* လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန် အမှတ် ၁။ ရောမမြို့။

This work was originally published by the Food and Agriculture Organization of the United Nations (FAO) in English as *Governing land for women and men - A technical guide to support the achievement of responsible gender-equitable governance land tenure.* This Myanmar translation was arranged by Landesa. In the event of discrepancies, the original language will govern.

ဤစာစောင်ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ *Governing land for women and men - A technical guide to support the achievement of responsible gender-equitable governance land tenure* ခေါင်းစဉ်ဖြင့် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။ ဤမြန်မာဘာသာပြန်ကို လန်ဒက်ဆာ (Landesa) မှ စီစဉ်ခြင်းဖြစ်သည်။ ကွဲလွဲမှုများရှိပါက မူရင်းဘာသာမူသည်သာ အတည်ဖြစ်သည်။

The designations employed and the presentation of material in this information product do not imply the expression of any opinion whatsoever on the part of the Food and Agriculture Organization of the United Nations (FAO) concerning the legal or development status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries. The mention of specific companies or products of manufacturers, whether or not these have been patented, does not imply that these have been endorsed or recommended by FAO in preference to others of a similar nature that are not mentioned.

The views expressed in this information product are those of the author(s) and do not necessarily reflect the views or policies of FAO.

**ISBN 978-92-5-133964-0**

© FAO, 2013 [English version]
© FAO, 2021

Some rights reserved. This work is made available under the Creative Commons Attribution-NonCommercial-ShareAlike 3.0 IGO licence (CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo/legalcode).

Under the terms of this licence, this work may be copied, redistributed and adapted for non-commercial purposes, provided that the work is appropriately cited. In any use of this work, there should be no suggestion that FAO endorses any specific organization, products or services. The use of the FAO logo is not permitted. If the work is adapted, then it must be licensed under the same or equivalent Creative Commons licence. If a translation of this work is created, it must include the following disclaimer along with the required citation: "This translation was not created by the Food and Agriculture Organization of the United Nations (FAO). FAO is not responsible for the content or accuracy of this translation. The original [Language] edition shall be the authoritative edition."

Disputes arising under the licence that cannot be settled amicably will be resolved by mediation and arbitration as described in Article 8 of the licence except as otherwise provided herein. The applicable mediation rules will be the mediation rules of the World Intellectual Property Organization http://www.wipo.int/amc/en/mediation/rules and any arbitration will be conducted in accordance with the Arbitration Rules of the United Nations Commission on International Trade Law (UNCITRAL).

**Third-party materials. Users wishing to reuse material from this work that is attributed to a third party, such as tables, figures or images, are responsible for determining whether permission is needed for that reuse and for obtaining permission from the copyright holder. The risk of claims resulting from infringement of any third-party-owned component in the work rests solely with the user.**

**Sales, rights and licensing. FAO information products are available on the FAO website (www.fao.org/publications) and can be purchased through publications-sales@fao.org. Requests for commercial use should be submitted via: www.fao.org/contact-us/licence-request. Queries regarding rights and licensing should be submitted to: copyright@fao.org.**

# အသိအမှတ်ပြုလွှာ

ဤအမျိုးသမီးများနှင့်အမျိုးသားများအတွက် မြေယာအုပ်ချုပ်မှု နည်းပညာဆိုင်ရာ လမ်းညွှန်စာအုပ်ကို Elizabeth Daley ဦးဆောင်၍ Clara Mi Young Park၊ Francesca Romano၊ Leila Shamsaifar၊ Ting-Hui Lau နှင့် Babette Wehrmannတို့ပါဝင်သော အဖွဲ့မှ ရေးသားပြုစုခြင်း ဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်ကို Elizabeth Daley နှင့် Clara Mi Young Park နှင့် အခြားသော စာမူရှင်များဖြစ်သည့် Judy Adoko၊ Dalal Alnaggar၊ Marianna Bicchieri၊ Patricia Costas၊ Kate Dalrymple၊ Nigel Edmead၊ Debra Anne Fletcher၊ Seema Gaikwad၊ Catherine Gatundu၊ Renée Giovarelli၊ Paolo Groppo၊ Nora Heil၊ Adriana Herrera-Garibay၊ Rachael Knight၊ Annalisa Mauro၊ Eliane Najros၊ Esther Obaikol၊ Martha Osorio၊ Sabine Pallas၊ Neil Pullar၊ Peter Rabley၊ Rebecca Sittie၊ Elizabeth Stair၊ Josephine Stowers-Fiu၊ Mika- Petteri Törhönen၊ Margret Vidar နှင့် Babette Wehrmann တို့က မူကြမ်း ရေးသားပြုစုခဲ့ပါသည်။

ဤလမ်းညွှန်စာအုပ်တွင် Dubravka Bojic၊ Paolo Groppo၊ Paul Munro-Faure၊ Ana Paula de la O Campos၊ Martha Osorio၊ David Palmer၊ Neil Pullar၊ Francesca Romano၊ Margret Vidar နှင့် Babette Wehrmann တို့၏ သဘောထားမှတ်ချက်များ၊ ပြင်ပပညာရှင်များ ဖြစ်သည့် Bayarmaa Byambaa၊ Catherine Gatundu၊ Renée Giovarelli၊ Susana Lastarria-Cornhiel၊ Sabine Pallas၊ Siraj Sait၊ Agatha Wanyonyi နှင့် the German Agency for International Cooperation (GIZ) က ကြီးမှူးသည့် the German Working Group တို့၏ သဘောထားမှတ်ချက်များ နှင့်အညီ ပြန်လည် ပြင်ဆင်ထားခဲ့ပါသည်။ စာမူအား Jane Shaw က တည်းဖြတ်ထားပြီး ဒီဇိုင်းအပြင်အဆင်မှာ Luca Feliziani ၏ ဖန်တီးမှုလက်ရာဖြစ်ပါသည်။

ဤနည်းပညာဆိုင်ရာ လမ်းညွှန်စာအုပ် ရေးသား၊ ထုတ်ဝေနိုင်ရေးအတွက် ရန်ပုံငွေ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ International Fund for Agricultural Development (IFAD) အား FAO က အထူးပင်ကျေးဇူးတင်ရှိပါသည်။

# ဥပဒေသဖွင့်

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီသည် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါး လုပ်ငန်း နှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ ("လမ်းညွှန်ချက်များ"ဟု ရည်ညွှန်းပါမည်) အား ၂၀၁၂ ခုနှစ်၊ မေလ၊ ၁၁ ရက်နေ့တွင် ထောက်ခံခဲ့ပါသည်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအခြေခံမူများကို အခြေခံ၍ ဖွံ့ဖြိုး ရေးအတွက်မြေယာသည် ပဓာနကျကြောင်း အသိအမှတ်ပြုလျက် ပြုစုရေးသားထားသည့် လမ်းညွှန်ချက် များသည် လုပ်ပိုင်ခွင့်ခိုင်မာမှုနှင့် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ တန်းတူရယူသုံးစွဲပိုင်ခွင့်များကို မြှင့် တင်ပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံအလိုက် အစာရေစာ ဝတ်မွတ်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းအားထုတ်မှုများအား ပံ့ပိုးရန် ရှေ့ရှုပါသည်။

ဤ အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာ စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန် သည် လမ်းညွှန်ချက်စာအုပ်ပါ အခြေခံမူဖြစ်သည့် မြေယာလုပ်ပိုင်ခွင့်တွင် ကျား-မတန်းတူညီမျှမှုရှိရန် တာဝန် ယူ စီမံအုပ်ချုပ်မှုရရှိခြင်းဖြင့် ကျား-မတန်းတူအခွင့်အရေး ဖော်ဆောင်ပေးရေးကို ပံ့ပိုးရန် ရည်ရွယ်ပါသည်။

ဤ နည်းပညာလမ်းညွှန်အား ရေးသားပြုစုရာတွင် သုတေသနလုပ်ငန်း၊ ပြည်သူ့သဘောထား ခံယူခြင်း တို့ ကို ဖိဖိစီးစီး ဆောင်ရွက်ခဲ့ရာ အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်မှု- လုပ်ပိုင်ခွင့်နှင့် အခြားသော သဘာဝအရင်းအမြစ်များတွင် တာဝန်ယူမှုရှိသော စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာ ကျင့်သုံးနိုင်သော လမ်းညွှန် (FAO, 2011a) ဟုအမည်ရသည့် FAO လုပ်ငန်းစာတမ်းကို ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလက ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုလုပ်ငန်းစာတမ်းတွင် ဤနည်းပညာလမ်းညွှန်၌ပါဝင်မည့် အဓိက အချက်များနှင့် ပြဿနာများကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာ ဖော်ထုတ်ထားပါသည်။

မြေယာလုပ်ပိုင်ခွင့်တွင် ကျား-မတန်းတူညီမျှ၍ တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေး အတွက် ကောင်းမွန်သော လုပ်ငန်းစဉ်များ ဖော်ထုတ်သတ်မှတ်ရာ၌ အထောက်အကူဖြစ်စေရန် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရောမမြို့ရှိ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ရုံးချုပ်တွင် ၂၀၁၁ ခုနှစ်၊ မေလက ကျင်းပခဲ့ပါသည်။ "အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်မှု - မြေယာ လုပ်ပိုင်ခွင့်တွင် ကျား-မတန်းတူညီမျှစွာ စီမံအုပ်ချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ ကမ္ဘာတစ် ဝှမ်းရှိ အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍများမှ မြေယာကျွမ်းကျင်သူများ တက်ရောက် ခဲ့ကြပြီး ကျား-မ တန်းတူညီမျှသော မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်မှု တိုးတက်ကောင်းမွန် လာစေရေးအတွက် လက်တွေ့ အတွေ့အကြုံများနှင့် နည်းလမ်းများကို ဖလှယ်ခဲ့ကြပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ် အနေနှင့် ဤ နည်းပညာလမ်းညွှန်တွင် လွန်စွာ ပြည့်စုံသော အကြောင်းအရာများကို ထည့်သွင်းရေးသားနိုင်ခဲ့ ပါသည်။

ဤလမ်းညွှန်စာအုပ်အား ထပ်ဆင့်ထောက်ခံပြီးနောက် ပညာရှင်များအချင်းချင်း သုံးသပ်မှတ်ချက် ပေးသည့် လုပ်ငန်းစဉ်အားဖြင့် ဤနည်းပညာလမ်းညွှန် စာအုပ်ကို မူကြမ်းရေးသားပြုစုရေးအဖွဲ့မှ အချော သတ်နိုင်ခဲ့ပါသည်။



လက်ထောက်ညွှန်ကြားရေးမှူးချုပ်
FAO သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့်
ပတ်ဝန်းကျင် ဦးစီးဌာန

# မာတိကာ

III
အသိအမှတ်ပြုလွှာ

IV
ဥယျောဇဉ်

## နိဒါန်း

၁၁
ဤလမ်းညွှန်စာအုပ်တွင် မည်သည့်အကြောင်းအရာများ ပါဝင်ပါသလဲ။

၁၃
ဤလမ်းညွှန်စာအုပ်၏ နယ်ပယ် အတိုင်းအတာနှင့် ကန့်သတ်ချက်များမှာ ဘာတွေပါလဲ။

၁၃
ကျား-မ သာတူညီမျှစွာ မြေယာ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ နည်းပညာလမ်းညွှန်ချက်အား ဘာကြောင့် ပြုစုရပါသလဲ။

၁၄
ဤအပိုင်းတွင် မည်သည့် အဓိကအကြောင်းအရာများ ပါဝင်ပါသလဲ။

၁၆
ဤလမ်းညွှန်စာအုပ်သည် မည်သူများအတွက် ဖြစ်ပါသလဲ၊ မည်သို့ အသုံးပြုသင့်ပါသလဲ။

၁၈
ကိုးကားချက်များ

အပိုင်း ၁

## မူဝါဒချမှတ်ခြင်း

၂၁
နိဒါန်း

၂၁
မြေယာမူဝါဒ ချမှတ်ရာ၌ မြေယာမူဝါဒများနှင့် အုပ်ချုပ်မှု တို့အကြား ခွဲခြားရှုမြင်ခြင်း

၂၃
မြေယာ မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များ၌ ကျား-မ သာတူညီမျှပါဝင်ခွင့်ကို ထည့်သွင်းတည်ထောင်ခြင်း။

၃၀
ကျား-မ သာတူညီမျှ မြေယာမူဝါဒချမှတ်ရေးတွင် အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ

၃၆
ဒေသန္တရအဆင့် မြေယာမူဝါဒချမှတ်ခြင်း

၃၇
မူဝါဒချမှတ်ခြင်းဆိုင်ရာ အဓိကအချက်များ အကျဉ်းချုပ် -

၃၉
ကိုးကားချက်များ

အပိုင်း ၂

## ဥပဒေရေးရာ ကိစ္စရပ်များ

၄၂
နိဒါန်း

၄၃
ကျား-မ ရေးရာရှုထောင့်မှ ဥပဒေ ဗဟုစနစ်

၅၀
ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ မူကြမ်းရေးဆွဲခြင်း၊

၅၇
ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးနှင့် မြေယာအခွင့်အရေးအသုံးချခြင်း

၇၁
ဥပဒေကိစ္စရပ်များဆိုင်ရာ အဓိကအကြောင်းအရာများ အနှစ်ချုပ်

၇၂
ကိုးကားချက်များ

အပိုင်း ၃

## ဌာန၊အဖွဲ့အစည်းများ

၇၆
နိဒါန်း

၇၇
မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ

၈၂
မြေယာနှင့်သက်ဆိုင်သည့် ဌာနများ

**၈၆**
အခြားသော ဌာန / အဖွဲ့အစည်းများ

**၈၇**
ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

**၈၉**
နည်းပညာရပ် ကျွမ်းကျင်မှုတွင် ကျား-မ သာတူညီမျှ ကိုယ်စားပြုခြင်း။

**၉၃**
ဌာန/အဖွဲ့အစည်းများဆိုင်ရာ အဓိကအကြောင်းအရာများ အနှစ်ချုပ်

**၉၄**
ကိုးကားချက်များ


အပိုင်း ၄

## နည်းပညာဆိုင်ရာ ကိစ္စရပ်များ


**၉၇**
နိဒါန်း

**၉၈**
အထွေထွေ မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ

**၁၀၂**
မြေယာအခွင့်အရေးများ မှတ်ပုံတင်ခြင်း

**၁၀၃**
မြေတိုင်းတာခြင်း၊ အမည်ပေါက်နှင့် မှတ်ပုံတင်ခြင်း၉

**၁၁၁**
တန်ဖိုးတွက်ချက်ခြင်း

**၁၁၁**
အခွန်ကောက်ခံခြင်း

**၁၁၂**
မြေအသုံးချမှု အစီအစဉ်ဆွဲခြင်း

**၁၁၅**
မြေယာပေါင်းစည်းခြင်းနှင့် ပြန်လည်ချိန်ညှိခြင်း

**၁၁၆**
မြေယာပြန်လည်ခွဲဝေပေးခြင်းနှင့် ပြန်လည်အစားထိုးပေးခြင်း

**၁၁၈**
ပြန်လည်ခွဲဝေပေးခြင်း ပြုပြင်ပြောင်းလဲမှုများ

**၁၂၀**
လျော်ကြေးပေးခြင်း

**၁၂၁**
နည်းပညာ ကိစ္စရပ်များ အဓိကအချက်များ အနှစ်ချုပ်

**၁၂၃**
ကိုးကားချက်များ


အပိုင်း ၅

## သတင်းစကားများ ဖြန့်ဝေခြင်း


**၁၂၆**
နိဒါန်း

**၁၂၇**
အသိပညာပေးရေး၊ ကျား-မရေးရာ အမြင်ဖွင့်ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ပေးမှု

**၁၃၂**
ဥပဒေပညာ သိနားလည်ခြင်း

**၁၃၄**
ဆက်သွယ်ရေးနှင့် အသိပညာပေး မဟာဗျူဟာများနှင့် နည်းစနစ်များ

**၁၄၂**
ယုံကြည်မှုတန်ဖိုးများနှင့် ခံယူချက်သဘောထားများကို ပြောင်းလဲခြင်း

**၁၄၃**
သတင်းစကားများများ ဖြန့်ဝေခြင်းအပိုင်းမှ အဓိက အချက်များ အနှစ်ချုပ်

**၁၄၅**
ကိုးကားချက်များ


## အရင်းအမြစ်များနှင့် ရည်ညွှန်းစာအုပ်များ


**၁၄၆**
နိဒါန်း

**၁၄၆**
၂၀၁၁ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲမှ တင်ပြဆွေးနွေးချက်များ

**၁၄၇**
ကိုးကားချက်များနှင့် ဆက်လက်ဖတ်ရှုနိုင်မည့် စာရွက်စာတမ်း စာရင်း

**၁၅၃**
ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး အတွက် ထပ်မံလေ့လာသင့်သော အရင်းအမြစ်များ

**၁၅၅**
ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး အတွက် အထောက်ကအကူဖြစ်စေမည့် နိုင်ငံတကာ စာချုပ်စာတမ်း၊ ကတိကဝတ်၊ သဘောတူညီချက်များ



# နိဒါန်း

# ပုံများ စာရင်း

## ဇယားကွက်များ

ဇယားကွက်-၁ - "လမ်းညွှန်ချက်များ" ပါ ကျား-မ သာတူညီမျှမှု၊ တန်းတူညီမျှမှုတို့နှင့် ဆက်လျဉ်းသော အကောင်အထည်ဖော်ရေး အခြေခံမှုများ၊

ဇယားကွက်-၂ - ကျား-မ သာတူညီမျှစွာ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုအတွက် CEDAW ပြဋ္ဌာန်းချက်များ

## ဇယားများနှင့် ပုံများ

ဇယား-၁ - အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဇယား-၂ - ဤလမ်းညွှန်ပါ အကြောင်းအရာများ

ပုံ-၁ - အပိုင်းများနှင့် အကျိုးသက်ဆိုင်သူများ

# ကျား-မ သာတူညီမျှစွာ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု

"နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသော အတားအဆီးများကို ထည့်သွင်းစဉ်းစား၍ အမျိုးသမီးများအား လုံလောက်သော အကာအကွယ်ပေးသည့် မူဝါဒများပေါ်ပေါက်စေရန်၊ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းကြပ်မတ် ပေးသည့် ဥပဒေများ ပေါ်ပေါက်စေရန် ဂရုပြုဆောင်ရွက်သင့်သည်.... နိုင်ငံတော်အစိုးရသည် လုပ်ငန်းစဉ်အစမှ စ၍ အမျိုးသမီး၊ အမျိုးသားများ အပါအဝင် အကျိုးသက်ဆိုင်သူအားလုံး ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော လုပ်ငန်းစဉ်ဖြင့် မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရမည်။"

(အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေးအတွက် မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ၊ စာပိုဒ် ၅.၄ နှင့် ၅.၅ မှ)

## ဤလမ်းညွှန်စာအုပ်တွင် မည်သည့်အကြောင်းအရာများ ပါဝင်ပါသလဲ။

ဇယားကွက်-၁ - **"လမ်းညွှန်ချက်များ" ပါ ကျား-မ သာတူညီမျှမှု၊ တန်းတူညီမျှမှုတို့နှင့် ဆက်လျဉ်းသော အကောင်အထည်ဖော်ရေး အခြေခံမူများ၊**

အရင်းအမြစ် - FAO 2012 b

| | |
|---|---|
| **၃.ခ.၁** လူ့ဂုဏ်သိက္ခာ - လူသားအားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှ၍ မပျောက်နိုင်သည့် လူ့အခွင့်ရေးများအား အသိအမှတ်ပြုခြင်း။ |
| **၃.ခ.၂** ခွဲခြားဆက်ဆံမှုမရှိရေး - မည်သူတစ်ဦးတစ်ယောက်မျှ ဥပဒေနှင့် မူဝါဒများတွင်သော်လည်းကောင်း၊ လက်တွေ့ ကျင့်သုံးရာတွင်သော်လည်းကောင်း ခွဲခြားဆက်ဆံခံရမှု မရှိစေရ။ |
| **၃.ခ.၃** သာတူညီမျှမှုနှင့် တရားမျှတမှု - တစ်ဦးနှင့်တစ်ဦးတန်းတူညီမျှမှုရှိရေးဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှုများကို အသိအမှတ်ပြုလျက် နိုင်ငံ့အခြေအနေပေါ်မူတည်၍ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များ၊ ထိခိုက်လွယ်သူများနှင့် ရိုးရာဓလေ့ထုံးတမ်းအရ ခွဲခြားဆက်ဆံခံနေရသူများ အားလုံးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ အသုံးပြုခွင့်နှင့် သာတူညီမျှ လုပ်ပိုင်ခွင့်များ မြှင့်တင်ရန် စွမ်းရည်မြှင့်တင်ရေး အပါအဝင် အပြုသဘော ဆောင်ရွက်ချက်များ ပြုလုပ်ရန် လိုအပ်ပါသည်။ |
| **၃.ခ.၄** ကျား-မ တန်းတူညီမျှမှု - အမျိုးသမီးများနှင့် အမျိုးသားများ၏ ကွဲပြားခြားနားမှုများကို အသိအမှတ်ပြုလျက် လိုအပ်သည့်နေရာတွင် လက်တွေ့တန်းတူညီမျှမှုကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်၍ အထူးကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ လူ့အခွင့်အရေးအားလုံး ခံစားခွင့်ရရှိစေရန် ဆောင်ရွက်ခြင်း။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၎င်းတို့၏ လူမှုအဆင့်အတန်း၊ အိမ်ထောင်ရေး အခြေအနေတို့နှင့် မဆိုင်ဘဲ တန်းတူ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ ရယူ၊ လုပ်ကိုင်ပိုင်ခွင့်ရှိရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသင့်သည်။ |

ဤအမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်ရေးဆိုင်ရာ နည်းပညာလမ်းညွှန်စာအုပ်သည် အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေးအတွက် မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ (FAO, 2012 b) အား အကောင်အထည်ဖော်ရာတွင် ယင်းလမ်းညွှန်ချက်များပါ ကျား-မ တန်းတူညီမျှစွာ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး အခြေခံမူဝါဒအား ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ အပိုင်းတိုင်း၏ အစတွင် "လမ်းညွှန်ချက်များ"ပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရည်ညွှန်း ဖော်ပြထားပါသည်။

ဤလမ်းညွှန်စာအုပ်တွင် သာတူညီမျှရှိမှုနှင့် မြေယာအုပ်ချုပ်ရေးတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ မတူညီသော လိုအပ်ချက်အသီးသီးနှင့် ဦးစားပေးများကို မည်သည့်နည်းဖြင့်စီမံပေးရမည်ကို အဓိကထား ဖော်ပြထားပါသည်။ ဤလမ်းညွှန်စာအုပ်တွင် ကျား-မတန်းတူညီမျှ မြေယာရပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကာလကြာရှည်စွာ အပြန်အလှန်ဆွေးနွေးငြင်းခုန်နေမှုများကို ဖောင်းမပေးထားဘဲ မြေယာကိစ္စ ဆုံးဖြတ်ချက် ချရာတွင် ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်း၊ စနစ်များတွင် ကျား-မ သာတူညီမျှစွာ ပိုမိုပါဝင်လာနိုင်ရေးအတွက် ကျား-မ ရေးရာကို အလေးအနက်ထား ထည့်သွင်းစဉ်းစားလာစေရန် အာရုံစိုက် ဆွေးနွေးထားပါသည်။

"လမ်းညွှန်ချက်များ" အား အကောင်အထည်ဖော်ရာတွင် ကျား-မ တန်းတူညီမျှမှုသည် အရေးအကြီးဆုံး အခြေခံမှု ၁၀ ရပ် အနက် တစ်ရပ်ဖြစ်ကာ အခြားအချက် သုံးချက်ဖြစ်သည့် - လူ့ဂုဏ်သိက္ခာ၊ ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် သာတူညီမျှမှုနှင့် တရားမျှတမှု ( ဇယားကွက်-၁) တို့နှင့် နီးကပ်စွာ ဆက်နွှယ်နေသည်။

ကျား-မ ဆက်ဆံရေးများသည် အမျိုးသမီးများနှင့် အမျိုးသားများ၏ နှိုင်းယှဥ်ရ အနေအထားနှင့် သြဇာအာဏာ ကွာခြားမှုတို့ကို ဆုံးဖြတ်ပေး ပါသည်။ မြေယာရရှိရေး၊ မြေယာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချရေး တို့အပါအဝင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ခိုင်မာရန်ကြိုးပမ်းရာတွင် အမျိုးသမီးများနှင့် အမျိုးသားများ ရင်ဆိုင်ရသည့် အခွင့်အရေးများ၊ ကန့်သတ်ချက်များနှင့် မြေယာနှင့် အခြားသော အရင်းအမြစ်များအား စီမံခန့်ခွဲသည့် စနစ်များ စသည်တို့ကို ကျား-မနှင့် ကျား-မ အခန်းကဏ္ဍတို့က ပုံဖော်ပေးပါသည်။ (FAO, 2003 က)။

ကျား-မ သာတူညီမျှရှိစွာ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသားများအနေဖြင့် မြေယာနှင့် ဆက်နွှယ်လုပ်ကိုင်ရာတွင် မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားဝင်စနစ်များ အားဖြင့်ဖြစ်စေ၊ အလွတ်သဘော အစီအစဉ်များအားဖြင့် ဖြစ်စေ တန်းတူပါဝင်ခွင့်ရရှိစေပါသည် (ဇယား-၁)။

ဇယား-၁ - အဓိပ္ပါယ်ဖွင့်ဆိုချက်များ

| အသုံးအနှုန်း | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| **ကျား-မ ရေးရာ** | လူသားတစ်ဦး၏ ဇီဝဗေဒ လိင်ဖြစ်တည်မှုနှင့် ရုပ်ခန္ဓာတို့နှင့် ယှဥ်တွဲနေသော လူမှုရေး နှင့် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ - အမျိုးသမီး သို့မဟုတ် အမျိုးသား ဆိုသည်မှာ ဘာဖြစ်သည်ဆိုသည့် အဓိပ္ပါယ် - နေရာဒေသအလိုက် ကွဲပြားနိုင်သည်။ ကျား-မ ဆက်ဆံရေး ဆိုသည်မှာ လူ့ဘောင်တစ်ရပ်တွင် လိင်တစ်မျိုးစီအတွက် လူမှုရေး လက္ခဏာ အဖြစ် ယှဥ်တွဲသတ်မှတ်ချက်များအပေါ် အခြေခံကာ အမျိုးသမီးနှင့် အမျိုးသားများအကြား ဆက်ဆံရေးကို ဆိုလိုသည်။ (MacKinnon, 1987; Moore, 1994) |
| **မြေယာ လုပ်ပိုင်ခွင့်ခွင့်** | ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရ ဖြစ်စေ သတ်မှတ်ထားသည့် လူနှင့် မြေယာတို့ အကြား ဆက်ဆံရေး ဖြစ်သည် - မြေယာ ပစ္စည်းရပိုင်ခွင့် ခွဲဝေပေးခြင်း၊ ကိုင်တွယ် အသုံးချခွင့်ပြုခြင်းနှင့် ယင်းတို့နှင့် ဆက်စပ်သည့် တာဝန်များ၊ ကန့်သတ်ချက်များ ချမှတ်ခြင်းတို့အတွက် လူမှုအသိုင်းအဝိုင်းများက ဖန်တီးသတ်မှတ်ထားသည့် စည်းကမ်းချက်များ ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်စနစ်များက မည်သူသည်၊ မည်သည့် အရင်းအမြစ်များကို မည်မျှကြာအောင် မည်သည့်စည်းကမ်းချက်များနှင့် အသုံးပြုခွင့် ရှိသည်ကို သတ်မှတ်ပေးပါသည်။ (FAO ၂၀၀၂ b၊ ၂၀၀၇) |
| **အုပ်ချုပ်ရေး** | အုပ်ချုပ်ရေး လုပ်ငန်းစဥ် - လူ့အသိုင်းအဝိုင်းအား စီမံခန့်ခွဲ၍ မတူညီသော အုပ်စုများ၏ စင်ပြိုင် ဦးစားပေးကိစ္စများနှင့် အကျိုးစီးပွားများအား ညှိနှိုင်းပေါင်းစည်းခြင်း ဖြစ်သည်။ တရားဝင် အစိုးရဌာန၊ စနစ်များပါဝင်သလို တရားဝင် မသတ်မှတ်ထားသည့် အလွတ်သဘော အစီအမံများလည်း ပါဝင်ကာ ဆုံးဖြတ်ချက်ချရာတွင် နိုင်ငံသားများ မည်ကဲ့သို့ ပါဝင်နိုင်ပုံ၊ အစိုးရက နိုင်ငံသားများအပေါ် မည်သို့ တာဝန်ခံပုံ၊ လူ့အဖွဲ့အစည်း အဖွဲ့ဝင်များ ဥပဒေနှင့် စည်းမျဥ်းများ လိုက်နာရန် မည်သို့ ကြပ်မတ်ကိုင်တွယ်ပုံ စသည်တို့နှင့် သက်ဆိုင်သည်။ (FAO ၂၀၀၇၊ ၂၀၀၉ b)။ |

## ဤလမ်းညွှန်စာအုပ်၏ နယ်ပယ် အတိုင်းအတာနှင့် ကန့်သတ်ချက်များမှာ ဘာတွေပါလဲ။

ကျား-မ ရေးရာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအားဖြင့် အမျိုးသမီးနှင့် အမျိုးသားများ၏ ဦးစားပေး လိုအပ်ချက်များကို ဖော်ထုတ်နိုင်ကာ မတူညီသော အသက်အရွယ်၊ ချမ်းသာကြွယ်ဝမှု၊ ဇာတ်အနိမ့်အမြင့်၊ လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေးနှင့် အခြားအုပ်စုများအလိုက် ကျား-မရေးရာ အခြေအနေက မည်သို့ သက်ရောက်ဆက်နွှယ်သည်ကို ရှင်းလင်းစွာ သိလာနိုင်ပါသည်။ (FAO၊ ၂၀၁၃ a) သို့သော် ဤလမ်းညွှန် စာအုပ်မှဖြင့် ထိုသို့ စနစ်တကျ အသေးစိတ် ခွဲခြမ်းစိတ်ဖြာရန် မဖြစ်နိုင်ဘဲ ယင်းအစားကမ္ဘာတဝန်း မြေယာကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ပြီး နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအစိုးရ အရာရှိများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးမှူးများ၊ နည်းပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ အားလုံးနှင့် သက်ဆိုင်မှု ရှိမည့် နည်းပညာ လမ်းညွှန်တစ်စောင်ဖြစ်စေရန် ရည်ရွယ်ထားပါသည်။

ဤလမ်းညွှန်စာအုပ်တွင် မြေယာလုပ်ပိုင်ခွင့်အား ကျား-မသာတူညီမျှစွာ စီမံအုပ်ချုပ်ရေးကို အလေးထား ရေးသားထားသောကြောင့် “လမ်းညွှန်ချက်များ”ပါ နယ်ပယ်အားလုံးခြုံငုံပါရှိမည်မဟုတ်ပါ။ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးများ ပါဝင်မည်မဟုတ်ပါ။ သို့သော် အုပ်ချုပ်ရေးတွင် ကျား-မ သာတူညီမျှ ပါဝင်ရေးမူမှာ ကျယ်ပြန့်၍ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်ပြီး (အထူးသဖြင့် ၎င်းတို့သည် မြေယာနှင့် ဆက်နွှယ်သောကြောင့် ဖြစ်ပါသည်) ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် စိတ်ဝင်စားဖွယ် သင်ခန်းစာများ ယူနိုင်ပါသည်။

ဤလမ်းညွှန်စာအုပ်တွင် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ၊ ဌာနများ၊ စနစ်များနှင့် ဆောင်ရွက်ချက်များတွင် ကျား-မ သာတူညီမျှမှုကို ချမှတ် ကျင့်သုံးနိုင်မည့် ယန္တရားများ၊ မဟာဗျူဟာများနှင့် ဆောင်ရွက်ချက်များဆိုင်ရာအကြံဉာဏ်များဖော်ပြထားပါသည်။ ထို လုပ်ထုံး လုပ်နည်းများနှင့် စနစ်များမှ ထွက်ပေါ်လာသည့် ရလဒ်များ အားလုံးကို ထဲထဲဝင်ဝင် ဆွေးနွေး ဖော်ပြ ထားမည်မဟုတ်ဘဲ အခြေခံလမ်းညွှန်ချက်အဖြစ် အသုံးဝင်မည့် အကြံပြုချက်များသာ ပါဝင်ပါသည်။

## ကျား-မ သာတူညီမျှစွာ မြေယာ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ နည်းပညာလမ်းညွှန်ချက်အား ဘာကြောင့် ပြုစုရပါသလဲ။

လူသားအားလုံး - အမျိုးသမီးများနှင့် အမျိုးသားများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်နှင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်ငန်းများ၊ စနစ်များ၊ ဌာနများ၌ ပွင့်လင်းမြင်သာမှု၊ သက်ဆိုင်သူများ၏ သဘောထားများနှင့် ပူးပေါင်းပါဝင်မှုတို့ ပါဝင်စေရန်အတွက် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးတွင် ကျား-မ သာတူ ညီမျှရှိရေးကို ပင်မလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းဖော်ဆောင်ရန် လိုအပ်ပါသည်။

မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရာတွင် ကျား-မ သာတူညီမျှရှိရေးအား ပင်မလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းဖော် ဆောင်ခြင်းသည် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်း ချက်အမှတ် ၃ ( MDGs - 3) ဖြစ်သည့် ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့် တင်ပေးရေး- နှင့် ၁) ဆင်းရဲနွမ်းပါးမှုနှင့်ဆာလောင်မွတ်သိပ်မှုများ ပပျောက်ရေးတို့ အောင်မြင်ရေးအတွက်လည်း မရှိမဖြစ်အရေးပါသည်။ စားနပ်ရိက္ခာ နှင့်စိုက်ပျိုးရေးအခြေအနေ ၂၀၁၀-၂၀၁၁ အမည်ရ စာတမ်းတွင် ကမ္ဘာတစ်ဝှမ်းမှ စိုက်ပျိုးရေးလုပ်ငန်းများတွင် တိုးတက်ရေးအတွက် ကျား-မ တန်းတူမတူညီမျှမှု ပြဿနာကို ဖြေရှင်းရမည်ဟု ဖော်ပြထားပါသည် (FAO, 2011 b)။ အမျိုးသမီးများအား ပုံစံမျိုးစုံနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးကွန်ဗန်းရှင်း ၁၉၇၉ (ဆီဒေါ) (ဇယားကွက် ၂) တွင်အရှင်းလင်းဆုံး ဖော်ပြထားသည့်အတိုင်း ထိုသို့ ပင်မလုပ်ငန်း တစ်ရပ်အနေနှင့် ထည့်သွင်းခြင်းကို နိုင်ငံတကာ ကျား-မ ခွဲခြားမှုမရှိရေး အခြေခံမူများစွာတွင် ခိုင်မာစွာထပ်ဆင့် ထောက်ခံထားသည့် ဖြစ်ပါသည်။

ဇယားကွက်-၂ -

**ကျား-မ သာတူညီမျှရှိစွာ မြေယာ စီမံအုပ်ချုပ်ရေး ဆိုင်ရာ ဆီဒေါ ပြဋ္ဌာန်းချက်များ**

| |
|---|
| **ပုဒ်မ ၁၃ မှ ၁၅ အထိ-** အမျိုးသမီးများသည် စာချုပ်ချုပ်ခွင့်၊ ပိုင်ဆိုင်မှုအား စီမံခန့်ခွဲခွင့်၊ ပေါင်နှံခွင့်နှင့် တရားရုံးနှင့် ခုံရုံးများတွင် ဥပဒေလုပ်ထုံးလုပ်နည်းအရ တန်းတူညီမျှအခွင့်အရေး ရပိုင်ခွင့်များရှိရမည်။. အမျိုးသမီးများ၏ တရားရေးရာ ဆောင်ရွက်နိုင်စွမ်းကို အရေးမပါဟုယူဆကာ ကန့်သတ်ခြင်း မရှိစေရ။ |
| **ပုဒ်မ ၁၄** - မြေယာနှင့် စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများ နှင့် မြေယာနှင့် အိုးအိမ်ပြန်လည် နေရာချ ထားရေး စည်းမျဉ်းများတွင် အမျိုးသမီးများ တန်းတူဆက်ဆံခံရရေး။ |
| **ပုဒ်မ ၁၆** - အမျိုးသမီးများသည် လက်ထပ်ထားစဉ်နှင့် ကွာရှင်းပြတ်စဲကြသည့် အခါများ၌ ပိုင်ဆိုင်မှုများအား ခင်ပွန်းနှင့် တန်းတူ ပိုင်ဆိုင်ခွင့်၊ အုပ်ချုပ်ခွင့်၊ သုံးစွဲခွင့်နှင့် စီမံခန့်ခွဲခွင့် ရှိရမည်။ |

ကျား-မ ဖြစ်တည်မှုပေါ် ခွဲခြားဆက်ဆံမှုမပြုရေးမူများကို ထောက်ခံ၍ မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှရှိစွာ စီမံအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် အခြားသော အရေးပါသည့် နိုင်ငံတကာနှင့် ဒေသတွင်း သဘောတူညီချက်များ၊ ကတိကဝတ်များကို ဤလမ်းညွှန်စာအုပ်၏ နောက်ဆုံးပိုင်းရှိ အရင်းအမြစ်များနှင့် ရည်ညွှန်းချက်များ အပိုင်းတွင် တွေ့မြင်နိုင်ပါသည်။

## ဤအပိုင်းတွင် မည်သည့် အဓိကအကြောင်းအရာများ ပါဝင်ပါသလဲ။

ဤလမ်းညွှန်စာအုပ်တွင် အပိုင်း ၅ ပိုင်း ပါရှိသည့်အပြင် ဤနိဒါန်းနှင့် အရင်းအမြစ်များနှင့် ရည်ညွှန်းချက်များ စာရင်း ဖော်ပြထားသည့် နိဂုံးပိုင်းတို့ ပါရှိပါသည်။ ဇယား-၂ တွင် ထိုအပိုင်းများ၏ ကျောရိုးနှင့် ပါဝင်သည့် အကြောင်းအရာများကို အကျဉ်းချုပ် ရေးသားဖော်ပြထားပါသည်။

ကျား-မ သာတူညီမျှရှိကာ တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့်စီမံအုပ်ချုပ်ရေးကို ဖော်ဆောင်ရန် ပထမခြေလှမ်းမှာ မြေယာမူဝါဒချမှတ်ရေး လုပ်ထုံးလုပ်နည်းတွင် ကျား-မ သာတူညီမျှ ပါဝင်ဆောင်ရွက်ခွင့် ဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ချက် အားလုံးသည် လူ့ဂုဏ်သိက္ခာ၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ သာတူညီမျှမှု၊ တရားမျှတမှု နှင့် ကျား-မ တန်းတူညီမျှမှုစသည့် ပင်မအခြေခံမူများကို အခြေခံရပါမည်။ အပိုင်း ၁ တွင် မြေယာမူဝါဒချမှတ်ရေး လုပ်ငန်းစဉ်များတွင် ကျား-မ သာတူညီမျှ ပါဝင်ခွင့်ရရှိရေးကို ဆွေးနွေးထားပြီး ပါဝင်ပတ်သက်သူ အစုအဖွဲ့ အမျိုးမျိုးနှင့် အစိုးရ အဆင့်အသီးသီးတို့အတွက် ထည့်သွင်းစဉ်းစားထားပါသည်။

ဒုတိယခြေလှမ်းမှာ မူဝါဒကို ဥပဒေအဖြစ် ပြောင်းလဲခြင်း ဖြစ်သည်။ နိုင်ငံအများအပြားတွင် လုပ်ပိုင်ခွင့်စနစ်များ အမျိုးမျိုးရှိနေခြင်း၊ ဥပဒေအမျိုးမျိုးနှင့် ဓလေ့ထုံးတမ်းစံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ အပြိုင်ရှိနေသည့်အခါ ရှုပ်ထွေးမှုများ ပေါ်ပေါက်စေပါသည်။ အခြားဖြစ်စဉ်များ၌ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း လက်စွဲများ နှင့် အကောင်အထည်ဖော်ရေး မဟာဗျူဟာများ မရှိသောကြောင့် ကောင်းမွန်သောမြေယာဥပဒေများကို လက်တွေ့ မဖော်ဆောင်နိုင်သည့် အခြေအနေများ ရှိနေပါသည်။ အပိုင်း ၂ တွင် ဥပဒေမူကြမ်းရေးဆွဲရေး၊ တရားစီရင်မှုစနစ်များ လက်လှမ်းမီရေး၊ မြေယာအငြင်းပွားမှုဖြေရှင်းရေးနှင့် ဥပဒေအထောက် အပံ့ များရယူသုံးစွဲခွင့်ရရှိရေး စသည့် ဥပဒေရေးရာများ ကို ဆွေးနွေးထားပါသည်။

ဇယား-၂ - **ဤလမ်းညွှန်စာအုပ်ပါ အကြောင်းအရာများ**

| အပိုင်း | ကျောရိုး | အကျဉ်းချုပ် |
|---|---|---|
| ၁ | **မူဝါဒချမှတ်ခြင်း** | မြေယာမူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ကျား-မ သာတူညီမျှပါဝင်ရန် တည်ဆောက်ခြင်း |
| ၂ | **ဥပဒေဆိုင်ရာ ကိစ္စရပ်များ** | ဥပဒေစနစ်များ အပြိုင်ခွင့်ပြုခြင်း၊ ဥပဒေမူကြမ်း ရေးဆွဲခြင်း၊ တရားစီရင်ရေးစနစ်များ လက်လှမ်းမီမှု၊ မြေယာအငြင်းပွားမှု ဖြေရှင်းရေး၊ ဥပဒေ အထောက်အပံ့များ |
| ၃ | **စနစ်များ/အဖွဲ့အစည်းများ** | မြေယာလုပ်ပိုင်ခွင့်အား စီမံအုပ်ချုပ်သည့် စနစ်/ဌာနများတွင် ကျား-မ သာတူညီမျှ ပါဝင် ကိုယ်စားပြုရေး |
| ၄ | **နည်းပညာ ကိစ္စရပ်များ** | မြေယာစီမံခန့်ခွဲရေးဆောင်ရွက်ချက်များ၊ နည်းပညာများနှင့် စနစ်များတွင် ကျား-မ သာတူညီမျှမှုရှိရေးနှင့် မြေယာအုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး |
| ၅ | **သတင်းစကား ဖြန့်ဝေခြင်း** | ကျားမသာတူညီမျှရှိကာ တာဝန်ယူမှုရှိသော မြေယာ စီမံအုပ်ချုပ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေး မဟာဗျူဟာများနှင့် နည်းလမ်းများ |

အမျိုးသမီးများသည် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး အဆင့်တိုင်း၌ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ခွင့်ရလေ့မရှိသလို ဆုံးဖြတ်ချက်ချရာတွင် ပါဝင်လွှမ်းမိုးရန်လည်း စွမ်းရည်မပြည့်ဝသည့် အခက်အခဲများရှိနေသည်။ အပိုင်း ၃ တွင် - ဓလေ့ထုံးတမ်း စနစ်/အဖွဲ့အစည်းများအပါအဝင် - မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး စနစ်/ အဖွဲ့အစည်းများတွင် အမျိုးသမီးများနှင့် အမျိုးသားများအားလုံး ကိုယ်စားပြုရေးနှင့် ပါဝင်ရေး၊ ထိုစနစ်/အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်ပေးရေးတို့အတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် မဟာဗျူဟာများ ဖော်ပြထားပါသည်။

မြေယာစီမံခန့်ခွဲရေးအတွက် နည်းပညာဆိုင်ရာပြဿနာများ ဖြေရှင်းရာတွင် ကျား-မ အခြေပြုချဉ်းကပ်ပုံများ၊ နည်းလမ်းများနှင့် နည်းပညာများ လိုအပ်ပါသည်။ အပိုင်း ၄ တွင် ကိစ္စ၂ ရပ်ကို ဦးတည်ဆွေးနွေးထားပါသည် -၁) မြေယာစီမံ ခန့်ခွဲရေး ဆောင်ရွက်ချက်များတွင် အမျိုးသမီးများ၏ လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများနှင့် စိုးရိမ်မကင်း မှုများကို ထည့်သွင်း စဉ်းစား၊ ဖြေရှင်းရန် မည်

မျှ လုံလောက်စွာ ထည့်သွင်းပြင်ဆင်ထားပုံ၊ ၂) မြေယာစီမံခန့်ခွဲရေး ဆောင်ရွက်ချက်များ၌ ဦးတည် အုပ်စုနှင့် အကျိုးခံစားရသူများ သတ်မှတ်ရာတွင် အမျိုးသမီးများအား အမျိုးသားများနှင့် မည်မျှ တန်းတူ အလေးပေးပုံ စသည်တို့ ဖြစ်သည်။

ကျား-မ သာတူညီမျှရှိကာ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး ပေါ်ပေါက် ရန်အတွက် ကောင်းမွန်သော ဆက်သွယ်စည်းရုံးရေး လုပ်ငန်းများရှိရန် အရေးကြီးပါသည်။ ကျား-မ သာတူညီမျှရေး အမြင်ရှိလာစေရန် မိတ်ဆက်ပေးခြင်း၊ အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဥပဒေရေးရာ သိနားလည်ရေးနှင့် လူမှုရေး စံတန်ဖိုးများ နှင့်စိတ်နေစိတ်ထားများ ရေရှည်ပြောင်းလဲ ရေး တို့အပါအဝင် သတင်းစကားများ ဖြန့်ဝေရာ၌ အဓိက ကိစ္စရပ်များ ကိုင်တွယ်နိုင်ရန် အထိ ရောက်ဆုံးသော ဆက်သွယ်ရေး မဟာဗျူဟာများနှင့် နည်းလမ်းများကို အပိုင်း ၅ တွင် ဖော်ပြထား ပါသည်။

နိဂုံးချုပ်အပိုင်းတွင် လမ်းညွှန်ချက်များနှင့် သတင်းအချက်အလက်များ ထပ်မံရရှိမည့် အရင်းအမြစ်များကို ဖော်ပြပေးထားပါသည်။ လေ့လာဆန်းစစ်ရမည့် ကိစ္စရပ်များအား နားလည် သဘောပေါက်ရန် ဤလမ်းညွှန်စာအုပ်ကို ဖတ်ရှုလေ့လာသူများအနေဖြင့် ကျား-မရေးရာနှင့် မြေယာအရေးတို့ဆိုင်ရာ ပိုမိုကျယ်ပြန့်သည့်စာပေများကို လေ့လာ ကိုးကားရန် တိုက်တွန်းအားပေး လိုပါသည်။ FAO က ထုတ်ဝေသည့် အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်ရေး - လုပ်ပိုင်ခွင့်နှင့် အခြားသော သဘာဝ အရင်းအမြစ်များအား တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးဆိုင်ရာ ကျား-မ ရေးရာနှင့် မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ ၌ ကျား-မ သာတူညီမျှရှိ သည့်မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုအတွက် အတားအဆီးများနှင့် အခက်အခဲများအပါအဝင် ဤ လမ်းညွှန်စာအုပ်တွင် ပါဝင်သည့် အဓိကအချက်များနှင့် ကိစ္စရပ်များအားလုံးတို့၏ နောက်ခံသမိုင်း ကို ခွဲခြမ်းစိတ်ဖြာ လေ့လာတင်ပြထားပါသည် (FAO, 2011 a)။

## ဤလမ်းညွှန်စာအုပ်သည် မည်သူများအတွက် ဖြစ်ပါသလဲ၊ မည်သို့ အသုံးပြုသင့်ပါသလဲ။

ဤလမ်းညွှန်စာအုပ်သည် အုပ်ချုပ်ရေးမှူးများ၊ နည်းပညာရှင်များနှင့် မြေယာကဏ္ဍ ကျွမ်းကျင် ပညာရှင်များ အတွက် - ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး ဖော်ဆောင်နိုင်ရန် အတွက် - မည်သည့်ကိစ္စကို မည်သည့်နေရာတွင် မည်သည့်အတွက်ကြောင့်၊ မည်ကဲ့သို့လုပ်ဆောင် ခဲ့သည် စသည့်ကောင်းမွန်သော နည်းစနစ် နမူနာများ ဖော်ပြပေးထား သည့် - ကိုးကားရမည့် ကိရိယာတစ်ခု ဖြစ်ပါသည်။

ဤလမ်းညွှန်စာအုပ်အားဖြင့် မည်သူမဆို ကျား-မရေးရာ နှင့်/သို့ မြေယာနှင့် စပ်လျဉ်းသည့် ကိစ္စ ရပ်များ၌ လုပ်ကိုင်နေကြသူများ အပါအဝင် ပိုမိုကျယ်ပြန့်သည့် ပရိတ်သတ်အား လှုံ့ဆော်ပေးရန် လည်း ရည်ရွယ်ပါသည်။

ဤလမ်းညွှန်စာအုပ်ပါ အပိုင်းများကို - မူဝါဒမှစ၍ ဥပဒေ ရေးဆွဲခြင်း၊ ပြီးနောက် အကောင်အထည်

ဖော်ခြင်း စသည့် - ကျိုးကြောင်းဆီလျော်သော အစီအစဉ်အတိုင်း စီစဉ်ရေးသားထားခြင်းဖြစ်သော်လည်း မတူညီသော အခြေအနေအမျိုးမျိုးမှ ဖတ်ရှုသူ အသီးသီးတို့သည် ထိုအပိုင်းများအနက် သင့်တော်ရာ အပိုင်းမှ စတင်ဖတ်ရှုကာ အပြောင်းအလဲများ ဖော်ဆောင်ရေးအတွက် လေ့လာနိုင်မည်ဖြစ်ကာ အပိုင်းတစ်ခုချင်းသည် ဖတ်ရှုသူ၏ နောက်ခံအခြေအနေအလိုက် သက်ဆိုင်မှု များကောင်းများနိုင်သလို၊ နည်းကောင်းနည်းနိုင်ပါသည်။

သို့ဖြစ်ရာ အပိုင်းတစ်ခုစီသည် သီးခြားခွဲထုတ်၍ ဆွေးနွေးအသုံးပြုရန်ဖြစ်စေ အခြား အပိုင်းများနှင့် ပေါင်းစပ်၍ဖြစ်စေ အသုံးပြုနိုင်ရန် ရေးဆွဲထားပါသည်။ ပုံ-၁ တွင် အကျိုးသက်ဆိုင်သူ အမျိုးမျိုးတို့အတွက် အပိုင်း ၅ ခုအနက် မည်သည်က ဆက်စပ်မှု အရှိဆုံးဖြစ်သည်ကို ပြသထားပါသည်။




ပုံ-၁ - အပိုင်းများနှင့် အကျိုးသက်ဆိုင်သူများ

တင်ပြထားသည့် အကြောင်းအရာများသည် အခြား စာရွက်စာတမ်းများနှင့် မြေပြင်ရှိ ချဉ်းကပ်ပုံ နည်းလမ်းများနှင့် အတွေ့အကြုံများကို အသုံးပြုရေးဆွဲထားခြင်းဖြစ်သည်။ အပိုင်းတစ်ခုစီအား ရေးသားရာတွင် အသုံးပြုထားသည့် သတင်းအချက်အလက် အရင်းအမြစ်အား အပိုင်းတစ်ခုစီ၏ အဆုံး၌ ကိုးကားချက်များ အဖြစ် စာရင်းပြုစုဖော်ပြ ထားပါသည် - ဖတ်ရှုကိုးကားသင့်သည့် စာရင်းအစုံအလင်ကိုလည်း အရင်းအမြစ်များနှင့် ကိုးကားချက်များ အခန်းတွင် ဖော်ပြ ပေးထားပါသည်။

**FAO**. 2002b. *Land tenure and rural development. Land Tenure Studies 3*. Rome. ftp://ftp.fao.org/docrep/ fao/005/y4307e/y4307e00.pdf

**FAO**. 2003a. *SEAGASocio-Economicand Gender Analysis Programme macro level handbook.* Rome. www. fao.org/docrep/012/ak229e/ak229e00.pdf

**FAO**. 2007. *Good governance in land tenure and administration. Land Tenure Studies No. 9.* Rome. ftp://ftp.fao.org/docrep/fao/010/a1179e/a1179e00.pdf

**FAO**. 2009b. *Towards voluntary guidelines on responsible governance of tenure of land and other natural resources – discussion paper. Land Tenure Working Paper No. 10.* Rome. ftp://ftp.fao.org/ docrep/fao/012/i0955e/i0955e00.pdf

**FAO**. 2011a. *Governing land for women and men – gender and voluntary guidelines on responsible governance of tenure of land and other natural resources*, E. Daley and C.M. Park. *Land Tenure Working Paper No. 19.* Rome. www.fao. org/docrep/014/ma811e/ma811e00.pdf

**FAO**. 2011b. *State of Food and Agriculture 2010–11: Women in agriculture, closing the gender gap for development.* Rome. www.fao.org/docrep/013/ i2050e/i2050e.pdf

**FAO**. 2012b. *Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security.* Rome. www.fao.org/docrep/016/i2801e/ i2801e.pdf

**MacKinnon**, C. 1987. *Feminism unmodified: Discourses on life and law.* Cambridge, Massachusetts, USA, Harvard University Press.

**Moore, H.** 1994. *The divisions within: sex, gender and sexual difference. In A passion for difference – essays in anthropology and gender.* Oxford, UK, Polity Press.

# အပိုင်း

# ၁

# မူဝါဒချမှတ်ခြင်း

# ပုံများ စာရင်း

## ဇယားကွက်များ

ဇယား-၁.၁ - မူဝါဒချမှတ်ခြင်းနှင့် “လမ်းညွှန်ချက်များ”

ဇယားကွက်-၁.၂ - မြေယာမူဝါဒ ချမှတ်ခြင်း ဆိုင်ရာ ဒေသတွင်း ဆင်တူမှုများ

ဇယားကွက်-၁.၃ - ကျား-မ သာတူညီမျှ မူဝါဒချမှတ်ရေး ဆိုင်ရာ သင်ခန်းစာ

ဇယားကွက်-၁.၄ - ကျား-မ သာတူညီမျှမြေယာမူဝါဒ ချမှတ်ရေးအတွက် အစိုးရ၏ ပံ့ပိုး ကူညီမှု

ဇယားကွက်-၁.၅ - ကျား-မ သာတူညီမျှ မြေယာမူဝါဒများ ချမှတ်ရေးအတွက် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုး ကူညီမှု

ဇယားကွက်-၁.၆ - အစိုးရနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း

## ဆန်းစစ်ရန် အချက်များ စာရင်း

ဆန်းစစ်ရန် အချက်များ စာရင်း -၁.၁ - နောက်ခံအခြေအနေ လေ့လာဆန်းစစ်ခြင်း

ဆန်းစစ်ရန် အချက်များစာရင်း- ၁.၂ - စည်းရုံးလှုံ့ဆော်ခြင်း

ဆန်းစစ်ရန် အချက်များစာရင်း -၁.၃ - မြေယာမူဝါဒချမှတ် ရာတွင် ကျား-မသာတူညီမျှရှိရန် ဆောင်ရွက်ခြင်း

ဆန်းစစ်ရန်အချက်များစာရင်း- ၁.၄ - အစိုးရ လုပ်ဆောင်ရန်များ

ဆန်းစစ်ရန် အချက်များစာရင်း- ၁.၅ - အရပ်ဖက်လူမှုအဖွဲ့အစည်း လုပ်ဆောင်ရန်များ မူဝါဒချမှတ်ရေးအတွက် အကြံပြုလိုသည့် စောင့်ကြည့်၊ ထိန်းကျောင်းရေးညွှန်းကိန်းများ

## ဇယားများနှင့် ပုံများ

ပုံ-၁.၁ - ကျား-မ သာတူညီမျှ မြေယာ မူဝါဒ ချမှတ်ရေး လုပ်ငန်းစဉ် တည်ထောင်ခြင်း

# အပိုင်း ၁ - **မူဝါဒချမှတ်ခြင်း**

## မြေယာ မူဝါဒချမှတ်ရာတွင် ကျား-မ သာတူညီမျှစွာ ပါဝင်ခွင့်

## နိဒါန်း

ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးအတွက် တာဝန်ယူမှုရှိစေရန် အဓိကအချက်မှာ မြေယာမူဝါဒများအား ရေးဆွဲ၊ အကောင်အထည်ဖော်ရာ၌ ပါဝင်ပတ်သက်သူများအားလုံး၊ အမျိုးသမီး များနှင့် အမျိုးသားများ တူညီစွာ ပါဝင်ခွင့်ရသည့် ကျား-မ သာတူညီမျှ မူဝါဒ-ချမှတ်သည့် လုပ်ငန်းစဉ်ဖြင့် စတင်ရန် ဖြစ်ပါသည်။

သို့သော် အမျိုးသမီးများနှင့် အမျိုးသားများအကြား ကွဲပြားခြားနားသည့် အာဏာနှင့် အခြားအချက်များဖြစ်သည့် ဇာတ်အနိမ့်အမြင့်၊ လူမျိုး ၊ တိုင်းရင်းသား သို့မဟုတ် အသက် စသည်တို့အပေါ် မူတည်ကာ မည်သူက မူဝါဒချမှတ်ရာတွင် ပါဝင်သင့်ကြောင်း ဝါစဉ်ကို ဆုံးဖြတ်ကြရာ ကျား-မ သာတူညီမျှ လုပ်ငန်းစဉ်နှင့် အကျိုးဆက်များအပေါ် သက်ရောက်မှု ရှိစေနိုင်ပါသည်။

မြေယာမူဝါဒချမှတ်ရာတွင် ကျား-မ သာတူညီမျှ ပါဝင်ခြင်းသည် "လမ်းညွှန်ချက်များ" အား အကောင်အထည်ဖော်ရန် အခြေခံမူ ၁၀ ရပ် အနက် တစ်ရပ်ဖြစ်သည့် - သဘောထားခံယူခြင်း နှင့် ပူးပေါင်းပါဝင်ခြင် (ဇယား ၁.၁) အား တိုက်ရိုက် လိုက်နာဆောင်ရွက်ခြင်း ဖြစ်သည်။

ဇယား-၁.၁ -
**မူဝါဒ ချမှတ်ခြင်းနှင့် "လမ်းညွှန်ချက်များ"**

**က) မြေယာမူဝါဒချမှတ်ရေး ဆိုင်ရာ ကျား-မ ရေးရာများအား ရည်ညွှန်းထားသော လမ်းညွှန်ချက်များ**

| |
|---|
| **၃.ခ.၆။ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း။** လုပ်ပိုင်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်များ မချမှတ်မီ ခိုင်လုံသော လုပ်ပိုင်ခွင့် ရှိသူများ၊ ဆုံးဖြတ်ချက်၏ သက်ရောက်မှုကို ခံရနိုင်သော သူများ၏ ထောက်ခံမှုရရန် ၎င်းတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ၎င်းတို့၏ တင်ပြအဆိုပြုချက်များကို ထည့်သွင်းစဉ်းစားရမည်။ လက်ရှိ ဆုံးဖြတ်ခွင့်အာဏာ မညီမျှမှုများကိုလည်း ထည့်သွင်း စဉ်းစားကာ ဆုံးဖြတ်ချက် ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်သူ တစ်ဦးချင်းနှင့် အစုအဖွဲ့များအနေဖြင့် တက်ကြွ၊ လွတ်လပ်စွာ၊ ထိရောက်စွာ၊ ကြိုတင်သိရှိကာ ပါဝင်ဆောင်ရွက်နိုင်ရန် ဂရုပြုရမည်။ |
| **၅.၅။** နိုင်ငံတော်အစိုးရသည် လုပ်ငန်းစဉ်အစမှစ၍ အမျိုးသမီး၊ အမျိုးသားများ အပါအဝင် အကျိုးသက်ဆိုင်သူအားလုံး ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော လုပ်ငန်းစဉ်ဖြင့် မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရမည်။ မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် အကောင်အထည်ဖော်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများကို ထည့်သွင်းစဉ်းစား ရမည်။ ယင်းတို့တွင် ကျား/မ မတူညီသည့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ တိုင်းရင်းသားဘာသာစကားများဖြင့် ရှင်းလင်းစွာ ရေးသား၍ ကျယ်ပြန့်စွာ ဖြန့်ချိရပါမည်။ |
| **၉.၁၀။** နိုင်ငံတော်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လုပ်ပိုင်ခွင့် ဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် စီမံကိန်းများကို ချမှတ်ရာတွင် သက်ရောက်ခံရသော ဒေသခံများ ခွဲခြားဆက်ဆံမှုမရှိဘဲ၊ ကျား/မခွဲခြားမှုမရှိဘဲ ပူးပေါင်းပါဝင်နိုင်စေရန် လိုအပ်ပါက ဒေသခံများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသခံများအား နည်းပညာနှင့် ဥပဒေ အကူအညီများ ပေးအပ်သင့်သည်။ |

အရင်းအမြစ် - FAO, 2012b

## မြေယာမူဝါဒ ချမှတ်ရာ၌ မြေယာ မူဝါဒများနှင့် အုပ်ချုပ်မှု တို့အကြား ခွဲခြားရှုမြင်ခြင်း

မူဝါဒ-ချမှတ်သည့်လုပ်ငန်းစဉ်ကိုယ်နှိုက်အား မစဉ်းစားမီ ထိုလုပ်ငန်းစဉ်နှင့် ထိုလုပ်ငန်းစဉ်မှ ထွက်ပေါ်လာမည့် ရလဒ်များမှာ တစ်ထပ်တည်းမကျနိုင်ကြောင်းနှင့် ရလဒ်များတွင် ကျား-မ သာတူညီမျှမှုမှာ အဆင့် တူညီကောင်းမှ တူညီမည် ဖြစ်ကြောင်း

သိမြင်ရန် အရေးကြီးပါသည်။

သို့ရာတွင် မည်သည့်နိုင်ငံတွင် မဆို ကျား-မ သာတူညီမျှမြေယာ မူဝါဒ ရေးဆွဲရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် အမျိုးသားများ အား အဆင့် အတန်း၊ ဇာတ်အနိမ့်/ အမြင့်၊ တိုင်းရင်းသား၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာမရွေး ပါဝင် ခွင့်ရှိပါက မြေယာကိစ္စရပ်အားလုံး ကို မတူညီသော ရှုထောင့်အသီးသီး မှ ဆွေးနွေး၊ စဉ်းစားဆုံးဖြတ်ခွင့်ရရှိ ကြပါသည်။ ထို့ကြောင့်အားလုံး ပါဝင်ခွင့် မူဝါဒရေးဆွဲရေး လုပ်ငန်း စဉ်မှနေ၍ ကျား-မ သာတူညီမျှရှိ သော မြေယာမူဝါဒများ ပေါ်ထွက် လာနိုင်ခြေ ပိုများပါသည်။

**ခ) မြေယာမူဝါဒပါအကြောင်းအရာများ ဆိုင်ရာ ကျား-မ ရေးရာများအား ရည်ညွှန်းထားသော လမ်းညွှန်ချက်များ**

လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းမူဘောင် များမှာ ခိုင်လုံသော ရိုးရာမြေလုပ်ကိုင်မှုစနစ်များ အပါအဝင် (ဥပဒေအရ အသိအမှတ်မပြုထားသည့်တိုင်) ခိုင်လုံသော လုပ်ပိုင်ခွင့် အခွင့်အရေး များအား နိုင်ငံတော် ဥပဒေများနှင့် အညီ အသိအမှတ်ပြု လေးစားရမည် ဖြစ်ကာ ထိုလုပ်ပိုင်ခွင့်များအား ကျင့်သုံးမှုကို အားပေး၊ မြှင့်တင်၊ ကာ ကွယ်ပေးသင့်သည်။ ...ခွဲခြားဆက်ဆံမှုမရှိသော၊ လူမှုရေး သာတူညီမျှမှု နှင့် ကျား/မ တန်းတူညီမျှမှုကို အားပေးသော မူဘောင်များကို နိုင်ငံတော် က ချမှတ်သင့်သည်။

**၁၀.၁။** တရားဝင်အသိအမှတ်မပြုထားသော်လည်း မြေယာ၊ ငါးလုပ်ငန်း နှင့် သစ်တောများအား လုပ်ပိုင်ခွင့် ရထိုက်၍ အသုံးပြုနေမှုများ ရှိပါက နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများအရ တရားဝင် အသိအမှတ်ပြု ထားသော အခွင့်အရေးများကိုလည်း လေးစား၍ မြေပြင် အခြေအနေ ကိုလည်း ထည့်သွင်းစဉ်းစားကာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင် အကျိုးကိုလည်း မြှင့်တင်သည့် နည်းလမ်းများဖြင့် ထို လုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုပေးသင့်သည်။ နိုင်ငံတော်အစိုးရ သည် ထိုတရားဝင် အသိအမှတ်မပြု ထားသည့် လုပ်ပိုင်ခွင့်ပုံစံများအား အသိအမှတ်ပြုရန် မူဝါဒနှင့် ဥပဒေများ ချမှတ် မြှင့်တင်သင့်သည်။ ၎င်းတို့ ကို ရေးဆွဲသည့်လုပ်ငန်းစဉ်မှာ အားလုံးပူးပေါင်းပါဝင်ခွင့်ရသော၊ ကျား/ မ မတူညီသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသော လုပ်ငန်းစ ဉ်ဖြစ်သင့်၍ သက်ရောက်ခံရမည့် ဒေသခံများနှင့် လူတစ်ဦးချင်းအတွက် နည်းပညာနှင့် ဥပဒေ အထောက်အပံ့လည်း ပေးအပ်နိုင်ရန် ကြိုးပမ်းသင့် သည်။

မြေ ယာ မူ ဝါ ဒ များ မြေ ယာ လုပ်ပိုင်ခွင့် တာဝန်ယူမှုရှိစွာ စီမံ အုပ်ချုပ်ရေးနှင့် ဆက်စပ်နေ သည့် မြေနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအားလုံး ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံပါဝင်နိုင်ပါသည်။ ကျား-မသာတူညီမျှ မြေယာ မူဝါဒ များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မြေယာအခွင့်အရေးများအပေါ် ကိုင်တွယ်ဖြေရှင်းပုံကိုလိုက်၍ ကွဲပြားသည်။ ကျား-မ သာတူညီမျှ ရှိသော မြေယာလုပ်ပိုင်ခွင့် စီမံ အုပ်ချုပ်မှု ဖော်ဆောင်ရန် မူဝါဒ ဆောင်ရွက်ချက်များတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

- အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ကတိကဝတ် များအား ကျင့်သုံးရေး၊
- အမျိုးသမီးများ၏ ဓလေ့ထုံးတမ်း မြေယာရပိုင်ခွင့်အား အသိအမှတ်ပြုရေး၊
- အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခွင့်ရှိစေရေး၊
- အကျိုးသက်ဆိုင်သူများအားလုံးသည် ဒေသန္တရမြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဌာန/ အဖွဲ့အစည်းများအပါအဝင် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး၌ တန်းတူပါဝင်ခွင့်ရရှိစေရေး၊
- အပြုသဘောဆောင်သည့် ဦးစားပေးဆက်ဆံခြင်း လုပ်ငန်းစဉ်များ မိတ်ဆက်ပေးရေး- စသည်တို့ဖြစ်ပါသည်။

# မြေယာ မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များ၌ ကျား-မ သာတူညီမျှပါဝင်ခွင့်ကို ထည့်သွင်းတည်ထောင်ခြင်း။

ကျား-မ သာတူညီမျှ ပါဝင်ခွင့် တည်ထောင်ရန်မှာ အဆင့်အသီးသီးတွင် အစီအစဉ်ချမှတ်၍ ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ အကျိုးသက်ဆိုင်သူ အုပ်စုအသီးသီးတို့ ပါဝင်စေခြင်း စသည်တို့ လိုအပ်သည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ချိတ်ဆက်၊ ပံ့ပိုးမှုများနှင့်အတူ အစိုးရဘက်မှ နိုင်ငံရေးဆန္ဒရှိရန်လည်း လိုအပ်ပါသည်။

ပုံ-၁.၁ တွင် လုပ်ငန်းစဉ်တစ်ရပ်အား အမျိုးသမီးများနှင့် အမျိုးသားများတန်းတူပါဝင်ခွင့်အပေါ် အခြေခံသည့် လုပ်ငန်းစဉ်တစ်ရပ် တည်ဆောက်ရန် လက်တွေ့အချက် ၅ ချက်ကို ဖော်ပြထားပါသည်။ ထိုအချက်များသည် အချင်းချင်း ဆက်နွယ်မှုရှိပြီး တစ်ပြိုင်တည်း ဖော်ဆောင်ရန် လိုအပ်လေ့ရှိပါသည်။

နောက်ခံ အခြေအနေ လေ့လာဆန်းစစ်ခြင်း
စည်းရုံးလှုံ့ဆော်ခြင်း
အသိအမြင် နိုးကြားစေခြင်းနှင့်သင်တန်းပေးခြင်း
အကျိုးသက်ဆိုင်သူပေါင်းစုံ ဆွေးနွေးဖလှယ်ခြင်း၊
ရေရှည် ချဉ်းကပ်ပုံနည်းလမ်း

**ကျား-မ သာတူညီမျှ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်**

ပုံ-၁.၁ -
**ကျား-မ သာတူညီမျှ မြေယာ မူဝါဒ ချမှတ်ရေး လုပ်ငန်းစဉ် တည်ထောင်ခြင်း**

## နောက်ခံ အခြေအနေ လေ့လာဆန်းစစ်ခြင်း

နိုင်ငံတိုင်း၌ ကိုယ်ပိုင်ပထဝီအနေအထား၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအမှတ်လက္ခဏာများနှင့် ကိုယ်ပိုင်နိုင်ငံရေးစနစ် မြေအသုံးချမှုနှင့်မြေပိုင်ဆိုင်မှုပုံစံ တို့ ရှိကြပါသည်။အကျိုးသက်ဆိုင်သူ အားလုံးတို့သည် ဤဒေသ အခြေအနေကို နားလည်မှသာ မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တွင် အထိရောက်ဆုံး ပါဝင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဥပမာ - နိုင်ငံအမြောက်အများ၌ ဥပဒေမူဘောင်များ တစ်ခုထက်မက အပြိုင်ရှိနေခြင်းသည် နိုင်ငံအခြေအနေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဆိုလိုသည်မှာ မူဝါဒချမှတ်သူများသည် ရပ်ရွာနှင့် ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့် ပုံစံများ၊ လက်ထပ်ထိမ်းမြားခြင်းနှင့် အမွေဆက်ခံခြင်းများမှရရှိသည့် ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်စည်းမျဉ်းများနှင့် မြေယာလုပ်ပိုင်ခွင့်တို့အကြား ဆက်နွယ်ပုံနှင့် မျိုးရိုးစဉ်ဆက် အရိုက်အရာ ဆက်ခံလက်ဆင့်ကမ်းခြင်း စနစ်ဖြင့် မြေယာနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း စသည့် ဓလေ့များကို ထည့်သွင်းစဉ်းစားသင့်သည်။

တစ်ခါတစ်ရံ အာရှနှင့် အာဖရိကတို့ ကဲ့သို့သော ဒေသတစ်ခုတွင်းရှိနိုင်ငံများအကြားတွင် တူညီမှုများစွာရှိကြသည် (ဇယားကွက်-၁.၂)။ ထိုသို့သော တူညီမှုများကြောင့် ရရှိသည့်သင်ခန်းစာများ

ကို နိုင်ငံအချင်းချင်း တိုက်ရိုက်မျှဝေ၍သော်လည်းကောင်း ဇယားကွက်-၁.၅ တွင် ဖော်ပြထားသည့် အာဖရိကန်သမဂ္ဂ၏ မြေယာမူဝါဒဆိုင်ရာ မူဘောင်နှင့်လမ်းညွှန်ချက်များ ကဲ့သို့သော ဒေသတွင်း ဆောင်ရွက်ချက်များ အားဖြင့်သော်လည်းကောင်း နှီးနှောဖလှယ် ဝေမျှနိုင်ပါသည်။

**ဇယားကွက်-၁.၂** - မြေယာမူဝါဒချမှတ်ခြင်း ဆိုင်ရာ ဒေသတွင်း ဆင်တူမှုများ

### အာရှတိုက်

အရပ်ဘက်လူမှုအဖွဲ့အစည်းညွှန့်ပေါင်းအဖွဲ့တစ်ဖွဲ့သည် အာရှတိုက်တစ်ခွင်၌ မြေယာရယူသုံးစွဲခွင့်၊ စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် သာတူညီမျှရှိရေး၊ ရေရှည်တည်တံ့သည့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ထောက်ပံ့ အားပေး၊ စောင့်ကြည့်ထိန်းကျောင်း၊ စည်းရုံးလှုံ့ဆော် ရည်ရွယ်၍ အာရှတိုက်တွင်းမြေယာစောင့်ကြည့်၊ ထိန်းကျောင်း ရေးအဖွဲ့ (Land Watch Asia) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ Land Watch Asia ကို ဒေသတွင်းရှိ အောက်ပါဆင်တူသည့် အချက်များ အပေါ် အခြေခံ တည်ဆောက်ထားပါသည် -

- စိုက်ပျိုးရန် မြေရရှိနိုင်မှု လျော့နည်းလာခြင်း၊
- ကိုလိုနီခေတ်နောက်ပိုင်း ပဋိပက္ခများနှင့် ပြည်တွင်းဆူပူအုံကြွမှုရာဇဝင်များ ရှိခြင်း -
- အဆင့်အတန်း၊ ဇာတ်အနိမ့်/အမြင့်၊ ကျား-မ ခွဲခြားဆက်ဆံမှု၊ လိင်အကြမ်းဖက်မှုနှင့်တိုက်ခိုက်မှု စသည့် ဝန်ထုပ်ဝန်ပိုးများက အမျိုးသမီးများ၏ မြေယာအခွင့်အရေးများအပေါ် သက်ရောက်မှု စသည်တို့ဖြစ်ပါသည်။
    - မိသားစုဥပဒေများအရ အမျိုးသမီးများ၏ တစ်ဦးချင်း ရပိုင်ခွင့်၊ လက်ထပ်ထိမ်းမြားခြင်းကြောင့် ပိုင်ဆိုင်သောပစ္စည်းများနှင့် အမွေဆက်ခံခွင့်တို့သည် တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဇာတ်အနိမ့်အမြင့် တို့ပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။
    - ယေဘုယျအားဖြင့် အမျိုးသမီများရရှိသည့် မြေယာအခွင့်အရေးများသည် နည်းပါးပြီး အသိအမှတ်ပြုခြင်းမခံကြရပါ။ ဆုံးဖြတ်ချက်ချခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများအား ပလပ်ထားလေ့ရှိပါသည်။
    - ကျား-မ တန်းတူညီမျှမှုမရှိခြင်းနှင့် ဘက်လိုက်မှုများကြောင့် အမျိုးသမီးများသည် အစဉ်အဆက်အားဖြင့် အစိုးရက ဦးစီးဦးဆောင်သည့် မြေယာမှတ်ပုံတင်ပေးခြင်းနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့် ပြင်ဆင်သတ်မှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်အကျိုးခံစားခွင့် အကန့်အသတ်ရှိနေသည်။

### အာဖရိကတိုက်

Land Net West Africa ကွန်ရက်တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြေယာမူဝါဒချမှတ်ရေးလုပ်ငန်းစဉ်များတွင် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများပါဝင်ပါသည်။ ယင်းကို ဒေသတွင်းရှိ အောက်ပါဆင်တူသည့် အချက်များ အပေါ် အခြေခံ တည်ဆောက်ထားပါသည် -

- နိုင်ငံစီးပွားရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါပုံ -
- စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် အမျိုးသမီးများ၏ အရေးကြီးသော အခန်းကဏ္ဍ-
- သဲကန္တာရဖြစ်ခြင်း၊ မိုးခေါင်ရေရှားနှင့် လူဦးရေကြီးထွားလာမှု ပြဿနာ၊
- ကိုလိုနီခေတ်အမွေအဖြစ် ဥပဒေများစွာကျန်ရှိခဲ့သော်လည်း လမ်းညွှန်မည့် မူဝါဒ အနည်းငယ်သာ ရှိခြင်း၊
- ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် စနစ်များ ကြီးစိုးမှု၊
- အမျိုးသမီးများစွာ ရင်ဆိုင်နေရသည့် မြေယာလုပ်ပိုင်ခွင့်ခိုင်မာမှု မရှိခြင်း။
    - ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံများတွင် အမျိုးသားများသာ ကြီးစိုးနေလေ့ရှိပြီး မြေယာနှင့်စပ်လျဉ်း၍ ဓလေ့ထုံးတမ်းစည်းကမ်းချက်များကို အဓိပ္ပါယ်ဖွင့်ဆို ကျင့်သုံးရာ၌လည်း အမျိုးသမီးများအား ဖယ်ကျဉ်ထားလေ့ရှိသည်။-
    - အမျိုးသမီးများသည် ပိုမိုဆင်းရဲခြင်း၊ စာတတ်မြောက်မှုအဆင့်နိမ့်ခြင်း၊ ဥပဒေစနစ်အကြောင်း ဗဟုသုတမရှိခြင်းတို့ကြောင့် အခွင့်အရေးမရနိုင် ဖြစ်နေကြသည် -

- မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးများအတွက် အိမ်ထောင်စုပိုင်မြေယာအား မှတ်ပုံတင်ရေးနှင့် လူတစ်ဦးချင်း ခိုင်မာသော လုပ်ပိုင်ခွင့်ရရှိရေး အပါအဝင် အခွင့်အရေးများ ရအောင် ဆောင်ရွက်ရန် အားပေးခြင်းမရှိပါ။
- အမျိုးသားနှင့်အမျိုးသမီးများ - အထူးသဖြင့် လက်ထပ်ထိမ်းမြားပြီးသူအမျိုးသမီး - ခံစားရသည့် နိုင်ငံသား အခွင့်အရေးများသည် ကွဲပြားခြားနားကြပြီး ပိုင်ဆိုင်မှုအမျိုးအစားအားလုံးပေါ် အမျိုးသမီးများ၏ ကိုင်တွယ်နိုင်မှုကို ထိခိုက်စေသည်။ အမျိုးသမီးများသည် တစ်ခါတစ်ရံ ၎င်းတို့ကိုယ်ပိုင်မြေကို မှတ်ပုံတင်ရေးအတွက် ၎င်းတို့၏ဖခင် သို့မဟုတ် ခင်ပွန်း တို့ထံမှ သဘောတူညီချက် ရရှိရန် လိုအပ်သည်။

✓ မတူညီသော အမျိုးသမီးနှင့် အမျိုးသားအုပ်စုများသည် ရပ်ရွာများနှင့် နိုင်ငံတော်အဆင့် နိုင်ငံရေး စကားစစ်ထိုးပွဲနှင့် ဆွေးနွေးပွဲများတွင် မည်ကဲ့သို့ပါဝင်လေ့ရှိကြပါသလဲ။

✓ ယဉ်ကျေးမှုနှင့်လူမှုရေးစံသတ်မှတ်ချက်များအရ အားလုံးပါဝင်စေရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် အမျိုးသားများ၊ အခြားအုပ်စုများ သီးခြားစီခွဲခြားရန် လိုအပ်ပါသလား။ ဥပမာ - အမျိုးသမီးများ သို့မဟုတ် လူငယ်များသည် ယောကျ်ားရင့်မာကြီးများ ပါဝင်တက်ရောက်သည့် အစည်းအဝေးများတွင် ပွင့်လင်းစွာ စကားပြောဆိုနိုင်ရန် မဝံ့မရဲဖြစ်နေ ပါသလား။ အမျိုးသမီးများနှင့် အမျိုးသားများ အတူတကွ လူထုအစည်းအဝေးများသို့ တက်ရောက်ခြင်းကို ထိုဒေသတွင် ပွင့်ပွင့်လင်းလင်းလက်ခံနိုင်ဖွယ် ရှိပါသလား။

✓ အမျိုးသမီးများနှင့် အမျိုးသားများသည် သီးခြားလူမှုရေးအဖွဲ့အစည်းများ၊ အစုအဖွဲ့များတွင် ပါဝင်လှုပ်ရှားပါသလား။ မြေယာမူဝါဒများအတွက် သဘောထားခံယူရန် ယင်းလမ်းကြောင်းများကို အသုံးပြုနိုင်ပါသလား။

✓ ယဉ်ကျေးမှုနှင့် လူမှုရေးစံသတ်မှတ်ချက်များအရ အမျိုးသမီးများနှင့် အမျိုးသားများအကြား မြေယာ ဗဟုသုတ၊ နားလည်မှုမှာ အမျိုးအစား၊ အကြောင်းအရာ ကွဲပြားနေပါသလား။

✎ ဆန်းစစ်ရန် အချက်များ စာရင်း-၁.၁ - **နောက်ခံအခြေအနေ လေ့လာဆန်းစစ်ခြင်း**

**သတိပြုရန်**

လုပ်ငန်းစဉ်တစ်ခုအစ၌ သင့်တော်သော နောက်ခံအခြေအနေလေ့လာဆန်းစစ်မှု ပြုလုပ်ခြင်းဖြင့် ထိုအခြေအနေအတွက် ထိရောက်မှုအရှိဆုံး နည်းလမ်းနှင့် မဟာဗျူဟာများ ပေါင်းစပ် ကျင့်သုံးခြင်း ပြုလုပ်နိုင်စေမည် ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရရှိသည့်သင်ခန်းစာများ ဖလှယ်နိုင်သည့်တိုင်အောင် နိုင်ငံတစ်နိုင်ငံအတွက် အဆင်ပြေသည့်နည်းလမ်း တစ်ရပ်သည် အခြားနိုင်ငံတစ်နိုင်ငံအတွက် ထပ်ထူထပ်မျှအဆင်မပြေနိုင်ပါ။

## စည်းရုံးလှုံ့ဆော်ခြင်း

အမျိုးသမီးနှင့် အမျိုးသားများအပါအဝင် အကျိုးသက်ဆိုင်သူများအားလုံး၏ အကြံပြုချက်များကို အခြေခံသော အထောက်အထား အခြေပြု စည်းရုံးလှုံ့ဆော်ခြင်းသည် ကျား-မ သာတူညီမျှ လုပ်ငန်းစဉ်၏ တန်ဖိုးကို ပြသနိုင်သောကြောင့် ထွက်ပေါ်လာသည့် မူဝါဒများအတွက် အားလုံး သဘောတူညီမြှနှင့် ထောက်ခံမှု ရရန် အလားအလာ တိုးတက်စေပါသည်။ စည်းရုံးလှုံ့ဆော်မည့် အလားအလာရှိ ဦးတည်ပရိတ်သတ်များ ဖြစ်ကြသော - မူဝါဒချမှတ်သူများ၊ သုတေသီများနှင့် အခြေခံလူတန်းစားများ - စသည်တို့ကို ဖော်ထုတ်သတ်မှတ်၊ ဆက်သွယ်ကာ အပိုင်း ၅ တွင်ဖော်ပြထားသည့် ဆက်သွယ်ရေးပစ္စည်း၊ မဟာဗျူဟာများနှင့် နည်းလမ်းများ ရေးဆွဲ၊ ဖြန့်ဝေရာတွင် ထည့်သွင်းရန် လိုအပ်သည်။

ဆန်းစစ်ရန် အချက်များစာရင်း-၁.၂ - **စည်းရုံးလှုံ့ဆော်ခြင်း**

အရင်းအမြစ် - ၂၀၁၁ မေလ နည်းပညာ အလုပ်ရုံဆွေးနွေး ပွဲတွင် Sabine Pallas ၏ "အာဖရိကတိုက်တွင် လုပ်ဆောင်မှု အခြေပြု သုတေသနဖြင့် ဆက်သွယ်ရေးနှင့် စည်းရုံးရေး ကိရိယာများ ဖန်တီးခြင်း" တင်ပြချက်

- ✓ အချေအတင်ဆွေးနွေးအဆိုပြုရန်အတွက် သက်သေအထောက်အထား ရနိုင်သမျှများများ စုဆောင်းထားပါ။
- ✓ သုတေသနလုပ်ငန်းကြောင့် ထိခိုက်နစ်နာနိုင်ခြေရှိသူများကို စာရင်းပြုစုထားပြီး ၎င်းတို့ကို လုပ်ငန်းစဉ်အတွင်း ထည့်သွင်းထားပါ။
- ✓ ဒေသခံ လှုပ်ရှားဆောင်ရွက်သူ - အမျိုးသမီးနှင့်အမျိုးသားများအား ၎င်းတို့၏ မတူညီသော အခြေအနေများ၊ အဆင့်အတန်း နှင့် ဩဇာအာဏာ တို့ကို ထည့်သွင်းစဉ်းစားလျှက် ပါဝင်စေပါ။
- ✓ အကျိုးသက်ဆိုင်သူများ အမျိုးမျိုးတို့၏ မူဝါဒ ဦးတည်ချက်များနှင့် အတင်းကိုက်ညီစေရန် ရည်ရွယ်၍ တွေ့ရှိချက်များအား ပြင်ဆင်ပြောင်းလဲခြင်း မပြုလုပ်ဘဲ သက်သေအထောက်အထားအချက်အလက်များကို မူဝါဒချမှတ်သူများ နားလည် သဘောပေါက်နိုင်မည့် နည်းလမ်းများဖြင့် တင်ပြပါ။
- ✓ အဖွဲ့အစည်းတစ်ရပ်သည် ပြည်သူတို့၏ လိုအပ်ချက်များနှင့် လိုလားချက်များအကြောင်း လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှုမရှိဘဲ စည်းရုံးလှုံ့ဆော်သည့်အခြေအနေမျိုးအား ရှောင်ရှားရန်အတွက် မည်သူ့ကိုယ်စား မည်သူက စည်းရုံးလှုံ့ဆော်ပေးနေသည်၊ မည်သူ့အား မည်သူကအမိန့်ပေးနေသည်ကို လေ့လာဖော်ထုတ်ပါ။

**သတိပြုရန်**

နိုင်ငံတော်အဆင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများဆောင်ရွက်နေသူများထံတွင် အောက်ခြေအဆင့်၌ ဆောင်ရွက်နေသူ များ၏ အစီအစဉ်နှင့် ကွဲပြားသော အစီအစဉ် ရှိနိုင်ပါသည်။ အားလုံးအတွက် အကျိုးရှိစေရန် စည်းရုံးလှုံ့ဆော်ရေး ဦးတည်ချက်များ အချင်းချင်းညီညွတ်၍ သဟဇာတဖြစ်အောင် ဆောင်ရွက်ရန် မရှိမဖြစ် လိုအပ်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် စည်းရုံးလှုံ့ဆော်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်လေ့ရှိသည် (ဆန်းစစ်ရန် အချက်များစာရင်း-၁.၅)။

## အသိအမြင် ဖွင့်ပေးခြင်းနှင့် သင်တန်းပေးခြင်း။

အမျိုးသမီးများ၏ မြေယာကိစ္စရပ် တစ်မျိုးတည်းနှင့် သက်ဆိုင်သည့် သင်တန်းများပေးခြင်းထက် ကျား-မရေးရာနှင့် မြေယာဆိုင်ရာ အသိအမြင် ဖွင့်ပေးခြင်းနှင့် သင်တန်းပေးခြင်း တို့ကို ပူးတွဲဆောင်ရွက်ခြင်းက ပိုမို အကျိုးရှိကာ၊ ခွဲခြားဆက်ဆံခြင်းနှင့် ကျား-မရေးရာခေါင်းစဥ်သည် အမျိုးသမီးများအတွက်သာဟူသော အယူအဆမှားများကို ရှောင်ကျဉ်နိုင်မည် ဖြစ်ပါသည်။ အမျိုးသမီးများနှင့် အမျိုးသားနိုင်ငံရေးသမားများနှင့် အစိုးရအရာရှိများအား အမျိုးသမီး များ၏ပြဿနာများကို အမျိုးသားများ၏ပြဿနာများကဲ့သို့ ရပ်တည်ဆောင်ရွက်ပေးမည့် ထိရောက်သော မူဝါဒချမှတ်သူများ ဖြစ်လာစေရေးအတွက် သင်တန်းပေးရန် လိုအပ်ပါသည်။

သာမန်အမျိုးသမီးနှင့် အမျိုးသားများသည် မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန်အတွက် အထူးသင်တန်းနှင့် ပံ့ပိုးကူညီမှုများ လိုအပ်နိုင်ပါမည်။ နိုင်ငံအတွင်း ကျား-မရေးရာ ဆက်ဆံရေးတွင် စိန်ခေါ်မှုများ ရှိပါက အမျိုးသမီးများပူးပေါင်းပါဝင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ပေးရန် အထူးအလေးပေးသင့်သည်။ ဥပမာ အမျိုးသမီးသီးသန့်အစည်းအဝေးများ စီစဥ်ပေးခြင်းဖြင့် မြေယာပြဿနာများကို အချင်းချင်းဆွေးနွေးလာနိုင်ကာ ၎င်းတို့သည် ပိုမိုကျယ်ပြန့်သော မြေယာမူဝါဒချမှတ်ရေးလုပ်ငန်းစဉ်အတွင်း မြေယာပြဿနာများကို ဝင်ရောက်ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ - အထူးသဖြင့်အမျိုးသမီးအုပ်စုများ - သည် အားလုံးပါဝင်ခွင့်ရှိသည့် အမျိုးသမီးကွန်ရက်များ ဖန်တီးရန် ပံ့ပိုးဖြည့်ဆည်းပေးရာ၌ အထူးအခန်းကဏ္ဍ၌ ပါဝင်ပါသည်။ အောက်ခြေအဆင့် ဒေသန္တရ အစိုးရနှင့် ဓလေ့ထုံးတမ်းဌာန/အဖွဲ့အစည်းများသည် အမျိုးသမီးသီးသန့် ညီလာခံများကို ထည့်သွင်းနိုင်ပါသည်။

## အကျိုးသက်ဆိုင်သူ ပေါင်းစုံ ဆွေးနွေးဖလှယ်ခြင်း

မူဝါဒချမှတ်ခြင်းသည် အစိုးရ၏ အဓိက လုပ်ငန်းများအနက် တစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ မြေယာမူဝါဒများနှင့် မြေယာမူဝါဒ ချမှတ်ရေး လုပ်ငန်းစဉ်တို့ကို အစိုးရကသာ အပြီးသတ် တာဝန်ခံသင့်သည်။ အပြုသဘောဆောင်သည့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် မိတ်ဘက်ဖွဲ့စည်းခြင်းများ ပေါ်ပေါက်စေရန် အခြားသော အကျိုးသက်ဆိုင်သူများသည် ဤတာဝန်ခံမှုကို လက်ခံကာ မြေယာနှင့်ပတ်သက်၍အပြိုင်အဆိုင်တောင်းဆိုမှုများ၊ မြေယာနှင့် ကျား-မရေးရာ ကိစ္စရပ်များတွင် အစိုးရအဆင့်များ၏ ရပ်တည်မှုများ နားလည်သဘောပေါက် နိုင်ရန်လိုအပ်သည်။ သို့ရာတွင် မူဝါဒချမှတ်မှုလုပ်ငန်းစဉ် အစကတည်းကပင် အကျိုးသက်ဆိုင်သူများကို စတင်ပါဝင်စေသင့်ပြီး ကျား-မ သာတူညီမျှမှု လမ်းညွှန်ချက်များနှင့် အစီအစဉ်ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ ချမှတ်ကျင့်သုံးခြင်း၊ အကောင်အထည်ဖော်ခြင်းအဆင့်တစ်လျှောက် ဆက်လက် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

## ရေရှည် ချဉ်းကပ်ပုံနည်းလမ်း၊

မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်အများစုသည် လုပ်ငန်းစဉ်တစ်လျှောက် သင်ခန်းစာများရယူရန် လုံလောက်သော အချိန်ရရှိပါသည်။ ဇယားကွက်-၁.၃ တွင် ယူဂန်ဒါနိုင်ငံမှ နမူနာများကို ဖော်ပြထားပါသည်။

ဇယားကွက်-၁.၃ -
**ကျား-မ သာတူညီမျှ မူဝါဒချမှတ်ရေးဆိုင်ရာ သင်ခန်းစာ**

အရင်းအမြစ် - WLLA, 2010a; Esther Obaikalı ကိုယ်ရေးကိုယ်တာ ဆက်သွယ်မှု

> ယူဂန်ဒါ နိုင်ငံ၏ ၁၉၉၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြေယာသိမ်းဆည်းခြင်းနှင့် လက်ဝယ်ပိုင်ဆိုင်ခြင်းတို့ အပါအဝင် အမျိုးသမီးများနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုရှိရေးနှင့် အမျိုးသမီးများနှင့် အခြားခွဲခြား ဆက်ဆံခံရသည့်အုပ်စုတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သမိုင်းဝင်ခွဲခြားဆက်ဆံမှုများကို ပြန်လည်ကုစားရန် ဦးစားပေး အခွင့်အရေးပေးခြင်းများကို ပြဋ္ဌာန်းထားပါသည်။ သို့သော် ၁၉၉၈ ခုနှစ် မြေယာအက်ဥပဒေရေးဆွဲစဉ် ရှုပ်ထွေးမှုများကြောင့် အမျိုးသမီးများနှင့် အမျိုးသားများအကြား မြေယာပူးတွဲပိုင်ဆိုင်မှု နှင့်စပ်လျဉ်းသည့် ပုဒ်မခွဲတစ်ခုကို ချန်လှပ်ထားခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် ထိုအက်ဥပဒေ၌ မိသားစုပိုင်မြေယာနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များအတွက် အိမ်ထောင်ဘက်နှစ်ဦးစလုံးထံမှ သဘောတူညီချက်ရယူရန် လိုအပ်ကြောင်း ပြင်ဆင်ချက် ပြုလုပ်ခဲ့သည်။ သို့သော် ထိုပြဋ္ဌာန်းချက်များတွင် အမျိုးသမီးများ မြေယာရယူသုံးစွဲခွင့်၊ ထိန်းချုပ်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များ လုံလောက်စွာ ပါဝင်ခြင်းမရှိဟု အရပ်ဘက်လူမှု တက်ကြွလှုပ်ရှားသူများက ခံစားနေကြဆဲသည်။
>
> သင်ခန်းစာများ ရရှိခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဇူလိုင်လက ပြုလုပ်ခဲ့သည့်ယူဂန္ဓာ အစိုးရအစည်းအဝေး၌ ယူဂန်ဒါ၏ မြေယာ မူဝါဒအသစ်တွင် ယူဂန်ဒါ မြေယာမဟာမိတ်အဖွဲ့အောက်တွင် မူဝါဒချမှတ်သည့်လုပ်ငန်း၌ အမျိုးသမီးအုပ်စုများကို ထည့်သွင်း ခဲ့ကြသည်။ ထိုအုပ်စုများသည် ယူဂန်ဒါနိုင်ငံတွင်းဦးဆောင်မှု၊ ရယူသုံးစွဲခွင့်၊ အသုံးပြုမှု၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု စသည့် ကိစ္စရပ်အားလုံးတွင် ကျား-မ အရေးကို ပင်တိုင်ထည့်သွင်းစဥ်းစားစေရန်အတွက် မြေယာနှင့် သက်ဆိုင် သည့် ဥပဒေ ၁၆ ရပ်ကို ပြန်လည်သုံးသပ်ရာတွင် ပါဝင်ခဲ့ကြသည်။

## ကျား-မ သာတူညီမျှ မြေယာမူဝါဒချမှတ်ရေးလုပ်ငန်းစဉ်အတွက် လက်တွေ့လုပ်ဆောင်ရန် အဆင့်များ[၂]

အောက်ပါအဆင့် ၄ ဆင့်အနက် တစ်ဆင့်ချင်းစီ၌ ပုံ-၁.၁ တွင် သရုပ်ပြထားသည့်အချက် ၅ ချက်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ဖြစ်သည့် - နောက်ခံအခြေအနေ လေ့လာဆန်းစစ်

ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ကျား-မ ရေးရာ အသိအမြင်ဖွင့်ပေးခြင်းနှင့် သင်တန်း၊ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးဖလှယ်ခြင်း နှင့် ရေရှည် ချဉ်းကပ်ပုံနည်းလမ်း တို့ ကိုဖော်ပြထားပါသည်။

အဆင့် ၁ မှာ ကျား-မ သာတူညီမျှ၏ အားလုံးပါဝင်ခွင့်ရှိသည့် မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်ကို ထောက်ခံသည့် အစိုးရဌာနတွင်း မူဝါဒ လမ်းညွှန်ချက်ကို ချမှတ်ကာ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ဝန်ကြီးဌာနများက လိုက်နာကျင့်သုံးကြရန် ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် အခရာကျသည့် အစိုးရအရာရှိကြီးများ၊ အထူးသဖြင့် အလားအလာ ရှိသော “ဌာနတွင်းမှ ကိုယ်စားပြု ချန်ပီယံများ” (အဆင့် ၄ တွင်ကြည့်ပါ) အား သတင်းအချက်အလက်များနှင့် အသိပညာ ပေးခြင်း များနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းများ ပြုလုပ်ပေးကာ အစိုးရဌာနတွင်းမူကို လက်တွေ့အကောင်အထည် ဖော်ရာ၌ အကူအညီပေးနိုင်ပါသည်။ အစိုးရသည် အမျိုးသမီးများနှင့် အမျိုးသားများ၏ သဘောထားဆန္ဒကို ခံယူရန် လွန်စွာအရေးကြီးသကဲ့သို့ နိုင်ငံ၏နောက်ခံအခြေအနေသည်လည်း အလွန်အရေးကြီးပါသည်။ ကျား-မ တန်းတူညီမျှမှုရှိရေး လုပ်ဆောင်ချက်များမှာ ဆက်လက်ဖော်ဆောင်ရာ အစိုးရအဖွဲ့အတွင်းမှ အမျိုးသမီးများသာ ပါဝင်နိုင်ခြင်းအခြေအနေလည်း ရှိနိုင်ပါသည်။ အစိုးရဌာနတွင်း မူဝါဒလမ်းညွှန်ချက်ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရေးသည် အချိန်ကာလကြာမြင့်သောကြောင့် လုံလောက်သော အရင်းအမြစ် ရရှိရန်လည်း လိုအပ်ပါသည်။

အဆင့် ၂ တွင် မြေယာမူဝါဒ ချမှတ်ရာတွင် ကျား-မ သာတူညီမျှပါဝင်မှုရရှိအောင် ရေးဆွဲ၊ မြှင့်တင်ရန် အစိုးရ၊ အရပ်ဖက် လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့ ပူးပေါင်းပါဝင်သည့် လေးပွင့်ဆိုင် အကျိုးသက်ဆိုင်သူများမဟာမိတ်အဖွဲ့ကို ဖွဲ့စည်းရပါမည်။ ဤအဆင့်တွင် မူဝါဒလုပ်ငန်းစဉ်၌ အမျိုးသမီးနှင့် အမျိုးသားများပေါင်းစည်းကာ အထက်-အောက် နှင့် အောက်-အထက် ချိတ်ဆက်ဆောင်ရွက်မှု၊ လှုပ်ရှားမှုနှင့် ပွဲ၊ အခမ်းအနားများကို ပေါင်းစပ်ကျင့်သုံးမှုတို့ ပါဝင်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးအုပ်စုများသည် ပုဂ္ဂလိကကဏ္ဍမှ အကျိုးသက်ဆိုင်သူများ (မြေယာစီမံခန့်ခွဲသူများနှင့် မြေယာနည်းပညာရှင်များ ကဲ့သို့သော) နှင့် တိုက်ရိုက် မဟာမိတ်ဖွဲ့ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အစိုးရအား စည်းရုံးနိုင်ပါသည်။ နောက်ဆုံးဦးတည်ချက်မှာ အကျိုးသက်ဆိုင်သူအားလုံးပါဝင်သည့် ကျယ်ပြန့်၍ တစ်စိတ်တစ်ဝမ်းတည်းရှိသော ဘက်စုံမဟာမိတ်အဖွဲ့ကို ဖွဲ့စည်းရန် ဖြစ်ပါသည်။

အဆင့် ၃ တွင် အကျိုးသက်ဆိုင်သူများမဟာမိတ်အဖွဲ့သည် နိုင်ငံတစ်ဝှမ်းမှ မတူညီသော နောက်ခံအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် ဒေသန္တရအဆင့်၌ မူဝါဒဆိုင်ရာ စကားစစ်ထိုးပွဲနှင့် ဆွေးနွေးပွဲများတွင် ဦးဆောင်မည့် “ရှေ့ဆောင်သူများ” အဖွဲ့တစ်ဖွဲ့ကို တည်ထောင်၊ လေ့ကျင့်ပေးရန် ဖြစ်ပါသည်။ မြေယာမူဝါဒ ချမှတ်ရေးလုပ်ငန်းစဉ်သည် ပိုမိုလူသိများလာသည့်အလျောက် “ရှေ့ဆောင်သူများ” အဖွဲ့မှနေ၍ ဆင့်ပွားကြီးထွားလာသည့် သက်ရောက်မှု ရှိလာပါမည်။ ယင်းသို့ဆင့်ပွားဆောင်ရွက်ရာ၌ ဘာသာစကားများ၊ အစည်းအဝေးကျင်းပသည့် အချိန်ရွေးချယ်မှုများ အသင့်တော် ဆုံးချိတ်ဆက်ဆောင်ရွက်မှုပုံစံ စသည်တို့ကို ထည့်သွင်းစဉ်းစားလျက် ကျား-မ သာတူညီမျှပုံစံဖြင့် ဆောင်ရွက်သင့်ပါသည်။ ရှေ့ဆောင်သူများအဖွဲ့တွင် နိုင်ငံ့ဒေသအသီးသီး၌ အမျိုးသမီး

များနှင့်အမျိုးသားများ၏ အဖွဲ့ခွဲများပါဝင်သင့်ပါသည်။ ပင်မအုပ်စုသည် ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ ခရိုင်များနှင့် စီရင်စုများသို့ သွားရောက်ကာ အမျိုးသမီးများနှင့် အမျိုးသားများပါဝင်သည့် ဒေသန္တရ မဟာမိတ်အဖွဲ့များဖွဲ့ကာ ၎င်းတို့အား ကိုယ်ပိုင် စွမ်းဆောင်ရည်များမြှင့်တင်ရန်နှင့် အောက်အခြေအဆင့်၌ မဟာမိတ်အဖွဲ့များဖွဲ့ရန် စွမ်းရည် မြှင့်တင်ပေးသင့်ပါသည်။ ထိုမဟာမိတ်အဖွဲ့များသည် ဒေသန္တရ အဆင့် မြေယာ မူဝါဒချမှတ်ရာတွင် များစွာ အထောက်အကူပြုနိုင်ပါသည်။

အဆင့် ၄ တွင် အစိုးရ၊ အရပ်ဖက် လူ့မှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍများ မှ "ကိုယ်စားပြုချန်ပီယံများ" ကို ဖော်ထုတ် သတ်မှတ်၍ မြေယာမူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တစ်လျှောက် ကျား-မ သာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ရှိစေရန် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည် ။ မူဝါဒချမှတ်ရာတွင် ပြည်သူအားလုံးထံမှ သဘောထားများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိရန် အခြားနည်းလမ်းများနှင့်အတူ မူဝါဒချမှတ်သည့်ဌာနများနှင့် ဖွဲ့စည်းပုံများတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သူအုပ်စုများအား ဦးစားပေးရွေးချယ်ခြင်း၊ မဖြစ်မနေပါဝင်ရမည့် အချိုးသတ်မှတ်ခြင်း များအားလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။ သတင်းအချက်အလက်များနှင့် အသိပညာပေးခြင်း အတွက် မီဒီယာများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။

✎ ဆန်းစစ်ရန်
အချက်များစာရင်း-၁.၃ -
**မြေယာမူဝါဒချမှတ်ရာတွင် ကျား-မသာတူညီမျှရှိရန် ဆောင်ရွက်ခြင်း**

- ✓ မြေယာမူဝါဒ ချမှတ်သည့် လုပ်ငန်းစဉ်တွင် အမျိုးသမီးများအား ထည့်သွင်းရန်နှင့် ၎င်းတို့၏ စိုးရိမ်မကင်းမှုများနှင့် ပြဿနာများဖြေရှင်းပေးရေး တို့ကို ပြတ်ပြတ်သားသား ဦးတည်ချက်ထားပြီး အရင်းအမြစ်များ လုံလောက်စွာ ပံ့ပိုးပေးသင့်သည်။
- ✓ အမျိုးသမီးများနှင့် အခြားသော အခွင့်အလမ်းနည်းပါသည့်အုပ်စုများသည် မူဝါဒချမှတ်ရာ၌ပါဝင်ရာတွင် အရင်းအမြစ်-နည်းပါး၍ အချိန်ကန့်သတ်ချက်များသူများဖြစ်ကြသည်။ ယဉ်ကျေးမှုအရလည်း အမျိုးသမီးများ ပွင့်လင်းစွာပါဝင်ရန် ကန့်သတ်ချက်ရှိသဖြင့်၎င်းတို့ကို အမျိုးသားများနှင့်သီးခြားစီ တိုင်ပင်ဆွေးနွေးသင့်ပါသည်။
- ✓ အမျိုးသမီးများသည် အချိန်ကန့်သတ်ချက်များနှင့် မိသားစု/ယဉ်ကျေးမှု တာဝန်များရှိရာ ၎င်းတို့ ပါဝင်နိုင်စေရန် မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်၏ ဖွဲ့စည်းပုံ နှင့်ပုံစံများသည် ညှိလွယ်၊ နှိုင်းလွယ်မှု လုံလောက်စွာ ရှိရပါမည်။
- ✓ မြေယာမူဝါဒ ချမှတ်ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ပါဝင်ခွင့် ရှိလာသည့်တိုင်အောင် ၎င်းတို့အမှန်တကယ် ချိတ်ဆက်ဆောင်ရွက်လာစေရန် အလေးထား အာရုံစိုက်သင့်သည်။
- ✓ မူဝါဒချမှတ်ရေးတွင် အမျိုးသမီးများ အနည်းဆုံး ပါဝင်ရမည့် အရေအတွက် သတ်မှတ်ခြင်း သို့မဟုတ် အလားတူယန္တရားများသည် အရေးကြီးသည့် 'စ'မှတ်များဖြစ်သည်။ သို့သော် အမျိုးသမီးများသည် တက်ကြွ၍ အပြုသဘောချိတ်ဆက်ဆောင်ရွက်နိုင်ရန် အတွက် သင်တန်းနှင့် အထောက်အပံ့များ၊ မူဝါဒချမှတ်ရေး၌ ရှေ့ဆုံးမှ ပါဝင်လာနိုင်ရန် အကူအညီများ လိုအပ်ပါသည်။

**သတိပြုရန်**

မြေယာမူဝါဒချမှတ်ရေးတွင် ကျား-မ သာတူညီမျှပါဝင်ခွင့် တိုးတက်မှုကို တိုင်းတာရန် ခက်ခဲနိုင်ပါသည်။ ထိုအစား မြေယာ မူဝါဒ ထွက်ပေါ်လာသည့်ရလဒ်ကိုသာ ကြည့်၍ ဆုံးဖြတ်ခြင်းမှာ ပို၍ လွယ်ကူသည်ဟု ယူဆနိုင်သည်။ သို့သော် မူဝါဒ ချမှတ်သည့် လုပ်ငန်းစဥ်တွင် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူပါဝင်စေရန် အရေးကြီးပါသည်။

# ကျား-မ သာတူညီမျှ မြေယာမူဝါဒချမှတ်ရေးတွင် အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ

## အစိုးရများ

ကျား-မ သာတူညီမျှ မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်တွင် အစိုးရများသည် အောက်ပါနယ်ပယ်နှစ်ရပ်တို့၌ တက်ကြွစွာဆောင်ရွက်သင့်ပါသည်။ ယင်းတို့မှာ -

- သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ ဝန်ထမ်းသစ်အားလုံးတို့အား အလုပ်သင်သင်တန်းပေးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် မြေယာမူဝါဒချမှတ်ရေးတွင် ကျား-မ သာတူညီမျှပါဝင်ခွင့် အပါအဝင် ကျား-မ ရေးရာနှင့် စပ်လျဉ်း၍ အစိုးရဝန်ထမ်းများ၊ အရာရှိများအား အသိအမြင်ဖွင့်ပေးရန် ဆောင်ရွက်သင့်သည်။ နိုင်ငံရေးသမားများသည်လည်း အစိုးရအုပ်ချုပ်ရေး၌ တိုက်ရိုက်ပါဝင်ရလျှင် ၎င်းတို့အားလည်း အမြင်ဖွင့် သင်တန်းပေးသင့်ပါသည်။
- အစိုးရများသည် မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်တွင် အခြားသော အကျိုးသက်ဆိုင်သူများ ပါဝင်ခွင့်ရအောင် အားပေးနိုင်ပြီး အားလုံးပါဝင်ခွင့်ရှိသော ကျား-မသာတူညီမျှရှိသည့်လုပ်ငန်းစဉ် ဖြစ်စေရန် မူဝါဒနှင့် တာဝန်များ ချမှတ်သင့်ပါသည်။ ဇယားကွက်-၁.၄ တွင် ဂါနာ၊ နီပေါ နှင့် အိန္ဒိယ နိုင်ငံတို့ရှိ အစိုးရခေါင်းဆောင်မှု နမူနာများကို ဖော်ပြထားပါသည်။

ဇယားကွက်-၁.၄ -
**ကျား-မ သာတူညီမျှ မြေယာမူဝါဒ ချမှတ်ရေး အတွက် အစိုးရ၏ ပံ့ပိုး ကူညီမှု**

အရင်းအမြစ်များ - ၂၀၁၁ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Seema Gaikwad ၏ “ မြေယာမူဝါဒလုပ်ငန်းစဉ်တွင် လူမှုအဖွဲ့အစည်း ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ အာရှအတွေ့အကြုံများ” နှင့် Rebecca Sittie ၏ “ဂါနာနိုင်ငံ မြေယာမှတ်ပုံတင်ခြင်းအား စီမံဖော်ဆောင်ရာတွင် ကျား-မ ရေးရာကိစ္စရပ်များ” တင်ဆက်ရှင်းလင်းမှုများ၊ အိန္ဒိယ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ၂၀၀၉၊ ဂါနာမြေယာစီမံခန့်ခွဲမှု စီမံကိန်း၊ ရက်စွဲမပါ

| |
|---|
| ဂါနာနိုင်ငံ၏အစိုးရမြေယာစီမံခန့်ခွဲရေးစီမံကိန်း (LAP) တွင် အမျိုးသမီးများနှင် အမျိုးသားများ၏ မြေယာစီမံခန့်ခွဲမှု အပေါ်စိုးရိမ် မကင်းဖြစ်မှုများကို ကျား-မ အခြေပြု အချက်အလက်ကောက်ခံခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်၊ အကဲဖြတ်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်များအားဖြင့် ဖြေရှင်းသည့် ကျား-မရေးရာ မဟာဗျူဟာတစ်ရပ် ရေးဆွဲမှု ပါဝင်ပါသည်။ ထိုမဟာဗျူဟာတွင် LAP ၏ ကျား-မရေးရာ ဦးတည်ချက်ပြည့်မြောက်စေရန်အတွက် - ပြည်သူလူထုအား အသိပညာပေးခြင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်း၊ စနစ်နှင့် အဖွဲ့အစည်း လုပ်ငန်းစဉ်များ၊ စည်းရုံးလှုံ့ဆော်မှုနှင့် ပူးပေါင်းဆောင်ရွက်၊ ကွန်ရက်ချိတ်ဆက်ခြင်း စသည့် ကဏ္ဍ ၅ ရပ် ပါဝင်ပါသည်။ |
| နီပေါနိုင်ငံတွင် အမျိုးသမီးနှင့်အမျိုးသားတောင်သူများ၊ အမျိုးသမီးအသင်းအဖွဲ့များနှင့် မြေယာပြုပြင်ပြောင်းလဲ ရေးတွင် လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားမြေယာအခွင့်အရေးဖိုရမ်မှ ကိုယ်စားလှယ် တစ်ဦးသည် အဖွဲ့ဝင် ၇-ဦး ပါဝင်သည့် အစိုးရ၏ နီပေါမြေယာပြုပြင်ပြောင်းလဲရေးကော်မရှင်တွင်လည်း အဖွဲ့ဝင် အဖြစ်ဆောင်ရွက်ပါသည်။ |
| အိန္ဒိယနိုင်ငံတွင် ၂၀၀၈ ခုနှစ်က နိုင်ငံတော်အစိုးရသည် မြေယာအုပ်ချုပ်မှုလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်ခွင့်နှင့် မြေယာအသုံးပြုခွင့်ပိုမိုရရှိစေရေး ဆောင်ရွက်ချက်များအပါအဝင် မြေယာပြုပြင်ပြောင်းလဲမှုအမျိုးမျိုးတို့၏ အခြေအနေများကို စိစစ်ရန်အတွက် မပြီးဆုံးသေးသည့် မြေယာပြုပြင်ပြောင်းလဲမှုဆိုင်ရာ နိုင်ငံတော် လယ်ယာခြံမြေဥယျာဉ်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီ တစ်ရပ်ကို ထူထောင်ခဲ့သည်။ ထောက်ခံအကြံပြုချက်များတွင် မြေယာပြုပြင်ပြောင်းလဲမှုများ စောင့်ကြည့်ရန် ဖွဲ့စည်းထားသည့် အေဂျင်စီများတွင် အမျိုးသမီးကိုယ်စားလှယ်များ ထည့်သွင်းရန် အချက်ပါဝင်ပါသည်။ |

ဆန်းစစ်ရန် အချက်များစာရင်း-၁.၄ - **အစိုးရ လုပ်ဆောင်ရန် များ**

- ✓ မြေယာမူဝါဒချမှတ်ရေးတွင် ပါဝင်သည့် နိုင်ငံရေးနှင့်အုပ်ချုပ်ရေးဌာနများနှင့် ဖွဲ့စည်းပုံများတွင် အမျိုးသမီး များ အနည်းဆုံး ပါဝင်ရမည့် အချိုးအစား ကဲ့သို့သော အမျိုးသမီးများအား ဦးစားပေးရေးဆောင်ရွက်ချက်ကို အသုံးပြုခြင်း။ ထိုဌာန/ အဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံများအား ပံ့ပိုးရန်အတွက် စွမ်းရည်မြှင့်တင်ပေးခြင်း နှင့် ပြောင်းလွယ်ပြင်လွယ်ရှိစေရေးတို့ကို ထည့်သွင်းစဉ်းစားပါ။
- ✓ ကျား-မ ရေးရာပြဿနာကို အောက်ပါနည်းလမ်းများဖြင့် ဖြေရှင်းရန်အတွက် အကျိုးသက်ဆိုင်သူများ အဖွဲ့ တစ်ဖွဲ့ သို့မဟုတ် အထူးအစိုးရအဖွဲ့ တစ်ရပ် ဖွဲ့စည်းပါ -
  - အမျိုးသမီးများနှင့် အမျိုးသားများအကြား မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်နှင့် မြေယာမူဝါဒ ကိစ္စရပ်များ အကြောင်း အသိပညာပေးခြင်း၊
  - မြေယာမူဝါဒချမှတ်ရာတွင် ကျား-မ သာတူညီမျှပါဝင်ရေးအတွက် နိုင်ငံတကာမှ ကောင်းမွန်သော နည်းစံနစ်များနှင့် သင်ခန်းစာများကို အိမ်နီးချင်း နိုင်ငံများထံမှ ဆည်းပူးခြင်း။
- ✓ ခရိုင်များနှင့် အခြားသော ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားသည့် အစိုးရဌာနများသို့ သွားရောက်ကာ အောက်ပါ တို့ကို ဆောင်ရွက်ရန်အတွက် ဒေသန္တရအဆင့် မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်ကို ဦးဆောင်မည့် အစိုးရ အရာရှိများ၏ ရှေ့ဆောင်အဖွဲ့တစ်ဖွဲ့ကို အမျိုးသမီးများဖြင့်ပါဝင်ဖွဲ့စည်းကာ လေ့ကျင့်သင်တန်းပေးပါ -
  - တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အမျိုးသမီးများနှင့် အမျိုးသားများအတွက် အခြေအနေ အမျိုးမျိုးကို လေ့လာဖော်ထုတ်ခြင်း။
  - ဤလုပ်ငန်းစဉ်ကို အောက်ခြေအဆင့်တွင် လုပ်ဆောင်နိုင်ရန် ဒေသခံအမျိုးသမီးနှင့် အမျိုးသားအဖွဲ့ များ ဖွဲ့စည်း လေ့ကျင့်ပေးခြင်း။
- ✓ ဥပမာအားဖြင့် ကျား-မသာတူညီမျှပါဝင်ခွင့်ရှိမရှိ အဖွဲ့အစည်းတွင်း စစ်ဆေးမှုစသဖြင့် ကျား-မသာတူညီမျှရေး အတွက် မူဝါဒရေးရာ၊ ပွဲ၊ အခမ်းအနားများ၊ လုပ်ငန်း အစီအစဉ်များနှင့် ကိရိယာများ ပြင်ဆင်ပြောင်းလဲရာတွင် ဦးဆောင်ရန်။

**သတိပြုရန်။**

ကျား-မသာတူညီမျှ မူဝါဒချမှတ်ရေးတွင် အစိုးရများသည် ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်ပါသည်။ သို့သော် မူဝါဒများသည် ပြည်သူလူထု၏လိုအပ်ချက်များကို ထင်ဟပ်စေပြီး မူဝါဒအကျိုးရလဒ်အပေါ် သဘောတူညီမှုနှင့် ထောက်ခံမှုများ ရရှိစေရန် အတွက် ၎င်းတို့သည် အခြားသော အလွှာအသီးသီးမှ ဆောင်ရွက်နေသူများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

## အရပ်ဖက်လူမှုအဖွဲ့အစည်း

အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်နေသူများသည် အခွင့်အလမ်းနည်းပါးသည့် လူထုများ၊ လူအုပ်စုများအား ပိုမိုအာရုံစိုက်လာစေရန်အတွက် ၎င်းတို့၏အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့် မူဝါဒရေးရာ ဆွေးနွေးညှိနှိုင်းမှုများတွင် ၎င်းတို့တိုက်ရိုက် ပါဝင်နိုင်ရန် ပံ့ပိုးကူညီပေးခြင်း၊ အမျိုးသမီးများနှင့်အမျိုးသားများ မည်ကဲ့သို့ချိတ်ဆက်ဆောင်ရွက် နေသည် ကို ပြည်သူ လူထုထံရေဒီယိုမှ ထုတ်လွှင့်ပေးခြင်းကဲ့သို့သောနည်းလမ်းအားဖြင့် မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တွင် ကျား-မ သာတူညီမျှမှုရေးအတွက် ပိုမို တာဝန်ယူဆောင်ရွက်မှုရှိစေရန်စောင့် ကြည့်၊ သတင်းပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အကျိုးသက်ဆိုင်သူများအား စောင့်ကြည့်၍ တာဝန်ယူမှုရှိစေခြင်း၊ မြေယာမူဝါဒချမှတ်ရေး၌ ကျား-မသာတူညီမျှပါဝင်ခွင့် အတွက် ကျယ်ပြန့် သည့် ထောက်ခံသဘောတူညီမှုရရန် ဦးဆောင်ခြင်း စသည်တို့ ဆောင်ရွက်နိုင်ပါသည်။

နိုင်ငံများစွာတို့တွင် မြေယာကိစ္စနှင့်ပတ်သက်၍ သုတေသနပြုမှုနှင့် အသိပညာအချက်အလက် မရှိကြပါ။ အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် အောက်ခြေအလွှာနှင့် နီးစပ်သဖြင့် မြေယာမူ

ဝါဒချမှတ်ရေးတွင် အမျိုးသမီးများ၏အသံများ၊ ဗဟုသုတများနှင့် အကျိုးစီးပွားများ ပါဝင်စေရေး အတွက် အထောက်အကူဖြစ်စေရန် စနစ်တကျ သုတေသနပြုလုပ် နိုင်ပါသည်။ ပုဂ္ဂလိက ကဏ္ဍ နှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဤသုတေသနလုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့နိုင် ပါသည်။ ဥပမာ - ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာမြေယာညွန့်ပေါင်းအဖွဲ့ (International Land Coalition- ILC) သည် သုတေသန ရလဒ်များပေါ်အခြေခံ၍အသိပညာပေး ခြင်းအားဖြင့် မြေယာမူဝါဒများချမှတ်၊ အကောင်အထည်ဖော်ရန် အထူးရည်ရွယ်ချက်ဖြင့် အာဖ ရိက တိုက် အရှေ့နှင့် တောင်ဘက်ပိုင်းနိုင်ငံများတွင် အမျိုးသမီးများ မြေရယူသုံးစွဲပိုင်ခွင့်အတွက် သုတေသန စီမံကိန်းတစ်ရပ် ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံကိန်းတွင် ကဏ္ဍစုံ သုတေသနအဖွဲ့ များပါဝင်၍ သုတေသီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် အောက်ခြေအဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်မှုများ ထူထောင်ခဲ့ပါသည် (နမူနာများထပ်မံလေ့လာနိုင်ရန်အတွက် WOLREC, 2011 နှင့် ILC web site တွင် Securing Women’s Access to Land တွင်ကြည့်ပါ။)[၃]

အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းအသီးသီးတွင် ဆောင်ရွက် နေကြသူများ မြေယာမူဝါဒ ချမှတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မှုအတိုင်းအတာသည် အောက်ပါ အချက်များအပေါ် မူတည်ပါသည် -

- နိုင်ငံအတွင်းရှိ အရပ်ဖက်လူ့ဘောင်အတွက် ရနိုင်သည့် နိုင်ငံရေးလုပ်ကွက် -
- အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် အစိုးရတို့အကြား ဆက်ဆံရေးနှင့် မြေယာမူဝါဒချမှတ်ရေး တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပါဝင်မှုအပေါ် အစိုးရ၏ သဘောထား၊
- မြေယာမူဝါဒချမှတ်မှုလုပ်ငန်းစဉ်အကြောင်း လူထု၏ ဗဟုသုတနှင့် အသိပညာရှိမှုအဆင့်၊
- အရပ်ဖက်လူမှုအဖွဲ့အစည်း အရင်းအမြစ်များအပေါ် ဖိအားသက်ရောက်နိုင်မည့် မူဝါဒ ချမှတ်သည့်လုပ်ငန်းစဉ် ကြာချိန် (နည်းပညာ နှောင့်နှေးမှုများအပါအဝင်)၊

  အရပ်ဖက်လူမှုအဖွဲ့အစည်းက မြေယာမူဝါဒချမှတ်ရေးတွင်ပါဝင်ဆောင်ရွက်ရာ၌ ကြုံတွေ့ ရသည့် စိန်ခေါ်မှုတစ်ရပ်မှာ ဤလမ်းညွှန်အပိုင်း ၃ ၌အသေးစိတ် ရှင်းပြထားသည့်အတိုင်း လူမှုရေးအုပ်စုအားလုံးမှ အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင်၊ ကိုယ်စားပြုနိုင်မှုရှိစေ ရေး ဖြစ်ပါသည်။ မြေယာမူဝါဒချမှတ်ရေးတွင် ကျား-မ သာတူညီမျှရေးထက် အခြားသော ကိစ္စရပ်များကို ဦးစားပေးပါက ဤစိန်ခေါ်မှုကို ပိုမိုဆိုးဝါးစေပါသည်။

ဇယားကွက်-၁.၅ တွင် ကျား-မ သာတူညီမျှမြေယာမူဝါဒများ ချမှတ်၊ အကောင်အထည်ဖော် ရေးတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အရေးပါ သည့်အခန်းကဏ္ဍ နမူနာများကို ဖော်ပြထား ပါသည်။ အစိုးရများနှင့် တိုက်ရိုက် ချိတ်ဆက် ဆောင်ရွက်နေစဉ်အတွင်း ပြောင်းလဲမှုများအတွက် ပြည်သူများ၏ထောက်ခံအားပေးမှုနှင့် ပူးပေါင်းပါဝင်မှုရရှိရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ရပ်ရွာလူထုအား သိမ်းသွင်းခြင်း စသည့်လုပ်ငန်းများသည် အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် ဆောင်ရွက်နေကြသူများ နှင့် လွန်စွာကိုက်ညီမှု ရှိပါသည်။ ၎င်းတို့သည် အခြားပါဝင်ပတ်သက်သူများအား သင်တန်းပေးခြင်း၊ ဥပဒေနှင့် အခြားအထောက်အပံ့များ ပေးခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။ အမျိုးသမီးအဖွဲ့အစည်း

တစ်ရပ်က မှတ်ချက်ပြုထားသည့် အတိုင်း အရပ်ဘက် လူ့အဖွဲ့အစည်းအတွက် "အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်နေစဉ် တစ်ဖက်မှလည်း လွတ်လပ်မှုကိုထိန်းသိမ်းနိုင်ရန် အလို့ငှာ ရှင်းလင်းစွာ အဓိပ္ပါယ် ဖွင့်ဆိုထားသော အခန်းကဏ္ဍရှိရန် အရေးကြီးပါသည်" (WLLA, 2019 ခ-၉)။

**ဇယားကွက်-၁.၅ - ကျား-မ သာတူညီမျှ မြေယာမူဝါဒများ ချမှတ်ရေးအတွက် အရပ်ဖက်လူမှုအဖွဲ့ အစည်းများ၏ ပံ့ပိုး ကူညီမှု**

### အာဖရိကတိုက်

အာဖရိကတိုက်၌ တရားဝင် မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မဆုတ်မနစ်၊ အပြုသဘော ပါဝင်ဆောင်ရွက် ခဲ့ကြသည်။

- အာဖရိကတိုက်တွင် မြေယာမူဝါဒဆိုင်ရာ အာဖရိကန်သမဂ္ဂ၏ မူဘောင်နှင့်လမ်းညွှန်ချက်များ ကို ရေးဆွဲခဲ့ကြစဉ်က အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် ဆောင်ရွက်နေကြသူများသည် ဒေသဆိုင်ရာ သဘောထားခံယူမှု အစည်းအဝေးများတက်ရောက်ခြင်း၊ မူကြမ်းများအတွက် သဘောထားမှတ်ချက် ပေးခြင်း၊ အကြောင်းအရာ တစ်စိတ်တစ်ပိုင်း ရေးသားပေးခြင်း စသည်တို့ကို ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်လည်း မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တစ်လျှောက် အာဖရိကန် သမဂ္ဂနှင့် တစ်ပြိုင်တည်း ဆွေးနွေးပွဲများ စီစဉ်ကျင်းပခဲ့ကာ မြေယာမူဝါဒ သတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့ပါသည်။
- ကင်ညာနိုင်ငံတွင် မြေယာမူဝါဒ ရေးဆွဲချမှတ်စဉ် ကာလအတွင်းက ကင်ညာနိုင်ငံ မြေယာမဟာမိတ် အဖွဲ့အောက်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မူဝါဒချမှတ်ရေးနယ်ပယ်တွင် ပါဝင်ခွင့်ရရှိရေးအတွက် လူထုအား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ အမျိုးသမီးများနှင့် အမျိုးသား ၁,၀၀၀ ကျော်တို့သည် ပြည်သူ့ဖိုရမ်နှင့် ကျား-မ သာတူညီမျှရေး ဖြေရှင်းဆောင်ရွက်ပေးသည့် အဖွဲ့တစ်ဖွဲ့အပါအဝင် လုပ်ငန်းအလိုက် ဖွဲ့စည်းထားသည့်အုပ်စု ၆ စု တို့ပါဝင်သည့် ပွင့်လင်းသည့်လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်ခဲ့ကြသည်။ မြေယာမူဝါဒသစ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မြေယာမူဝါဒအသစ်၏ အခြေခံဖြစ်သည့် မြေယာပြုပြင်ပြောင်းလဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာမူများ အဆိုပြုခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စကားစစ်ထိုးပွဲများတွင်လည်း ပံ့ပိုးကူညီပေးခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများနှင့် အမျိုးသားများအားနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးနယ်ပယ်များတွင် တန်းတူဆက်ဆံရန်နှင့် အခွင့်အရေးပေးရန်ပြဋ္ဌာန်းထားရာ ရွေးကောက်တင်မြှောက်ခံ အဖွဲ့အစည်းများတွင် အနည်းဆုံး အမျိုးသမီး သုံးပုံတစ်ပုံ ပါဝင်ရန် သတ်မှတ်ထားသည် (နှင့်/ သို့ အနည်းဆုံး အမျိုးသား သုံးပုံတစ်ပုံ)။ သို့ဖြစ်ရာ မြေယာနှင့် ပစ္စည်းများ အမွေဆက်ခံခွင့်နှင့် အသုံးပြုခွင့်တို့တွင် ကျား-မ ရေးရာအပေါ်ခွဲခြားဆက်ဆံမှုကို ဖယ်ရှားနိုင်ခဲ့သည်။

### အာရှတိုက်

အာရှတိုက်တွင် အရပ်ဖက်လူမှုရေး ဆောင်ရွက်နေကြသူများသည် အားလုံးပါဝင်ခွင့်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော တရားဝင်နှင့် ဓလေ့ထုံးတမ်း အုပ်ချုပ်မှုပုံစံများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြပြီး မြေယာမူဝါဒ ပြုပြင်ပြောင်းလဲရေးများတွင် ချိတ်ဆက် ဆောင်ရွက်ခဲ့ကြသည် -

- အိန္ဒိယနိုင်ငံတွင် ၂၀၀၄ ခုနှစ်က အမျိုးသမီးအဖွဲ့အစည်းများသည် ဟိန္ဒူ အမွေဆက်ခံခွင့်အက်ဥပဒေ -၁၉၅၆ တွင်ပါရှိသည့် ကျား-မ ခွဲခြားဆက်ဆံသည့်ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ပေးရန် လှုပ်ရှားမှုတစ်ရပ် စတင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ပြင်ဆင်ချက်ဥပဒေတွင် သမီးများသည် သားများနှင့် တန်းတူ ပူးပေါင်းဆောင်ရွက်ခွင့် ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် 'မပြီးဆုံးသေးသည့် မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှ နိုင်ငံလယ်ယာခြံမြေ၊ ဥယျာဉ်လုပ်ငန်းဆိုင်ရာဆက်ဆံရေး ကော်မတီ' သည် ခေါင်းမဦးချမြေများပိုင်ဆိုင်ခွင့်နှင့် ကျေးရွာဘုံပိုင်ဆိုင်သည့် မြေပိုင်ဆိုင်ခွင့်အပါအဝင် အမျိုးသမီးများအတွက် ရပ်ရွာ အခွင့်အရေးများ အတွက် ပူးတွဲအမည်ပေါက်နှင့် ပိုင်ဆိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်အရ မဖြစ်မနေရေးသွင်းရေး၊ ထောက်ခံအကြံပြုခဲ့သည်။
- နီပေါနိုင်ငံတွင် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် လယ်ယာမဲ့အမျိုးသမီးများ သည် ထိုင်သပိတ်မှောက်ခြင်း၊ လူထုဆန္ဒထုတ်ဖော်ခြင်းတို့ပြုလုပ်ပြီးနောက် အဆင့်မြင့်အစိုးရ အရာရှိကြီးများနှင့် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ယင်းကိုတုန့်ပြန်သည့်အနေနှင့် အစိုးရသည် အဖွဲ့ဝင် ၇ ဦးပါ လုပ်ငန်းအဖွဲ့တွင် "အမျိုးသားမြေယာအခွင့်အရေးဖိုရမ်" မှ ကိုယ်စားလှယ်တစ်ဦး ပါဝင်လျက် ဖွဲ့စည်းပေးခဲ့ကာ "အဆင့်မြင့်အရာရှိကြီးများ အဆင့် သိပ္ပံနည်းကျ မြေယာပြုပြင်ပြောင်းလဲရေး ကော်မရှင်" က အမျိုးသမီးများမြေယာအခွင့်အရေးရရှိရန် ပေးသည့် အကြံပြုချက်ကို စိစစ်စေ ခဲ့သည်။

↓

အရင်းအမြစ်များ - ၂၀၁၁ မေလ အလုပ်ရုံဆွေးနွေးပွဲ၊ UIA ၂၀၁၀၊ အာရှမြေယာစောင့်ကြည့်ရေး၊ ၂၀၁၀ တို့မှ Catherine Gatundu ၏ "မြေယာမူဝါဒ လုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ပါဝင်မှုဆိုင်ရာ အာဖရိကအတွေ့အကြုံ"၊ Judy Adodko ၏ "အမျိုးသမီး မြေယာအခွင့်အရေးအတွက် ဓလေ့ထုံးတမ်းစနစ်များ၊ အဖွဲ့အစည်းများနှင့် အပြုသဘော ဆောင်ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများ"နှင့် Seema Gaikwad ၏ "မြေယာမူဝါဒ လုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ပါဝင်မှုဆိုင်ရာ အာရှအတွေ့အကြုံ" တင်ပြဆွေးနွေးချက်များ

- နီပေါနိုင်ငံတွင်ပင် အမျိုးသမီး အဖွဲ့အစည်းများနှင့် ဥပဒေအကူအညီပေးရေး အုပ်စုများသည် အမျိုးသမီးကိုယ်စားလှယ်များ မြေယာမူဝါဒချမှတ်ရေး လုပ်ငန်းစဉ်တွင် ထိရောက်စွာပါဝင်နိုင်ရန်နှင့် အမျိုးသမီး မြေယာ အခွင့်အရေးဆိုင်ရာ ၎င်းတို့၏ အသံများကို ထုတ်ဖော်နိုင်ရန်အတွက် သင်တန်းပေးခြင်းနှင့် စွမ်းရည်မြှင့်တင် ပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

ဆန်းစစ်ရန် အချက်များစာရင်း-၁.၅ - **အရပ်ဖက်လူမှုအဖွဲ့ အစည်း လုပ်ဆောင်ရန်များ**

အရင်းအမြစ် - ၂၀၁၁ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Catherine Gatundu ၏ " မြေယာမူဝါဒ လုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ပါဝင်မှုဆိုင်ရာ အာဖရိက အတွေ့အကြုံ" ဆွေးနွေးချက်

**မူဝါဒ ရေးဆွဲပုံစံထုတ်ခြင်းအဆင့်**

- ✓ အစိုးရနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ခြင်း
- ✓ စာသား အကြောင်းအရာများ အဆိုပြုတင်ပြခြင်းနှင့် နောက်ခံသမိုင်းနှင့် ကိစ္စရပ်အကြောင်း စာတမ်းများ ပြင်ဆင်ခြင်း
- ✓ အမြင်များ၊ ခံယူချက်များ ပြောင်းလဲရန် မီဒီယာ အသုံးပြုခြင်း။ အားလုံးပါဝင်ခွင့်ရှိပြီး ပြည်သူ့သဘောထား ခံယူမှုရှိသည့် မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများရော အမျိုးသားများပါ ပါဝင်နိုင်ရေးအတွက် အများပြည်သူ သဘောတူညီမှု တည်ဆောက်ပါ။ မူဝါဒအကြောင်းအရာများနှင့် နည်းပညာဆန်သည့် စာများကို လူတိုင်း (အရပ်ဘက် လူ့ဘောင် အဓိကအင်အားတစ်ရပ်) နားလည်နိုင်သည့်နည်းလမ်းများဖြင့် ဝေငှခြင်း ပါဝင်ရမည်။
- ✓ ဥပဒေရေးရာ ကျောထောက်နောက်ခံနှင့် အထောက်အကူပေးခြင်း။
- ✓ အစည်းအဝေးများ၊ ညီလာခံများနှင့် အခြားပွဲအခန်းအနားများတွင် ဆက်စပ်အစည်းအဝေးများ စီစဉ်ပေးရန်။

**အကောင်အထည်ဖော်ခြင်းအဆင့်**

- ✓ ဥပဒေပြုရေးမူဘောင်များချမှတ်ရေးဆိုင်ရာ စကားစစ်ထိုးပွဲများစီစဉ်ပေး၍ ကိုယ်တိုင်ပါဝင်ရန်။
- ✓ မြေယာစီမံခန့်ခွဲရေးဌာနများမှ ဝန်ထမ်းများနှင့် အဖွဲ့ဝင်များအား ကျား-မရေးရာနှင့် မြေယာမူဝါဒသစ်များ အကြောင်း သင်တန်းပေးရန်။
- ✓ မြေယာမူဝါဒများ အကောင်အထည်ဖော်ရေး လှုပ်ရှားမှု ပြုလုပ်ခြင်း၊ ဥပမာ- စောင့်ကြည့်၊ ထိန်းကျောင်း အုပ်စုများ ဖွဲ့စည်းခြင်းနှင့် အစိုးရ၏ အကောင်အထည်ဖော်မှုတိုးတက်ရေး ကို အရင်းအမြစ် ခိုင်လုံစွာ ခြေရာခံခြင်းနှင့် ယင်းကို ပြည်သူ့ထံ အသိပေးခြင်း။
- ✓ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ မူဝါဒများနှင့် ဥပဒေပြုခြင်းတို့က ကျား-မရေးရာအပေါ် မည်သို့ သက်ရောက်သည်ကို စောင့်ကြည့်ခြင်း။

**သတိပြုရန်**

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း၏ မူဝါဒချမှတ်ရေး လုပ်ငန်းတွင် ရန်ပုံငွေ ပံ့ပိုးနိုင်မည့် အခြား အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါတွင် ထိရောက်မှု အရှိဆုံး ဖြစ်သည်။

ဇယားကွက်-၁.၆ - **အစိုးရနှင့် အရပ်ဖက်အဖွဲ့ အစည်းများ ပူးပေါင်း ဆောင်ရွက်ခြင်း**

အရင်းအမြစ် - ၂၀၁၁ မေ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Patricia Costas ၏ "ဘိုလီးဗီးယား မြေယာစီမံအုပ်ချုပ်မှုတွင် ကျား-မ သာတူညီမျှ ဆက်သွယ်စည်းရုံးရေး မဟာဗျူဟာများနှင့် အမြင်ဖွင့် နည်းလမ်းများ" တင်ပြချက်

ဘိုလီးဗီးယားနိုင်ငံ၏ လယ်ယာခြံမြေ၊ ဥယျာဉ် ပြုပြင်ပြောင်းလဲရေးဥပဒေ - ၁၉၅၃ တွင် ခွဲခြားဆက်ဆံမှု မရှိရေး ပုဒ်မခွဲတစ်ခုပါဝင်သည်။ သို့သော် မြေယာခွဲဝေပေးခြင်းနှင့် အမည်ပေါက်ပိုင်ဆိုင်မှုအတွက် အကျိုးကျေးဇူး ခံစားခွင့်အား မုဆိုးမနှင့် လူလွတ် တစ်ကိုယ်တည်း အမျိုးသမီးများသာ ခွင့်ပြုထားသည်။ လယ်ယာခြံမြေဥယျာဉ်များ ပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတော်ဝန်ဆောင်မှုတည်ဆောက်ခြင်းဥပဒေ - ၁၉၉၆ တွင် အိမ်ထောင်ရှိ-မရှိပေါ် မမူတည်ဘဲ အမျိုးသမီးနှင့် အမျိုးသားအားလုံးတို့အတွက် တန်းညီပေးရာ အမျိုးသမီးများ မြေယာအမည်ပေါက် ပိုင်ဆိုင်မှု တိုးမြင့်လာသည်။ ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသမီးများ၏ မြေယာအခွင့်အရေး များအတွက် ဥပဒေမူဘောင် တိုးတက်ကောင်းမွန်လာကာ အစိုးရကိုယ်နိုက်က အမျိုးသမီးများ မြေယာပြုပြင် ပြောင်းလဲရေးဆုံးဖြတ်ချက် ချမှတ်ရာတွင် အပြည့်အဝ ပါဝင်ခွင့်ရရှိရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ခဲ့သည်။

ထိုလုပ်ငန်းစဉ်တစ်လျှောက်တွင် အမျိုးသမီးအဖွဲ့အစည်းများသည် အဓိကကျသည့် စည်းရုံးဆောင်ရွက်သူများ ဖြစ်ခဲ့ကြ သည်။ ၁၉၈၀ ခုနှစ်တွင် National Federatio of Peasant Women ကဲ့သို့သော အစိုးရမဟုတ်သည့်အဖွဲ့အစည်း များ သည် တိုင်းရင်းသားအမျိုးသမီးများ၏ နယ်နိမိတ်နှင့် ဂုဏ်သိက္ခာအတွက် ချီတက်ရာတွင် ပါဝင်ခဲ့ကြသည်။

၂၀၀၆ ခုနှစ်တွင် ၎င်းတို့သည် ဘိုလီးဗီးယားနိုင်ငံသမိုင်း တွင် ပထမဆုံးအကြိမ်အဖြစ် မဲဆန္ဒနယ်လူထုစည်းဝေးပွဲသို့ တက်ရောက်ခွင့် ရရှိခဲ့ကြသည်။ အမျိုးသမီးအဖွဲ့အစည်းမဟာမိတ်အဖွဲ့နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် အမျိုးသမီးများ၏ပစ္စည်းပိုင်ဆိုင်ခွင့်များ ပါဝင်စေခြင်း အပါအဝင် အမျိုးသမီးများ အတွက် ဥပဒေအစီအစဉ်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ ထိုအောင်မြင်မှုများတွင် ပြောင်းလဲမှုအတွက် အထောက်အကူ ဖြစ်စေရန် သုတေသနနှင့် အထောက်အထားများ ပံ့ပိုးပေးသည့် အရပ်ဖက်လူမှုအသိုင်းအဝိုင်းနှင့် တက်ကြွစွာ ချိတ်ဆက် ဆောင်ရွက်မှု ပါဝင်ပါသည်။

## ပုဂ္ဂလိက ကဏ္ဍ

မြေယာကဏ္ဍတွင် နေ့စဉ်နည်းပညာလုပ်ငန်းအများစုကို လုပ်ကိုင်နေကြသည့် ပုဂ္ဂလိက ကုမ္ပဏီ များနှင့် ပညာရှင်များတွင် ကျား-မ သာတူညီမျှ မြေယာမူဝါဒတစ်ရပ် ပေါ်ပေါက်လာရေးအတွက် အဖိုးတန်သည့် ပညာရှင်ဆန်သော ပညာဗဟုသုတနှင့် အမြင်များရှိကြသည်။ ၎င်းတို့သည် အစိုးရ ရုံးများသို့ မကြာခဏ သွားရလေ့ရှိကြပြီး ၎င်းတို့အသုံးပြုသည့် နည်းပညာနှင့် စနစ်များအားဖြင့် မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်များကို လွှမ်းမိုးနိုင်သည့် အနေအထားရှိသည်။ ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်ဦးရွက်ပြုမှုများသည် ကမ္ဘာတစ်ဝှမ်းမှမြေယာနှင့် စိုက်ပျိုးရေးပြုပြင်ပြောင်းလဲမှု တို့တွင် တိုး၍ နေရာရလာသည်။ ထိုလုပ်ငန်းများတွင် ပြန်လည်ခွဲဝေပေးရေး ပြောင်းလဲမှုများပါဝင်ပြီး ဥပမာ အားဖြင့် တောင်အာဖရိကနိုင်ငံရှိ သကြားလုပ်ငန်း၊ ဂါနာနိုင်ငံတွင် အသေးစားချေးငွေထုတ်ပေး သည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တန်ဖိုးနည်းမြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် ဆောင်ရွက် ပေးသည့် ဆန်းသစ်သည့် ယန္တရားများ ပါဝင်သည်။

သို့ရာတွင် အစိုးရဌာနမှ ပါဝင်ပတ်သက်သူများသည် နိုင်ငံရေးစနစ်အားဖြင့်တာဝန်ခံရပြီး အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ပါဝင်ပတ်သက်သူများက ၎င်းတို့အားရန်ပုံငွေထောက်ပံ့ပေးသူများ အား တာဝန်ခံရသည့် အခြေအနေ၌ ပိုမိုကျယ်ပြန့်သည့် မြေယာမူဝါဒချမှတ်ရေး လုပ်ငန်းစဉ်တွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုအခန်းကဏ္ဍမှာ ပိုမိုပွင့်လင်းမြင်သာရန် လိုပါသည်။ ယခုအခါ၊ ပုဂ္ဂလိက ကဏ္ဍ ဦးဆောင်ဦးရွက်ပြုမှုများကို ဆင့်ကဲတိုးပွားဆောင်ရွက်ခြင်း မရှိသလို တရားဝင် စောင့်ကြည့် လေ့လာခြင်းလည်း မရှိပါ။ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများသည် သြဇာကြီးမားပြီး လုပ်ငန်း အကျိုးစီးပွားဦးတည်ချက်များ ရှိကြရာ ၎င်းတို့တာဝန်ခံမှုရှိရန် အထူးအရေးကြီးပါသည်။ သို့ဖြစ်ရာ တာဝန်ခံမှုသည် လုပ်ငန်းအဖွဲ့အစည်း၏ လူမှုရေးတာဝန်ယူမှုကို မြှင့်တင်ခြင်းနှင့် စောင့်ကြည့်၊ ထိန်းကျောင်းခြင်း တို့အပေါ် မူတည်လျက်ရှိပါသည်။

ပုဂ္ဂလိက ကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသူများသည် နိုင်ငံတကာလမ်းညွှန်ချက်များတွင် ဝင်ရောက်လက်မှတ်ရေးထိုး လိုက်နာရန် ကတိပြုကာ လူမှုရေးတာဝန်ယူမှု နှင့်ကျား-မ သာတူညီမျှ မှုကို မြှင့်တင်နိုင်သည်။ ဤကတိကဝတ်များကိုအသုံးပြု၍ မည်သည့်နိုင်ငံတွင်မဆို မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ၎င်းတို့ မည်မျှ ချိတ်ဆက် ဆောင်ရွက်ကြောင်း တိုင်းတာ၊ အကဲဖြတ်နိုင်လိမ့်မည် ဖြစ်ပါသည်။ ထိုလမ်းညွှန်ချက်များတွင် မြေယာ မူဝါဒ ချမှတ်ရေးတွင် ပါဝင်ချိတ်ဆက်ဆောင်ရွက် သည့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများအားလုံးတို့ လက်ခံကျင့်သုံးသင့်သည့် အရေးပါသည့် စည်းကမ်း ချက်၊ မူများကို ဖော်ပြထားသည်။

### နိုင်ငံတကာ အဖွဲ့အစည်းများ

နိုင်ငံအများအပြားတွင် နိုင်ငံတကာအဖွဲ့အစည်းများသည် မြေယာမူဝါဒချမှတ်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန် ရန်ပုံငွေထောက်ပံ့ပေးသည့် အဓိက ပံ့ပိုးပေးသူများ၊ အလှူရှင်များ ဖြစ်သည်။

၎င်းတို့သည် "လမ်းညွှန်ချက်များ"နှင့် ကျား-မ သာတူညီမျှရေးနှင့် တန်းတူညီမျှရေးတို့ကို လက်ကိုင်ထားသည့် နိုင်ငံတကာ စာချုပ်စာတမ်းများကို လိုက်နာဆောင်ရွက်ရန် သန္နိဋ္ဌာန်များ ချမှတ်ထားခြင်းကြောင့် ဤသို့ ကျား-မ သတူညီမျှရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုင်ရာ ကုလသမဂ္ဂ စနစ်အလိုက် လုပ်ငန်းအစီအမံ (UN system-wise Action Plan - SWAP)[၄] ကို ကုလသမဂ္ဂစနစ်တစ်ရပ်လုံး၌ ကျား-မ တန်းတူညီမျှမှုကို တိုင်းတာရန်နှင့် ကုလသမဂ္ဂ မူဝါဒများနှင့် အစီအစဉ်များတွင် ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်များ ရရှိရေး ဆက်လက်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် ချမှတ်ကျင့်သုံး ခဲ့ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများအကြား စေ့စပ်ပေးရေးနှင့် မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်များ၌ ထိုပါဝင်ပတ်သက်ကြသူများအားလုံး တက်ကြွစွာပူးပေါင်း ဆောင်ရွက်စေရေးအတွက်လည်း ကြားဝင်ဆောင်ရွက်သည့် နေရာမှ ရပ်တည်လျက်ရှိပါသည်။ ထိုအခန်းကဏ္ဍအား ကျား-မ သာတူညီမျှမှုကို မြှင့်တင်ရန်နှင့် စည်းရုံးလှုံ့ဆော်ပေးရန် အသုံးပြုသင့်သည်။

နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နှစ်ဖက်သဘောတူအလှူရှင်များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များသည် ကျား-မ သာတူညီမျှမြေယာမူဝါဒချမှတ်ရာတွင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အရပ်ဖက်လူမှုအဖွဲ့အစည်း များအား တိုက်ရိုက်ပံ့ပိုး၍ ရန်ပုံငွေဖြည့်ဆည်းပေးချိန်တွင် မီဒီယာနှင့် အခြားပါဝင်ပတ်သက်သူများသည် ဤနိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံ၏ မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက် ပေးနေကြောင်း ပြည်သူများအား သတင်းအချက် အလက်ပေးခြင်းဖြင့် ထိုအဖွဲ့အစည်းများ တာဝန်ခံမှုရှိရန် ဆောင်ရွက်ရပါမည်။

## ဒေသန္တရအဆင့် မြေယာမူဝါဒချမှတ်ခြင်း

မြေယာမူဝါဒ ချမှတ်သည့်လုပ်ငန်းစဉ်များ၊ လှုပ်ရှားမှုများနှင့် ပွဲ၊ အခမ်းအနားများတွင် နိုင်ငံအတွင်း ပြည်နယ်၊ ခရိုင်အဆင့်များနှင့် ရပ်ရွာအဆင့်တွင်ပင်လျှင် ပါဝင်ပတ်သက်သူများသည် ထိုလိုပ်ငန်းစဉ်များအား လွှမ်းမိုးနိုင်မှု ရှိပါသည်။ ဗဟိုဦးစီးမှုလျှော့ချရာမှ ထိုဒေသန္တရကွဲပြားမှုများကို ထည့်သွင်းစဉ်းစားလာကြပြီး နေ့စဉ်မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုများတွင် ကျား-မ သာတူညီမျှမူဝါဒချမှတ်ခြင်းရှိစေရန် အောက်အခြေအဆင့်များ၌ အုပ်ချုပ်ရေး စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ဖြည့်ဆည်းလာကြပါသည်။

ဇဟိုချုပ်ကိုင်မှုဖြေလျှော့ထားသည့်အဆင့်များ၌ အထူးသဖြင့် အမျိုးသမီးများပါဝင်မှုနှင့်ပူးပေါင်း ဆောင်ရွက် မှုအပေါ်အလေးထားကာ စွမ်းရည်ဖွံ့ဖြိုးလာအောင် အကူအညီပေးရာတွင် လက်တွေ့ အဆင့်များဆိုင်ရာအခန်းမှ အဆင့်-၃ တွင်ဖော်ပြထားသည့် ရှေ့ဆောင်အဖွဲ့သည် အရေးကြီးပါသည်။

ဤအဆင့်၌ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရာတွင် သတိပြုရမည့် အချက်များမှာ ကျေးလက်ဒေသများတွင် ဖြစ်လေ့ဖြစ်ထရှိသော ပညာရေး အားနည်းမှုနှင့် စာတတ်မြောက်မှုနှုန်းတို့ ဖြစ်ပြီး ဒေသသုံးဘာသာစကားများနှင့် ရိုးရှင်းစွာရှင်းပြရန် လိုအပ်ပါသည်။ ဒေသန္တရအဆင့် ကျား-မ သာတူညီမျှမြေယာ မူဝါဒချမှတ်ရေးသည် အပိုင်း ၅ တွင် ဖော်ပြထားသည့် ဆက်သွယ်ရေးနှင့် အသိပညာပေးရေး ကိစ္စရပ်များနှင့် နီးကပ်စွာ ဆက်နွယ်လျက်ရှိပါသည်။

## မူဝါဒချမှတ်ခြင်းဆိုင်ရာ အဓိက အချက်များ အကျဉ်းချုပ် -

| |
|---|
| အဖက်ဖက်မှ ဆောင်ရွက်နေကြသူများ၊ အမျိုးသမီးများနှင့် အမျိုးသားများအားလုံးသာတူညီမျှ ပါဝင်ရန် လိုအပ်ပါသည်။ |
| မြေယာ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်သည် ထွက်ပေါ်လာသည့် မူဝါဒရလဒ်များနှင့် တစ်ထပ်တည်းကျမည် မဟုတ်သော်လည်း ယင်းရလဒ်အပေါ်များစွာ လွှမ်းမိုးမှုရှိပါသည်။ |
| ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဒေသန္တရအခြေအနေကို ကောင်းစွာသိနားလည်ထားရန် အရေးကြီးသည်။ |
| အဆင့်တိုင်းတွင် ကျား-မသာတူညီမျှမှု - နှင့်အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာကိစ္စရပ်များ- အပေါ် အမြင်ဖွင့်ပေးရန်နှင့် သင်တန်းပေးရန် လိုအပ်သည်။ |
| မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်ကို အစိုးရက အပြီးသတ် တာဝန်ခံ စီမံမည်ဖြစ်သော်လည်း အကျိုးသက်ဆိုင်သူများအားလုံးသည် ကနဦးအစမှပင် ပူးပေါင်း၊ ပါဝင်ဆောင်ရွက်သင့်ပါသည်။ အလွှာစုံမှ အကျိုးသက်ဆိုင်သူများ၏ ဆွေးနွေးပွဲသည် အများသဘောတူမူဝါဒရလဒ်များ တည်ဆောက်ရာတွင် အထောက်အကူဖြစ် စေသည်။ |
| မြေယာမူဝါဒချမှတ်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် စိန်ခေါ်မှုများသည့်လုပ်ငန်းစဉ်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်တစ်လျှောက် သင်ခန်းစာများယူနိုင်ပါသည်။ |
| ကျား-မသာတူညီမျှ မြေယာမူဝါဒချမှတ်သည့်လုပ်ငန်းစဉ်၌ အရေးပါသည့်အဆင့်များတွင် ဌာနတွင်း ညွှန်ကြားချက်ချမှတ်ခြင်း၊ ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်နေကြသူများနှင့် မိတ်ဘက်အဖွဲ့များ ဖွဲ့စည်းခြင်း၊ ရှေ့ဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် နိုင်ငံလုံးဆိုင်ရာနှင့် ဒေသန္တရအဆင့် ကိုယ်စားလှယ် ချန်ပီယံများကို ရှာဖွေခြင်းတို့ ပါဝင်ပါသည်။ |
| မြေယာမူဝါဒချမှတ်ရေးတွင် ပါဝင်သည့် အစိုးရအရာရှိကြီးများ ဆက်လက်၍ ကျား-မရေးရာ အသိအစဉ် ထက်မြက်နေရန် အဆက်မပြတ်အမြင်ဖွင့် စည်းရုံးရန် မဖြစ်မနေ အရေးကြီးပါသည်။ |
| ကျား-မ သာတူညီမျှပါဝင်ခြင်း၊ မြေယာမူဝါဒ ချမှတ်ခြင်းကို စောင့်ကြည့်ထိန်းကျောင်း ခြင်းတို့အတွက် ပညာပေးခြင်း၌ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ။ |
| မြေယာမူဝါဒချမှတ်ရာတွင် ပုဂ္ဂလိကကဏ္ဍကို ပိုမိုပွင့်လင်း၊ မြင်သာစွာ ပါဝင်စေသင့်ပြီး ကျား-မ သာတူညီမျှကိစ္စရပ် အား လုပ်ငန်းလူမှုရေးတာဝန်ယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တာဝန်ခံမှုရှိစွာ ဆောင်ရွက်စေသင့်ပါသည်။ |
| အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် မြေယာမူဝါဒချမှတ်ရေးကြိုးပမ်းမှုများအား ပံ့ပိုးကူညီကာ ချိတ်ဆက်ဆောင်ရွက်ရာတွင် ကျား-မသာတူညီမျှရှိမှုကို မြှင့်တင်ပေးရန် တာဝန်ရှိပါသည်။ |
| ကျား-မသာတူညီမျှ မြေယာမူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်တစ်ရပ် တည်ဆောက်ရာတွင် အားလုံးပါဝင်ခွင့်ရှိပြီး၊ ချင့်ချိန်ဆောင်ရွက်ကာ၊ ပါဝင်ပတ်သက်သူအားလုံးတို့ အဆင့်တိုင်းတွင် ညှိနှိုင်းဆောင်ရွက်သော လုပ်ငန်းစဉ် ဖြစ်ရန်လို၍ အရင်းအမြစ်များ လည်း လုံလောက်စွာရှိသင့်ပါသည်။ |

## မူဝါဒချမှတ်ရေးအတွက် အကြံပြုလိုသည့် စောင့်ကြည့်ထိန်းကျောင်းရေး ညွှန်းကိန်းများ -

- တရားဝင် မြေယာမူဝါဒ-ချမှတ်သည့် ဌာနများနှင့် ဖွဲ့စည်းပုံများတွင်ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- အမျိုးသမီးများရော ၊ အမျိုးသားများပါ ကိုယ်စားပြုပါဝင်သည့် အောက်ခြေအုပ်စုများမှ ပါဝင်သည့် တရားဝင် မြေယာမူဝါဒချမှတ်ခြင်းအစည်းအဝေးနှင့် ဖိုရမ် %
- ကျား-မ ရေးရာ သင်တန်းပေးထားခြင်းခံရပြီး အမြင်ပွင့်လာသည့် မြေယာ မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်သည့် အစိုးရအရာရှိကြီးများ %
- မြေယာမူဝါဒချမှတ်သည့် ဖွဲ့စည်းပုံများနှင့် ဌာနများတွင် ပါဝင်သည့် အစိုးရအရာရှိကြီးများအနက် အမျိုးသမီးများနှင့် အမျိုးသားများ %
- မြေယာမူဝါဒချမှတ်သည့် ဖွဲ့စည်းပုံများနှင့် ဌာနများတွင် ပါဝင်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များအနက် အမျိုးသမီးများနှင့် အမျိုးသားများ %
- မြေယာမူဝါဒချမှတ်သည့် ဖွဲ့စည်းပုံများနှင့် ဌာနများတွင် ပါဝင်သည့် ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များအနက် အမျိုးသမီးများနှင့် အမျိုးသားများ %
- မူဝါဒချမှတ်ရေးတွင် ကျား-မ သာတူညီမျှ ပါဝင်ခွင့်ကို မြှင့်တင်ပေးရေးအား ဦးတည်ဆောင်ရွက်သည့် မြေယာ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်အတွက် ရန်ပုံငွေဖြည့်ဆည်းပေးသည့် နိုင်ငံတကာအဖွဲ့အစည်းများ %

### မှတ်စုများ

[1] FAO ရုံးချုပ်တွင် ၂၀၁၁ မေလက ပြုလုပ်သော နည်းပညာအလုပ်ရုံဆွေးနွေးပွဲ၌ မူဝါဒချမှတ်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် Dalal Alnaggar, Kate Dalrymple, Patricia Costas, Catherine Gatundu, Seema Gaikwad, Paolo Groppo, Rachael Knight, Annalisa Mauro, Rebecca Sittie, Elizabeth Stair and Sabine Pallas တို့မှ ဤအပိုင်းအတွက် အဆိုပြုချက်များစွာ ပြုလုပ်ပေးခဲ့ပါသည်။

[2] ၂၀၁၁ မေ အလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒချမှတ်ရေး လုပ်ငန်းအဖွဲ့၏ ဆွေးနွေးချက်များအပေါ် အခြေခံပါသည်။

[3] www.landcoalition.org/global-initiatives/womens-land-rights/swal

[4] www.unwomen.org/wp-content/uploads/2012/05/swap.pdf

**Bernstein, A.** 2005. *Land reform in South Africa – a 21st century perspective. Research Report No. 14.* Johannesburg, Centre for Development and Enterprise.

**FAO**. 2008b. *Good governance and natural resources tenure in South East Asia region*, O. Nabangch ang and E. Srisawalak. Land Tenure Working Paper No. 4. Rome.

**FAO**. 2012b. *Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security.* Rome. http://www.fao.org/ docrep/016/i2801e/ i2801e.pdf

**Ghana Land Administration Project**. no date. *An overview of LAP's gender initiative.* www.ghanalap.gov.gh/index1.php?linkid=154&sublinkid=161

**India Ministry of Rural Development.** 2009. *Committee on State Agrarian Relations and Unfinished Task of Land Reforms Vol. 1 – Draft Report.* New Delhi, Government of India.

**IPC**. 2010. *Civil Society Consultation on FAO's Voluntary Guidelines on Responsible Land and Natural Resources Tenure, Kuala Lumpur, Malaysia, 24–26 March 2010, Final Report.* Rome, International Planning Committee for Food Sovereignty.

**Land Watch Asia.** 2010. *Nepal: renewed push for land reform as a new chapter in history unfolds. Campaign Update 2010–2011.* www.angoc.org/ portal/wp-content/uploads/2012/06/05/land- watch-asia-campaign-updates/nepal_final.pdf

**McAuslan, P.** 2010. *Personal reflections on drafting laws to improve women's access to land: Is there a magic wand? Journal of Eastern African Studies,* 4 (1): 114–130.

**Rabley, P.** 2010. Alleviating poverty in the developing world – leveraging property rights with geospatial technology. *The American Surveyor,* January 2010. www.amerisurv.com/pdf/theamericansur- veyor_rabley-alleviatingpoverty_January2010. pdf

**ULA**. 2010. *The Uganda Land Alliance quarterly newsletter,* Vol. 4. Kampala.

**WLLA**. 2010a. *The impact of national land policy and land reform in Uganda.* Accra, Women's Land Link Africa.

**WLLA**. 2010b. *The impact of national land policy and land reform on women in Zambia.* Accra.

**WOLREC**. 2011. *Women's access to land and household bargaining power: a comparative action research project in patrilineal and matrilineal societies in Malawi. Research Report No. 9.* Rome, ILC, Women's Legal Resource Centre. www.landcoalition. org/ sites/default/files/publication/959/wlr_9_ malawi. pdf

အပိုင်း

# ၂



# ဥပဒေရေးရာကိစ္စရပ်များ

# ပုံများ စာရင်း

## ဇယားကွက်


ဇယားကွက်-၂.၁ - ဥပဒေရေးရာ ကိစ္စရပ်များနှင့် "လမ်းညွှန်ချက်များ"

ဇယားကွက်-၂.၂ - လုပ်ပိုင်ခွင့် စနစ် အမျိုးမျိုးနှင့် ဥပဒေဗဟုစနစ်

ဇယားကွက်-၂.၃ - ကျား-မရေးရာ နှင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေး

ဇယားကွက်-၂.၄ - အမျိုးသမီး များ၏ လုပ်ပိုင်ခွင့်အာမခံချက်နှင့် HIV/AIDS

ဇယားကွက်-၂.၅ - အမွေဆက်ခံ ခွင့် ပြဿနာများ ကိုင် တွယ်ဖြေ ရှင်းရာ တွင် ကောင်းမွန်သော နည်းစံနစ် များ

ဇယားကွက်-၂.၆ - အကြံပေးခွင့်၊ ပါဝင်ခွင့်နှင့် ကျား-မသာတူညီမျှ ဥပဒေမူကြမ်းရေးဆွဲခြင်း။

ဇယားကွက်-၂.၇ - ဒေသန္တရ ဥပဒေကြမ်း ရေးဆွဲခြင်းမှ ရရှိ သော သင်ခန်းစာများ

ဇယားကွက်-၂.၈ - ကျား-မ သာတူညီမျှ မြေယာအငြင်းပွားမှု ဖြေရှင်းခြင်း။

ဇယားကွက်-၂.၉ - မြေယာ အငြင်းပွားမှုဖြေရှင်းရေး၌ ဓလေ့ ထုံးတမ်း စနစ်/အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

ဇယားကွက်-၂.၁၀ - ဓလေ့ ထုံးတမ်း မြေပိုင်ရှင်များအတွက် ဥပဒေအထောက်အပံ့

ဇယားကွက်-၂.၁၁ - ကျေးလက် ပြည်သူများအတွက် ဥပဒေ အထောက်အပံ့

ဇယားကွက်-၂.၁၂ - ဥပဒေ အထောက်အပံ့အတွက် ကောင်းမွန်သောနည်းစနစ်

ဇယားကွက်-၂.၁၃ - ကျား-မ သာတူညီမျှကိစ္စရပ်များ ဆောင်ရွက်ရန် ရပ်ရွာဥပဒေ အကျိုးဆောင်များအား သင်တန်းပေးခြင်း၊

ဇယားကွက်-၂.၁၄ - ဥပဒေ အထောက်အပံ့ဆိုင်ရာ သင်ခန်းစာများ

ဇယားကွက်-၂.၁၅ - အမျိုးသမီး များ၏ မြေယာ အခွင့်အရေး အထောက်အကူပြုမည့် ရပ်ရွာ စောင့်ကြည့်၊ ထိန်းကျောင်းအုပ်စု များ


## ဆန်းစစ်ရန် အချက်များ စာရင်း


ဆန်းစစ်ရန်အချက်များ စာရင်း-၂.၁ - ကျား-မ သာတူညီမျှ အမွေဆက်ခံခွင့်ကို ပံ့ပိုးပေးခြင်း
ဆန်းစစ်ရန်အချက်များ စာရင်း-၂.၂ - ဥပဒေ ဗဟုစနစ်အတွင်း ကျား-မ  သာတူညီမျှရှိရန် ပံ့ပိုးခြင်း
ဆန်းစစ်ရန်အချက်များ စာရင်း-၂.၃ - ကျား-မ သာတူညီမျှ ဥပဒေကြမ်းရေးဆွဲမှုကို ပံ့ပိုးကူညီခြင်း။

ဆန်းစစ်ရန်အချက်များ စာရင်း ၂.၄ - မြေယာဆိုင်ရာတရားရေးစနစ်အသုံးပြုခွင့် ကျား-မ သာတူညီမျှ တိုး၍ရရှိရန်

ဆန်းစစ်ရန်အချက်များ စာရင်-၂.၅ - ကျား-မ သာတူညီမျှ ဥပဒေ အထောက်အပံ့ရရှိစေခြင်း

ဥပဒေကိစ္စရပ်များအတွက် အကြံပြုလို သည့် စောင့်ကြည့်၊ ထိန်းကျောင်းရေး အညွှန်းကိန်းများ


## ဇယားများနှင့် ပုံများ


ဇယား-၂.၁ - ဥပဒေ စာချုပ်စာတမ်းများ

ပုံ-၂.၁ - ကျား-မသာတူညီမျှရှိသော ဥပဒေပြုရေး အဆင့်များ

ဇယား-၂.၂ - ဥပဒေအခွင့်အရေးများ ကျင့်သုံးရာတွင် ပါဝင်သည့် အကြောင်းအရာများ

# အပိုင်း ၂ - ဥပဒေရေးရာ ကိစ္စရပ်များ

ကျား-မ သာတူညီမျှမြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးရရှိရန် အခြေခံအချက်များ

## နိဒါန်း၁

ဥပဒေတွင် မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေး ပေါ်ပေါက်လာရန်အခြေခံအချက်များကို ဖော်ပြထားသည်။ ကျား-မ သာတူညီမျှဥပဒေများနှင့် နည်းဥပဒေများတွင် အမျိုးသမီးများနှင့် အမျိုးသားများ ၎င်းတို့၏မြေယာအခွင့်အရေးများကို ပို၍ သာတူညီမျှ ကျင့်သုံး၊ နားလည်နိုင်မည့် စွမ်းရည်ပြည့်ဝသည့်ပတ်ဝန်းကျင် (Englert and Daley 2008) ကို ပြဋ္ဌာန်းထားပါသည်။

ဥပဒေရေးရာ ကိစ္စရပ်များ၏ အရေးပါမှုသည် "လမ်းညွှန်ချက်များ" များအကောင်အထည်ဖော်ရာတွင် အဓိကကျသည့် မူ ၁၀ ရပ်အနက်မှ ၂ ရပ်ဖြစ်သော - တရားဥပဒေ စိုးမိုးရေးနှင့် တာဝန်ခံရေး (ဇယားကွက်-၂.၁) နှင့် ဆက်နွယ်လျှက်ရှိပါသည်။

ဇယားကွက်-၂.၁ - **ဥပဒေရေးရာ ကိစ္စရပ်များနှင့် "လမ်းညွှန်ချက်များ"**

**ဥပဒေရေးဆွဲခြင်း**

**၃.ခ.၇ တရားဥပဒေ စိုးမိုးရေး။** ဥပဒေ အခြေခံ၍ ဆောင်ရွက်ရာတွင် လူတိုင်းအတွက် သင့်တော်ပြီး တိုင်းရင်းသား ဘာသာစကားများဖြင့် ကျယ်ပြန့်စွာ ဖြန့်ဝေထားသော ဥပဒေများကို တန်းတူညီမျှ ကျင့်သုံး၍ တရားရေး မဏ္ဍိုင်မှ လွတ်လပ်စွာ စီရင်ဆုံးဖြတ်ရမည်။ ထိုဥပဒေများသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများ အောက်ရှိ လိုက်နာရန် တာဝန်များနှင့် အညီဖြစ်ရမည်ဖြစ်ကာ ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီချက်များအောက်ရှိ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော ကတိကဝတ်များနှင့်လည်း ညီညွတ်ရမည်။

**၃.ခ.၉ တာဝန်ခံမှု။** လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အားလုံး၏ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များသည် တရားဥပဒေစိုးမိုးရေး အခြေခံမူများနှင့် ကိုက်ညီစေရန် တာဝန်ခံစေခြင်း။

**ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများမှ ကျား-မ ရေးရာအကြောင်းအရာများ**

**၄.၄** နိုင်ငံတော်အစိုးရသည် ပြည်တွင်းဥပဒေများနှင့်အညီ လုပ်ပိုင်ခွင့် အခွင့်အရေးများကို လေ့လာသုံးသပ်၍ လက်ရှိ ဥပဒေအရ အသိအမှတ်ပြု ကာကွယ်ထားခြင်းမရှိသော်လည်း ဒေသခံပြည်သူများက အသိအမှတ်ပြုထားသော ခိုင်မာသည့် လုပ်ပိုင်ခွင့် ပုံစံများကို တရားဝင် အသိအမှတ်ပြုကာကွယ်ပေးသင့်သည်။ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသော ဥပဒေများနှင့် မူဝါဒများသည် ခွဲခြားဆက်ဆံခြင်းမရှိရဘဲ ကျား/မ မတူညီသည့် လိုအပ်ချက်များကိုလည်း ထည့်သွင်းချိန်ညှိပေးသင့်သည်။.... လုပ်ပိုင်ခွင့် ပုံစံအားလုံးသည် သက်ဆိုင်သူတိုင်းအား လုပ်ပိုင်ခွင့်အာမခံချက်အတိုင်းအတာ တစ်ခုအထိ ပေးရမည်။ ခိုင်လုံစွာ လုပ်ပိုင်ခွင့်ရထားသူအား ပြည်တွင်းနှင့်နိုင်ငံတကာ ဥပဒေများနှင့် ဆန့်ကျင်လျက် အဓမ္မရွှေ့ပြောင်းစေခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် အခြား ခြိမ်းခြောက်မှု အန္တရာယ်များအတွက် ဥပဒေအကာအကွယ်ရရှိစေရန် အာမခံထားပေးရမည်။

↓

**၄.၆** အိမ်ထောင်ရေးအခြေအနေပြောင်းလဲမှု၊ ဥပဒေအရ အရေးဆိုနိုင်စွမ်းမရှိမှုနှင့် စီးပွားရေးအင်အား မတောင့်တင်းခြင်း စသည့်အကြောင်းများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့် အခွင့်အရေးအား ခွဲခြားဆက်ဆံမှုအားလုံးကို နိုင်ငံတော်အစိုးရက ပယ်ဖျက်၊ တားမြစ်ရမည်။ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသားများ တန်းတူ အမွေဆက်ခံခွင့်နှင့် ပေးကမ်းပိုင်ခွင့်အပါအဝင် လုပ်ပိုင်ခွင့် တန်းတူရရှိစေရန် အစိုးရမှ ကြပ်မတ်ဆောင်ရွက်သင့်သည်။

**၅.၃** လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းမူဘောင်များတွင် ခိုင်လုံသော ရိုးရာမြေလုပ်ကိုင်မှုစနစ်များ အပါအဝင် (ဥပဒေအရ အသိအမှတ်မပြုထားသည့်တိုင်) ခိုင်လုံသော လုပ်ပိုင်ခွင့် အခွင့်အရေးများအား နိုင်ငံတော် ဥပဒေများနှင့် အညီ အသိအမှတ်ပြု လေးစားရမည်ဖြစ်ကာ ထိုလုပ်ပိုင်ခွင့်များအား ကျင့်သုံးမှုကို အားပေး၊ မြှင့်တင်၊ ကာကွယ်ပေးသင့်သည်။.... ခွဲခြားဆက်ဆံမှုမရှိသော၊ လူမှုရေး သာတူညီမျှမှုနှင့် ကျား/မ တန်းတူညီမျှမှုကို အားပေးသော မူဘောင်များကို နိုင်ငံတော်က ချမှတ်သင့်သည်။

**၉.၂** မိမိတို့၏ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများကို ကိုယ်တိုင် စီမံအုပ်ချုပ်ကြသော ဌာနေတိုင်းရင်းသားများနှင့် ရိုးရာဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်စနစ်များအသုံးပြုသည့် ဒေသခံများအနေဖြင့် ထိုအရင်းအမြစ်များအား ရပိုင်ခွင့်တန်းတူ ညီမျှရှိစေရန်၊ အမာခံချက်ရှိစေရန်၊ ရေရှည်တည်တံ့စေရန်၊ အထူးသဖြင့် အမျိုးသမီးများအား တန်းတူရပိုင်ခွင့်ဖန်တီးပေးရန် မြှင့်တင် ဆောင်ရွက်သင့်ပါသည်။ စုပေါင်းလုပ်ကိုင်သည့် စနစ်များအပါအင် ရပ်ရွာဒေသတွင်းနှင့် ရိုးရာအစဥ်အလာ အဖွဲ့အစည်း စနစ်များတွင် လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာ၌ အမျိုးသား၊ အမျိုးသမီးနှင့် လူငယ်များစသည့် ရပ်သူရွာသားများအားလုံး ထိရောက်စွာပါဝင်ခွင့်ကို အားပေးမြှင့်တင်သင့်ပါသည်။ လိုအပ်ပါက ထိုဒေသခံရပ်ရွာများ အနေဖြင့် စွမ်းဆောင်ရည်များ တိုးတက်ရန်၊ မိမိတို့၏ လုပ်ပိုင်ခွင့်စနစ်များအား အပြည့်အဝဆုံးဖြတ်စီမံအုပ်ချုပ်နိုင်ရန် အကူအညီများ ပေးအပ်သင့်ပါသည်။

**၁၀.၁** တရားဝင်အသိအမှတ်မပြုထားသော်လည်း မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများအား လုပ်ပိုင်ခွင့် ရထိုက်၍ အသုံးပြုနေမှုများ ရှိပါက နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများအရ တရားဝင် အသိအမှတ်ပြုထားသော အခွင့်အရေးများကိုလည်း လေးစား၍ မြေပြင် အခြေအနေကိုလည်း ထည့်သွင်းစဥ်းစားကာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အကျိုးကိုလည်း မြှင့်တင်သည့် နည်းလမ်းများဖြင့် ထိုလုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုပေးသင့်သည်။ နိုင်ငံတော်အစိုးရသည် ထိုတရားဝင် အသိအမှတ်မပြု ထားသည့် လုပ်ပိုင်ခွင့်ပုံစံများအား အသိအမှတ်ပြုရန် မူဝါဒနှင့် ဥပဒေများ ချမှတ် မြှင့်တင်သင့်သည်။ ၎င်းတို့ကို ရေးဆွဲသည့်လုပ်ငန်းစဥ်မှာ အားလုံးပူးပေါင်းပါဝင်ခွင့်ရသော၊ ကျား/မ မတူညီသော လိုအပ်ချက်များကို ထည့်သွင်းစဥ်းစားသော လုပ်ငန်းစဥ်ဖြစ်သင့်၍ သက်ရောက်ခံရမည့် ဒေသခံများနှင့် လူတစ်ဦးချင်းအတွက် နည်းပညာနှင့် ဥပဒေ အထောက်အပံ့လည်း ပေးအပ်နိုင်ရန် ကြိုးပမ်းသင့်သည်။

**ကျား- မ ရေးရာ ရှုထောင့်မှ အငြင်းပွားမှု ဖြေရှင်းခြင်း။**

**၂၁.၁** အငြင်းပွားမှုဖြေရှင်းခြင်း ယန္တရားများကို အမျိုးသမီးနှင့်အမျိုးသားများအပါအဝင် လူတိုင်းအတွက် လွယ်ကူအဆင်ပြေသော နေရာ၊ ဘာသာစကားနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ရယူနိုင်စေမည်။

**၂၅.၃** သင့်လျော်သည့် အခြေအနေတွင် နိုင်ငံတော်အစိုးရသည် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တော လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို မျှတ၊ စိတ်ချရ၍ ကျား/မ သာတူညီမျှရှိကာ လူတိုင်းလက်လှမ်းမီ၍ ခွဲခြားဆက်ဆံမှုမရှိဘဲ လျင်မြန်စွာဖြေရှင်းနိုင်သည့် ဓလေ့ထုံးတမ်း သို့မဟုတ် အခြား ဒေသဆိုင်ရာ နည်းလမ်းများရှိပါက အသုံးပြုရန် စဥ်းစားနိုင်သည်။

## ကျား-မရေးရာရှုထောင့်မှ ဥပဒေ ဗဟုစနစ်

ကမ္ဘာတစ်ဝှမ်းတွင် ဥပဒေဗဟုစနစ်ကို အများအပြား မြင်တွေ့ရပြီးကျင့်သုံးလေ့ရှိကြပြီး နယ်နိမိတ်တစ်ခုတည်းတွင် ဥပဒေစနစ် အမျိုးမျိုး စင်ပြိုင် ကျင့်သုံးသည့်အခြေအနေမျိုးကို ရည်ညွှန်းပါသည်။ ဥပမာ အများပြည်သူပိုင် နှင့် ပုဂ္ဂလိကပိုင် မြေများအတွက် ဓလေ့ထုံးတမ်း ဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် ဘာသာရေးမြေယာဥပဒေများ သို့မဟုတ် ကွဲပြားသော လုပ်ပိုင်ခွင့် စနစ်များရှိသည့် အခါမျိုး ဖြစ်ပါသည်။ ဤပုံစံကြောင့် အခွင့်အရေးများထပ်နေခြင်း၊ အာဏာများအပြိုင်ဖြစ်နေခြင်းနှင့် ဆန့်ကျင်ဘက် လုပ်ထုံးလုပ်နည်းများဖြင့် ရှုပ်ထွေးသော ဥပဒေမူဘောင်များ ပေါ်ပေါက်စေနိုင်ကာ

ဥပဒေများ၊ ဓလေ့ထုံးတမ်းစံနှုန်းများနှင့် အလေ့အကျင့်များ တစ်ခုနှင့်တစ်ခုဆန့်ကျင်နေပါက ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးအပေါ် အနှုတ်လက္ခဏာ ဆောင်သည့်သက်ရောက်မှုများ ရှိလာနိုင်သည်။ (FAO, 2011a: 12)

နိုင်ငံအသီးသီးရှိ ဥပဒေမူဘောင်အခြေအနေများနှင့်ရှုပ်ထွေးမှုများကို သိနားလည်ထားရန်မှာ လွန်စွာအရေးကြီးသည်။ မြေယာဥပဒေတစ်ခုတည်းကိုသာမက မိသားစုနှင့်အမွေဆက်ခံမှုဥပဒေများ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေများ၊ တရားမမှုနှင့် ကျေးလက်ကျင့်ထုံးများ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာဥပဒေများနှင့်နည်းဥပဒေများ အချင်းချင်း အပြန်အလှန်ဆက်စပ်နေမှု နှင့်/သို့ ထပ်နေနိုင်မှုများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ဥပမာ- မိသားစုဥပဒေသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ မြေယာအခွင့်အရေးများ အပေါ်သိသာထင်ရှားစွာ သက်ရောက်မှုရှိစေနိုင်သည် - အချို့နိုင်ငံများတွင် ထိမ်းမြားလက်ထပ်ခြင်းကြောင့်ရသင့်သည့် အခွင့်အရေးများကို ထိုလက်ထပ်ထိမ်းမြားမှုမှာ လူမှုထုံးတမ်းအရလား၊ ဓလေ့ထုံးတမ်းအရလား သို့မဟုတ် ဘာသာရေးထုံးတမ်းအရလား စသည်တို့အပေါ်မူတည်၍ ဆုံးဖြတ်လေ့ရှိသည်။

ဇယားကွက်-၂.၂ တွင် နိုင်ငံအသီးသီး၌ ဥပဒေဗဟုစနစ်နှင့် ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိသည့်မြေယာလုပ်ပိုင်ခွင့် စီမံ အုပ်ချုပ်ရေးတို့ ဆက်စပ်ပုံနည်းလမ်းအချို့ကို ဖော်ပြထားသည်။

ဇယားကွက်-၂.၂ - **လုပ်ပိုင်ခွင့်စနစ် အမျိုးမျိုးနှင့် ဥပဒေဗဟုစနစ်**

အရင်းအမြစ်များ - Nakayi, 2020; WLLA, 2010a; Daley, 2011: 41-42; Undeland, 2012; Marianna Bicchieri, Patricia Costas, Seema Gaikwad and Rachael Knight personal communication

| |
|---|
| အိန္ဒိယနိုင်ငံတွင် ဟိန္ဒူအမွေဆက်ခံခြင်း (ပြင်ဆင်သည့်အက်ဥပဒေ)-၂၀၀၅ တွင် ကျား-မ မခွဲခြားဘဲတန်းတူညီမျှစွာ အမွေဆက်ခံခွင့်ပြုရန် ပြဋ္ဌာန်းထား သော်လည်း မူဆလင် လူပုဂ္ဂိုလ် ဥပဒေတွင် ခွင့်ပြုမထားပါ။ သို့ဖြစ်ရာ ဘာသာမတူသည့် ပြည်သူများသည် ကွဲပြားခြားနားစွာ ဆက်ဆံခြင်းခံနေရပါသည်။ |
| ဘိုလီးဗီးယားနိုင်ငံ၏ ၂၀၀၉ ခုနှစ် အခြေခံဥပဒေတွင် တိုင်းရင်းသား၊ ရိုးရာဓလေ့နှင့် ကျေးလက်ဒေသတရားမျှတမှုဝန်ကြီးဌာနအတွက် ပြဋ္ဌာန်းဥဒေနှင့် ဓလေ့ထုံးတမ်းတရားမျှတမှုစနစ်တို့ကို ဆက်စပ်ပေးထားပါသည်။ သို့သော် ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများနှင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးများကို ကာကွယ်ပေးထားသော်လည်း ဌာနေတိုင်းရင်းသားအမျိုးသမီးများ၏မြေယာအခွင့်အရေးအတွက် သီးသန့်ဥပဒေ အကာအကွယ် မရှိပါ။ ထိုအခွင့်အရေးနှစ်မျိုးအား ကာကွယ်ပေးမှုအကြား ချိတ်ဆက်မှုနည်းပါသည်။ |
| ယူဂန္ဒာနိုင်ငံတွင် ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေတို့အကြား ကွဲပြားနေမှုကို 'ဖွဲ့စည်းပုံအခြေခံဥ ပဒေတွင် နယ်ပယ်အားလုံး၌ အမျိုးသမီးများနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုပေးခြင်း'၊ 'အမျိုးသမီးများ၏မြေယာအခွင့်အရေးများကို ငြင်းပယ်သည့်ဆုံးဖြတ်ချက်များကို ပျက်ပြယ်သည်ဟု ကြေငြာခြင်း' နှင့် လက်ထပ်ထားသည့် အိမ်ထောင်ဖက်အဆင့်အားလုံးအတွက် တန်းတူညီမျှမှု သတ်မှတ်ပေးထားခြင်းအားဖြင့် ဖြေရှင်းပေးထား သည်။ သို့ရာတွင် မြေယာအက်ဥပဒေတွင် လက်ထပ်ပြီးပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းများအား တစ်စုံတစ်ရာပြုလုပ်မည်ဆိုပါက အိမ်ထောင်ဖက်၏ သဘောတူညီချက် ရယူရန် လိုအပ်သဖြင့် ဤပြဋ္ဌာန်းချက်အသုံးပြုရန်မှာ တရားဝင်မှတ်ပုံတင်၍ လက်ထပ်ထိမ်းမြားထားရန် လိုအပ်သောကြောင့် ဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ထားသူများအား ကာကွယ်မပေးနိုင်ပါ။ |
| မိုဇမ်ဘစ်နိုင်ငံတွင် ပြဋ္ဌာန်း မြေယာဥပဒေသည် ကျား-မ သာတူညီမျှရှိပြီး အမျိုးသမီးများနှင့်အမျိုးသားများအတွက် တန်းတူအခွင့်အရေးပေးသည့် ပြဋ္ဌာန်းချက်များရှင်းလင်းစွာပါရှိသည်။ ကျား-မ သာတူညီမျှမှုဆိုင်ရာပြဋ္ဌာန်းချက်များ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြေယာဥပဒေတို့နှင့် ကိုက်ညီနေသရွေ့ မြေယာနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များကို ယေဘုယျအားဖြင့် ဓလေ့ထုံးတမ်ဥပဒေအပေါ်အခြေခံ၍ ချမှတ်ပါသည်။ ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများသည် မြေယာအခွင့်အရေးများကို ၎င်းတို့၏ခင်ပွန်း သို့မဟုတ် ဖခင်တို့ထံမှတစ်ဆင့်ရရှိသည်။ သို့သော် ဓလေ့ထုံးတမ်း ဥပဒေ ကျင့်သုံးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မြေယာဥပဒေများပါ အမျိုးသမီးများ၏ ပြဋ္ဌာန်းအခွင့်အရေးများကို လိုက်နာဖြည့်ဆည်းပေးမှု ရှိ-မရှိ စိစစ်မည့်ယန္တရားတစ်ရပ် အစိုးရက တည်ထောင်ထားခြင်းမရှိပါ။ ထို့အပြင် ဓလေ့ထုံးတမ်းဥပဒေကို မကြာခဏအလွဲသုံးမှုများရှိကြပြီး ကျေးလက် အမျိုးသမီးအများစုသည် ပြဋ္ဌာန်း |

↓

↑

မြေယာဥပဒေများတွင် ၎င်းတို့၏ မြေယာအခွင့်အရေးများကို ကာကွယ်ပေးထားကြောင်း မသိရှိကြပါ။

ကာဇတ်စ္စတန်နှင့် တာဂျစ်ကစ္စတန် နိုင်ငံတို့တွင် နိုင်ငံတော်ဥပဒေများသည် အမျိုးသမီးများ၏မြေယာအခွင့်အရေးများ၊ အိမ်ယာနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများကို အသိအမှတ်ပြုထားသော်လည်း ဓလေ့ထုံးတမ်းဥပဒေနှင့်ရိုးရာဓလေ့အားဖြင့် အမျိုးသားများက အုပ်ချုပ်သည့် နည်းလမ်းများကသာ အတည်ဖြစ်နေလေ့ရှိသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲချိန်ကစ၍ အစ္စလာမ်ဘာသာရေးစည်းမျဉ်းများ ပြန်လည်ထွက်ပေါ်လာသည်။ အစ္စလာမ်ဘာသာရေးစည်းမျဉ်းများတွင် အမျိုးသမီးများ၏မြေယာနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်း ထားပြီး လက်တွေ့ကျင့်သုံးချိန်တွင် အမျိုးသမီးများအတွက် လုပ်ပိုင်ခွင့် အာမခံချက် အတိုင်းအတာတစ်ခုအထိ ပေးနိုင်သည်။ သို့ရာတွင် ထိုစည်းမျဉ်းများကို အမြဲတမ်းအပြည့်အဝအသုံးပြုနိုင်သည်တော့မဟုတ်ပါ - ဥပမာ အမျိုးသားများသည် တရားဝင် မှတ်ပုံမတင်ဘဲ မူဆလင် ထုံးတမ်းဖြင့် လက်ထပ်လိုက လက်ထပ်နိုင်ပြီး လက်ထပ်ထားသည့်ကာလအတွင်း အထူးသဖြင့် ကွာရှင်းပြတ်စဲသည့်အခါ အစ္စလာမ်စည်းမျဉ်းကို လိုက်နာခြင်းမရှိဘဲ နေနိုင်သည်။ ကျေးလက်ဒေသတွင် တရားဝင် မှတ်ပုံတင်ခြင်းမရှိဘဲ လက်ထပ်သည့်အရေအတွက်များပြားလာရာ တရားဝင်ဥပဒေအရ ကာကွယ်ပေးမှုအောက်တွင် မရှိပါ။ မူဆလင်ဥပဒေတွင်လည်း ယင်းကိုအာဏာသက်ဝင်စေမည့် ဝန်းရံစနစ်များမရှိသဖြင့် တရားဝင်ကာကွယ်ပေးထားခြင်းမရှိပါ။ သို့ဖြစ်ရာ အမျိုးသမီးများသည် ကွာရှင်းပြတ်စဲသည့်အခါ သို့မဟုတ် ၎င်းတို့၏ ခင်ပွန်းဆုံးပါးသည့်အခါ သို့မဟုတ် ၎င်းတို့အား စွန့်ပြစ်ထားခဲ့သည့်အခါ မည်သည့်ဥစ္စာပစ္စည်းကိုမျှ တောင်းခံပိုင်ခွင့်မရှိပါ။

ပိုင်ဆိုင်မှုပစ္စည်းဥပဒေများ၊ လက်ထပ်ထိမ်းမြားမှု၊ အမွေဆက်ခံမှုတို့နှင့် သက်ဆိုင်သည့် မိသားစုဥပဒေများ စသည်တို့နှင့် မြေယာ၏ ဆက်စပ်မှုသည် အထူးသဖြင့် လုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲမှုနှင့် ဆက်နွှယ်နေသည်။ နိုင်ငံအများအပြားတွင် ဓလေ့ထုံးတမ်းလက်ထပ်ထိမ်းမြားခြင်းနှင့် အမွေဆက်ခံခြင်းနည်းဥပဒေများသည် မြေယာဆက်ဆံရေးတွင် ကျား-မတန်းတူညီမျှမရှိမှုကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် တာရှည်စေသည် (Guyer, 1987)။ ယင်းကိုထည့်သွင်းစဉ်းစား ခြင်းမရှိသည့် မည်သည့်လုပ်ပိုင်ခွင့်ပြုပြင်ပြောင်းလဲမှုမဆို ထိရောက်မှုနည်းပါးပါမည်။

ထို့ကြောင့် မြေယာလုပ်ပိုင်ခွင့်အား ကျား-မသာတူညီမျှ တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေး ပေါ်ပေါက်လာရန် မြေယာနှင့် မိသားစု ဥပဒေများကို တစ်ပြိုင်တည်းပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည် (FAO, 2011a: 17; McAuslan, 2010: 125)။ မကြာမီကရရှိခဲ့သော အောင်မြင်မှုနမူနာများသည် ရဝမ်ဒါနိုင်ငံမှ ဖြစ်ပြီး အမွေဆက်ခံခွင့်နှင့် လက်ထပ်ပြီးနောက် လက်ထက်ပွားပိုင်ဆိုင်သည့် ပစ္စည်းများ ဆိုင်ရာနည်းဥပဒေ ပြုပြင်ပြောင်းလဲမှုအပြီး မြေယာလုပ်ပိုင်ခွင့်ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီးယင်းကြောင့် အမျိုးသမီးများ ဒေသန္တရ မြေယာကော်မတီတွင် ပါဝင်ခွင့်နှင့် ၎င်းတို့၏မြေယာကို မှတ်ပုံတင်ခွင့်များ ရရှိလာသည့် ကျား-မ ရေးရာနှင့်ပတ်သက်၍ အောင်မြင်မှုအချို့ပေါ်ထွက်ခဲ့ပါသည် (ဒါလေး၊ ဒိုးဝိခ် နှင့် ယူမူဟိုဇာ-၂၀၁၀)။ ရဝမ်ဒါအစိုးရက နိုင်ငံရေးစနစ်တလျှောက် အမျိုးသမီးများအနည်းဆုံး ပါဝင်ရမည့် အချိုးအစားများ ချမှတ်ကျင့်သုံးခြင်းသည်လည်း အမျိုးသမီးများပါဝင်မှုရရှိစေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

ဓလေ့ထုံးတမ်းဥပဒေနှင့် မြေယာလုပ်ပိုင်ခွင့် အလေ့အထများသည် ဥပဒေရေးရာဝန်းကျင်ပြောင်းလဲမှု၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများ ပြောင်းလဲမှုနှင့် ရာသီဥတု၊ လူဦးရေနှင့် ငွေကြေးစုဆောင်းထားမှုတို့ကဲ့သို့သော ပြင်ပအချက်အလက်များနှင့်အညီ ဆင့်ကဲပြောင်းလဲနေသည်။ ဇယားကွက်-၂.၃ တွင် ဩစတြေးလျားအနောက်ဖက် ဌာနေတိုင်းရင်းသား ရှေးလူမျိုးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဆင့်ကဲပြောင်းလဲလာမှုဖြစ်စဉ်ကို ပုံဖော်ထားသည်။

ဇယားကွက်-၂.၃ -
**ကျား-မရေးရာနှင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေး**

အရင်းအမြစ်များ - ၂၀၁၁ မေ အလုပ်ရုံဆွေးနွေးပွဲတွင် Debra Fletcher ၏ "မြေယာစီမံအုပ်ချုပ်ခြင်း - အဖွဲ့အစည်း၊ စနစ်များနှင့် လုပ်ကိုင်ပုံများတွင် တိုးတက်လာသော ကျား-မ သာတူညီမျှမှု၊ သြစတြေးလျအနောက်ပိုင်းဒေသရှိ ဌာနေတိုင်းရင်းသားများ၏ မြေယာစီမံခန့်ခွဲမှုတွင် ပါဝင်ပုံ" တင်ပြချက်

သြစတြေးလျနိုင်ငံ၏ ဌာနေရေးလူမျိုးများ၏ လူဦးရေသည် ၂.၃ သန်းရှိပြီး သြစတြေးလျအနောက်ပိုင်းဒေသရှိ လူဦးရေ၏ ၃.၁ ရာခိုင်နှုန်းဖြစ်ကာ ၎င်းတို့သည် မြေယာအပေါ်အလွန်စွဲလမ်း၊ ခင်တွယ်ကြကာ မြေနှင့်ပတ်သက်၍ ကျား-မ ခွဲခြားသည့် အယူအဆ ခိုင်မာစွာ ရှိကြသည်။ ဓလေ့ထုံးစံအရ အမျိုးသားများသည် မြေယာပေါ်တွင်လုပ်ကိုင်ရန်တာဝန်ရှိပြီး အထူးသဖြင့် သက်ကြီးပိုင်းအမျိုးသားများသည် မြေယာဆိုင်ရာ ဗဟုသုတအများဆုံး ရှိကြသည်။ အမျိုးသမီးများသည် အမျိုးသမီးသီးသန့်လုပ်ကွက်များအကြောင်းသာ သိရှိကြကာ အများအားဖြင့် စားနပ်ရိက္ခာစုဆောင်းရေးနှင့် ကလေး မွေးဘွားဖြင်း စသည်တို့နှင့်သာ ပတ်သက်သည်။

၁၉၉၃ ခုနှစ် မွေးရပ် အမည်ပေါက် အက်ဥပဒေတွင် ဌာနေတိုင်းရင်းသားအုပ်စုများ မွေးရပ်မြေလျှောက်ထားခြင်းနှင့် အမည်ပေါက်မှတ်ပုံတင်စာရင်းသွင်းခြင်းတို့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာချမှတ်ထားပြီး မြေယာနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့၏ပါဝင်ခွင့်ကို တရားဝင် အသိအမှတ် ပြုထားသည်။

သို့ရာတွင် ဌာနေတိုင်းရင်းသားများ၏ မြေလျှောက်ထားချက်များမှာ အထူးစိစစ်ထောက်ပြခံရပြီး မွေးရပ်မြေအမည်ပေါက်ပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုရန်မှာ ဖခင်၊ ဘိုးဘေးထံမှ အမွေဆက်ခံရရှိမှု ရိုးရာနှင့်ဓလေ့ပေါ်အခြေခံသည့် သက်သေတို့အပေါ်မူတည်သည်။ သို့သော် ထိုစဉ်အတွင်း ဌာနေတိုင်းရင်းသားဥပဒေနှင့် ဓလေ့တို့သည် မိခင်နှင့်ဖခင်တို့မှ ဆင်းသက်လာမှုနှစ်ခုလုံးကို အသိအမှတ်ပြုသည့် မိဘမှဆင်းသက်လာသော စနစ် ပြောင်းလဲလာခဲ့သည်။ ဌာနေတိုင်းရင်းသားအမျိုးသမီးနှင့် လူငယ်အမျိုးသားများသည် သက်ကြီးအမျိုးသားများအား ဗဟိုပြုသည့် ထုံးစံအရ ဆုံးဖြတ်ချက်ချသည့်ဖွဲ့စည်းပုံမှခွဲထွက်ကာ ပိုမိုကျယ်ပြန့်သည့်အုပ်ချုပ်မှုကိုအခြေခံသည့် မြေယာချထားရေးကိစ္စအချို့တွင် ပြောရေးဆိုခွင့်ရှိသူများ၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည့်ပုဂ္ဂိုလ်များအဖြစ် ၎င်းတို့၏ ရပ်ရွာများတွင် ပိုမိုကြီးမားသည့်တာဝန်များကို ယူလာကြသည်။ ထိုသို့ ဥပဒေနှင့် ဓလေ့ထုံးတမ်းပြောင်းလဲမှုများကြောင့် အမျိုးသမီးများ မြေယာအုပ်ချုပ်မှုတွင် ပါဝင်ခွင့်တောင်းဆိုမှုကို ပိုမိုခိုင်မာစေသည်။ ရှေးထုံးကိုးကား ဥပဒေများအားဖြင့် တရားသူကြီးများသည် - မြေယာလျှောက်ထားမှုအတွက် သက်သေအထောက်အထားအဖြစ် လက်ခံသော အချက်အလက်များကို ချဲ့ထွင်ပေးလာကာ အချို့သောဖြစ်စဉ်များတွင် မိနှင့်ဘမှ ဆင်းသက်လာမှုကို တရားဝင်အသိအမှတ်ပြုခြင်းဖြင့် ကျား-မရေးရာ သတင်းအချက်အလက်၊ ဗဟုသုတ၊ အတွေးအခေါ် အပြောင်းအလဲများကိုထင်ဟပ်သည့် ဥပဒေများကို ချမှတ်ကျင့်သုံးလာပါသည်။

သြစတြေးလျားအနောက်ပိုင်း ရှေးတိုင်းရင်းသားရပ်ရွာများမှ အမျိုးသမီးများနှင့် အမျိုးသားများသည် မြေယာကို စီမံရာ၌ ၎င်းတို့၏ကွဲပြားခြားနားသည့်အခန်းကဏ္ဍများကို အနာဂတ်ကာလ တလျှောက်လုံး ဆက်လက်ထိန်းသိမ်းလိမ့်မည် ဖြစ်သော်လည်း ၎င်းတို့သည် ပြောင်းလဲလာသည့်ကျား-မ အခန်းကဏ္ဍကို အသိအမှတ်ပြုလက်ခံ၍ လိုက်လျောညီထွေသည့် နည်းလမ်းဖြင့် မြေနှင့် မြေယာ လျှောက်ထားမှုများအကြောင်း ဗဟုသုတများကို ဝေမျှပေးလျက်ရှိပါသည်။

ရပ်ရွာအတွင်း အာဏာချိန်ခွင်မျှခြေသည် ဥပဒေ ဗဟုစနစ်အတွင်း မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှအုပ်ချုပ်ရေး ထူထောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် နောက်ထပ်အချက်တစ်ချက်ဖြစ်ပါသည်။ ဒေသတွင်း သြဇာအာဏာလက်ကိုင်ရှိမှု အခြေအနေအရ လူတစ်စုက အခြားသူများ၊ အထူးသဖြင့် မုဆိုးမကဲ့သို့သော ထိခိုက်ခံစားရလွယ်သည့် အုပ်စုများအား အသုံးချကာ မြေယာ လုပ်ပိုင်ခွင့်စနစ်အမျိုးမျိုး၊ ဥပဒေ ဗဟုစနစ်ဆိုင်ရာ အဖွဲ့အစည်းများ/ မူဘောင်များနှင့် ဓလေ့ထုံးတမ်း ဥပဒေများကို အသုံးပြုခြင်း/ အလွဲသုံးခြင်းများ ပေါ်ပေါက်နိုင်ပါသည်။ ဥပမာ ခင်ပွန်းဘက်မှ ဆွေမျိုးများ (အမျိုးသားဘက်မှ အမျိုးများ) သည် အမျိုးသား၏ အမည်ဖြင့် တရားဝင်မြေယာ အမည်ပေါက်ပိုင်ဆိုင်ခွင့်ကို တောင်းဆို၍ သို့မဟုတ် အမျိုးသမီးများအား ပါဝင်ခွင့်မပေးသော သို့မဟုတ် ယေဘုယျအားဖြင့် အမျိုးသမီးများအား ဖိနှိပ်ထားသော ဒေသန္တရ ဓလေ့ထုံးတမ်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေယန္တရားကို အသုံးပြု၍ တောင်းခံခြင်းကြောင့် မုဆိုးမ သို့မဟုတ် အမျိုးသမီး ဆွေမျိုးတော်စပ်သူများ (ညီမ ကဲ့သို့သော) တို့က မြေယာပိုင်ဆိုင်မှုကို စွန့်လွှတ်ရခြင်းမျိုး ဖြစ်နိုင်ပါသည်။

ဤအလားအလာသည် မြေယာရှားပါးခြင်း၊ စီးပွားရေး အကျိုးစီးပွားများ ဝင်ရောက်လာချိန်တွင် ဒေသခံ အမွေဆက်ခံပိုင်ခွင့်အား အစိုးရမှ ကာကွယ်နိုင်မှုနည်းခြင်း၊ မြေယာအသွင်ပြောင်းသည့် အစီအစဉ်များ၊ မြို့ပြတည်ဆောက်ခြင်းနှင့် HIV/AIDs ရောဂါ စသည့်အချက်များကြောင့် ပိုမိုဆိုးရွား လာကာ နိုင်ငံများစွာတို့တွင် မြေယာအခွင့်အရေးများကို တစ်ဦးချင်းပိုင်ဆိုင်မှု မြင့်တက်လာစေပြီး ဇယားကွက်-၂.၄ (Kapur, 2011; Harrington and Choprab, 2010) တွင်ဖော်ပြထားသည့် ရိုးရာ တာဝန်များနှင့် ဝတ္တရားများ၏ လွှမ်းမိုးလိုက်နာမှု လျော့နည်းလာပါသည်။ ထို့ကြောင့် ဇယားကွက်-၂.၅ တွင် အကြံပြုထားသည့်နမူနာများအတိုင်း လက်တွေ့ကူညီထောက်ပံ့မှု၊ ဥပဒေပြန်လည် သုံးသပ်ခြင်းနှင့် မြေယာမှတ်ပုံတင်ခြင်းတို့ အပါအဝင် မုဆိုးမများ မြေယာအမွေဆက်ခံခွင့်ပေးနိုင် ရန်အတွက် သီးခြားမဟာဗျူဟာများနှင့် ယန္တရားများ လိုအပ်မည် ဖြစ်ပါသည်။

ဇယားကွက်-၂.၄ - **အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အာမခံချက်နှင့် HIV/AIDS**

အရင်းအမြစ်များ - Wehrmanm, 2003

HIV/AIDS ရောဂါကြောင့် ခင်ပွန်းများနှင့် ဖခင်များ သေဆုံးသွားပါက ၎င်းတို့ပိုင်ဆိုင်မှုများကို လုယူခံရမည့် အခြေအနေမျိုး ပိုမိုတိုး၍ ခံစားရနိုင်သောကြောင့် မုဆိုးမများနှင့် မိဘမဲ့များအတွက် လုပ်ပိုင်ခွင့်အာမခံချက်မရှိမှုကို မြင့်တက်စေနိုင်ပါသည်။ အထူးသဖြင့်ငယ်ရွယ်သည့် မုဆိုးမများသည် လက်ထပ်ပြီးနောက်နေထိုင်သည့်အိမ်နှင့်အနီးပတ်ဝန်းကျင်တွင် ခိုင်မာသောလူမှုရေးကွန်ရက်များ ထူထောင်ထားရန် အချိန်မရနိုင်ခဲ့သောကြောင့် ထိခိုက်ခံစားရနိုင်ခြေပိုများသည်။ ဒေသခံခေါင်းဆောင်များ၏ ထောက်ခံချက် ရရှိနိုင်ခြေနည်းပါးပြီး မိခင်ကိုယ်စား (၎င်းတို့ကိုယ်တိုင်အတွက်) ရင်ဆိုင်ပေးမည့် လောက်လောက်လားလား အရွယ်ရောက်ပြီးသည့် သားသမီးလည်း မရှိသောကြောင့် ဖြစ်ပါသည်။

အစိုးရ၏ မြေယာစီမံခန့်ခွဲမှုစနစ်ပါ အချက်များသည် ထို HIV/AIDS ရောဂါက မြေယာလုပ်ပိုင်ခွင့်အပေါ် ထိခိုက်နစ်နာစေမှုကို လျှော့ချနိုင်ရန် အထောက်အကူ ဖြစ်ပါလိမ့်မည်။ ဥပမာ - မုဆိုးမများနှင့် မိဘမဲ့များ သက်သာချောင်ချိရေး အတွက် မြေရောင်းစားမှုမှ ကာကွယ်ပေးရန် မြေယာဘုတ်အဖွဲ့ဝင် များသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် ထိုဘုတ်အစည်းအဝေးများ၌ တန်းတူကိုယ်စားပြုခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ရှိရန်နှင့် ဘုတ်အဖွဲ့ဝင်အားလုံးတို့သည် ရပ်ရွာအတွင်းရှိ ထိခိုက်ခံစားရလွယ်သော ပြည်သူများ၏ မတူညီသော လိုအပ်ချက်များကိုသိရှိ စောင့်ရှောက်ရန် အရေးကြီးပါသည်။ ဒေသန္တရအဆင့် အငြင်းပွားမှုဖြေရှင်းရေး/ညှိနှိုင်းရေး ယန္တရားများသည်လည်း ထိခိုက်ခံစားရလွယ်သည့် ပြည်သူများအား ကာကွယ်ပေးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

အမျိုးသမီးများ ၎င်းတို့၏လုပ်ပိုင်ခွင့်အာမခံချက်ရှိစေရန်အတွက် ပူးတွဲအမည်ပေါက် သို့မဟုတ် မိမိတို့အမည်များ ဖြင့်အမည်ပေါက်ရရှိရန် အရေးကြီးပါသည်။ မြို့ပြမှတ်ပုံတင်ခြင်းသည် မြေယာမှတ်ပုံတင်ခြင်းနှင့်ဆက်စပ်မှုရှိသင့်ကာ မုဆိုးမများနှင့် မိဘမဲ့များ၏ အမွေဆက်ခံခွင့်ကို အလွဲသုံးခြင်းမှ ကာကွယ်ရန်အတွက် သတ်မှတ်စည်းမျဉ်းကန့်သတ်ချက်များ တင်းကျပ်သင့်ပါသည်။ မြို့ပြနှင့်မြေယာ မှတ်ပုံတင်ဝန်ထမ်းများသည် ဤကိစ္စနှင့်ပတ်သက်၍ သင်တန်းများရရှိထားရမည်ဖြစ်ကာ ပူးတွဲအမည်ပေါက်မှတ်ပုံတင်နိုင်ရန် လျှောက်လွှာဖောင်များကို သေချာပြင်ဆင်ထားရမည်။ အကြီးမားဆုံးလိုအပ်ချက်များအနက် တစ်ခုမှာ မိမိတို့၏အခွင့်အရေးများကိုမသိရှိသော သို့မဟုတ် မြေယာစီမံခန့်ခွဲမှု စနစ်မည်သို့လည်ပတ်နေသည်ကို မသိရှိသော ထိခိုက်ခံစားရလွယ်သည့်အုပ်စုများ နှင့် လူပုဂ္ဂိုလ်များအတွက် အသိပညာပေးခြင်းနှင့် ဥပဒေကြောင်းအရ အကူအညီပေးရေးတို့ ဖြစ်ပါသည်။

ဇယားကွက်-၂.၅ - **အမွေဆက်ခံခွင့်ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ကောင်းမွန်သောနည်းစနစ်များ**

အရင်းအမြစ်များ - YWAP, 2011; Rebecca Sittie, personal communication

ကင်ညာနိုင်ငံတွင် နိုင်ငံတကာမြေယာညွန့်ပေါင်းအဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် မုဆိုးမငယ်များ တိုးတက်ရေး အစီအစဉ်မှနေ၍ မြို့တော်နိုင်ရိုဘီတွင်နေထိုင်၍ ညံ့ဇာ ပြည်နယ်တွင်လက်ထပ်ခဲ့သော လူငယ်မုဆိုးမများအား ကူညီရန် သုတေသနလှုပ်ရှားမှုတစ်ရပ်ပြုလုပ်ခဲ့ပါသည်။ ထိုစီမံကိန်းအရ မုဆိုးမများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများကိုစွန့်လွှတ်ရခြင်းမှရှောင်ကျဉ်နိုင်စေရန်နှင့် မုဆိုးမဘဝတွင် ဆုံးရှုံးခဲ့ရသည့်မြေယာအခွင့်အရေးများကို ပြန်လည်တောင်းခံနိုင်ရန် ကူညီပေးလျက်ရှိသည်။ ကင်ညာနိုင်ငံ အမွေဆက်ခံမှု အက်ဥပဒေ - ၁၉၈၁ တွင် အမျိုးသမီးသည် ကွယ်လွန်သူခင်ပွန်းများအပေါ် မှီခိုသူများအဖြစ် ပိုင်ဆိုင်မှုများအမွေဆက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် လူငယ်မုဆိုးမများသည် ၎င်းတို့အားကာကွယ်ပေးမည့် အရွယ်ရောက်ပြီးသူ သားများမရှိခြင်း၊ ခင်ပွန်းနေအိမ်ရှိရာ ရပ်ရွာနှင့် မိသားစုများအတွင်းတွင် ၎င်းတို့မှာ အရေးမပါခြင်းတို့ကြောင့် ပိုင်ဆိုင်မှုများကို မကြာခဏလုယူခြင်း ခံကြ

↓

ရပါသည်။ Luo တိုင်းရင်းသားဒေသ ယဉ်ကျေးမှုအရ သေတမ်းစာရေးသားခြင်းကို သေခြင်းအကြိုနိမိတ်ဆိုးအဖြစ် ရှုမြင်ကြသဖြင့် HIV/AIDS ရောဂါခံစားရသည့်ခင်ပွန်းများအား ၎င်းတို့၏မုဆိုးမများ၏ အခွင့်အရေးများကိုကာကွယ်ပေးရန် အတွက် သေတမ်းစာရေးသားခြင်းကိုအားမပေးကြပါ။ ယဉ်ကျေးမှုဆိုင်ရာအခက်အခဲကလည်း လူငယ်မုဆိုးမများ၏ အမွေဆက်ခံခွင့်ကို အခိုင်အမာတောင်းဆိုရန် အခက်အခဲဖြစ်စေပါသည်။ အချို့သော အမျိုးသားအကြီးအကဲတို့သည် လူငယ်မုဆိုးမများ၏မြေယာအမွေဆက်ခံခွင့်ကို အခိုင်အမာတောင်းဆိုနိုင်ရန်ကူညီပေးပါက ထိုမုဆိုးမများနှင့် မမှန်ကန်သော ဆက်ဆံရေးရှိသည် ဟုစွပ်စွဲခံရမည်ကို စိုးရိမ်ကြပါသည်။ သို့ရာတွင် ခြုံငုံသုံးသပ်ပါက လူငယ်မုဆိုးမများ အနေနှင့် တရားဆုံးဖြတ်မှုနှင့် ၎င်းတို့၏တောင်းခံမှုများခရီးရောက်စေရန် လုပ်ဆောင်ရမည့်အချက်များ အလွယ်တကူသိရှိကြစေရန် စွမ်းရည်မြှင့်တင်ပေးနိုင်သဖြင့် ထိုစီမံကိန်းသည် အောင်မြင်ခဲ့ပါသည်။

ဂါနာနိုင်ငံ တွင်လည်း လက်ထပ်ခြင်းဖြင့် ပစ္စည်းများ တန်းတူပိုင်ဆိုင်ခွင့်ကို ဥ ပဒေတွင် ပြဋ္ဌာန်းထားပါသည်။ မြေယာအား ပူးတွဲမှတ်ပုံတင်ထားသည့်အခါ ကွယ်လွန်သွားသည့်ခင်ပွန်း၏ မိသားစုအနေနှင့် ၎င်း၏မုဆိုးမအား သူမ၏မြေပေါ်မှ မောင်းထုတ်ရန် သို့မဟုတ် လက်ထပ်ပြီးအတူနေသည့်အိမ်မှ နှင်ထုတ်ရန်ပိုမိုခက်ခဲသွားနိုင်သည်။ ဥပဒေအရ သူမသည် ပိုင်ဆိုင်မှု၏ ၅၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီးဖြစ်၍ သူမ၏ကွယ်လွန်သူခင်ပွန်း၏ ၅၀ ရာခိုင်နှုန်းထဲမှ အချို့ကို အမွေရရှိနိုင်သဖြင့် သူမအတွက် ကျန်ခင်ပွန်းဘက်မှဆွေမျိုးများ၏ဝေစုကိုဝယ်ယူရန် ပိုမိုလွယ်ကူမည်ဖြစ်ပါသည်။ မကြာမီနှစ်များအတွင်းက အမျိုးသားများသည် ၎င်းတို့၏ဇနီးသည်တို့အတွက် ဤသို့သော လုပ်ပိုင်ခွင့်မျိုးကို အာမခံချက်ရှိစေရန်အတွက် ပူးတွဲမှတ်ပုံတင်ခြင်းကို ထောက်ခံခဲ့ကြပါသည်။

သူရင်းငှားလုပ်ကိုင်သူများနှင့် ၎င်းတို့၏မိသားစုတို့သည်လည်း မြေယာအမွေဆက်ခံခွင့်နှင့် ပတ်သက်၍ စိုးရိမ်မကင်းမှုများ ရှိနေကြသည်။ အချို့နိုင်ငံများတွင် တရားဝင် သူရင်းငှားလုပ်ကိုင်သူသေဆုံးသွားသည့်အခါ ၎င်းတို့အသုံးပြုနေသော သို့မဟုတ် နေထိုင်လျက်ရှိသော မြေယာမှ တစ်မိသားစုလုံး နှင်ထုတ်ခံရနိုင်သည်။ မြေငှားစာချုပ်များတွင် အမျိုးသား၏အမည်ဖြင့်သာ ချုပ်ဆိုလေ့ရှိသည်။ လယ်ငှားလုပ်ပိုင်ခွင့်အား အမွေဆက်ခံခွင့်ဥပဒေအရ အကာအကွယ်မပေးထားပါက ကျန်ရစ်သူမိသားစုဝင် များသည် နှင်ထုတ်ခံရမည့် အန္တရာယ် ရှိသည် ( FAO, 2001; 29-34)။

ဆန်းစစ်ရန် အချက်များ စာရင်း-၂.၁ -
**ကျား-မ သာတူညီမျှ အမွေဆက်ခံခွင့်ကို ပံ့ပိုးပေးခြင်း**

အရင်းအမြစ်များ - WOLREC, 2011; YWAP, 2011; RWN, 2011; FAO, 2001: 29-34

- ✓ မူဝါဒနှင့် ဥပဒေမူဘောင်များတွင် မုဆိုးမများ (မုဆိုးဖိုများ) ၏ အမွေဆက်ခံခွင့်များကို အတိအလင်း အသိအမှတ်ပြုပြီး ထိရောက်သော ဥပဒေနှင့် စောင့်ကြည့်၊ ထိန်းကျောင်းရေးယန္တရားများ ပြဋ္ဌာန်းရန်။
- ✓ မြေယာဥပဒေများနှင့် မိသားစု ဥပဒေတို့ မည်ကဲ့သို့ထပ်နေသည်ကို မြေယာကျွမ်းကျင်ပညာရှင်များ၊ မိသားစုနှင့် တရားသူကြီးများ သိရှိရန် ဆောင်ရွက်ရန်။
- ✓ ပြည်သူများ တည်ဆဲဥပဒေများအား သိနားလည်အောင် အသိပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ရန်။ ဤသို့ဖြင့် ပြည်သူများ - အထူးသဖြင့် အမျိုးသမီးများသည် - ၎င်းတို့အားကာကွယ်ပေးနေသည့် ဥပဒေများ အကြောင်း သိရှိလာမည်။
- ✓ ထိမ်းမြားလက်ထပ်မှုနှင့်အမွေဆက်ခံမှုအလေ့အထများ၊ ထိုအလေ့အထများနှင့် ပြဋ္ဌာန်းဥပဒေများအကြား ပွတ်တိုက်မှုများနှင့် ထိုနှစ်ရပ်အကြား ညှိနှိုင်းရာတွင် ဖြစ်နိုင်ခြေရှိသည့်အဖြေများ အကြောင်း- ရပ်ရွာလူထု ဆွေးနွေးမှုကို မြှင့်တင်ဆောင်ရွက်ပေးရန်။
- ✓ ပြဋ္ဌာန်း ဥပဒေအကာအကွယ်သည် လုံလောက်မှုမရှိခြင်း သို့မဟုတ် မရနိုင်ခြင်းတို့ဖြစ်ပါက အမျိုးသမီးများအား ၎င်းတို့၏ မြေယာအခွင့်အရေးများ ညှိနှိုင်းနိုင်ရေးအတွက် ဓလေ့ထုံးတမ်းဥပဒေများကို အသုံးပြုနိုင်ရန် ကူညီပေးပါ။ ဥပမာ - မင်္ဂလာဆောင်စဉ်က သူမတို့မိသားစုက လက်ဖွဲ့ခဲ့သည့်အတွက် မုဆိုးမသည် မြေယာရရှိရန် အခွင့်အရေးရှိကြောင်း အခိုင်အမာပြောဆိုစေခြင်းပုံစံမျိုး။
- ✓ အမျိုးသမီးများ၏ အခွင့်အရေးကို ထောက်ခံအားပေးသည့် အဖွဲ့အစည်းများ၏စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် မုဆိုးမများအကျိုးအတွက် အသိပညာပေးရေးနှင့် မဟာဗျူဟာကျဆောင်ရွက်ရေးတွင် ၎င်းတို့၏အခန်းကဏ္ဍကို အသိအမှတ်ပြုရန်။

- ✓ တရားမျှတမှု၊ အငြင်းပွားမှုဖြေရှင်းရေးယန္တရားများ ပိုမိုရရှိစေခြင်းနှင့် မုဆိုးမများ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုနိုင်ရန် ဥပဒေအရပံ့ပိုးပေးခြင်းအားဖြင့် ဥပဒေစွမ်းရည်မြှင့်တင်၊ ပံ့ပိုးပေးရန်။
- ✓ ဥပဒေအကာအကွယ်သည် တရားဝင်လက်ထပ်ထိမ်းမြားမှုများတွင်သာ အကျုံးဝင်သည့် အခြေအနေမျိုးတွင် လူငယ်များအား တရားဝင်လက်ထပ်ခြင်း၏တန်ဖိုးကို နားလည်သဘောပေါက်စေရန် အသိအမြင်ဖွင့်ပေးကာ တရားဝင် လက်ထပ်ပြီးမှ သား၊ သမီး ရယူကြရန် စည်းရုံး အသိပေးရန်။
- ✓ ရပ်ရွာယဉ်ကျေးမှုအရ သေတမ်းစားရေးခြင်းကို မကန့်ကွက်သည့်နေရာများတွင် ထိုအလေ့အထကို အားပေး ရန်။
- ✓ မြေငှားစာချုပ်တွင် ပူးတွဲမြေငှားအဖြစ် အိမ်ထောင်ဖက်နှစ်ဦးလုံး၏အမည် ထည့်သွင်းခြင်းဖြင့် ထိုနှစ်ဦးအနက် တစ်ဦးဦး သေဆုံးသွားပါက ကျန်သူ တစ်ဦး၏မြေငှားရမ်းမှု ဆက်လက်အကျုံးဝင်နေမည် ဖြစ်ပါသည်။

**သတိပြုရန်**

တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဖြစ်သည့် - အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်ခြင်း - ဖော်ဆောင်ရာတွင် မြေယာနှင့် မိသားစုဥပဒေအကြား ရှုပ်ထွေးသည့်ဆက်နွယ်မှုကိုနားလည်ရန်နှင့် ကျား-မ သာတူညီမျှ အမွေဆက်ခံပိုင်ခွင့်ကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။

ဥပဒေဗဟုစနစ် အနေအထား၌ အတင်းအကြပ် မြေသိမ်းဆည်းမှု ပြုလုပ်ပါက ပြဿနာဖြစ်နိုင်ခြေများပါသည်။ ပြဿနာများတွင် ပူးတွဲပိုင်ဆိုင်သည့် မြေအတွက် လျော်ကြေးကို မည်သူရရှိသင့်သည်ကို ဆုံးဖြတ်ရခြင်းနှင့် မောင်နှမများနှင့် မျိုးဆက်သစ်များကြား မြေကိုမည်သူပိုင်သင့်ကြောင်း အငြင်းပွားမှုများ ပါဝင်ပါသည်။ ဥပဒေများတွင် အတင်းအကြပ် မြေယာသိမ်းဆည်းမှုကြောင့် နစ်နာဆုံးရှုံးရသူများအားလုံးကို ဖော်ထုတ်သတ်မှတ်ရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားခြင်းနှင့် ရရှိသည့် လျော်ကြေးငွေကို မည်ကဲ့သို့ အသုံးပြုမည်ကို မိသားစုအတွင်း ပူးပေါင်းဆုံးဖြတ်ချက်ချစေသည့် လျော်ကြေးယန္တရားများ ဖန်တီးခြင်းသည် ကောင်းမွန်သော နည်းလမ်းဖြစ်ပါသည် (FAO, 2008 က- ၃၃-၃၄)။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြေယာအား နိုင်ငံဖြတ်ကျော်၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက ဝယ်ယူ၊ ငှားရမ်းသည့် ဖြစ်စဉ်များတွင်လည်း အလားတူ အသုံးပြုပါသည်။

မြေယာလုပ်ပိုင်ခွင့်စနစ် အမျိုးမျိုးနှင့် ဥပဒေဗဟုစနစ်ဆိုင်ရာ အဖွဲ့အစည်း/မူဘောင်များရှိခြင်းအားဖြင့် ထိခိုက်ခံစားရလွယ်သည့် ပြည်သူများအနေဖြင့် မြေယာ အခွင့်အရေးများ ရရှိရန် ရွေးချယ်စရာနည်းလမ်းများရရှိစေကာ တရားဝင်စနစ်သည် ထိရောက်မှုမရှိပါက သို့မဟုတ် မရနိုင်ပါက ၎င်းတို့၏ ဓလေ့ထုံးတမ်းစနစ်ကို ပြန်လည်အသုံးပြုခွင့်ရှိစေနိုင်ပါသည် (Mackenzie, ၁၉၈၉-၁၉၉၀- ၁၉၉၃)။ ယင်းသည် ရေရှည်အတွက် အဖြေမဟုတ်သော်လည်း - ဩဇာအာဏာကြီးမားသူများသာမက - အမျိုးသမီးနှင့်အမျိုးသားအားလုံးတို့အနေဖြင့် - ၎င်းတို့၏မြေယာအခွင့်အရေးများအတွက် မည်သည့်တရားဝင် သို့မဟုတ် ဓလေ့ထုံးတမ်းစနစ်သည် အကောင်းဆုံး၊ အဆီလျော်ဆုံးဖြစ်စေမည်ကို နားလည်၊ ကျင့်သုံးနိုင်စေရေး အကူအညီပေးရန် အရေးကြီးပါသည်။ ယင်းသည် ပြည်သူလူထု အသိပညာပေးခြင်း၊ ပြဋ္ဌာန်း ဥပဒေများနှင့် ဓလေ့ထုံးတမ်း အရ မြေယာ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေး စနစ်/အဖွဲ့အစည်းများအတွင်း ကျား-မရေးရာအသိအမြင်ဖွင့်ပေးခြင်းနှင့် အားလုံးပါဝင်ခွင့်ရှိပြီး၊ ပွင့်လင်းမြင်သာကာ တာဝန်ယူမှုရှိသော ဥပဒေယန္တရားများနှင့် လုပ်ငန်းစဉ်များ တဖြည်းဖြည်းချင်း ထူထောင်ခြင်း ကဲ့သို့သော လှုပ်ရှားမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မြေယာလုပ်ပိုင်ခွင့်အား ကျား-မသာတူညီမျှ စီမံအုပ်ချုပ်ရေးဖော်ဆောင်ရာတွင် ဥပဒေဗဟုစနစ်များရှိပါက အမြင်ကျဉ်းမြောင်းမှုကိုဖြေရှင်းရန်အတွက် မူဝါဒများ၊ ဥပဒေများနှင့် အားလုံးပါဝင်ခွင့်ကိစ္စရပ်များကို အာရုံစိုက်၍ ကျား-မ ဆက်ဆံရေးများနှင့် သြဇာအာဏာရှိမှုအခြေအနေဆိုင်ရာ အခြေခံအမြင်များကိုလည်း ထည့်သွင်းစဉ်းစား ကိုင်တွယ်ရန်လိုအပ်ပါသည်။ ထိုအတွက် အပိုင်း-၅ တွင်ဆွေးနွေးထားသည့်အတိုင်း ဆက်သွယ်ရေးနှင့် အသိပညာပေးခြင်းအပြင် အလွန်ရှည်လျားသည့် ကာလရှည်အမြင်များနှင့် သည်းခံခြင်းရှိရန် လိုအပ်ပါသည်။

ဆန်းစစ်ချက်အချက်များ စာရင်း-၂.၂ - **ဥပဒေ ဗဟုစနစ်အတွင်း ကျား-မ သာတူညီမျှရှိရန် ပံ့ပိုးခြင်း**

အရင်းအမြစ်များ - WOLREC 2011; Nakayi, 2010

- ✓ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ၎င်းတို့၏ခေါင်းဆောင်များနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်ပါ။ ဓလေ့ထုံးတမ်းဥပဒေနှင့် မြေယာလုပ်ပိုင်ခွင့် အလေ့အထများဆိုင်ရာ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များနှင့် ရလဒ်များဖန်တီးရာတွင် ရပ်ရွာတစ်ခုလုံးအား ပါဝင်ခွင့်ပြုပါ။
- ✓ ဓလေ့ထုံးတမ်းရှုထောင့်မှကြည့်လျှင် အကြောင်းအရာများ မည်ကဲ့သို့ပြောင်းလဲသွားနိုင်ကြောင်း အသိပညာပေးပါ။ ကိုယ်ထူကိုယ်ထအမျိုးသမီးအုပ်စုများသည် ယဉ်ကျေးမှုပြောင်းလဲရေးအတွက် ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါရှိသခြင့် ၎င်းတို့ကို ပံ့ပိုးကူညီပါ။
- ✓ ဓလေ့ထုံးတမ်းဥပဒေများကို တရားဝင်ဥပဒေနှင့် တန်းတူအသိအမှတ်ပြုရန်ဆောင်ရွက်ရာတွင် ဓလေ့ထုံးတမ်းဥပဒေများကိုအသုံးပြု၍ ထိခိုက်ခံစားရလွယ်သည့် ပြည်သူများအား ထိခိုက်နစ်နာစေသည့် ပုံစံမျိုးများဖြင့် လိုရာစွဲ အသုံးချခြင်း မရှိစေရန် ဂရုပြုကာကွယ်ပါ။
- ✓ ဓလေ့ထုံးတမ်း/ဘာသာရေးခေါင်းဆောင်များက တရားဝင် တရားသူကြီးများအား ဓလေ့ထုံးတမ်း/ဘာသာရေးဥပဒေများကို သင်ကြားပေးပြီး တရားသူကြီးများက ပြဋ္ဌာန်း ဥပဒေများကို ပြန်လည်သင်ကြားပေးသည့် နှစ်လမ်းသွား သင်တန်းအစီအစဉ်ပြုလုပ်ပါ။ ယင်းသည် မတူညီသော တရားရေးစနစ်များအကြား ဆက်သွယ်ပေးနိုင်ပြီး ပိုမိုတရားမျှတမှုရှိသော ရလဒ်များထွက်ပေါ်စေနိုင်ကာ အပြန်အလှန်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။
- ✓ အမျိုးသမီးများနှင့် အမျိုးသားများ အကူအညီနှင့် ဥပဒေအကာအကွယ်မည်သည့်နေရာမှ ရယူသည်ကို ဖော်ထုတ်ပါ။ ထိုယန္တရားများနှင့် လုပ်ငန်းစဉ်များအား ပံ့ပိုးကူညီ၍ ဥပဒေဗဟုစနစ်မှ အကျိုးကျေးဇူးခံစားရရှိရန်အတွက် ပြည်သူတို့၏စွမ်းရည် မြှင့်တင်ပေးပါ။

**သတိပြုရန်**

ကျား-မ မညီမျှသော ဓလေ့ထုံးတမ်း သို့မဟုတ် ဘာသာရေး ထုံးတမ်းစဉ်လာများမှ ကာကွယ်ပေးမည့် အကောင်းဆုံးအကာအကွယ်မှာ ပြဋ္ဌာန်းဥပဒေ ဖြစ်သည်။ သို့သော် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုတို့အကြား ကွာခြင်းချက်က ကြီးမားပြီး ဆိုးဝါးသော အလေ့အကျင့်များမှာ အရေးယူကြပ်မတ်မှုမခံရဘဲ ပြုလုပ်နေကြဆဲ ဖြစ်ပါသည်။

## ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ မူကြမ်းရေးဆွဲခြင်း၊

ကောင်းမွန်သော ဥပဒေများသည် တစ်ခါတစ်ရံတွင် နောက်ဆက်တွဲနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ မရှိသောကြောင့် အသုံးမပြုနိုင်ဘဲ ရှိနေလေ့ရှိသည်။ ထို့ကြောင့် မြေယာဥပဒေ လက်တွေ့ကျင့်သုံးစေရေး၊ ကျား-မ သာတူညီမျှ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဟာဗျူဟာများကို ထူထောင်ခြင်း လုပ်ငန်းစဉ် များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည် (FAO, 2008 က- ၁၂)။ ဇယား ၂.၁ တွင် ကျား-မသာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးအတွက် အကောင်အထည်ဖော်

ရေးမဟာဗျူဟာတစ်စိတ်တစ်ပိုင်း အနေဖြင့် ရေးဆွဲ၊ ပြဋ္ဌာန်းရမည့် ဥပဒေစာချုပ်စာတမ်းများကို ဖော်ပြထားပါသည်။

ဇယား-၂.၁ -
**ဥပဒေ စာချုပ်စာတမ်းများ**

| ဥပဒေစာချုပ်စာတမ်း | အဓိပ္ပါယ် ဖွင့်ဆိုချက် |
|---|---|
| **အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ** | စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ သို့မဟုတ် အတည်ပြု လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနေနှင့် ဥပဒေအရ လိုက်နာရန်တာဝန်ရှိသည့် အခြားသော တရားဥပဒေအရ စည်းနှောင်ထားသည့် နိုင်ငံတကာ စာချုပ်စာတမ်းများ။ |
| **ဖွဲ့စည်းပုံ အခြေခံ ဥပဒေများ** | နိုင်ငံတစ်နိုင်ငံအား အုပ်ချုပ်ရန် အခြေခံမူများကို တရားဝင်ပြဋ္ဌာန်းထားသည့် စာရွက်စာတမ်း။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအများစုမှာ စာဖြင့်ရေးသားထုတ်ဝေထားခြင်း ဖြစ်ပြီး အချို့မှာမူ ရေးသားထားခြင်းမရှိဘဲ အချိန်နှင့်အမျှ ထုံးတမ်းစဉ်လာနှင့် ကိုးကားချက်အားဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ |
| **ပင်မဥပဒေများ** | ဥပဒေပြုလွှတ်တော် (နိုင်ငံတော်၏ ဥပဒေပြုရေးမဏ္ဍိုင်) ကရေးဆွဲထားသည့် ဥပဒေများ။ ယင်းတို့ကို အထူး အသေးစိတ် ရေးဆွဲထားခြင်းမရှိပါက ပင်မဥပဒေများ အတွက် အထောက်အကူပြု နောက်ဆက်တွဲဥပဒေများ လိုအပ်ပါမည်။ |
| **ဆက်စပ်ဥပဒေများ** | ပင်မဥပဒေများကို လက်တွေ့၊ တရားမျှတစွာ ကျင့်သုံးနိုင်ရေးအတွက် အသေးစိတ်ရေးဆွဲရန် လိုအပ်သည့် နောက်ဆက်တွဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ပြန်တမ်းများ။ |
| **နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ** | အရာရှိများနှင့် စီမံခန့်ခွဲသူများ ဥပဒေများကို မည်ကဲ့သို့ အကောင်အထည် ဖော်သင့်ကြောင်း လမ်းညွှန်ပေးသည့် စာရွက်စာတမ်းများ။ |

ပင်မဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥ ပဒေနှင့်ကိုက်ညီရန်နှင့် နောက်ဆက်တွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ပင်မဥပဒေများရော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပါ ကိုက်ညီရပါမည်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပမာအားဖြင့် ကျား-မ သာတူညီမျှရေးကဲ့သို့သော မူများကို ပြဋ္ဌာန်း၍ အခြေခံအခွင့်အရေးများအတွက် အကာအကွယ်ပေးမှုများ ပါရှိပါက ထိုမူများအား ပင်မဥပဒေများကိုရေးဆွဲသည့် ဥပဒေပြု လွှတ်တော်နှင့်နောက်ဆက်တွဲဥပဒေများချမှတ်ကျင့်သုံးရန် တာဝန်ရှိသည့်အဖွဲ့အစည်းများကပါ လိုက်နာကျင့်သုံးရမည်။

မြေယာမူဝါဒချမှတ်ရေးလုပ်ငန်းစဉ်သည် ထွက်ပေါ်လာသည့် မြေယာမူဝါဒများနှင့် တစ်ထပ်တည်းမကျဘဲ ကွဲလွဲနိုင်သကဲ့သို့ ဥပဒေကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်သည်လည်း ထွက်ပေါ်လာမည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့်အကြောင်းအရာများနှင့် တစ်ထပ်တည်းကျမည် မဟုတ်ပါ။ ကျား-မ သာတူညီမျှ မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်ဆောင်ရွက်သော်လည်း ကျား-မ သာဆူညီမျှဥပဒေထွက်ပေါ်လာခြင်း ရှိချင်မှ ရှိမည် ဖြစ်သည်။ သို့သော် မူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ကျား-မ သာတူညီမျှရှိစွာ ပါဝင်စေခြင်းအားဖြင့် မတူညီသော လူမှု၊ လူတန်းစားများမှ အမျိုးသမီးများနှင့်အမျိုးသားများ၏ မတူညီသောလိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်းပေးနိုင်သည့် မြေယာဥပဒေများနှင့် နောက်ဆက်တွဲဥပဒေများ ထွက်ပေါ်လာရန် အလားအလာပိုကောင်းပါသည်။ သို့ဖြစ်ရာ ဤနည်းဖြင့် အလုံးစုံသော မြေယာမူဝါဒနှင့် ဥပဒေများအား အကောင်အထည်ဖော်ရာတွင် ကျား-မ သာတူညီမျှရှိစွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

ဇယားကွက်-၂.၆ တွင် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်များအား အားလုံးပါဝင်ခွင့်၊ အကြံပေးခွင့်နှင့် အမျိုးသမီးများရော အမျိုးသားများပါ ပါဝင်နိုင်မည့် နည်းလမ်းများကို ဖော်ပြထားပါသည်။

ဇယားကွက်-၂.၆ -

**အကြံပေးခွင့်၊ ပါဝင်ခွင့် နှင့် ကျား-မသာတူညီမျှ ဥပဒေမူကြမ်းရေးဆွဲခြင်း။**

အရင်းအမြစ် - FAO 2002c: 31-32; Government of Samoa 2008

မိုဇမ်ဘစ် နိုင်ငံတွင် ၁၉၉၇ ခုနှစ်က မြေယာဥပဒေနှင့် ဆက်စပ်စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲခြင်းခဲ့ရာ ၎င်းဥပဒေများသည် မူဝါဒချမှတ်ရေးနှင့် အမျိုးသားမြေယာဥပဒေပြုပြင်ပြောင်းလဲရေးတို့အတွက် အရပ်ဖက်လူ့အသိုင်းအဝိုင်း၊ အစိုးရနှင့် အခြားသော အကျိုးသက်ဆိုင်သူများ ပါဝင်နိုင်ရန်အတွက် အရေးကြီးသော အစဉ်အလာတစ်ရပ်ကို တည်ဆောက်နိုင်ခဲ့ရာ ယင်းကို တီထွင်ဖန်တီးမှုရှိသော မြေယာဥပဒေပြုပြင်ပြောင်းလဲမှုအတွက် ကောင်းမွန်သော နည်းစနစ်အဖြစ် ကျယ်ပြန့်စွာ ကိုးကားခြင်း ခံရပါသည်။ မြေယာဥပဒေအား ဥပဒေပြုလွှတ်တော်တွင် ရှင်းလင်းတင်ပြခြင်းမပြုမီ ကျင်းပခဲ့သည့် ၁၉၉၆ ခုနှစ် အမျိုးသားမြေယာညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တောင်သူနှင့် အမျိုးသမီးအဖွဲ့ငယ်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် လွတ်လပ်သောမြေယာကဏ္ဍပညာရှင်များနှင့် ကျွမ်းကျင်သူများ အပါအဝင် ကျယ်ပြန့်သော မဲဆန္ဒနယ်များမှ ပြည်သူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ သုံးရက်ကြာ ကျင်းပခဲ့သည့် အဆိုပါညီလာခံ၌ ထိုဥပဒေမူကြမ်းကို တစ်ချက်ချင်း အချေအတင် ဆွေးနွေးခဲ့ကြရာ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးမှု ရရှိခဲ့သည်။

ဆမိုအာနိုင်ငံ၏ ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်-၂၀၀၈ တွင် တည်ဆဲဥပဒေများအား အကောင်အထည်ဖော်ရေး စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအပါအဝင် ဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေမူကြမ်းရေးဆွဲရေး လမ်းကြောင်းပေါ်သို့မရောက်မီ အစိုးရဝန်ကြီးဌာနများနှင့် အေဂျင်စီများက ဆောင်ရွက်ရန် လိုအပ်သည့်အဆင့်များကို ဖော်ပြထားပါသည်။ ဥပမာ - ဥပဒေ/စည်းမျဉ်းစည်းကမ်း တစ်ရပ်အား မူကြမ်းရေးဆွဲပြီးသည်နှင့် တစ်ပြိုင်နက် ညွှန်ကြားချက်များ ထုတ်ပြန်ရသည့် ဝန်ကြီးဌာနသည် သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့်တိုင် ပင်ရမည်ဖြစ်ပြီး၊ ထိုသူများ၏ သဘောထား မှတ်ချက်များကို နောက်ဆက်တွဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမူကြမ်းရေးဆွဲရာတွင် ထည့်သွင်းရသည်။ လူထုတစ်ရပ်လုံးကို အပြန်အလှန်ကိုယ်စားပြုသည့် အမြင်များကို ရရှိရန်အတွက် - အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများ - စသည့် အုပ်စုအသီးသီးမှ ပြည်သူများထံမှ သဘောထား ခံယူပြီး ထွက်ပေါ်လာသည့် အကြံပြုချက်အားလုံးကို မှတ်တမ်းတင်ထားရမည်။ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အားလုံးတွင် ကျား-မ ခွဲခြားမှုမရှိသည့်အသုံးအနှုန်းများကို သုံးစွဲရန် ထိုလက်စွဲစာအုပ်တွင် လှုံ့ဆော်ထားပြီး - ဆမိုအာ ဥပဒေများအားလုံးကို ပြန်လည်စုစည်းခဲ့သည့် ၂၀၀၇ ခုနှစ်တွင် အမျိုးသားနှင့်သက်ဆိုင်သည့် အသုံးအနှုန်းများကို ကျား-မ ခွဲခြားမှုမရှိသည့် အသုံးအနှုန်းများဖြင့် ပြန်လည် အစားထိုးခဲ့ပါသည်။

အလှူရှင်များကပံ့ပိုးသည့် အစီအစဉ်များအပါအဝင် - မြေယာဥပဒေပြုပြင်ပြောင်းလဲရေး အစီအစဉ်အားလုံးသည် နောက်ဆက်တွဲ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များနှင့် လုပ်ထုံးလုပ်နည်းများ - ဥပမာ မြေယာမှတ်ပုံတင် လုပ်ငန်းလည်ပတ်ပုံနှင့် လုပ်ထုံးလုပ်နည်း လက်စွဲစာအုပ်များ - ရေးဆွဲဖန်တီးမှုအား အထောက်အကူပြုရမည်။ ထိုအထောက်အကူပြု စာချုပ်စာတမ်းများသည် ဥပဒေတစ်ရပ်ကို အာဏာတည်စေ သို့မဟုတ် ပြိုကွဲစေနိုင်သည်။ ထို့ကြောင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲစာဆောင်များ ရေးဆွဲ၊ ဖြန့်ဝေခြင်းသည် ကျား-မ သာတူညီမျှ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေး ထူထောင်ရာတွင် အဓိက အချက်တစ်ချက်ဖြစ်ပါသည်။ (FAO, 2011 က-၁၃)။

ထို့အပြင် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင်ပါဝင်သည့် စနစ်များ/ဌာနများသည် စည်းမျဉ်းစည်းကမ်းများကို လျော်ကန်စွာ ရေးဆွဲ၊ အကောင်အထည်ဖော်မှု ရှိရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ရမည်။ ဥပမာ - မြေယာမှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် လိုအပ်သည့် အထောက်အထားများနှင့် လုပ်ငန်းစဉ်များကို အမျိုးသမီးများရော အမျိုးသားများပါ ရယူ၊ အသုံးပြုနိုင်ရမည် - ဤတွင် အမျိုးသမီးများနှင့် အမျိုးသားများမြေယာမှတ်ပုံတင်ခွင့်တူညီစွာပေးနိုင်ရန် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များအား ပြန်လည်ပြင်ဆင်ရန် လိုအပ်သည် (World Bank/FAO/IFAD, 2009a: 145)။ လက်ထပ်ထိမ်းမြားထားသည့် ဇနီးမောင်နှံတို့ ပူးတွဲပိုင်ဆိုင်သည့် မြေယာအတွက် ပူးတွဲအမည်ပေါက် မဖြစ်မနေ မှတ်ပုံတင်စေရန်နှင့် လက်ထပ်ပြီးနောက် လက်ထက်ပွား ပစ္စည်းများကို လွှဲပြောင်းရောင်းချရန် စာချုပ်ချုပ်ဆိုပါက အိမ်ထောင်ဘက် နှစ်ဦးလုံးထံမှ သဘောတူညီကြောင်း

သက်သေအဖြစ်တင်ပြရန် သတ်မှတ်ခြင်းဖြင့် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးကို ပိုမိုကျယ်ပြန့်စွာဖြင့် စည်းမျဉ်း၊ စည်းကမ်းများချမှတ် ဖော်ဆောင်သင့်ပါသည် (World Bank/FAO/IFAD, 2009a: 145–146)။

စိုက်ပျိုးရေးလုပ်ငန်း ငှားရမ်းလုပ်ကိုင်သည့်အစီအစဉ်များဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင်လည်း ကျား-မ သာတူညီမျှမှုကို ထည့်သွင်းစဉ်းစားသင့်သည်။ ငှားရမ်းလုပ်ကိုင်ခြင်းသည် ကမ္ဘာတစ်ဝှမ်းရှိ တောင်သူမိသားစုများအတွက် မြေယာရရှိရန် တစ်ခုတည်းသော သို့မဟုတ် အဓိကအရင်းအမြစ်ဖြစ်ရာ ယင်းသည် မြေယာလုပ်ပိုင်ခွင့်အတွက် ရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ကျား-မ သာတူညီမျှ မြေငှားရမ်းမှု အစီအစဉ်များအား အထောက်အပံ့ ဖြစ်စေသည့် ကောင်းမွန်သောနည်းစံနစ်များတွင် ပါဝင်သောအချက်များနှာ (FAO, 2001; 2004):

- အမျိုးသမီးရော အမျိုးသားပါ ငှားရမ်းသူအမည်တွင် ရေးသွင်းခွင့်ပြုခြင်း၊ မိသားစုဝင်များအား အိမ်ထောင်ဦးစီးလက်မှ လွတ်လပ်စွာ မြေငှားရမ်းခွင့်ပြုခြင်းနှင့် မြေငှားရမ်းသူ၏အမည်နှင့်တစ်ကွ မြေအသုံးပြုသူ သို့မဟုတ် နေထိုင်သူ မိသားစုဝင်အားလုံး၏အမည်များကို တရားဝင်ငှားရမ်းမှုစာချုပ်များတွင် ရေးသွင်းထားခြင်း၊ စံသတ်မှတ်ထားသည့် ငှားရမ်းစာချုပ်ပုံစံများ အသုံးပြုခြင်းသည် ဤနေရာတွင် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။
- မြေငှားရမ်းမှုတွင် မြေပိုင်ရှင်အဖြစ် အမည်ပေါက်သူသည် အမှန်တကယ် ဥပဒေအရ မြေကိုငှားရမ်းပိုင်ခွင့် ရှိမရှိ စိစစ်ခြင်း - ဥပမာ မြေပိုင်ရှင်သည် ဓလေ့ထုံးတမ်းဥပဒေတစ်ရပ်ရပ်အရ မြေငှားရမ်းရန် ကျန်မိသားစုဝင်များထံမှ သဘောတူညီချက် တောင်းခံရမည့်ကန့်သတ်ချက်ရှိနိုင်သည်။
- မြေငှားသေဆုံးသွားပါက ကျန်ရစ်သူအိမ်ထောင်ဖက်နှင့် မိသားစုသည် မြေငှားသက်တမ်းကုန်ဆုံးသည့်အချိန်ထိ သို့မဟုတ် ပိုမိုတည်မြဲသည့် အစီအစဉ်ပြုလုပ်နိုင်ချိန်အထိ မြေတွင်ဆက်လက်နေထိုင်ခွင့်ပေးခြင်းဖြင့် မြေငှားအဖြစ် တရားဝင်အမည်ပေါက်သူရရှိသည့်အခွင့်အရေးအားလုံးကို ဆက်လက်ခံစားစေခြင်း စသည်တို့ဖြစ်သည်။

မြေယာဥပဒေအားလုံးတွင် ပါရှိသည့် ကျား-မ မတူညီမှုများအား ထည့်သွင်းစဉ်းစားသော၊ ကျား-မ သာတူညီမျှရှိသော ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရန်နှင့် ထိုဥပဒေများအား ထိရောက်စွာ၊ တာဝန်ယူမှုရှိစွာ ကျား-မသာတူညီမျှ ကျင့်သုံးရန် မဟာဗျူဟာများနှင့် လမ်းညွှန်ချက်များ လိုအပ်ပါသည် (FAO, 2011a: 13)။ ဆမိုအာနိုင်ငံတွင် ထုတ်ဝေခဲ့သကဲ့သို့ ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်ချက်များသည် ဤနယ်ပယ်တွင် အထူးအသုံးဝင်ပါသည် (ဇယားကွက်-၂.၆)။ စံသတ်မှတ်ထားသည့် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ် တည်ဆောက်ထားခြင်းဖြင့် ဖောင်ပုံစံများနှင့် အယူခံခွင့်ယန္တရားများ၏ ဒီဇိုင်းပုံစံများကဲ့သို့သော အသေးစိတ်အချက်များတွင် အမျိုးသမီးများရော အမျိုးသားများ၏ အခွင့်အရေးများကို အကာအကွယ် ပေးနိုင်မည်ဖြစ်သည်။

စည်းမျဉ်းစည်းကမ်း သို့မဟုတ် ဥပဒေများအား ရှေ့ပြေးချမှတ်ကျင့်သုံးခြင်းအားဖြင့် ပြဋ္ဌာန်းထားသည့် လုပ်ငန်းစဉ်များမြေပြင်တွင် မည်မျှကောင်းစွာကျင့်သုံးနိုင်ကြောင်း စမ်းသပ်နိုင်ပြီး (Rachel Knight, ပုဂ္ဂလိက ဆက်သွယ်ရေး) ဥပဒေရေးဆွဲစဥ်တွင် ၎င်းတို့ကိုအကောင်အထည်ဖော်မည့်

ဌာနများနှင့် လုပ်ငန်းစဉ်များကို လုံလောက်စွာ ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပါက ရှေ့ပြေးစမ်းသပ်မှုမှာ ပို၍ အသုံးဝင်ပါသည်။ ရှေ့ပြေးစမ်းသပ်မှုအပြီးတွင် ဥပဒေသစ်များ၊ စည်းမျဉ်းစည်းကမ်းသစ်များသည် မည်မျှထိရောက်ကြောင်း တုန့်ပြန်ချက်များရရှိကာ ပြင်ဆင်ရန်၊ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် အထောက်အကူပြုမည် ဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်လက်စွဲများသည် ကျား-မ သာတူညီမျှမှုရှိမရှိ ဆန်းစစ်ရန်နှင့် တည်ဆဲဥပဒေများ၏ အသေးစိတ်အချက်အလက်များကို လိုအပ်သလို မွမ်းမံပြင်ဆင်ရန် စိစစ်ရာတွင် ရှေ့ပြေးစမ်းသပ်ကျင့်သုံးမှုကို အထိရောက်ဆုံးအသုံးချနိုင်သည်။

မြေယာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ရာ၌ ကျား-မ သာတူညီမျှမှုကို စောင့်ကြည့်၊ ထိန်းကျောင်းရေးအတွက် တာဝန်ရှိသော အဆင့်မြင့်သည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်လည်း အရေးကြီးပါသည်။ ဥပမာ - ရဝမ်ဒါနိုင်ငံတွင် ကျား-မ စောင့်ကြည့်၊ ထိန်းကျောင်းရေးရုံးသည် ၎င်း၏ ကျား-မ သာတူညီမျှအစီအစဉ် အညွှန်းကိန်းများကို လိုက်နာဖော်ဆောင်မှုရှိမရှိ စောင့်ကြည့်၊ ထိန်းကျောင်းလျက်ရှိသည်။ ထိုကဲ့သို့သောရုံးသည် အစိုးရ ဌာနာများ၊ ကော်မတီအစည်းအဝေးများ စသတို့တွင် အမျိုးသမီးများ မဖြစ်မနေ ပါဝင်ရမည့် အချိုးအစား သတ်မှတ်ချက်စည်းမျဉ်းကဲ့သို့ သတ်မှတ်ချက်များကို လိုက်နာမှုရှိမရှိ ထိန်းကျောင်းရာ၌ တရားရုံးများ၊ အထူးမြေယာတရားရုံးသို့မဟုတ် ခုံရုံးများ စသည့် အယူခံဝင်သည့် စနစ်များထက် ပို၍ ထိရောက်နိုင်ပါသည်။ အယူခံစနစ်များမှာ အယူခံဝင်သူများ လာရောက်တိုင်ကြားမှ တုံ့ပြန်ခြင်း၊ နှေးကွေးခြင်း၊ ကုန်ကျစရိတ်ကြီးမားခြင်း၊ အောင်မြင်ဖို့ရန် မသေချာခြင်း စသည့် အားနည်းချက်များရှိပါသည်။

ပုံ-၂.၁ -
**ကျား-မသာတူညီမျှရှိသော ဥပဒေပြုရေးအဆင့်များ**

**ဥပဒေကြမ်းရေးဆွဲခြင်း**

1. ကျား-မသာတူညီမျှ အားလုံး ပါဝင်သည့် ဆွေးနွေးတိုင်ပင်မှု ရှိသော ဥပဒေကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်အား စံသတ်မှတ်ကျင့်သုံးရန်
2. ဥပဒေကြမ်းရေးဆွဲပြီး အကျိုးသက်ဆိုင်သူများထံ ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေ ဆွေးနွေးရန်
3. မီဒီယာမှ တဆင့် လူထုအား အသိပညာပေး၍ ဆွေးနွေးပွဲများ စီစဉ် ပေးရန်
4. ဒုတိယ အကြိမ် လူထု သဘောထား ခံယူ၊ ဆွေးနွေးပွဲများ ကျင်းပရန်
5. မီဒီယာမှ တဆင့် လူထုအား အသိပညာပေး၍ ဆွေးနွေးပွဲများ စီစဉ် ပေးရန်
6. နောက်ဆုံး အချော သတ် စာသားရေးသားပြုစု၍ ဥပဒေပြုရေး တာဝန်ရှိ အဖွဲ့အစည်းများထံ တင်သွင်း အတည်ပြုရန်

## ဥပဒေကြမ်းရေးဆွဲခြင်း

| | | | | |
|---|---|---|---|---|
| ကျား-မသာတူညီမျှ အားလုံး ပါဝင်သည့် ဆွေးနွေးတိုင်ပင်မှု ရှိသော ဥပဒေကြမ်း ရေးဆွဲရေး လုပ်ငန်းစဥ်အား စံသတ်မှတ်ကျင့်သုံးရန် | မြေပြင်တွင် ကျား-မ သာတူ ညီမျှ ရှိ၊ မရှိ စမ်းသပ်ရန် ရှေ့ပြေး အစီအမံ ချမှတ် ကျင့်သုံး၍ ရှေ့ပြေးအပေါ်မူတည်၍ လိုသလို လုပ်ထုံး လုပ်နည်းများ ပြန်လည် ပြင်ဆင်ရန် | ကျား-မ သာတူညီမျှ ရလဒ် များ ထွက်ပေါ်လာစေရန် ဥပဒေ ကျင့်သုံးဖော်ဆောင် ရေး လမ်းညွှန်လက်စွဲများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဥ်းစည်းကမ်းများ အပြည့်အစုံ ရေးဆွဲ ဖြန့်ဝေရန် | ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဥ်း၍ လူထုအား အသိပညာပေးခြင်း အစီအစဥ် ဆောင်ရွက် ရန် | ကျား-မ သာတူညီမျှ အကောင်အထည်ဖော် ကျင့်သုံးရေးအတွက် မြေယာ စီမံအုပ်ချုပ်ရေး အဖွဲ့အစည်းများ အားလုံး၏ သဘောတူညီမှု တည်ဆောက်ရန် |

ရပ်ရွာဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နည်းဥပဒေများကို ရပ်ရွာအဆင့်တွင်ပင် အမျိုးသမီးများနှင့် အမျိုးသားများအားလုံးကျား-မ သာတူညီမျှမှုဖြင့် ပါဝင်ခွင့်ပေးလျက်ရေးဆွဲစေသင့်ကာ ထိုမှတဆင့် ဒေသခံပြည်သူများ၏ ဥပဒေတတ်ကျွမ်းနားလည်မှု တိုးတက်လာကာ ပြဋ္ဌာန်းဥပဒေများအကြောင်း ပိုမိုနားလည်လာစေနိုင်ပါသည်။ ဒေသန္တရ ဥပဒေ ရေးဆွဲသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့အား အားနည်းစေသည့် သို့မဟုတ် ခွဲခြားဆက်ဆံသည့် စည်းကမ်းချက်များအား မေးခွန်းထုတ်လာနိုင်ရန်နှင့် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်အာမခံချက်နှင့် ဒေသန္တရမြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး၌ ပါဝင်ခွင့်ခိုင်မာစေရေးအတွက် အရေးဆိုလာနိုင်စေရန် အခွင့်အရေးပေးပါသည် (knight, 2011)။ ဇယားကွက်-၂.၇ တွင် လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်နှင့် ယူဂန်ဒါ နိုင်ငံများတွင် ရပ်ရွာလူထု မြေယာအမည်ပေါက် ပိုင်ဆိုင်ခွင့်ရရှိရေးလုပ်ငန်းစဉ် တွင် ကျား-မသာတူညီမျှမှုကို မည်သို့ အောင်မြင်စွာ ရရှိအောင်လုပ်ဆောင်နိုင်ခဲ့သည်ကို ဖော်ပြထားသည်။

ဇယားကွက်-၂.၇ - **ဒေသန္တရ ဥပဒေကြမ်း ရေးဆွဲခြင်းမှ ရရှိသော သင်ခန်းစာများ**

အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး ဥပဒေအဖွဲ့အစည်း (International Development Law Organization) သည် လိုင်ဘေးရီးယား၊ မိုဇမ်ဘစ် နှင့်ယူဂန်ဒါနိုင်ငံတို့တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရပ်ရွာလူထု မြေယာအမည်ပေါက်ပိုင်ဆိုင်ရေး စမ်းသပ်စီမံကိန်း တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ ထိုနိုင်ငံတစ်ခုချင်းစီ၌ နိုင်ငံအဆင့်နှင့် ဒေသန္တရ အရပ်ဖက်လူမှုမိတ်ဖက်အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်သည့် ထိုစီမံကိန်း၏ ရည်ရွယ်ချက်များတွင် မြေယာရပိုင်ခွင့် တောင်းခံမှုများကို မှတ်တမ်းတင်ရန် လူထု၏ကြိုးပမ်းမှုများအား မည်သို့ ပံ့ပိုးကူညီရမည်ကို နားလည်ရန်၊ ကျား-မ သာတူညီမျှမှုအတွက် ဖြည့်ဆည်းပေးမည့်နည်းလမ်းများအား ပြန်လည်သုံးသပ်၍ စမ်းသပ်လုပ်ဆောင်ရန်နှင့် ရပ်ရွာအတွင်း တရားမမျှတမှုနှင့် ခွဲခြားဆက်ဆံမှုတို့မှ တားဆီးကာကွယ်ရန်လည်း ပါဝင်သည်။

ထိုစီမံကိန်း၏ အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်မှာ ရပ်ရွာမြေယာစီမံခန့်ခွဲနိုင်ရန် နည်းဥပဒေများချမှတ်ရေးအတွက် အားလုံး ပါဝင်ခွင့်ရှိသည့် လုပ်ငန်းစဉ် ဖြစ်ပါသည် (နည်းဥပဒေ/ရပ်ရွာဖွဲ့စည်းပုံအခြေခံဥပဒေ)။ နည်းဥပဒေရေးဆွဲသည့် အဓိကအဆင့်တိုင်းတွင် အစည်းအဝေးများ ကျင်းပကာ - တည်ဆဲဥပဒေများကို ဆွေးနွေး၊ မှတ်တမ်းတင်ခြင်း၊ ရပ်ရွာလူထု၏လိုအပ်ချက်နှင့် ကိုက်ညီမှု မရှိတော့သော နည်းဥပဒေများကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းနှင့် ကိုက်ညီသည့် နည်းဥပဒေသစ်များကို ဖြည့်စွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများ အချင်းချင်း ညီညွတ်ကိုက်ညီမှုရှိ-မရှိ စိစစ်ခြင်း နှင့် နောက်ဆုံးအဆင့် ပြန်လည်သုံးသပ်ခြင်း၊ ပြီးနောက်တွင် ရပ်ရွာ၏ နည်းဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဖြစ် နောက်ဆုံးမူကြမ်းကို ချမှတ်ကျင့်သုံးရန် ပြင်ဆင်ခြင်း တို့ဆောင်ရွက်ပါသည်။

စီမံကိန်း စတင်ချိန်မှစ၍ စီမံကိန်းအကောင်အထည်ဖော်သည့်အဖွဲ့များသည် ရပ်ရွာလူထုတစ်ရပ်လုံး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပါဝင်ရမည် ဖြစ်ကြောင်းနှင့် အိမ်ထောင်စုများမှ အမျိုးသားများရော အမျိုးသမီးများပါ နည်းဥပဒေကို စိစစ်ထောက်ခံရန် နောက်ဆုံး အစည်းအဝေးသို့တက်ရောက်ရမည်ဖြစ်ကြောင်းအလေးထား ပြောကြားခဲ့ကြပါသည်။

ဤဒေသန္တရအဆင့် ဥပဒေကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်အားဖြင့် ရပ်ရွာလူထုအနေနှင့် အမျိုးသမီးများမေးမြန်း၊ ကန့်ကွက် ကြသည့် ရိုးရာအရ ခွဲခြားဆက်ဆံမှုရှိသည့် စည်းမျဉ်းများအပါအဝင် တည်ဆဲမြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး စည်းကမ်းများ နှင့် နောက်ခံ အကြောင်းရင်းများကို ထင်ဟပ်ခွင့်၊ ဆွေးနွေးခွင့် ရရှိကြပါသည်။ အမျိုးသမီးများသည် ရပ်ရွာအတွင်း ၎င်းတို့၏ အခွင့်အရေးများ ပိုမိုရရှိရေးအတွက် အချေအတင်တောင်းဆိုပိုင်ခွင့်ရှိကြောင်း သိမြင်လာကြပြီး ထိခိုက်ခံစားရလွယ်သည့် အုပ်စုများ၏ မြေယာအခွင့်အရေးများကို မြှင့်တင်ရန်နှင့် ရပ်ရွာတွင်း လုပ်ငန်းစဉ်များဖြင့် တည်ဆဲအခွင့်အရေးများကို ထိန်းသိမ်းထားရန် ရပ်ရွာလူထုများ ပိုမို တက်ကြွလာပါသည်။ ဤစီမံကိန်းအားဖြင့် ဒေသန္တရစည်းမျဉ်း နည်းဥပဒေများကို ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ကိုက်ညီစေကာ ရပ်ရွာလူထုနှင့် အမျိုးသမီးများအနေဖြင့် နိုင်ငံ့ဥပဒေနှင့် လူ့အခွင့်အရေး များအကြောင်း သိနားလည်မှု မြင့်တက်လာစေပါသည်။ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ အမျိုးသမီးများ တက်ရောက်ခြင်းဖြင့် မြေယာ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဆိုင်ရာရပ်ရွာလူထု၏ သဘောထားအမြင်များ စတင်ပြောင်းလဲလာကာ ဒေသန္တရ ဥပဒေကြမ်းရေးဆွဲရေးတွင် အမျိုးသမီးများ တန်းတူ ပါဝင်လာကာ ရပ်ရွာစည်းကမ်းများတွင် ပါရှိမည့်အကြောင်းအရာများကို လွှမ်းမိုးခွင့်ရရှိစေပါသည်။

ဆန်းစစ်ရန် အချက်များ စာရင်း

-၂.၃ -

**ကျား-မ သာတူညီမျှ ဥပဒေကြမ်းရေးဆွဲမှုကို ပံ့ပိုးကူညီခြင်း။**

အရင်းအမြစ် - McAuslan, 2010

- ✓ မြေယာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အားလုံးသည် ကျယ်ပြန့်လွှမ်းခြုံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်နှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီမှုရှိစေရေးနှင့် ဤမူဘောင်သည် ကျား-မ သာတူညီမျှရှိရေး ဂရုပြုရန်။
- ✓ အမျိုးသမီးအုပ်စုများပါဝင်ခွင့်ရရှိစေလျက် ၎င်းတို့၏ပါဝင်မှုကို အလေးအနက် ထည့်သွင်းစဉ်းစားသည့် ကျား-မ သာတူညီမျှ အကြံပေးမှုများနှင့် ပူးပေါင်းပါဝင်မှုများ ပါဝင်သည့် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်အား သတ်မှတ်ရန်။
- ✓ မတူညီသည့် အမြင်များနှင့် လိုအပ်ချက်များပေါ်ထွက်လာစေရန် အမျိုးသမီးသီးသန့်၊ အမျိုးသားသီးသန့်နှင့် ပူးတွဲ အကြံပြု အစည်းအဝေးများ ကျင်းပရန်။
- ✓ အမျိုးသမီးများ ပါဝင်မှု မြင့်မားလာစေရေးအတွက် ဥပဒေမူကြမ်းဆေးဆွဲရေး  ကော်မတီများတွင် မဖြစ်မနေရှိရမည့် ကျား-မ အချိုးအစား ကိုသတ်မှတ်ထားရန်။
- ✓ အမျိုးသမီးများထံမှ အကြံဉာဏ်မယူဘဲ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများ ပြဋ္ဌာန်းခွင့်များ မရှိစေရေးအတွက် သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်။
- ✓ ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးကို ပံ့ပိုးကူညီရာတွင် ဥပဒေကို မည်ကဲ့သို့ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ကို လမ်းညွှန်ထားသည့် မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး လုပ်ငန်းလည်ပတ်ရေး နှင့် လုပ်ငန်းစဉ်လက်စွဲစာအုပ်များကို ရေးဆွဲပြုစုရန်။
- ✓ ဒေသန္တရမြေယာကော်မတီများနှင့် ကော်မရှင်များတွင် အမျိုးသမီးများနှင့် အမျိုးသားများ အရေအတွက် အချိုးအစား သတ်မှတ်သည့်အခါ အထူးသဖြင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများသည် ထိုအဖွဲ့များနှင့် အမြဲတစေ အစည်းအဝေး တက်ရောက်လိုလိမ့်မည်၊ အချိန်ပေးနိုင်လိမ့်မည်ဟု မယူဆပါနှင့်။  ထို့ကြောင့် အစည်းအဝေး များကို အမျိုးသမီးများအတွက် ယေဘုယျအားဖြင့်အဆင်ပြေသည့်အချိန်များတွင်သာ ကျင်းပပေးခြင်း ဖြင့် အမျိုးသမီးများပါဝင်တက်ရောက်နိုင်အောင် ပံ့ပိုးရန်။

**သတိပြုရန်**

မြေယာဥပဒေများအကောင်အထည်ဖော်ရေးအတွက် ထိရောက်သော ကျား-မ သာတူညီမျှ နည်းလမ်း များနှင့် လုပ်ငန်းစဉ်များသည် ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် အတွက် မဖြစ်မနေ အရေးကြီးပါသည်။ စာတွေ့ လက်တွေ့အားဖြင့် ကျား-မ သာတူညီမျှဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ မူကြမ်းရေးဆွဲခြင်းသည် ဤအချက်ကို အစမှနေ၍ အထောက်အကူဖြစ်စေပါသည်။

## ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးနှင့် မြေယာ အခွင့်အရေးအသုံးချခြင်း

မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ စီမံအုပ်ချုပ်ရေးအတွက် ခိုင်မာသောဥပဒေအခြေခံ ချမှတ်ရာတွင် အမျိုးသမီးများနှင့် အမျိုးသားများ ၎င်းတို့၏မြေယာအခွင့်အရေးများကို နားလည်၊ ကျင့်သုံးနိုင်ရေး ကူညီပေးရာ၌ သက်ဆိုင်သည့် အကြောင်းအရာအမျိုးမျိုးတို့ကို အထူးအလေးထား ရန် လိုအပ်ပါသည်။ ထိုအကြောင်းအရာများအနက် ဇယား-၂.၂. တွင် ဖော်ပြထားသည့်အတိုင်း တရား ရေးစနစ် ရယူသုံးစွဲပိုင်ခွင့်၊ အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားများနှင့် ဥပဒေ အထောက်အပံ့များနှင့် ဥပဒေတတ်ကျွမ်းနားလည်မှုတို့ ပါရှိပါသည်။ ပထမ အချက် သုံးချက်ကို ဤအပိုင်း၏ နောက်လာ မည့် အပိုဒ်များတွင်ဆွေးနွေးထားပြီး ဥပဒေနားလည်မှုကို အပိုင်း ၅ တွင် အခြား နီးစပ်စွာ ဆက်နွယ် သည့် ဆက်သွယ်ရေးနှင့် အသိပညာပေး ကိစ္စရပ်များနှင့် အတူ ပူးတွဲဆွေးနွေးပေးထားပါသည်။

ဇယား-၂.၂ -
**ဥပဒေအခွင့်အရေးများ ကျင့်သုံးရာတွင် ပါဝင် သည့်အကြောင်းအရာ များ**

| အကြောင်းအရာ | အဓိပ္ပါယ် ဖွင့်ဆိုချက် |
|---|---|
| **တရားရေးစနစ် ရယူ သုံးစွဲပိုင်ခွင့်** | သက်ဆိုင်ရာ ဥပဒေနှင့် တရားစီရင်ရေးစနစ်များန၊ ဓလေ့ထုံးတမ်း သို့မဟုတ် တရားဝင် ပြဋ္ဌာန်း ထားသည့် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများကို အသုံးပြု၍ မြေယာ တောင်းခံပိုင်ခွင့်ရှိခြင်းကို ဆိုလိုသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအရ တရားရေးစနစ် ရယူသုံးစွဲပိုင်ခွင့်တွင် မည်သူမဆို ၎င်းတို့၏အခွင့်အရေး ချိုးဖောက်ခြင်းခံရကြောင်း သက်သေပြနိုင်ပါက ထိရောက်စွာ ပြန်လည်ကုစားခွင့်လည်း ပါဝင်ပါသည်။ |
| **အငြင်းပွားမှု ဖြေရှင်း ရေး ယန္တရားများ** | ပြဋ္ဌာန်း လုပ်ထုံးလုပ်နည်း သို့မဟုတ် ဓလေ့ထုံးတမ်း လုပ်ငန်းစဉ်များ နှင့် စနစ်/အဖွဲ့အစည်းများ သည် မြေယာအငြင်းပွားမှုများကို အားလုံးခြုံငုံသော တရားရေးစနစ် အောက်၌သာ ဖြေရှင်းလေ့ ရှိသည်။ |
| **ဥပဒေ အထောက်အပံ့** | လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် မြေယာတောင်းခံရာတွင် လိုအပ်သည့် လက်တွေ့အထောက် အပံ့ များမှာ - လုပ်ငန်းစဉ်အတွက် သတင်းအချက်အလက်များ၊ သက်ဆိုင်ရာကုန်ကျစရိတ်များ အတွက် ငွေကြေး အထောက်အပံ့ (ဥပဒေရေးရာ အထောက်အပံ့) နှင့် ဥပဒေအကျိုးဆောင်များ သို့မဟုတ် ရှေ့နေများ (ဥပဒေရေးရာ အကူအညီ) ထံမှ ကျွမ်းကျင်မှုအထောက်အပံ့တို့ ဖြစ်ပါသည် ။ပင်မဥပဒေများကို လက်တွေ့ တရားမျှတစွာ ကျင့်သုံးနိုင်ရေးအတွက် အသေးစိတ်ရေးဆွဲရန် လိုအပ်သည့် နောက်ဆက်တွဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ပြန်တမ်းများ။ |
| **ဥပဒေ နားလည်မှု** | ဥပဒေဗဟုသုတနှင့် ယင်းကိုမည်သို့ အကောင်အထည်ဖော်/အာဏာသက်ဝင် ကျင့်သုံးမည် ဆိုသည်၊ နှင့် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုတို့အကြား ဆက်သွယ်မှုကို နားလည်သဘောပေါက် ခြင်း။ |

## တရားရေးစနစ် ရယူသုံးစွဲခွင့်

နိုင်ငံတိုင်းတွင် မိမိတို့၏အခြေအနေကိုလိုက်၍ မတူညီသော အုပ်စုအသီးသီးတို့အကြား တရားရေးစနစ် ရယူသုံးစွဲပိုင်ခွင့် အမျိုးမျိုးရှိသည်။ ဥပမာ - ကျေးလက်ဒေသရှိ အမျိုးသမီးများ၏ ဥပဒေအထောက်အပံ့လိုအပ်ချက်သည် မြို့ပြနေ အမျိုးသမီးများ၏လိုအပ်ချက်နှင့် ကွဲပြားခြားနားမည်ဖြစ်ပြီး ပညာတတ်အမျိုးသမီး၊ အမျိုးသားများ၏ ဥပဒေထောက်အပံ့လိုအပ်ချက်သည်လည်း ပညာမတတ်သည့် အမျိုးသမီး၊ အမျိုးသား များနှင့် ကွဲပြားကာ မြေယာအခွင့်အရေးအတွက် ဓလေ့ထုံးတမ်းဥပဒေကို မှီခိုကြရသော အမျိုးသမီးများ၏ ဥပဒေအထောက်အပံ့လိုအပ်ချက် သည် မြေယာအား ၎င်းတို့၏အမည်ဖြင့် တရားဝင် ရယူ (နှင့် / သို့) မှတ်ပုံတင်ထားသည့် အမျိုးသမီးများနှင့် ကွဲပြားမည် ဖြစ်ပါသည် (Nakayi, 2010)။ သို့ဖြစ်ရာ မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်မှုတွင် မြေယာပြဿနာများအတွက် တရားရေးစနစ်ကို အမျိုးသမီးများနှင့် အမျိုးသားများအုပ်စုအားလုံးတို့ ကျား-မ သာတူညီမျှ ရယူသုံးစွဲနိုင်စေရန်အတွက် သက်ဆိုင်သူအုပ်စုအလိုက် သေချာစွာ ဦးတည်သောနည်းလမ်းများကို ပါဝင်သင့်ပါသည်။

သို့သော် နိုင်ငံများစွာတို့တွင် အမျိုးသမီးများအတွက် မြေယာဆိုင်ရာ တရားရေးစနစ် ရယူသုံးစွဲနိုင်ခွင့်သည် ယဉ်ကျေးမှု၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ ကြောင့် အကန့်အသတ်ရှိနေပါသည်။ ယင်းအတားအဆီးများတွင် တရားရုံးနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များ၊ မြေယာအခွင့်အရေးနှင့် တရားဝင် တရားရေးစနစ်အကြောင်း ဗဟုသုတ နည်းပါးမှု၊ အနေဝေးခြင်း၊ ဘာသာစကားအခက်အခဲ၊ တရားစီရင်ရေးတွင် ရှေ့နေငှားရမ်းနိုင်မှု မရှိခြင်း၊ တရားစွဲဆိုမှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိကိုယ်ကို ယုံကြည်မှုနှင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်မရှိခြင်းနှင့် မြေယာတောင်းခံပါက အမျိုးသမီးများအနေနှင့် လူမှုရေး-ယဉ်ကျေးမှု စည်းကမ်းများအရ အပြစ်ဒဏ်ပေးခံရခြင်း၊ ဖယ်ကျဉ်ခြင်းတို့ခံရမည်ကို စိုးရိမ်ခြင်းစသည့်အချက်များ ပါဝင်နိုင်ပါသည်။ ထို့အကြောင့် အမျိုးသမီးများသည် အမျိုးသားများထက်စာလျှင် တရားရေး ရယူသုံးစွဲခွင့် လုံးဝငြင်းပယ်ခံရနိုင်ဖွယ် ပိုများနေပါသည်။ (UN Women, 2011: 54; FAO, 2006a: 154–156; GROOTS Kenya, 2011)။

ဥပဒေဗဟုစနစ်အရ အထူးသဖြင့် အစိုးရတရားရေးဌာနများမရှိသော သို့မဟုတ် အလုမ်းမမီနိုင်သော၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်ဒေသများတွင် ဓလေ့ထုံးတမ်းဥပဒေသည် မြေယာအငြင်းပွားမှုဖြေရှင်းရေးနှင့် ရပ်ရွာစည်းကမ်းများ အာဏာသက်ဝင်စေရေးတို့အတွက် အခြေခံကျသော နည်းလမ်းဖြစ်သည် (Knight, 2011: 148)။ ဓလေ့ထုံးတမ်း အာဏာပိုင်များသည် ရပ်ရွာအနီးအနားတွင်ရှိပြီး အိမ်နှင့်ပိုနီးပါက အမျိုးသမီးများအနေနှင့် တရားဝင်တရားရေးဌာနများ ထက် ဓလေ့ထုံးတမ်းအာဏာပိုင်များထံ ချဉ်းကပ်ရန် ပိုမိုလွယ်ကူသည်ဟု ထင်မြင်နိုင်ပါလိမ့်မည်။ သို့သော် ကျား-မ ဘက်လိုက်မှုများနှင့် အမျိုးသားများကြီးစိုးမှုများ ရှိနေနိုင်ခြင်းကြောင့် ဓလေ့ထုံးတမ်းဥပဒေနှင့် အာဏာပိုင်များသည် အမျိုးသမီးများ၏အခွင့်အရေးကို တရားဝင် တရားရေးစနစ်နှင့် တန်းတူ ကာကွယ်ပေးရန် မသေချာပါ။

ကုလသမဂ္ဂ- အမျိုးသမီးများသည် တရားရေးကွင်းဆက်ကို “တရားစီရင်ရေးကို လက်လှမ်းမီစေရန် လုပ်ဆောင်ရသည့် ခြေလှမ်းအဆင့်ဆင့်” ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည် (UN-Women, 2011: 48)။

ကျား-မတာဝန်ယူမှုရှိသော တရားရေးကွင်းဆက်တွင် လိုအပ်သည်မှာ (UN-Women, 2011: 56–57 and 63) -

- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသည် အမျိုးသမီးများအတွက် တာဝန်ယူမှုရှိစေရေး အတွက် စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ ကြပ်မတ်ဖော်ဆောင်ရေး စည်းမျဥ်းစည်းကမ်းများ၊ တရားရေးစနစ်၏ မတူညီသောဌာနအသီးသီးတို့အကြား ညှိနှိုင်း ဆောင်ရွက်ခြင်း တို့အပါအဝင် ရှင်းလင်းသည့်အမိန့်တာဝန်များနှင့် လုပ်ငန်းစဉ်များ၊ လုံလောက်၍ ရေရှည်တည်တံ့သည့်ရန်ပုံငွေနှင့် အကောင်အထည်ဖော်မှုကိုစောင့်ကြည့်၊ ထိန်းကျောင်းသည့် လုပ်ငန်းစဥ်များ လိုအပ်ပါသည်။
- အမျိုးသမီးများရင်ဆိုင်နေရသည့် မြေယာတရားရေးစနစ် အသုံးပြုခွင့်ရရှိရေးအတွက် အဖွဲ့အစည်းဆိုင်ရာနှင့် လူမှုရေး အတားအဆီးများကို ကျော်လွှားနိုင်ရေးကူညီရန် စုစည်းထားသည့် သီးသန့်ဝန်ဆောင်မှုများ ဥပမာ မြေယာဝန်ဆောင်မှု အားလုံးကို တစ်နေရာတည်းတွင်ပေးနိုင်သည့် မြေယာဆိုင်ရာ အများပြည်သူဝန်ဆောင် မှုရုံးကဲ့သို့သော တစ်နေရာတည်း၌ စုစည်းထားသည့် ဝန်ဆောင်မှုမျိုးရှိခြင်းဖြင့် တရားစီရင်ရေး ရယူ အသုံးပြုနိုင်ရန် အဆင့်များစွာလျှော့နည်းသွားစေပါသည်။ အပိုင်း ၄ တွင် ဆွေးနွေးတင်ပြ ထားသည့်အတိုင်း မြေယာရုံးတွင် စုံစမ်းရေးကောင်တာ၌ အမျိုးသမီးများ ထားရှိပါက အမျိုးသမီး အမှုသည်များအတွက် ပိုမို ချဥ်းကပ်ရန်လွယ်ကူမည်ဖြစ်ကာ ပိုမို၍ အကူအညီ ဖြစ်စေနိုင်ပါလိမ့်မည်။
- အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်အားလုံးတွင် ကျား-မ မျှတစွာပါဝင်မှုတိုးတက်လာစေရန်နှင့် ပြည်သူလူထုအနေနှင့် တရားရေးစနစ် တစ်ရပ်လုံးအပေါ် ယုံကြည်မှုတိုးပွားလာစေရန် အမျိုးသမီးများ တရားရေးစနစ်တွင်ပိုမိုပါဝင်လာစေရေးအတွက် ပံ့ပိုးကူညီမှုပေးခြင်း။
- အမျိုးသမီးများ မြေယာဆိုင်ရာ တရားရေးအသုံးပြုခွင့်ရစေရေးအတွက် ရင်ဆိုင်နေကြ ရသည့် အတားအဆီးများကို တရားသူကြီးများအနေနှင့် ပိုမိုသိရှိလာစေရေးအတွက် အမြင်ဖွင့်ပေးခြင်းနှင့် သင်တန်းပေးခြင်း ဖြစ်ပြီး ဤနည်းဖြင့် ၎င်းတို့၏သဘောထားများ ပြောင်းလဲလာနိုင်ပါသည်။ တရားရုံးစရိတ်လျှော့ပေးခြင်း၊ ပုံစံများကို အခမဲ့ထုတ်ပေး ခြင်း သို့မဟုတ် ထိလွယ်ရှလွယ်သည့် အမှုများကို ဦးစားပေးခြင်း ကဲ့သို့သော - ရိုးရှင်း သော်လည်း ထိရောက်သည့် နည်းလမ်းများ - ကို အကောင်အထည်ဖော်နိုင်ပါသည်။

ဆန်းစစ်ရန် အချက်များ စာရင်း

-၂.၄ -

**မြေယာဆိုင်ရာတရားရေးစနစ်အသုံးပြုခွင့် ကျား-မ သာတူညီမျှ တိုး၍ရရှိရန် ဆောင်ရွက်ပေးခြင်း။**

အရင်းအမြစ် - Nakayi, 2010; UN Women, 2011

- ✓ မြေယာဆိုင်ရာ တရားရေးစနစ်အသုံးပြုခွင့်ရရှိရေးအတွက် အမျိုးသမီးများနှင့် အမျိုးသားများအား ဦးတည်အုပ်စုအလိုက် အချက်အလက်နှင့် သင်တန်းပေးရန်။
- ✓ ယဉ်ကျေးမှု၊ ဆင်းရဲနွမ်းပါးမှု၊ စာမတတ်မြောက်မှုနှင့် ဝေးလံခေါင်သီခြင်း စသည်တို့ကဲ့သို့သော တရားစီရင်ရေးကို အလှမ်းဝေးစေသည့် အခြေခံ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အကြောင်းရင်းများကို ဖြေရှင်းပေးရန်။
- ✓ မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဌာနများ - အထူးသဖြင့် မြေယာအငြင်းပွားမှုဖြေရှင်းရေးယန္တရားများတွင် အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် ပါဝင်မှုတိုးမြင့်လာအောင် ပံ့ပိုးကူညီရန်။
- ✓ မြေယာအငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များနှင့် ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုတွင် ဓလေ့ထုံးတမ်းဥပဒေနှင့် အာဏာပိုင်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ ဓလေ့ထုံးတမ်းအာဏာပိုင်များ ကျား-မသာတူညီမျှရေးအား လက်ခံကျင့်သုံးလာရန် ပံ့ပိုးပေးရန်။ ဓလေ့ထုံးတမ်း အလေ့အထများ မည်သို့ ဖြစ်တည်လာသည်ဆိုသည့် အကြောင်းရင်းနှင့် ၎င်းတို့သည် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံ အုပ်ချုပ်မှုပေါ်ပေါက်လာရန် မည်ကဲ့သို့ ပံ့ပိုးကူညီပေးနိုင်ကြောင်း ဖော်ထုတ်သတ်မှတ်ပါ။
- ✓ သြဇာကြီးသည့်အမျိုးသားများ သြဇာအာဏာကို အလွဲမသုံးရန်နှင့် အခြားသူများ မြေယာတရားရေးစနစ် လက်လှမ်းမမီအောင် အတားအဆီးသစ်များ မဖန်တီးစေရန် ဓလေ့ထုံးတမ်းဥပဒေကို ၎င်းတို့၏ အကျိုးလည်း ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းဖြင့် အသွင်ကူးပြောင်းမှု ပြုလုပ်ရန် အားပေးရန်။အထူးသဖြင့် တရားရေးကဏ္ဍတွင် တာဝန် ထမ်းဆောင် နေသော အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်း ကိုကျင့်သုံးပါ။

**သတိပြုရန်**

မြေယာတရားရေးစနစ် လက်လှမ်းမမီစေသော အတားအဆီးများသည် ထိခိုက်ခံစားရလွယ်သည့် ပြည်သူများအပေါ် သက်ရောက်သော်လည်း အမျိုးသမီးများမှာ အထူးပို၍ ထိခိုက်နစ်နာကြရသည်။ မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်မှု ပေါ်ပေါက်လာရန် မည်သည့် ဇာတ်နိမ့်/ဇာတ်မြင့်၊ ဘာသာရေး၊ တိုင်းရင်းသားနှင့် အသက်အရွယ် အသီးသီးမဆိုမှ အမျိုးသမီးများနှင့် အမျိုးသားများသည် ၎င်းတို့၏မြေယာအခွင့်အရေးများကို နားလည်သဘောပေါက်ကာ ကျင့်သုံးနိုင်ရန်အတွက် တရားရေး စနစ်အသုံးပြုခွင့်ရရှိရန် လိုအပ်သည်။

## မြေယာအငြင်းပွားမှု ဖြေရှင်းရေး၊

တရားဝင်နှင့် ပြဌာန်းဥပဒေအရ မြေယာအငြင်းပွားမှု ဖြေရှင်းရေး ယန္တရားများတွင် အမျိုးသမီးများ တိုး၍ ကိုယ်စားပြု၊ ပါဝင်လာစေရန် ပံ့ပိုးပေးခြင်းသည် အမျိုးသမီးများ၏ မြေယာအငြင်းပွားမှုဖြေရှင်းရေးနှင့် တရားရေးစနစ်များအသုံးပြုခွင့်အတွက် အသိအမှတ်ပြုထားခြင်းခံရသော ပံ့ပိုးမှု နည်းလမ်းတစ်ရပ်ဖြစ်ပါသည် (World Bank/FAO/IFAD, 2009a: 24)။ ဇယားကွက်-၂.၈ တွင် ဤအချက်နှင့် စပ်လျဉ်း၍ ရဝမ်ဒါနိုင်ငံတွင် ဒေသန္တရအငြင်းပွားမှု ဖြေရှင်းရေးကော်မတီများ၌ အမျိုးသမီးများ တိုး၍ပါဝင်ခြင်းကြောင့် ကျား-မသာတူညီမျှရလဒ်ထွက်ပေါ်ရန် ဖြစ်နိုင်ခြေ တိုးတက်လာစေပုံကို ကိုးကား၍ ပုံဖော်ထားပါသည်။

ဇယားကွက်-၂.၈ -

**ကျား-မ သာတူညီမျှ မြေယာအငြင်းပွားမှု ဖြေရှင်းခြင်း။**

အရင်းအမြစ်များ - RWN, 2011; Daley, Dore-Weeks and Umuhoza, 2010; International Justice Mission, no date

ရဝမ်ဒါ အမျိုးသမီးကွန်ရက် (RWN) သည် အမျိုးသမီးများ၏ မြေယာအခွင့်အရေးများကို ကာကွယ်ပေးသည့် ဥပဒေများကို အကောင်အထည် ဖော်ရာတွင် ၎င်းတို့၏အတွေ့အကြုံများကို အကဲဖြတ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ မြေယာညွန့်ပေါင်းအဖွဲ့က ရန်ပုံငွေဖြည့်ဆည်းပေးသည့် စစ်တမ်းတစ်ရပ်ကို Bugesera ခရိုင်တွင် ပြုလုပ်ခဲ့ပါသည်။ ထိုစစ်တမ်းတွင် အမျိုးသမီးများ၏မြေယာအခွင့်အရေးများ၊ အထူးသဖြင့် အမျိုးသမီးများပါဝင်ပါသက်သည့် အဖြစ်အများဆုံး အငြင်းပွားမှုပုံစံများဖြစ်သည့် အမွေဆက်ခံခြင်းဆိုင်ရာ အငြင်းပွားမှုနှင့် အခြား မိသားစုတွင်း အငြင်းပွားမှုများမှ အကာအကွယ်ပေးရာ၌ abunzi ခေါ် (ဒေသခံ စေ့စပ်ညှိနှိုင်းပေးသူများ) များ၏ အရေးပါမှုကို ဖော်ပြထားသည်။ စစ်တမ်းအရ အမျိုးသမီး အများစုသည် ၎င်းတို့၏အငြင်းပွားမှုပြဿနာများကို ဒေသန္တရအာဏာပိုင်များအား သတင်းပို့ရန် ရွေးချယ်လေ့ရှိကြပြီး အချို့မှာ abunzi များထံသို့ တိုက်ရိုက်သွားရောက်ကြကြောင်း တွေ့ရှိရသည်။ အမျိုးသမီး

↓

အနည်းငယ်သာ ၎င်းတို့၏အငြင်းပွားမှုများကို ရှေ့တွင်ဆိုခဲ့သော ဒေသန္တရအာဏာပိုင်များ သို့မဟုတ် စေ့စပ်ညှိနှိုင်းပေးသူများလောက် ယုံကြည်ရမှုမရှိသည့် မိသားစုကောင်စီများထံသို့ တိုင်ကြားကြသည်။ ဒေသန္တရအာဏာပိုင်များနှင့် abunzi အဖွဲ့ဝင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ရန် သတ်မှတ်ထားခြင်းကြောင့်လည်း အမျိုးသမီးများအနေနှင့် မြေယာအမှုအခင်းများကို တိုင်ကြားရန် ၎င်းတို့အား ပိုမိုယုံကြည်မှု ရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။

ထိုစစ်တမ်းတွင် အထူးသဖြင့် ပဋိပက္ခဒဏ် ပြင်းထန်စွာခံစားခဲ့ရသည့်၊ တည်ဆဲဓလေ့ထုံးတမ်းစနစ်များ၊ အဖွဲ့အစည်းများသည် လူထု၏ ယုံကြည်မှုမခံရသည့် ရဝမ်ဒါကဲ့သို့သောနိုင်ငံမျိုးတွင် ဒေသအဆင့် အစားထိုး အငြင်းပွားမှု ဖြေရှင်းပေးရေးလုပ်ငန်းစဉ်နှင့် စနစ်/အဖွဲ့အစည်းများ၏ အရေးပါမှုကို မီးမောင်း ထိုးပြထားသည်။ Abunzi များကိုယ်တိုင် အောက်ပါတို့ကို တိုက်တွန်းထားပါသည် -

- တရားဥပဒေစိုးမိုးရေးနှင့် ဒေသန္တရအငြင်းပွားမှုဖြေရှင်းရေးကော်မတီများအတွက် မြေယာဥပဒေသင်တန်းများ ပုံမှန်ပေးရန် အားပေးခြင်း-
- ခွဲခြားဆက်ဆံခြင်းအယူဝါဒများနှင့် တန်ဖိုးများကို ဆက်လက်ဆုတ်ကိုင်ထားသော အမျိုးသားများအတွက် ကျား-မ ကိစ္စရပ်များ သင်တန်းပေးခြင်း အပါအဝင် လူဦးရေတစ်ရပ်လုံးအတွက် ကျယ်ကျယ်ပြန့်ပြန့် ကျား-မသာတူညီမျှရေး အမြင်ဖွင့်ပေးခြင်းနှင့် မြေယာဥပဒေများအကြောင်း အသိပညာပေးခြင်းများ ဖြစ်သည် - သုတေသနစစ်တမ်းဖြေကြားသည့် အမျိုးသားတစ်ဦးက "အမျိုးသားတွေအနေနဲ့ ကျွန်တော်တို့ကိုယ်ကိုယ် တန်ဖိုးထားသကဲ့သို့ အမျိုးသမီးတွေရဲ့တန်ဖိုးကိုလည်း အလေးထားရပါမယ်" ဟု ဖြေကြားခဲ့သည်။

Abunzi သင်တန်းအစီအစဉ်များကို အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရေးမစ်ရှင် (IJM) ၏ တရားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် အစိုးရနှင့်အရပ်ဖက်လူမှုအဖွဲ့အစည်းများက ပူးပေါင်း ဖော်ဆောင်လျက်ရှိပါသည်။ IJM နှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသော ရှေ့နေများသည် ဇမ်ဘီယာ၊ ယူဂန္ဒာ၊ ကင်ညာနှင့် ရဝမ်ဒါနိုင်ငံများမှ ပိုင်ဆိုင်မှုများအား တရားမဝင်ဆုံးရှုံးရသူများ၊ အထူးသဖြင့် မုဆိုးမများနှင့် မိဘမဲ့များ တရားဥပဒေအရ ပြန်လည်ဖြေရှင်းပေးမှု ရရှိစေရန် လက်တွေ့ ဥပဒေရေးရာပံ့ပိုးကူညီမှုများ ပေးလျက်ရှိပြီး ဒေသခေါင်းဆောင်များနှင့် ဒေသန္တရ အငြင်းပွားမှု ဖြေရှင်းရေးကော်မတီများမှ အမျိုးသား၊ အမျိုးသမီးများအား သက်ဆိုင်ရာ ပြဿနာများနှင့်စပ်လျဉ်း၍ အသိအမြင်ဖွင့်ပေးရန် ထိုနိုင်ငံလေးခုလုံးနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

ကာဂျစ်စတန် နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကုလသမဂ္ဂအမျိုးသမီးများ၏ မြေယာများ မှန်ကန်သည့်လက်ဝယ်ရှိရေး အစီအစဉ်အရ ကျား-မတန်းတူညီမျှမှုနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာပေးရေးအတွက် အခွင့်အရေးကိုအခြေခံသည့် နည်းလမ်းကိုအသုံးပြုလာစေရန် တရားရေးကဏ္ဍမှ အဓိကဆောင်ရွက်နေသူများအား ဗဟုသုတနှင့် စွမ်းဆောင်ရည်များ မြှင့်တင်ပေး နိုင်ခဲ့သည်။ ဒေသန္တရရုံးများနှင့် ကွက်စိတ်နှင့်မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ မှတ်ပုံတင်ရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များအကြား မိတ်ဖက်ဆောင်ရွက်မှုများ ပိုမိုခိုင်မာစွာ အလေးထားဆောင်ရွက်ခဲ့ရာ တရားရုံးများတွင် အငြင်းပွားမှုများကို လျင်မြန်စွာဖြေရှင်းပေးနိုင်ခြင်း၊ မြေယာဝေစုများနှင့် အမည်ပေါက် ပိုင်ဆိုင်သည့် အထောက်အထားလက်မှတ်ကိုင်ဆောင်ခွင့်များကို အမျိုးသမီးများ၏ တရားဝင်အခွင့်အရေးများအဖြစ် ပြန်လည် ရယူပေးနိုင်ခဲ့ခြင်း ရလဒ်များ ရရှိခဲ့ပါသည် (Dju-saeva, 2012)။

အမျိုးသမီးများ၏မြေယာတောင်းဆိုမှုများ အသိအမှတ်ပြုခံရစေရေးတွင် အထူးသဖြင့် အခက်အခဲဖြစ်ရသည့် အကြောင်းရင်းတစ်ရပ်မှာ ၎င်းတို့တွင် အများပြည်သူအရေးဆောင်ရွက်စေရန် အင်အားနှင့်ဩဇာအာဏာ အလွန်နည်းပါးခြင်း ဖြစ်ပါသည်။ အမျိုးသမီးများ၏ မြေတောင်းခံမှုများ ပါဝင်သည့် အငြင်းပွားမှုများမှာ ကိုယ်ရေးကိုယ်တာ ဖြစ်၍ အိမ်တွင်း၌သာဖြေရှင်းသင့်သည့် အိမ်တွင်းရေးပြဿနာဖြစ်သည်ဟု အများအားဖြင့် ယူဆကြလေ့ရှိသည်။ အထူးသဖြင့် ကျေးလက်

ဒေသနေ အမျိုးသမီးများ၏ မြေယာအခွင့်အရေးများကို တရားဝင်ဖြစ်စေ၊ ဓလေ့ထုံးတမ်းအရ ဖြစ်စေ အသိအမှတ်မပြုခြင်းများ မကြာခဏတွေ့ကြုံရပါသည် (FAO, 2006 b- 48)။

အစားထိုး အငြင်းပွားမှု ဖြေရှင်းနည်းလမ်းသည် အများနှစ်သက်မှု တိုး၍ရရှိလာနေပါသည်။ ထိုအစားထိုးနည်းလမ်းများအနက် တစ်ခုမှာ တရားရုံးလုပ်ငန်းစဉ်ကို ကြာရှည်စွာရင်ဆိုင်နေကြရသည့် ပြည်သူများအား ၎င်းတို့၏အငြင်းပွားမှုများကို တရားရုံးလုပ်ငန်းစဉ်ကြောင့် စောင့်ဆိုင်းရခြင်းမရှိစေရန် တရားရုံး-အခြေပြု စေ့စပ်ညှိနှိုင်းပေးသူများက ဝင်ရောက် စေ့စပ်ညှိနှိုင်းပေးခြင်း ဖြစ်ပါသည် (Magzi, 2010)။

နိုင်ငံအများအပြားတွင် ဓလေ့ထုံးတမ်းအာဏာပိုင်များနှင့် အဖွဲ့အစည်းများသည် ဒေသန္တရ မြေယာအငြင်းပွားမှု ဖြေရှင်းရေးအတွက် ကြီးမားစွာ တာဝန်ယူထားဆဲ ဖြစ်ပါသည်။ ဓလေ့ထုံးတမ်း အငြင်းပွားမှုဖြေရှင်းရေးယန္တရားများသည် ပြဋ္ဌာန်း ဥပဒေထက်စာလျှင် ပိုမိုမြန်ဆန်ကာ ပိုမို၍ နီးစပ်လက်လှမ်းမီ၍ လူမှုရေးအရ ခိုင်မာမှု ပိုမိုရှိနိုင်ပါသည်။ သို့သော် ယင်းတို့သည် အများအားဖြင့် အမျိုးသားများကြီးစိုးလေ့ရှိပြီး ကျား-မ ဘက်လိုက်မှု ရှိပါသည်။ ၎င်းတို့ကို ကျား-မ သာတူညီမျှရှိစေရန် ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ၎င်းတို့၏ အားသာချက်ကိုလည်း ထိမ်းသိမ်းထား၍ ထိရောက်မှုကိုလည်း မြှင့်တင်နိုင်မည် ဖြစ်ပါသည် (FAO, 2006 a – 15 b and 166)။

ထိုအတွက် စိန်ခေါ်မှုမှာ ဓလေ့ထုံးတမ်း အဖွဲ့အစည်းများ၊ ကျား-မ သာတူညီမျှစွာ မြေယာလုပ်ပိုင်ခွင့်ကို စီမံအုပ်ချုပ်ရန် ပံ့ပိုးပူးပေါင်းဆောင်ရွက်နေသည်နှင့် တပြိုင်တည်း အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှု အာဏာခွဲဝေဖြန့်ကျက်ပေးလာမှုသည့် အခွင့်အရေးအား အမိအရ အသုံးချကာ တရားဝင် ပြဋ္ဌာန်းဥပဒေအရ အငြင်းပွားမှု ဖြေရှင်းရေးယန္တရားများကို ကျေးလက်အမျိုးသမီး၊ အမျိုးသားများပိုမို ရယူသုံးစွဲနိုင်လာစေရန် ဆောင်ရွက်ရေး ဖြစ်ပါသည်။ ဇယားကွက်-၂.၉ တွင် မြေယာ အငြင်းပွားမှုဖြေရှင်းရေးနှင့် စပ်လျဉ်း၍ ဓလေ့ထုံးတမ်းအဖွဲ့အစည်း/စနစ်များနှင့် ပူးပေါင်းဆောင်ရွက်ပုံများကို ဖော်ပြထားက အပိုင်း ၃ တွင် ဓလေ့ထုံးတမ်းအဖွဲ့အစည်း/စနစ်များနှင့် ပူးပေါင်း၍ ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းမှု အကြောင်း ဆွေးနွေးထားပါသည်။

သေတမ်းစာမပြုလုပ်ဘဲ သေဆုံးသွားခြင်းကဲ့သို့ အခြေအနေမျိုးအပါအဝင် သေဆုံးခဲ့သူများ၏ ပိုင်ဆိုင်သောပစ္စည်း များကို စီမံခန့်ခွဲရန်နှင့် ခွဲဝေပေးရန် တာဝန်ရှိသော ယူဂန်ဒါ အုပ်ချုပ်ရေးမှူးချုပ်ဦးစီးဌာန ကဲ့သို့သော အစိုးရ တရားရေးဌာနများ၏ တရားရေးလုပ်ငန်းစဉ်အတွင်းမှလည်း မြေယာအငြင်းပွားမှုများကို ဖြေရှင်းနိုင်ပါသည် (Namutebi, 2010)။ တည်ဆဲ အမွေဆက်ခံ ခြင်းဆိုင်ရာ ဥပဒေများသည် ခွဲခြားဆက်ဆံမှုရှိသော်လည်း ဥပဒေသစ်များ ထွက်ပေါ်လာခြင်း မရှိသေးသည့် အခါ ထိုကဲ့သို့သော ဌာနများသည် အရေးပါနိုင်ပါသည်။ အမျိုးသမီးများ - အထူးသဖြင့် မုဆိုးမများ ပါဝင်ခွင့်ရရှိစေရေးအတွက် ယူဂန်ဒါ အုပ်ချုပ်ရေးမှူးချုပ်ဦးစီးဌာန၏ ကြိုးပမ်းမှုများကြောင့် တရားရုံးလုပ်ငန်းစဉ်များကို ရှောင်ရှား၍ ပိုင်ဆိုင်မှုပစ္စည်းများကို အမျိုးသမီးများအား ခွဲဝေပေးရာ၌ ကျား-မ သာတူညီမျှမှု ပိုမိုရှိသော ရလဒ်များ ထွက်ပေါ်လာစေခဲ့ပါသည်။ (Namutebi, 2010; Ssonko; 2010)။

ဇယားကွက်-၂.၉ -
**မြေယာအငြင်းပွားမှုဖြေရှင်းရေး၌ ဓလေ့ထုံးတမ်း စနစ်/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။**

အရင်းအမြစ်များ - Harrington and Choprab, 2010: 20; Carfield, 2011; ULA, 2010; Ahikire, 2010.

ကင်ညာ နိုင်ငံတွင် ဥဇာဇာ ပြည်နယ်လူထုအတွင်း ခမည်း၊ခမက် များသည် မုဆိုးမများထံမှ မြေယာကို လုယူလေ့ရှိကြသဖြင့် ၎င်းတို့သည် အလွန်ဆင်းရဲ၊ ဒုက္ခရောက်နေကြချိန်တွင် ရပ်ရွာအကြီးအကဲများက ၎င်းတို့၏ယဉ်ကျေးမှုသည် အမျိုးသမီးများအား အကာအကွယ်ပေးခဲ့သည်ဟု ဂုဏ်ယူစွာ ကြွေးကြော်နေကြသည်။ လူ့အခွင့်အရေး အစီအစဉ်အတွက် ကင်ညာအမျိုးသားကော်မရှင်သည် အမျိုးသမီးများ မိမိတို့၏ မည်ကဲ့သို့မောင်းထုတ်ခံရကြောင်း ထိုအကြီးအကဲများအား ပြောပြနိုင်ရန် အခွင့်အလမ်းဖန်တီး ပေးလိုက်သည်။ အမျိုးသားလွှမ်းမိုးသည့် မြေယာအခွင့်အရေးကို ဆက်လက်ကာကွယ်မည်လား၊ အမျိုးသမီးများအား အကာအကွယ်ပေးမည်လား ဆိုသည့် ရွေးချယ်စရာနှစ်ခုအကြား ပိတ်မိလာသည့် အကြီးအကဲများသည် ထိုအကြပ်အတည်းကို ဖြေရှင်းရန်အတွက် တီထွင်ကြံဆ၍ နည်းလမ်းရှာခဲ့ရသည်။ အမှုကိစ္စအများအပြားတို့တွင် ၎င်းတို့သည် မုဆိုးမများ ၎င်းတို့၏ကွယ်လွန်သူခင်ပွန်း၏ မြေတွင် တစ်သက်တာ အကျိုးမျှဝေ ခံစားရစေရန် စတင်အကာအကွယ်ပေးလာကြသည်။ ယင်းသည် မုဆိုးမအတွက် သူမ၏ဝေစုကို ရရှိစေရန် ဖြစ်သလို အမျိုးသားကြီးစိုးသည့် အမွေဆက်ခံခွင့် ဓလေ့ထုံးတမ်းအရ မုဆိုးမ၏ သားများ ဝေစုတစ်စုကိုဆက်လက်ရရှိစေရန် ရည်ရွယ်ချက်လည်း ပါရှိပါသည်။

စစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ခံစားရသည့် ယူဂန်ဒါ နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ပြည်တွင်းနေရပ်စွန့်ခွာခဲ့ရသူများသည် မိမိတို့နေအိမ်များသို့ စတင်ပြန်လည်ဝင်ရောက်နေကြပြီဖြစ်ရာ ၎င်းတို့၏ ဘိုး၊ဘေးပိုင်မြေများကို ပြန်လည်တောင်းဆိုလာကြသည်။ ယင်းကြောင့် အပြိုင်အဆိုင်တောင်းဆိုမှုများနှင့် မြေယာပိုမိုရှားပါးလာမှုကြောင့် အိမ်နီးချင်းများနှင့် မိသားစုများအကြား မြေယာ ကျူးကျော်မှုများကို အခြေခံကာ အငြင်းပွားမှုများစွာ ဖြစ်ပေါ်လာသည်။ ၂၀၀၉ ခုနှစ်တွင် ယူဂန်ဒါ မြေယာမဟာမိတ်အဖွဲ့သည် ရိုးရာအာဏာပိုင်များအား လုပ်ပိုင်ခွင့်အာဏာပေးခြင်းနှင့် ဓလေ့ထုံးတမ်းနှင့် တရားဝင်တရားရေးစနစ်များပေါင်းစပ်ခြင်းဖြင့် မြေယာတရားရေး စနစ်ရယူသုံးစွဲပိုင်ခွင့် ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ စမ်းသပ်စီမံကိန်းတစ်ရပ်ကို စတင်ခဲ့သည်။ ၂၀၁၀ ခုနှစ်ကပြုလုပ်ခဲ့သည့် စီမံကိန်းအကဲဖြတ်မှုအရ အမျိုးသမီးများနှင့် ပိုမိုဆင်းရဲသည့်ပြည်သူများသည် မြေယာအငြင်းပွားမှုပေါ်ပေါက်လျှင် ယေဘုယျအားဖြင့် ဓလေ့ထုံးတမ်း ခေါင်းဆောင်များထံ ဦးစွာသွားရောက် တွေ့ရှိရသည်။ သို့ဖြစ်ရာ ထိုစီမံကိန်းသည် ရိုးရာအာဏာပိုင်များအား မြေယာအခွင့်အရေးချိုးဖောက်မှုများအားဖြေရှင်းရန် နည်းပညာစွမ်းရည်မြှင့်ပေးခြင်းအားဖြင့် တည်ဆဲဓလေ့ထုံးတမ်းတရားရေးစံနစ် ပိုမိုကောင်းမွန်အောင် ကူညီဆောင်ရွက်ခဲ့သည်။ ဤလုပ်ငန်းတွင် ရိုးရာအာဏာပိုင်များအတွက် သင်တန်းများနှင့် ရပ်ရွာလူထုအတွက် အမြင်ဖွင့်သင်တန်းများ ပါဝင်ပါသည်။ မြေယာအခွင့်အရေးဗဟိုဌာနများကို တည်ထောင်ကာ ဥပဒေအကျိုးဆောင် သင်တန်းများပေးခြင်း၊ ဥပဒေအကျိုးဆောင်များမှနေ၍ ဒေသန္တရနိုင်ငံရေး ခေါင်းဆောင်များ၊ ရိုးရာအာဏာပိုင်များ နှင့်ပူးပေါင်းကာ တရားရုံးများ၏ “တစ်ဖက်နိုင် တစ်ဖက်ရှုံး” ပုံစံအစား ရိုးရာတရားရေးနည်းလမ်း ကိုအသုံးပြု၍ အပြန်အလှန်နားလည်မှုရယူကာ မြေယာအငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးသည့် စနစ်သစ်ကို ထူထောင် လာကြ ပါသည်။

ယူဂန်ဒါ နိုင်ငံတစ်ဝှမ်း၌ အမျိုးသမီးများသည် ဓလေ့ထုံးတမ်းစနစ်နှင့် ရပ်ရွာကော်မတီ (LC) တရားရုံး စနစ်နှစ်မျိုးလုံးအား အသုံးပြုကြောင်း အထောက်အထားများ တွေ့ရသော်လည်း အများစုသည် အောက်ခြေအဆင့် (Clan, LC 1 and LC2 တရားရုံးများ) တွင်သာ ရပ်သွားပြီး ငွေကြေး တတ်နိုင်သူများသာ LC 3 နှင့် ရာဇဝတ်တရားသူကြီး၏တရားရုံးသို့မဟုတ် ခရိုင်မြေယာဘုတ်အဖွဲ့ သို့ ဆက်လက်တက်ရောက်ကြောင်း တွေ့ရှိရပါသည်။ ရပ်ရွာကော်မတီတရားရုံးများ (LC courts) များတွင် ရှေ့နေကိုယ်စားလှယ်မလိုအပ်ဘဲ ကျွမ်းကျင်ရာဘာသာ စကားဖြင့် သက်သေအမျိုးမျိုးတို့ကို လက်ခံပေးသည်။ သို့သော် LC 3 တရားရုံးမှလွဲ၍ ကျန်အဆင့်များသည် ဘက်မလိုက်မကင်းဟု ယူဆချက်များရှိပြီး ၎င်းတို့သည် အမှုသည်များနှင့် “ရင်းနှီးလွန်း” ခြင်း ရှိနိုင်ပါသည်။ သို့သော် အသိပညာ၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ ဓလေ့ထုံးတမ်းနှင့် စည်းကမ်းချက်များ ကိုရောနှောအသုံးပြုသည့် LC တရားရုံးများမှ ဆုံးဖြတ်ချက်များသည် ကျား-မ သာတူညီမျှရှိသော အပြုသဘောဆောင်သည့် ဓလေ့ထုံးတမ်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အလေ့အထများ ပြင်ဆင်ဖန်တီး၊ မှတ်တမ်းတင်ပေး နိုင်မည့် အလားအလာရှိပါသည်။

## ဥပဒေအထောက်အပံ့

ကျား-မ သာတူညီမျှ မြေယာတရားရေးစနစ်အသုံးပြုခွင့် ပိုမိုရရှိလာရန် ဆောင်ရွက်ရာတွင် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများနှင့် တရားရေးစနစ်များအားလုံးကို ထည့်သွင်းစဥ်းစားသင့်ပြီး အမျိုးသမီးများနှင့် အမျိုးသားများ၏ လိုအပ်ချက်နှင့်အသင့်တော်ဆုံးသောစနစ် အား ၎င်းတို့ ရယူအသုံးပြုနိုင်ရန် ကူညီပေးသင့်သည်။ ထိုသို့ပံ့ပိုးကူညီပေးရာ၌ ဥပဒေအထောက်ပံ့နှင့် လက်တွေ့

ဥပဒေအကူအညီပေးခြင်း အပါအဝင် အစိုးရများ အနေနှင့် သက်ဆိုင်ရာဆောင်ရွက်ချက်များ ပြုလုပ်နိုင်စေရန်အတွက် ထိပ်ပိုင်းမှစ၍ စတင်၍ဆောင်ရွက်သင့်သည်။ တာဂျစ်ကစ္စတန်နိုင်ငံတွင် အမျိုးသမီးကော်မတီများမှ ကိုယ်စားလှယ်များနှင့် ငှားရမ်းထားသော ရှေ့နေများဖြင့် ခရိုင်လုပ်ငန်း အဖွဲ့များကို ထူထောင်ခြင်းကာ အမျိုးသမီးများ အခမဲ့ ဥပဒေဝန်ဆောင်မှု ပိုမိုရရှိလာရန် ဆောင်ရွက် ပေးလျက်ရှိပါသည် (Undeland, 2012)။ ဇယားကွက်-၂.၁၀ တွင် ဆိုမာလီယာနိုင်ငံမှ အခြားသော အလာအလာကောင်းသည့် နည်းစနစ်ကောင်းများကို ဖော်ပြထားပါသည်။

အချို့နိုင်ငံများတွင် ဥပဒေအကူအညီများသည် မြေယာ၊ အမွေဆက်ခံမှုနှင့် မိသားစုဥပဒေများ အတွက် အကျုံးမဝင်ပါ။ ထို့အပြင် ဥပဒေအကူ အညီ အစီအစဉ်အားလုံးသည် ကျား-မရေးရာ မတူညီ မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ ခြွင်းချက်အနေဖြင့်မူ အိန္ဒိယနိုင်ငံတွင် ဥပဒေဝန်ဆောင်မှု များ လုပ်ပိုင်ခွင့် အာဏာ အက်ဥပဒေ ၁၉၉၂ ( Legal Services Authorites Act of 1992) အရ အမျိုးသမီးများအား သီးသန့် အကျိုးခံစားခွင့်ရှိ သူများစာရင်းတွင် ထည့်သွင်းထားခြင်းနှင့် ဂါနာ နိုင်ငံတွင် ဥပဒေအကူအညီစည်းမျဉ်းအက်ဥပဒေ ၁၉၉၇ ( Legal Aid Scheme Act of 1997) အရ ရာဇဝတ်မှုများသာမက အမွေဆက်ခံခွင့်အပါအဝင် တရားမ မှုများပါအကျုံးဝင်ကြောင်း ထည့်သွင်း ထားခြင်းမျိုး တွေ့ရပါသည်(FAO, 2006  a; 160)။

မြေယာစီမံခန့်ခွဲရေးစီမံကိန်းများအနေဖြင့် အမျိုးသားများရော အမျိုးသမီးများပါ သက်ဆိုင်ရာ ဝန်ဆောင်မှုများရရှိရေးနှင့် တန်းတူညီမျှဆက်ဆံခြင်းခံရရေးတို့အတွက် ၎င်းတို့၏ မြေယာ အငြင်းပွားမှုဖြေရှင်းရေးနှင့် ဥပဒေအထောက်အကူပေးရေး လုပ်ငန်းစဉ် များကို ပြန်လည်သုံးသပ် သင့်ပါသည်။ ကျား၊မ သာတူညီမျှရေးအတွက် အမျိုးသမီးများအနေဖြင့် စီမံကိန်းဝန်ထမ်းများနှင့် အစိုးရရုံးများအား လက်လှမ်းမီနိုင်ရန် ဆောင်ရွက်ပေးဖို့ လိုကောင်းလိုနိုင်ပါသည်။ ဥပမာ မြေယာ အငြင်းပွားမှုဖြေရှင်းရေးယန္တရားကို ရပ်၊ကျေး အဆင့်တွင်ပင် ရနိုင်ရန် ဖန်တီးပေးခြင်း သို့မဟုတ် ဇယားကွက်-၂.၁၁ တွင်ဖော်ပြထားသည့် ကာဂျစ္စတန်နိုင်ငံမှ နမူနာကဲ့သို့ ဥပဒေအထောက်အကူ ပေးခြင်းကို စီမံကိန်းဖြင့် လုပ်ဆောင်ပေးခြင်းတို့ ဖြစ်ပါသည်။

ဇယားကွက်-၂.၁၀ -
**ဓလေ့ထုံးတမ်းမြေပိုင်ရှင်များအတွက် ဥပဒေအထောက်အပံ့**

အရင်းအမြစ် - ၂၀၁၁ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Josephine Stowers-Fiu ၏ “ဆာမိုအာနိုင်ငံရှိ မြေယာ စီမံအုပ်ချုပ်မှု စနစ်/အဖွဲ့အစည်းများတွင် ကျား-မ သာတူညီမျှမှု တိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး” တင်ပြချက်

ဆမိုအာ နိုင်ငံတွင် မြေယာ ၈၀ ရာခိုင်နှုန်းကျော်သည် ဓလေ့ထုံးတမ်းမြေယာ စီမံမှုစနစ်များအောက်တွင် ရှိပြီး ထို စနစ်များတွင် နှစ်ဖက်မျိုးရိုးမှ အမွေဆက်ခံခွင့် နှင့်  အလွတ်သဘောငှားရမ်းခွင့်များ ပြုထားကာ အမျိုးသမီးများနှင့် အမျိုးသားများ အတွက် ဓလေ့ထုံးတမ်းမြေကို တန်းတူ စီမံ၊ ချုပ်ကိုင်ခွင့် ပေးထားသည်။ သို့ရာတွင် မိသားစုဆွေမျိုး အားလုံး၏ မြေအား အမြင့်ဆုံး ပိုင်ဆိုင်၊ စီမံပိုင်ခွင့်ရှိသူမှာ မိသားစု သဘောတူညီချက်ဖြင့် ရွေးချယ်ထားသော Matai ဟု ခေါ်သည့် အုပ်ထိန်းသူ/ခေါင်သူကြီး ဖြစ်ကာ ၎င်းမှနေ၍ ဓလေ့ထုံးတမ်းမြေယာကို အခြားသူထံငှားရမ်းခြင်း အပါအဝင် မြေယာနှင့် မိသားစုပိုင်ပစ္စည်းများအား ထိန်းချုပ်ကာ အသုံးပြုပုံကို ဆုံးဖြတ်ပါသည်။ တစ်ခါတစ်ရံတွင် Matai ၏ဆုံးဖြတ်ချက်ကို လက်မခံဘဲ မြေယာနှင့် အမည်ပေါက်တရားရုံး၌ အငြင်းပွားတိုင်ကြားခြင်းလည်း ရှိပါသည်။ ။ Matai အများစုသည် အမျိုးသားများ ဖြစ်ကြသော်လည်း အမျိုးသမီး Matai အချို့လည်း ရှိပါသည်။

ဓလေ့ထုံးတမ်း မြေယာအက်ဥပဒေ - ၁၉၆၅ တွင် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန (ဓလေ့ ထုံးတမ်းမြေယာပိုင်ရှင်များ ကိုယ်စား) နှင့် မြေအသုံးပြုသူ (မြေငှားများ) အကြား ဓလေ့ထုံးတမ်းမြေကို တရားဝင် ငှားရမ်းခွင့်ပြုထားပါသည်။ အတိတ်တွင် မြေငှားစာချုပ်စာတမ်းများ ပြင်ဆင်ရေးသားရာ၌ ဓလေ့ထုံးတမ်းမြေယာ ပိုင်ရှင်များက မြေငှား၏ရှေ့နေကိုပင် ပြန်လည်အားကိုးရခြင်းကြောင့် အကျိုးစီးပွားရောထွေးမှုပြဿနာများ ရှိခဲ့သည် ကို ဖြေရှင်းရန်အတွက် မြေငှားရန် ညှိနှိုင်းသည့်လုပ်ငန်းစဉ်တွင် ဓလေ့ထုံးတမ်း မြေပိုင်ဆိုင်သူကိုယ်စား ဝန်ကြီးဌာန မှ ဝင်ရောက်စီမံခန့်ခွဲပေးပါသည်။  မြေငှား စည်းမျဉ်း၊ စည်းကမ်းသည် ဓလေ့ထုံးတမ်းပိုင်ရှင်အားလုံး (တိုးချဲ့မိသားစု)

↓

၏ဆန္ဒများ ထင်ဟပ်စေရန် အဆိုပါဝန်ကြီးဌာနသည်  ပိုင်ရှင်များအား ထိုစည်းမျဉ်း၊ စည်းကမ်းအားလုံးကို ရှင်းပြခြင်း အပါအဝင် မြေငှားလုပ်ငန်းစဉ်အကြောင်းလည်း အသိပေးရပါသည်။

အမျိုးသားနှင့် အမျိုးသမီးများသည် မြေယာရပိုင်ခွင့် တန်းတူရှိကြသော်လည်း အမျိုးသမီးအများစုမှာ မိမိတို့၏ အခွင့်အရေးများကို မသိရှိကြပါ။ အမျိုးသမီး Matai ဖြစ်သည့် အခြေအနေမှလွဲ၍ ကျန်အချိန်များတွင် အမျိုးသမီးများသည် မြေငှားရမ်းခြင်းကိစ္စရပ်များ ဆွေးနွေး၊ ညှိနှိုင်းရာတွင် ပါဝင်ခွင့် မရကြပါ။ ဓလေ့ထုံးတမ်းမြေပိုင်ရှင်များအား အကူအညီပေးသည့် ဝန်ထမ်းများတွင် အမျိုးသမီးများ ပိုမိုခန့်ထားပေးခြင်းဖြင့် မြေငှားရမ်းခြင်း လုပ်ငန်းစဉ်တွင် ကျား၊ မ သာတူညီမျှပိုမို ပါဝင်ခွင့်ရကာ အစိုးရကပေးအပ်သည့် ဥပဒေအကူအညီကို ပို၍ ထိရောက်စေနိုင်ပါသည်။

ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးပေါ်ပေါက်ရန် ဥပဒေအထောက်အပံ့ပေးရာ၌ အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် အထူးအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ဥပဒေ အဖွဲ့အစည်းများသည် အမှုတစ်ခုစီ အတွက် လက်တွေ့ ဥပဒေ အကူအညီများပေးနိုင်သလို တစ်ချိန်တည်းတွင် မဟာဗျူဟာကျ တရားစွဲဆိုခြင်းနှင့် တရားရုံး၌ အရေးကြီးသော စမ်းသပ်အမှုများ တင်သွင်းခြင်းတို့ ဆောင်ရွက်ရန် စွမ်းရည်နှင့် တာဝန်များလည်းရှိနေပါသည်။ (UN-Women, 2011: 118; World Bank/FAO/IFAD, 2009a: 151; FAO, 2006a: 160; Kapur, 2011)။

စမ်းသပ်အမှုများသည် မြေယာဥပဒေများနှင့် မြေယာနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများတွင် ကျား-မ သာတူညီမျှ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရန် အကူအညီဖြစ်စေပြီး ကျား-မတန်းတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုရှိစေရန် တွန်းအားပေးပါသည်။ ဥပမာ - ဓလေ့ထုံးတမ်းဥပဒေကို ကျယ်ပြန့်စွာ အသုံးပြုသည့်နေရာများတွင် ဓလေ့ထုံးတမ်းဥပဒေ တစ်ရပ်လုံးကို အစားထိုးမည့်အစား ဓလေ့ထုံးတမ်းဥပဒေ၏ ခွဲခြားဆက်ဆံမှုရှိသည့် အပိုင်းများကိုသာ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်ရာတွင် စမ်းသပ်အမှုများမှတဆင့် ပါဝင်တွန်းအားပေးနိုင်ပါသည် (FAO, 2006 a : 166)။ သို့ဖြစ်ရာ တရားရုံးများကို အသုံးပြု၍ ကျား-မ သာတူညီမျှရှိရေးအား အကောင်အထည်ဖော်နိုင်ရန် အသုံးဝင်သည့်ယာဉ်အဖြစ် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၏ ဥပဒေအထောက်အပံ့က တွန်းအားပေးနိုင်ပါသည်။

ဇယားကွက်-၂.၁၁ -
**ကျေးလက်ပြည်သူများအတွက် ဥပဒေအထောက်အပံ့**

အရင်းအမြစ် - World Bank/FAO/IFAD, 2009a: 150-151

ကာဂျစ်စတန်နိုင်ငံတွင် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များအကြား အကောင်အထည်ဖော်ခဲ့သည့် - ကျေးလက်နိုင်ငံသားများအား ဥပဒေအထောက်အမပေးသည့်စီမံကိန်း (LARC) - သည် ဥပဒေဝန်ဆောင်မှုများပေးခဲ့ပြီး ကျေးလက်ပြည်သူများအား ၎င်းတို့၏မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် ဥပဒေကို မည်သို့အသုံးပြုရမည်ကို သင်ကြားပေးရန် ရည်ရွယ်ပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများသည် စီမံကိန်းအတွက် အကူအညီတောင်းခံခဲ့ကြပြီး နိုင်ငံလုံးဆိုင်ရာ မြေယာပြုပြင်ပြောင်းလဲမှုကာလအတွင်း မြေလျှောက်ထားသူများ ရရှိခဲ့ကြသည့် မြေများကို ကျေးရွာ သို့မဟုတ် ဒေသန္တရအာဏာပိုင်များက သိမ်းဆည်း၍ ရွာထဲရှိ အခြားအမျိုးသားများထံ ချပေးရန် ကြိုးပမ်းမှု ကဲ့သို့သော အလားတူငြင်းပွားမှုများအတွက် အကူအညီတောင်းခံကြပါသည်။ စီမံကိန်းဆောင်ရွက်ရာတွင် လင်-မယားကွာရှင်းပြတ်စဲခြင်း သို့မဟုတ် အမွေဆက်ခံခြင်းမှ ပေါ်ပေါက်လာသည့် မြေယာအငြင်းပွားမှုများအား မတွေ့ရှိခဲ့ရပါ။ ဤသို့သော အငြင်းပွားမှုအမျိုးအစား ဖြစ်လေ့မရှိခြင်းကြောင့်လား၊ သို့မဟုတ် အမျိုးသမီးများသည် တရားရုံး၌ ဆွေမျိုးများနှင့် ထိပ်တိုက်ရင်ဆိုင် တရားစွဲဆိုရန် နောက်တွန့်နေကြခြင်းကြောင့်လားဟု တွေးစရာဖြစ်ပါသည်။

မိသားစုတွင်း အမှုတစ်ခုတွင် မသန်စွမ်းအမျိုးသမီးတစ်ဦးအား သူမ၏ဖခင်ဖြစ်သူက မိသားစုအိမ်ကို သင့်တော်သည့်တရားဝင် စာရွက်စာတမ်း များဖြင့် အမွေပေးခဲ့သည်။ သို့သော် သူမ၏ဦးလေးနှင့် ဝမ်းကွဲမောင်၊နှမများက အိမ်မှဖယ်ပေးရန် ငြင်းဆန်ကာ ထိုအိမ်ကို ၎င်းတို့ပိုင်ဆိုင်ကြောင့် သက်သေအဖြစ် အခြားသောစာရွက်စာတမ်းများ ပြုလုပ်ခဲ့သည်။ ဒေသအာဏာပိုင်များက သူမအား ထိုအမှုကို တရားရုံး၌ စွဲဆိုရန် အားမပေးဘဲ တရားရုံးတွင်လည်း အမှုမှာ ရှေ့သို့ ဆက်မတိုးဘဲဖြစ်နေရာ သူမသည် LARC သို့ချဉ်းကပ်ခဲ့ပြီး နောက်ဆုံးတွင် သူမ၏တိုးချဲ့မိသားစုများနှင့် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။  LARC စီမံကိန်းသည် အမျိုးသမီးအား မြေယာအငြင်းပွားမှုတွင် အကူအညီပေးနေသော်လည်း ထိုအတွေ့အကြုံမှနေ၍ အမျိုးသမီးများမိမိ၏ ဆွေမျိုးများနှင့်ထိပ်တိုက်ရင်ဆိုင် တရားစွဲဆိုခြင်းကို ယဉ်ကျေးမှုစည်းမျဉ်း၊ စည်းကမ်းများအရ အားမပေးကြောင်း တွေ့ရှိရသဖြင့် မြေယာအငြင်းပွားမှုဖြေရှင်းရာ၌ ကျား-မ သာတူညီမျှမှု တိုးတက်ကောင်းမွန်လာစေရေးအတွက် ခိုင်မာသည့် ဥပဒေအထောက်အပံ့နှင့် အကူအညီများ လိုအပ်ကြောင်း သင်ခန်းစာရရှိခဲ့ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ပါက အထိရောက်ဆုံး ဖြစ်ကြောင်း မကြာခဏ တွေ့ရှိရပါသည်။ ဇယားကွက်-၂.၁၂ တွင် ဖော်ပြထားသည့်အတိုင်း ပါကစ္စတန်နိုင်ငံတွင် မြေယာခွဲဝေပေးရေးအစီအစဉ်အရ ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု တိုးတက်လာစေရန် အရပ်ဖက်လူ့အသိုင်းအဝိုင်း၏ ပံ့ပိုးမှုမှာ လွန်စွာအရေးကြီးကြောင်း တွေ့ရှိရပါသည်။

ဇယားကွက်-၂.၁၂ -

**ဥပဒေအထောက်အပံ့ အတွက် ကောင်းမွန်သော နည်းစနစ်**

အရင်းအမြစ် - ILC, 2010c

၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ မြေယာညွန့်ပေါင်းအဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ပါကစ္စတန် နိုင်ငံမှ စီမံကိန်းတစ်ရပ်တွင် ဆင်းပြည်နယ်ရှိ ခရိုင်းငါးခု၌ ဥပဒေအကူအညီပေးရေး ကော်မတီများ (LAC) နှင့် ဆပ်ကော်မတီများကို ထူထောင်ခဲ့ပါသည်။ ထို LAC များသည် အစိုးရ၏ ဆင်း လူမျိုးများအားမြေယာခွဲဝေပေးရေးအစီအစဉ် (LDP) အရ အမျိုးသမီးများအား မြေယာခွဲဝေပေးခြင်းအား ကန့်ကွက်အယူခံဝင်၍ ပြန်လည်တောင်းယူနေသည့် အမှုများတွင် အမျိုးသမီးများဘက်မှ လိုက်ပါဆောင်ရွက်ပေးပြီး ယခင်မြေပိုင်ရှင်များ အနေဖြင့် အကျိုးကျေးဇူးခံစားရသူ အမျိုးသမီးများထံ ချထားပေးသည့်မြေများကို အယူခံဝင်၍ ပြန်လည်တောင်းခံခြင်းမပြုနိုင်ရန် တားဆီးပေးခဲ့ပါသည်။

ထိုခရိုင်ငါးခုတွင် အမျိုးသမီးအဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ခဲ့ပြီး စီမံကိန်းမှနေ၍ အဖွဲ့အစည်းဝင်အမျိုးသမီးများအား အသင်းအဖွဲ့ စီမံခန့်ခွဲမှု ပညာရပ်များနှင့် အခြားအမျိုးသမီးများ LDP အစီအစဉ်ဖြင့် တရားဝင်မြေယာအမည်ပေါက်လျှောက်ထားရာတွင် ရင်ဆိုင်နေရသည့် ပြဿနာများကို ကူညီဖြေရှင်းပေး ရေးနည်းလမ်းများ သင်ကြားပေးခဲ့ပါသည်။ LAC နှင့်အမျိုးသမီးအဖွဲ့အစည်းများ ပူးပေါင်း၍ မကြာမီက မြေယာရရှိခဲ့ပြီးနောက် ပြန်လည်တရားစွဲဆိုခြင်းခံရသည့် အမျိုးသမီး ၅၀ ဦးတိုအား ဥပဒေဝန်ဆောင်မှုပေးခဲ့ရာ ထိုအမှုများအနက် ထက်ဝက်ခန့် အနိုင်ရရှိခဲ့ပါသည်။ LAC နှင့် အမျိုးသမီးအဖွဲ့အစည်းများက စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်လာပြီးနောက် အခြား အမှု ၃၆ မှုကို ယခင်မြေပိုင်ရှင်များက ပြန်လည်ရုတ်သိမ်းခဲ့ကြသည်။

ဤစီမံကိန်းအရ ဥပဒေအကူအညီပေးရာ၌ LAC ကပံ့ပိုးသည့်အမှုအချို့သည် တရားဝင်တရားရေးစနစ်သို့ လွှဲပေးရသည်များရှိသခြင့် ရေရှည် ကတိကဝတ်ပြုထား၍ ရန်ပုံငွေထောက်ပံ့သူ အလှူရှင်များ လိုအပ်ပါသည်။ သက်ဆိုင်ရာ အမျိုးသမီးများသည် တရားဥပဒေအထောက်အကူ ဆက်လက်လိုအပ်ကာ LAC နှင့် အမျိုးသမီးအဖွဲ့အစည်းများသည် တရားဝင် တရားရေးစနစ်၏ အထက်ပိုင်းအဆင့်များ၌ ဤသို့ပံ့ပိုးပေးနိုင်ရန် ၎င်းတို့၏ ကိုယ်ပိုင်အရည်အသွေးများအား မြှင့်တင်ရန်လိုအပ်ပါလိမ့်မည်။ အစိုးရအနေဖြင့် မြေယာစီမံကိန်းများတွင် ကျား-မ သာတူညီမျှရှိရေးအတွက် တာဝန်ခံမှုရှိရန် စီမံကိန်းက ပူးပေါင်းဆောင်ရွက်ရမည့်အပြင် ထိုအစီအစဉ်များဆောင်ရွက်နေသည့် အာဏာပိုင် တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် မဟာဗျူဟာများ ချမှတ်ရန်လည်း အရေးကြီးကြောင်းလည်း ဤစီမံကိန်းအားဖြင့် သင်ယူခဲ့ရပါသည်။

ဇယားကွက်-၂.၁၃ တွင် ဖော်ပြထားသည့် အိန္ဒိယ၊ မိုဇမ်ဘစ်နှင့် ခနသဟာရနိုင်ငံများ အတွင်းရေးမှူးချုပ်ရုံး တို့မှ နမူနာပုံများအရ အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် နိုငင်တကာအဖွဲ့အစည်းများသည် ရပ်ရွာတွင်းရှိ ဥပဒေအကျိုးဆောင်များအား ရပ်ရွာအဆင့်၌ ကျား-မ ပြဿနာများ ဖြေရှင်းဆောင်ရွက်ပေးရန် သင်တန်းပေးနိုင်ပါသည်။ ရပ်ရွာမှ ဥပဒေအကျိုးဆောင်များသည် ဘွဲ့ရရှေ့နေများနှင့်စာလျှင် သင်တန်းအနည်းငယ်သာ တက်ရောက်ရသဖြင့် ကုန်ကျစရိတ် နည်းနည်းဖြင့် ဥပဒေအထောက်အပံ့ ပေးနိုင်ပါသည်။ ၎င်းတို့သည် ဤလမ်းညွှန် အပိုင်း ၅ တွင်ထပ်မံဆွေးနွေးထားသည့် အတိုင်း ပြည်သူများ ဥပဒေပညာ နားလည်မှု မြှင့်တင်ရေးအတွက် ကြိုးပမ်းမှုတွင်လည်း အရေးပါသည်။

ဇယားကွက်-၂.၁၃ -
**ကျား-မ သာတူညီမျှ ကိစ္စရပ်များဆောင်ရွက်ရန် ရပ်ရွာဥပဒေ အကျိုးဆောင်များအား သင်တန်းပေးခြင်း၊**

အရင်းအမြစ်များ - ၂၀၁၁ မေ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Catherine Gatundu ၏ "မြေယာ မူဝါဒလုပ်ငန်းစဥ်တွင် အရပ်ဖက် လူမှု အဖွဲ့အစည်း ပါဝင်ခြင်းဆိုင်ရာ အာဖရိက အတွေ့အကြုံ" တင်ပြချက်နှင့် ၂၀၁၀ မေ ၁၃ FAO Rome တွင် Marianna Bicchieri ၏ "မိုဇမ်ဘစ် နိုင်ငံ - ကျား-မနှင့် မြေယာ" တင်ပြချက်၊ ILC, 2010d; Catherine Gatundu, personal communication

အိန္ဒိယ နိုင်ငံတွင် တောင်အာရှကျေးလက်ဒေသပြန်လည် တည်ဆောက်ရေးအသင်း ( South Asia Rural Reconstruction Association (SARRA) သည် သစ်တော၊ ပတ်ဝန်းကျင်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များအတွက် တာဝန်ရှိသည့် အဆင့်မြင့် အစိုးရအရာရှိကြီးများနှင့် ပူးပေါင်း၍ ၂၀၁၀ ခုနှစ်က အန်ဒရာ ပရာဒက်ရှ် ပြည်နယ်ရှိ သစ်တောတွင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအား ရပ်ရွာဥပဒေအကျိုးဆောင်သင်တန်း ပေးခဲ့ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုဝင် ၆၃ ဦး (အမျိုးသမီးများနှင့် လူငယ်များ အဓိကပါဝင်သည့်) အတွက် ၄ ရက်ကြာပြုလုပ်ခဲ့သည့် ဥပဒေအကျိုးဆောင်သင်တန်း အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရဝန်ကြီးများ၊ အခြားသော အဆင့်မြင့်အရာရှိကြီးများ နှင့် တိုက်ရိုက်အပြန်အလှန် ဆွေးနွေးမှု ပါဝင်ပါသည်။ ထိုသို့ တိုက်ရိုက်အပြန်အလှန်ဆက်သွယ်ခွင့်ရရှိသည်မှာ ပထမဆုံး အကြိမ်ဖြစ်ပြီး ယင်းကြောင့် တိုင်းရင်းသားမျိုးနွယ်စုများ၌ ယုံကြည်မှုများ တိုးမြင့်လာကာ ဆွေးနွေးပွဲများကျင်းပမှု များလာစေပြီး မြေယာအမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဥပဒေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအကြောင်း တိုင်းရင်းသား မျိုးနွယ်စုတို့၏ ဗဟုသုတကို ပွားများစေပါသည်။ SARRA သည် တိုင်းရင်းသားမျိုးနွယ်စုများ မြေယာကို မည်ကဲ့သို့ လျှောက်ထားရမည်ဆိုသည့် လက်တွေ့ကျသော သတင်းအချက်အလက်များနှင့်အတူ ၂၀၀၆ ခုနှစ် မြေယာအခွင့်အရေး အက်ဥပဒေ ကို ဒေသန္တရ ဘာသာစကား ( တယ်လဂူ) နှင့်ဘာသာပြန်ကာ အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ခဲ့သည်။ အသစ် သင်တန်းပေးထားသည့် ဥပဒေအကျိုးဆောင်များအနက် ထက်ဝက်နီးပါးတို့သည် မြေယာချထားရေးအတွက် ၎င်း တို့၏ လျှောက်လွှာများကို ကိုယ်တိုင်ဖြည့်ခဲ့ကြကာ နောက်ထပ် မျိုးနွယ်စုဝင်မိသားစု ၄၅ - စုတို့သည် အလားတူဖြည့် နိုင်ရန် ကူညီပေးခဲ့ကြသည်။

မိုဇမ်ဘစ် နိုင်ငံတွင် နော်ဝေနိုင်ငံ၊ FAO နှင့် မိုဇမ်ဘစ်အစိုးရဌာန တို့၏ပံ့ပိုးမှုဖြင့် ၃-နှစ်တာ ကျား-မရေးရာနှင့် မြေယာအခွင့်အရေးစီမံကိန်းတွင် တရားရေးသင်တန်း ဗဟိုဌာန (Center for juridical and Judicial Training – CFJJ) တည်ထောင်၍ ဥပဒေအကျိုးဆောင်သင်တန်းများနှင့် အရပ်ဖက်လူ့အသိုင်းအဝိုင်း၊ ပြည်သူ့ကဏ္ဍနှင့် လူထု ခေါင်းဆောင်များအတွက် ကွင်းဆင်း၍ ကျား-မရေးရာ ပံ့ပိုးမှုများစတင်ခဲ့ပါသည်။ တရားသူကြီးများ၊ ရှေ့နေများ နှင့် ရဲအရာရှိများအတွက် မြေယာသင်တန်းအစီအစဉ်ကို ၂၀၀၀ ခုနှစ်ကစ၍ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ရာမှ ကျေးလက်လူထုနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ဒေသန္တရအစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း များမှ ဆောင်ရွက်နေကြသူများအား မြေယာ ဥပဒေသစ်အကြောင်း သတင်းအချက်အလက်များဖြန့်ဝေပေးရန်လို အပ်ကြောင်း သိရှိလာခဲ့သည်။ ဥပဒေအကျိုးဆောင်သင်တန်းများကို ၂၀၀၅ ခုနှစ်တွင်စတင်ခဲ့ပြီး ထိုစီမံကိန်းအရ ဥပဒေ အကျိုးဆောင် သင်တန်းများ၊ တရားသူကြီးများအတွက်၊ ရှေ့နေများနှင့် ရဲအရာရှိ အကြီးအကဲများအတွက် ခရိုင်အဆင့် သင်တန်းများ၊ ကွင်းဆင်း၍နည်းပညာပေးသည့်အစီအစဉ်တစ်ရပ်နှင့် လူထုအစည်းအဝေးများအားဖြင့် အမျိုးသားများ နှင့် အမျိုးသမီးများနှင့်ပူးပေါင်းကာ ကျား-မ ရေးရာ လုပ်ငန်းများဆောင်ရွက်ရန် နည်းလမ်းရှာသည့်အနေနှင့် ကျား-မ ရေးရာ သင်ရိုးတစ်ခုကို ၂၀၁၀ ခုနှစ်တွင် ရေးဆွဲခဲ့ပါသည်။ ဤစီမံကိန်းအားဖြင့် အမျိုးသားအဆင့်စည်းရုံးလှုံ့ဆော်မှု တစ်ရပ်အားဖြင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးများနှင့် ကျား-မ သာတူညီမျှမှုဆိုင်ရာ အသိပညာပေးလုပ်ငန်း ကိုလည်းဆောင်ရွက်လျက်ရှိပါသည်။ ပေးလိုသည့် သတင်းစကားများကို နိုင်ငံ၏အဓိကဘာသာစကား လေးမျိုးလုံးဖြင့် တီရှပ်၊ နဖူးစည်း၊ ပြက္ခဒိန်၊ ကာတွန်းစာအုပ်၊ ဗီဒီယိုများ၊ ရပ်ရွာကဇာတ်ရုံများ၊ ရေဒီယိုနှင့်အခြားမီဒီယာများမှ ဖြန့်ဝေ ခဲ့ပါသည်။ ထိုစီမံကိန်းအရ ပိုမိုကျယ်ပြန့်သော ဥပဒေအကျိုးဆောင်နှင့် တရားရေးကဏ္ဍသင်တန်းအစီအစဉ်၏ သင် ထောက်ကူပစ္စည်းများနှင့် ပေါင်းစပ် သင်ကြားရန် သင်ရိုးစာအုပ်တစ်အုပ်ကို ရေးသားလျှက်ရှိပါသည်။

ခနသဟာရ အတွင်းရေးမှူးချုပ်ရုံး လက်စွဲစာစောင်ကို ဩစတြေးလျနိုင်ငံ၌ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လက ကျင်းပခဲ့ သည့် ဥပဒေဝန်ကြီးများအစည်းအဝေးတွင် စတင်ထုတ်ဝေခဲ့ပြီး "ဥပဒေနှင့် ဓလေ့ထုံးထမ်းများအရ အမျိုးသမီးများ အရင်းအမြစ်နှင့် အခွင့်အရေးများ တောင်းခံမှုများထိရောက်အောင် ဆောင်ရွက်ပေးနေသည့် အကျိုးသက်ဆိုင်သူများ အားလုံးထံသို့ ကြီးမား၍လက်တွေ့ကျသော သတင်းအချက်အလက်များပေးရန်" ရည်ရွယ်လျက် ActionAid နှင့် ပူးပေါင်း၍ ဖြန့်ချိခဲ့ပါသည်။ ဤလက်စွဲစာစောင်သည် ရာဇဝတ်တရားသူကြီးများ၊ ဒေသန္တရအုပ်ချုပ်ရေးမှူးများ၊ ရိုးရာ အကြီးအကဲများ၊ ရပ်ရွာခေါင်းဆောင်များနှင့် အောက်ခြေအဆင့်ရှိ ကျေးလက်အမျိုးသမီးများအတွက် လက်တွေ့ ကိရိယာ တစ်ခုဖြစ်ပြီး အထူးသဖြင့် ရပ်ရွာ ဥပဒေအကျိုးဆောင်များအတွက် သင်တန်းနှင့် ကိုးကားရန်လမ်းညွှန်စာအုပ် အဖြစ် အသုံးဝင်မည် ဖြစ်ပါသည်။ ဘာသာစကားအများအပြားနှင့် ထုတ်ဝေခဲ့သော ဤလက်စွဲစာအုပ်သည် ဥပဒေအား ဘက်ပေါင်းစုံမှနားလည်သဘောပေါက်ရေးနှင့် အမျိုးသမီးများ၏ မြေယာအသုံးပြုခွင့်နှင့်ရပိုင်ခွင့်များကို ကာကွယ်ပေး ရန် ဥပဒေအား အပြည့်အဝ အသုံးပြုရေးတို့အတွက် တစ်ဆင့်ချင်းလမ်းညွှန်ချက်များ ပေးထားပါသည်။

ဇယားကွက်-၂.၇ တွင် ဖော်ပြထားသော စီမံကိန်းတွင်လည်း ရပ်ရွာလူထုမြေယာအမည်ပေါက် ပိုင်ဆိုင်ရေးလုပ်ငန်းစဉ်များအား ပံ့ပိုးကူညီသည့်အနေနှင့် ဥပဒေအကျိုးဆောင်များအား ပံ့ပိုးကူညီ

သည့်အကြောင်းအရာများကို ဆွေးနွေးထားပါသည်။ ဤစီမံကိန်းသည် ဇယားကွက်-၂.၁၄ တွင် ဖော်ပြထားသကဲ့သို့ အထူးသဖြင့်ဒေသရပ်ရွာလူထုအတွင်း ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးပေါ်ပေါက်စေရန် အထိရောက်ဆုံး ဥပဒေပံ့ပိုးကူညီမှု အဆင့်များနှင့် အမျိုးအစားများကို တည်ဆောက်ရန် ဆန်းသစ်တီထွင်သော အမြင်များဖြင့် ချဉ်းကပ်ထားပါသည်။

ဇယားကွက်-၂.၁၄ -
**ဥပဒေအထောက်အပံ့ဆိုင်ရာ သင်ခန်းစာများ**

အရင်းအမြစ်များ - ၂၀၁၁ မေ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Rachel Knight ၏ "လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်နှင့် ယူဂန်ဒါ နိုင်ငံများတွင် ရပ်ရွာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ပေးခြင်း - မြေယာစီမံအုပ်ချုပ်ရာတွင် ကျား-မ သာတူညီမျှ ပါဝင်ခွင့်" တင်ပြချက်၊ Catherie Gatundu, personal communication

ဇယားကွက်-၂.၇ တွင်ဖော်ပြထားသည့် လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်နှင့် ယူဂန်ဒါ နိုင်ငံတို့၌ပြုလုပ်ခဲ့သည့် ရပ်ရွာလူထု အမည်ပေါက် မြေယာပိုင်ဆိုင်ရေးစီမံကိန်းတွင် ရပ်ရွာလူထုအုပ်စုများသည် ၎င်းတို့နိုင်ငံ၏တရားဝင်အမိန့်ချမှတ်ထားသည့် ရပ်ရွာလူထုမြေယာအမည်ပေါက် ပိုင်ဆိုင်ရေးလုပ်ငန်းစဉ်အတိုင်း လိုက်နာရာ၌ ၎င်းတို့အား မတူညီသော ဥပဒေအထောက်အကူ အဆင့်အသီးသီးဖြင့် ပံ့ပိုးပေးခဲ့ကြသည်။ ထိုအုပ်စု၏လုပ်ငန်းတိုးတက်မှုကို စောင့်ကြည့်၊ ထိန်းကျောင်းကာ ရလဒ်များကို နှိုင်းယှဉ်စိစစ်၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ပြည်တွင်း အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအနေနှင့် ရပ်ရွာလူထုမြေယာအမည်ပေါက်ပိုင်ဆိုင်စေရေး ဥပဒေပြုရာ၌ မည်ကဲ့သို့ အကောင်းဆုံးပံ့ပိုးပေးနိုင်မည်ကို လေ့လာဆန်းစစ်ခဲ့ပါသည်။

နိုင်ငံတစ်ခုစီမှ ရပ်ရွာအုပ်စု ၂၀ စီ စီမံကိန်းတွင် ပါဝင်ရန် တောင်းဆိုထည့်သွင်းခဲ့ပြီး ရပ်ရွာအုပ်စု တစ်ခုစီအား မတူညီသော ဥပဒေ အကူအညီများ လက်ခံရရှိသည့် အစုအဖွဲ့ လေးခုအနက် တစ်ခုစီတွင် ထည့်သွင်းခဲ့သည် -

- ရှေ့နေတစ်ဦး၊ ရပ်ရွာစည်းရုံးရေးမှူး/နည်းပညာရှင် တို့ပါဝင်သည့် အဖွဲ့ ပြုလုပ်ပေးသည့် လစဉ်တရားဥပဒေပညာပေးနှင့် သင်တန်း ကျင်းပခြင်း - ရပ်ရွာလူထုအားလုံးအား ထိုသင်တန်းများတက်ရောက်ရန် ဖိတ်ခေါ်ခဲ့ကြပြီး အမျိုးသမီးများပါဝင်စေရန်လည်း အထူးအစီအစဉ်များ ချမှတ်ကျင့်သုံးကြပါသည်။
- ရပ်ရွာအခြေပြု၊ ရွေးကောက်ခံ "မြေယာဥပဒေအကျိုးဆောင်" နှစ်ဦး (မိုဇမ်ဘစ်နှင့် ယူဂန်ဒါတို့တွင် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးစီ၊ လိုင်ဘေးရီးယားတွင် ရပ်ရွာလူထုက ရွေးချယ်သူများ) က ဥပဒေအကူအညီပေးခြင်းအပြင်၊ လစဉ် ဥပဒေ ပညာရပ်နှင့် သင်တန်းများ ပေးခြင်း၊ ဥပဒေအကျိုးဆောင်နှစ်ဦးသည် ထိခိုက်လွယ်သော လူအုပ်စုများပါဝင်စေရေး၊ ဓလေ့ထုံးတမ်းအခွင့်အရေးများအား ပြည်တွင်း ဥပဒေများ၊ လူ့အခွင့်အရေး အခြေခံမူများနှင့် အညီကျင့်သုံးရေး အပါအဝင် အသေးစိတ် သင်တန်းများရရှိခဲ့သည်။
- ပဋိပက္ခဖြေရှင်းရေးအကူအညီအပါအဝင် ရပ်ရွာမြေယာအမည်ပေါက်ပိုင်ဆိုင်ရေး လုပ်ငန်းစဉ်တစ်လျှောက် စီမံကိန်းရှေ့နေများနှင့် ကွင်းဆင်းအဖွဲ့များက လစဉ်ဥပဒေပညာနှင့် နည်းပညာအကူအညီ အပြည့်အဝပေးခြင်း
- နမူနာအုပ်စုများ - ရပ်ရွာလူထုများအား အစည်းအဝေးတစ်ကြိမ်ဖိတ်ကြား၍ အမျိုးသားမြေယာဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ မိတ္တူ၊ လမ်းညွှန်စာအုပ် တစ်အုပ်နှင့် အခြားသော ရပ်ရွာလူထုမြေယာအမည်ပေါက်ပိုင်ဆိုင်ရေးလုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးရန် သင်ခန်းစာစာရွက်စာတမ်းများ မျှဝေပေးခဲ့သည်။

ထိုနိုင်ငံသုံးနိုင်ငံစလုံးတွင် ရပ်ရွာလူထုများသည် ဥပဒေအကျိုးဆောင်အထောက်အပံ့နှင့် လစဉ် ဥပဒေပညာနှင့် သင်တန်း (အထက်ပါစာရင်းမှ ဒုတိယ အုပ်စု) ကိုရရှိသည့် ရပ်ရွာလူထု အတွက် မှတ်ပုံတင်သည့်လုပ်ငန်းစဉ် ပြီးစီးမှု အအောင်မြင်ဆုံးဖြစ်ရာ - ဥပဒေအထောက်အပံ့ အပြည့်အဝရရှိခဲ့သော သူများထက်ပင် သာလွန်သွားပါသည်။ ထိုစီမံကိန်းတွင် ရပ်ရွာလူထုပါဝင်ရေးအတွက် အထောက်အကူပေးရာတွင် ဥပဒေအကျိုးဆောင်များ၏ အခန်းကဏ္ဍသည် သိသာထင်ရှားသည်။ ဤတွေ့ရှိချက်များအရ ဒေသခံများက ရွေးကောက်သည့်ရပ်ရွာ ဥပဒေအကျိုးဆောင်များအား သင်တန်းပေးခြင်းနှင့် ကြီးကြပ်ပေးခြင်းသည် ကုန်ကျစရိတ် နည်းပါးပြီး ရပ်ရာလူထုများစွာတို့၏ မြေယာမှတ်ပုံတင်သည့်လုပ်ငန်းစဉ်တလျှောက် ထိရောက်၍ အကျိုးရှိသော နည်းလမ်းဖြစ်ကြောင်းတွေ့ရသည်။ ထိုစီမံကိန်းအတွေ့အကြုံ အရ ဥပဒေနှင့် နည်းပညာအထောက်အကူပြုအဖွဲ့က ကြီးကြပ်၊ အကြံပေး၍ ရပ်ရွာဒေသခံ ဥပဒေအကျိုးဆောင်များက ရပ်ရွာမြေယာအမည် ပေါက်ပိုင်ဆိုင်ခွင့်လုပ်ငန်းစဉ်အား ပံ့ပိုးဆောင်ရွက်ခြင်းက အကောင်းဆုံးပုံစံဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။

နောက်ဆုံး အရေးကြီးသည့် ကိစ္စတစ်ရပ်မှာ ဆန်းသစ်တီထွင်သော ဖြေရှင်းချက်များအား စဉ်းစားရန် လိုအပ်ခြင်း၊ အထူးသဖြင့် ဒေသန္တရအဆင့်တွင် ဖြစ်ပါသည်။ ဇယားကွက်-၂.၁၅ တွင် ကင်ညာနိုင်ငံ၏ ဥပဒေအထောက်အကူပြုယန္တရားတစ်ရပ်အဖြစ် စောင့်ကြည့်၊ထိန်းကျောင်းရေး

အုပ်စုများ လှုပ်ရှားပုံကို ဖော်ပြထားသည်။ စောင့်ကြည့်၊ ထိန်းကျောင်းရေးအုပ်စုများသည် ဒေသန္တရ တရားရုံးများ ကြားနာစီရင်သော အမှုများနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဥ်များတွင် ဒေသခံ ပြည်သူများအတွက် ဥပဒေအကူအညီပေးသူများအဖြစ်ဆောင်ရွက်၍ တရားဝင် တရားရေးစနစ် ဝန် ပိခြင်းကို ကူညီလျှော့ချပေးနိုင်ပါသည်။ ၎င်းတို့သည် အောက်ခြေ၌အားလုံးပါဝင်ခွင့်ရှိသည့် အုပ်ချုပ် မှုပေါ်ပေါက်ရေးအတွက် ပိုမိုကျယ်ပြန့်သော ယန္တရားအဖြစ်လည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင် ပါသည်။

ဇယားကွက်-၂.၁၅ -
**အမျိုးသမီးများ၏ မြေယာအခွင့်အရေး အထောက်အကူပြုမည့် ရပ်ရွာစောင့်ကြည့်၊ ထိန်းကျောင်းအုပ်စုများ**

အရင်းအမြစ် - GROOTS Kenya, 2011

အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် GROOTS ကင်ညာသည် ဂါတွန်ဒူခရိုင်ရှိ မုဆိုးမများနှင့်မိဘမဲ့များ ၎င်းတို့၏ မြေယာနှင့် ပိုင်ဆိုင်သောပစ္စည်းများ မဆုံးရှုံးစေရေး အတွက် ရပ်ရွာလူထုမြေယာနှင့်ပစ္စည်း စောင့်ကြည့်၊ ထိန်းကျောင်း အုပ်စုများ (WDG) ဖွဲ့စည်းရာတွင် အခြေခံလူထုလူတန်းစားများအား အကူအညီပေးခဲ့သည်။

WDG များကို ရပ်သူရွာသားများ - အမျိုးသမီးများနှင့် အမျိုးသားများ - ၎င်းတို့၏ရပ်ရွာအတွင်းတွင် ပစ္စည်းများ ပိုင်ဆိုင်ခွင့်ချိုးဖောက်ခံရခြင်း မှကာကွယ်ရန်အတွက် ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်သင့်သည်ဟူသောအတွေးဖြင့် ဖွဲ့စည်းခြင်းဖြစ်ပါသည်။ WDG တစ်ဖွဲ့လျှင်အမျိုးသားနှင့် အမျိုးသမီးအဖွဲ့ဝင် ၁၅ ဦးမှ ၂၅ ဦးအထိပါဝင်ပြီး ၎င်းတို့သည် အားလုံးပါဝင်ခွင့်ရသည့် ရပ်ရွာလုပ်ငန်းစဉ်တွင် စေတနာ့ဝန်ထမ်း အဖြစ်ပါဝင်လုပ်ဆောင်ကြသူများ ဖြစ်ကြသည်။ ဤ လုပ်ငန်းစဉ်တွင် ရပ်ရွာလူထုလိုအပ်ချက်အကဲဖြတ်ခြင်း၊ ကျေးရွာခေါင်းဆောင်များ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပြည်နယ်အာဏာပိုင်များကဲ့သို့သော အဓိကကျသည့် ပါဝင်ပတ်သက်သူများအား စည်းရုံးခြင်း၊ အကဲဖြတ်မှုရလဒ်များ ဝေမျှခြင်း၊ မြေယာအခွင့်အရေးများ ချိုးဖောက်မှု အကျိုးဆက်ကို ရှင်းပြခြင်းနှင့် ရပ်ရွာလူထုနှင့်ဆွေးနွေးပွဲများ ကျင်းပ ခြင်းများ ပါဝင်ပါသည်။ အမျိုးသမီးများအား ပါဝင်လှုပ်ရှားကြရန် အထူး အားပေးခဲ့ကြပါသည်။ မြေယာအခွင့်အရေး ချိုးဖောက်မှုတွင် ထိခိုက်ခံစားရလွယ်သည့် ရပ်သူ ရွာသားများ ပါဝင်ပါက WDG သည် ထိုအမှု၏အကြောင်းအရာများကို ဖော်ထုတ်ကာ ရပ်ရွာထဲမှ ကျန်သူများအား သတိထားစေပြီး ချိုးဖောက်သူများမှနေ၍ ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသည့် ပိုင်ရှင်ထံသို့ ပြန်ပေးရန် စေ့စပ်ညှိနှိုင်းပေးပါသည်။ ရပ်ရွာခေါင်းဆောင်များ၊ ဒေသန္တရ အစိုးရအရာရှိများ၊ အကြီးအကဲ များနှင့် ရပ်မိရပ်ဖများ စသည်တို့ပါဝင်လျက် စေ့စပ်ညှိနှိုင်းရေး နည်းမျိုးစုံကို အသုံးပြုပါသည်။ လိုအပ်ပါက WDG သည် ထိုအမှုကို တရားရုံးတွင်စွဲဆိုရန် စီစဉ်ပြီး တရားရုံးဆုံးဖြတ်ချက်အား အမှန်တကယ် အကောင်အထည်ဖော်ရန် ကြပ်မတ် ပေးပါသည်။ WDG သည် ရဲတပ်ဖွဲ့ဝင်များ၊ တရားစီရင်ရေး၊ ပြည်နယ်အာဏာပိုင်များ၊ ခရိုင်အဆင့် မြေယာမှတ်တမ်း ထိန်းများ၊ မြေယာအငြင်းပွားမှု ခုံရုံးများနှင့် မြေယာထိမ်းသိမ်းရေး ဘုတ်အဖွဲ့ဝင်များ စသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းများမှ လွှဲပြောင်းတိုင်ပင်မှုများကိုလည်း လက်ခံ ဆောင်ရွက်ပါသည်။ ရပ်ရွာလူထုများသည် WDG မှဦးဆောင် သည့် အကဲဖြတ်မှုများနှင့် ပြန်လည်သုံးသပ်မှုများတွင် ပါဝင်တုန့်ပြန်မှုများပေးကာ အောင်မြင်သည့် WDG များအား ၎င်း တို့၏လုပ်ငန်း တိုးတက်မှုများနှင့် အလေ့အထများကို အဆင့်တူချင်းဖလှယ်ခြင်း သို့မဟုတ် အလားတူပြဿနာ များ ရင်ဆိုင်နေရသည့် အခြားသောရပ်ရွာများသို့သွားရောက် ကူညီ အသိပညာမျှဝေခြင်းများပြုလုပ်ကြပါသည်။

GROOTS ကင်ညာနှင့် အခြားအေဂျင်စီများ ကဲ့သို့သော မိတ်ဖက်များမှတစ်ဆင့် ဂါတွန်ဒူ ခရိုင် WDG အဖွဲ့ဝင်များသည် ဥပဒေအကျိုးဆောင် အခြေခံ သင်တန်းကဲ့သို့ သင်တန်းများ တက်ရောက်ခွင့်ရရှိခဲ့သဖြင့် ၎င်းတို့သည် အငြင်းပွားမှု ဖြစ်နေသည့်အဖွဲ့များအကြား စေ့စပ်ညှိနှိုင်းပေးခြင်း၊ အခြေခံ ဥပဒေ အကြံဉာဏ်များပေးခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါသည်။ ပြည်သူလူထုအနေဖြင့် မိမိတို့၏အခွင့်အရေးများကို အကာအကွယ်ပေးမည့် စာရွက်စာတမ်းများ ရရှိရန် မှန်ကန် သောတရားဝင်လမ်းကြောင်းအတိုင်း ဆောင်ရွက်ကြစေရေးအတွက် WDG သည် ပြည်သူလူထုအား အသိပေးခြင်းနှင့် သတိပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ဂါတွန်ဒူရှိ WDG သည် အောက်ခြေအဆင့်အမှုများ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ကာ တရားဝင်တရားရေး စနစ်များ အပေါ် ဝန်ပိခြင်းများအား လျှော့နည်းစေသည့်နည်းလမ်းဖြင့် ပြည်နယ်အစိုးရအား ပံ့ပိုးကူညီပေးခဲ့သည်။ အခြား သော ဆန်းသစ်တီထွင်မှုနည်းလမ်းများအနက် တစ်ခုမှာ တရားဝင် တရားရေးစနစ်အတွင်း မြေယာအမှုကိစ္စများ ဖြေ ရှင်းစဉ် WDG များက ကြေငြာချက်များ ထုတ်ပြန်နိုင်စွမ်းရှိခြင်းဖြစ်သည်။ ဓလေ့ထုံးတမ်းအာဏာပိုင်များ၏ လုပ်ငန်း စွမ်းဆောင်မှုများကို ပြည်နယ်အစိုးရထံသို့ လစဉ်အစီရင်ခံပေးခြင်းဖြင့် ကျား-မသာတူညီမျှမှု ကိုတာဝန်ခံမှုရှိသော မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးအတွက် အကူအညီများပေးလျက် WDG များသည် အားလုံးပါဝင်ခွင့်ရှိသော အုပ်ချုပ် ရေးအတွက် အလွန်ထူးခြားကောင်းမွန်သောနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ သို့သော် WDG များသည် အသိအမှတ်ပြုမခံရခြင်း၊ ငွေကြေးနှင့် ယဉ်ကျေးမှုကန့်သတ်ချက်များ၊ ရပ်ပိုင်းဆိုင်ရာနေရာ (ရုံးနေရာ) မရှိ ခြင်းနှင့် အဂတိလိုက်စားခြင်း တို့ကဲ့သို့သော စိန်ခေါ်မှုများကို လည်း ရင်ဆိုင်နေကြရပါသည်။

**ဆန်းစစ်ရန် အချက်များ စာရင်း**

**-၂.၅ -**

ကျား-မ သာတူညီမျှ ဥပဒေအထောက်အပံ့ရရှိစေခြင်း

အရင်းအမြစ်များ - WOREC, 2011; YWAP, 2011; RWN, 2011; FAO, 2001: 29-34

- ✓ ရပ်ရွာ မြေယာအမည်ပေါက်ပိုင်ဆိုင်ရေး အားထုတ်မှုအတွင်း အမျိုးသမီးများနှင့် ထိခိုက်ခံစားရလွယ်သည့် အုပ်စုများ၏ မြေယာအခွင့်အရေးများ ကာကွယ်ပေးနိုင်ရန် မည်သို့အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးမည် ဆိုသည့်အချက်အပါအဝင် ရပ်ရွာက လိုအပ်နေသည့် ဥပဒေ အထောက်အပံ့ အမျိုးအစားနှင့် အဆင့်ကို အကဲဖြတ်ရန်။
- ✓ အမျိုးသားများလည်း ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အပံ့လိုအပ်ကြရာ ရပ်ရွာဥပဒေအကျိုးဆောင်များအား အမျိုးသမီးများရော အမျိုးသားများနှင့်ပါ လက်တွဲဆောင်ရွက်ရေးသင်တန်းပေးရန်။ ရပ်ရွာ ဥပဒေအကျိုးဆောင်များအား ငွေကြေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြားသော ပံ့ပိုးမှုများ ပေးရန်။
- ✓ ရပ်ရွာ စောင့်ကြည့်၊ထိမ်းကျောင်းရေးအုပ်စုများဖွဲ့စည်း၍ ၎င်းတို့အထောက်အပံ့များ ရရှိစေရေးအတွက် ဥပဒေအကူအညီပေးရေး ဗဟိုဌာနများနှင့်ဆက်သွယ်ပေးရန်။
- ✓ ဓလေ့ထုံးတမ်း သို့မဟုတ် ဒေသန္တရအငြင်းပွားမှု ဖြေရှင်းရေးဌာနများက ပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်း မရှိသည့်အခါတွင် ပြည်သူလူထု အနေဖြင့် အခြေခံ တရားဝင် အထောက်အထား စာရွက်စာတမ်းများ ရရှိရေးနှင့် တရားဝင်တရားရေးစနစ်တွင် အမှုတွဲများ တင်ပြအရေးဆိုနိုင်ရေး တို့ကို လွယ်ကူစွာဆောင်ရွက်နိုင်ရန် အတွက် ရွေ့လျား ဒေသန္တရတရားရုံးများ၊ လက်ထပ်၊ မွေးဖွား၊ သေဆုံးမှတ်ပုံတင်ရုံးများ တည်ထောင်ရန်။
- ✓ နိုင်ငံတော်အဆင့် မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ စီမံအုပ်ချုပ်ရေးအတွက် အထောက်အကူပြုမည့် တရားရုံးအမှုတွဲများနှင့် ဥပဒေ စီရင်ထုံးများအား မှတ်တမ်းထားရန် အချက်အလက်ဘဏ်ကို တည်ထောင်ရန်။ ရပ်ရွာစောင့်ကြည့်၊ ထိန်းကျောင်း အုပ်စု များနှင့် ဥပဒေအကျိုးဆောင်များအား ထိုစီရင်ထုံး ဥပမာများ အကြောင်း အသိပညာပေးနိုင်ရန် လှုပ်ရှားမှုပြုလုပ်ရန်။
- ✓ ကောင်းမွန်သောနည်းစနစ်များကို မှတ်တမ်းတင်ထားရေးနှင့် တစ်ဦးထံမှတစ်ဦး သင်ယူရေးကို အားပေးရန်။

**သတိပြုရန်**

ဥပဒေအထောက်အပံ့အတွက် အပြောင်းအလဲရှိ၍ တီထွင်ဆန်းသစ်သည့်နည်းလမ်းသည် အထိရောက်ဆုံးနည်းလမ်း ဖြစ်နိုင်ပါသည်။ အစိုးရများသည် ထိပ်ဆုံးမှ နမူနာအဖြစ် အကောင်းဆုံး လုပ်ကိုင်သင့်သည်မှန်သော်လည်း အခြေခံလူတန်းစားများထံသို့ရောက်ရှိ၊ ပံ့ပိုးပေးနိုင်ရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာ အရေးကြီးပါသည်။

**မှတ်စုများ**

၅ ၂၀၁၁ မေလ FAO ရုံးချုပ်တွင် ပြုလုပ်သော နည်းပညာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဥပဒေရေးရာ လုပ်ငန်းအဖွဲ့နှစ်ဖွဲ့၏ ဆွေးနွေးမှုများမှတဆင့် Marianna Bicchieri, Patricia Costas, Nigel Edmead, Debbie Fletcher, Renee Giovarelli, Rachael Knight, Martha Osorio, Rebecca Sittie, Josephine Stowers-Fiu နှင့်Margret Vidar တို့မှ ဤအပိုင်းအတွက် အကြောင်းအရာများ ဖြည့်ဆည်းပေးပါသည်။

## ဥပဒေကိစ္စရပ်များဆိုင်ရာ အဓိက အကြောင်းအရာများ အနှစ်ချုပ်

ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးကို ပံ့ပိုးရန်နှင့် စောင့်ကြည့်၊ ထိန်းကျောင်းယန္တရားများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေပြုရေးနှင့် မူဝါဒမူဘောင်များဆိုင်ရာ မှန်ကန်သော ဥပဒေအခြေခံ အုတ်မြစ်များ ရှိစေရန် အရေးကြီးပါသည်။

ဗဟုဥပဒေစနစ်များနှင့် ဓလေ့ထုံးတမ်းဥပဒေသည် အမျိုးသမီးများနှင့် အမျိုးသားများ ၎င်းတို့၏မြေယာအခွင့်အရေးများကို နားလည်သဘောပေါက်စေရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။ ထိုအခွင့်အလမ်းများမှာ ရေရှည်အတွက် အဖြေမဟုတ်သော်လည်း ထိုအခွင့်အလမ်းများအား ဖော်ထုတ်ရန်နှင့် အားလုံးအတွက်လက်လှမ်းမီစေရန်လုပ်ဆောင်ပေးသင့်သည်။

လူတန်းစားအလွှာအသီးသီးမှ အမျိုးသမီးများနှင့် အမျိုးသားများပါဝင်စေ၍ အားလုံးပါဝင်ခွင့်နှင့် အကြံပေးခွင့်ရှိသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအား မူကြမ်း ရေးဆွဲမှု လုပ်ငန်းစဉ်သည် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး ပေါ်ပေါက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အထောက်အပံ့ဖြစ်ပါသည်။

တရားရေးစနစ် ရယူသုံးစွဲခွင့်သည် အမြဲတမ်း ကျား-မ သာတူညီမျှ ရှိသည်မဟုတ်ပါ။ ကျား-မ သာတူညီမျှရှိရန်အတွက် တရားဝင်နှင့် ဓလေ့ထုံးတမ်း တရားရေးစနစ်များ၊ ဒေသန္တရအစိုးရနှင့် ဓလေ့ထုံးတမ်းအငြင်းပွားမှုဖြေရှင်းရေးယန္တရားများ နှစ်မျိုးလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ဥပဒေအထောက်အပံ့ပေးရာတွင် ရပ်ရွာစောင့်ကြည့်၊ ထိန်းကျောင်းရေးအဖွဲ့များ နှင့် ရပ်ရွာ ဥပဒေအကျိုးဆောင်များကဲ့သို့သော ဆန်းသစ်သည့်နည်းလမ်းများကို အသုံးပြုသင့်သည်။ နောက်ခံအခြေအနေတစ်ခုချင်းစီအတွက် လိုအပ်သည့် အထောက်အပံ့ အဆင့်နှင့် အမျိုးအစားများကို ဂရုတစိုက် အကဲဖြတ်သင့်သည်။

## ဥပဒေကိစ္စရပ်များအတွက် အကြံပြုလိုသည့် စောင့်ကြည့်၊ ထိန်းကျောင်းရေး အညွှန်းကိန်းများ

- ကျား-မသာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးအတွက် အထောက်အကူပြု ဥပဒေများနှင့် မူဝါဒများ ရှိနေခြင်း။
- မြေယာဥပဒေ ပြုပြင်ပြောင်းလဲရေးကော်မရှင်များတွင် ပါဝင်သည့်အမျိုးသမီးများနှင့် အမျိုးသားများ %
- မြေယာနှင့်ဆက်စပ်သည့် နောက်ဆက်တွဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသည့် ဥပဒေကြမ်းရေးဆွဲရေး အဖွဲ့များတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ %
- အောက်ခြေအဆင့်မှ အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင်သည့် အားလုံးပါဝင်ခွင့်နှင့် အကြံပြုခွင့်ရှိသော ဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ် ရှိမှု၊
- တရားဥပဒေ ပြုရေးသို့တင်သွင်းသည့် အမျိုးသမီးအုပ်စုများ၏ အဆိုပြုလွှာများနှင့် ယင်းတို့ကို ဥပဒေပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်များ၌ ထည့်သွင်းကျင့်သုံးမှု %
- လုပ်ပိုင်ခွင့်စနစ်ပြုပြင်ပြောင်းလဲရေးနှင့် ကျား-မသာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုတို့နှင့် ညီညွတ်၍ အထောက်အပံ့ဖြစ်စေမည့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေများ တည်ရှိခြင်း၊
- မြေယာဥပဒေများအတွက် ကျင့်သုံးမှုနှင့် စောင့်ကြည့်ရေးတို့အတွက် ယန္တရားများတည်ရှိမှု အရေအတွက်
- မြေယာဆိုင်ရာတရားရေးစနစ် သုံးစွဲခွင့်သင်တန်း တက်ရောက်ခွင့်ရရှိသည် အမျိုးသမီးများနှင့် အမျိုးသားများ %
- ဒေသန္တရစောင့်ကြည့်အုပ်စုများအပါအဝင် မြေယာအငြင်းပွားမှုဖြေရှင်းရေး စနစ်/အဖွဲ့အစည်းများနှင့် ယန္တရားများတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ %
- မြေယာအရေး ကိုင်တွယ်ဖြေရှင်းသည့် ဓလေ့ထုံးတမ်းအာဏာပိုင်နေရာတွင်ပါဝင်သော အမျိုးသမီးများနှင့် အမျိုးသားများ %

↓

- အမျိုးသမီးများ မြေယာဆိုင်ရာ တရားရေးစနစ် သုံးစွဲခွင့်ရရှိရေးအတွက် အတားအဆီးများအား ဖယ်ရှားပေးရန် ဦးဆောင် ဆောင်ရွက်နေသည့် အစီအစဥ်/လုပ်ငန်းစဥ် အရေအတွက်။
- တရားဝင်တရားရေးစနစ်တွင် မြေယာအမှုများအတွက် ဥပဒေအထောက်အပံ့ရရှိသည့် အမျိုးသမီးများနှင့် အမျိုးသားများ %
- တရားရုံးများနှင့် အခြားသော အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများတွင် အမျိုးသမီးများ၏မြေယာနှင့် ပိုင်ဆိုင်မှု အခွင့်အရေးများနှင့်ဆိုင်သည့် အငြင်းပွားမှု %

# ကိုးကားချက်များ


**Ahikire, J.** 2010. *Half full or half empty glass. Decentralisation and women's land rights in Uganda.* Paper presented at the Women's Land Rights Conference, Speke Resort Munyonyo, Uganda, 4–6 October 2010.

**Carfield, M.** 2011. Land justice in Uganda: Preserving peace, promoting integration. *In* E. Harper, ed. *Working with customary justice systems: post-conflict and fragile states,* pp. 127–143. Rome, International Development Law Organization.

**Daley, E.** 2011. *Gendered impacts of commercial pressures on land.* Rome, ILC. www.landcoalition. org/sites/default/files/publication/902/ mokoro_gender_web_11.03.11. pdf

**Daley, E. Dore-Weeks, R. & Umuhoza, C.** 2010. Ahead of the game: Land tenure reform in Rwanda and the process of securing women's land rights. *Journal of Eastern African Studies*, 4(1): 131–152.

**Djusaeva, S**. 2012. *Promoting rural women's rights to land: UN Women programme experience in Kyrgyzstan and Tajikistan.* Paper prepared for the Expert Group Meeting on Good Practices in Realizing Women's Rights to Productive Resources, with a Focus on Land, organized by UNWomen in collaboration with the United Nations Office of the High Commissioner for Human Rights, Geneva, 25–27 June 2012.

**Englert, B. & Daley, E.** 2008. Introduction. *In E. Daley and B. Englert. Women's land rights and privatization in Eastern Africa.* Woodbridge, UK, Boydell and Brewer.

**FAO**. 2001. *Good practice guidelines for agricultural leasing arrangements. Land Tenure Studies No. 2.* Rome.

**FAO**. 2002c. *Law-making in an African context: The 1997 Mozambican Land Law, C. Tanner. FAO Legal Papers Online No. 26,* Rome.www.fao.org/ fileadmin/user_upload/legal/docs/lpo26.pdf

**FAO**. 2004. *Leasing agricultural land. Land Tenure Notes No. 1.* Rome. ftp://ftp.fao.org/docrep/ fao/007/ y5513e/y5513e00.pdf

**FAO**. 2006a. *Gender and law: Women's rights in agriculture, L. Cotula.* FAO Legislative Study No. 76, Rev.1.Rome. ftp://ftp.fao.org/docrep/ fao/005/ y4311e/y4311e00.pdf

**FAO**. 2006b. *Land tenure alternative conflict management. Land Tenure Manuals No. 2.* Rome. ftp:// ftp.fao.org/docrep/fao/009/a0557e/ a0557e00. pdf

**FAO**. 2008a. *Compulsory acquisition of land and compensation. Land Tenure Studies No. 10.* Rome. ftp://ftp.fao.org/docrep/fao/011/i0506e/ i0506e00.pdf

**FAO**. 2009c. "We all inherited this earth", inheritance rights of widows and children in the context of AIDS: legal overview. Rome. (unpublished report)

**FAO**. 2011a. *Governing land for women and men gender and voluntary guidelines on responsible governance of tenure of land and other natural resources,* E. Daley and C.M. Park. Land Tenure Working Paper No. 19. Rome. http://www.fao. org/ docrep/014/ma811e/ma811e00.pdf

**FAO**. 2012b. *Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security. Rome.* http://www.fao.org/docrep/016/i2801e/ i2801e. pdf

**Government of Samoa**. 2008. *Legislative drafting handbook.* Legislative drafting requirements approved by the Attorney General for use in Samoa from July 2008. Apia, Legislative Division of the Office of the Attorney General.

**GROOTS Kenya**. 2011. Complementing the state: the contribution of the "watchdog groups" in protecting women's land rights in Gatundu District, Kenya. Rome, ILC.

**Guyer, J.** 1987. Women and the state in Africa: Marriage law, inheritance and resettlement. *Working Papers in African Studies No. 129.* Boston, Massachusetts, USA, African Studies Centre, Boston University.

**Harrington, A. & Choprah, T**. 2010. *Arguing traditions. Denying Kenya's women access to land rights.* Justice for the Poor Research Report No. 2/2010. Washington, DC, World Bank.

**ILC**. 2010c. Women's Access to Land – Project Brief 3: Promoting women's property rights and ownership in Pakistan. Rome. (unpublished)

**ILC**. 2010d. Women's Access to Land – Project Brief 4: Sustainable empowerment of tribal communities through land rights movement with women partnership for securing dignity and equity. Rome. (unpublished) International Justice Mission. Our Work: What We Do.http://www.ijm. org/our-work/whatwedo

**Kapur, A**. 2011. Two faces of change: The need for a bi-directional approach to improve women's land rights in plural legal systems. In E. Harper, ed. *Working with customary justice systems: Post-conflict and fragile states,* pp. 73–92. Rome, International Development Law Organization.

**Knight, R**. 2011. The community land titling initiative: An investigation into the protection of customary land claims. In E. Harper, ed. *Working with customary justice systems: post-conflict and fragile states,* pp. 145–170. Rome, International Development Law Organization.

**Legal Resource Centre**. www.landcoalition.org/ sites/ default/fition/959/wlr_9_malawi. pdf

**Mackenzie, F**. 1989. Land and territory: the interface between two systems of land tenure, Murang'a District, Kenya. Africa, 59(1): 91–109.

**Mackenzie, F**. 1990. Gender and land rights in Murang'a District, Kenya. Journal of Peasant Studies, 17(4): 609–643.

**Mackenzie, F**. 1993. A piece of land never shrinks: Reconceptualizing land tenure in a smallholdingdistrict, Kenya. In T. Bassett and D. Crummey, eds. Land in African agrarian systems. Madison, Wisconsin, USA, University of Wisconsin Press.

**Magezi, J**. 2010. *The role of case law in upholding women's land Rights.* Paper presented at the Women's Land Rights Conference, Speke Resort Munyonyo, Uganda, 4–6 October 2010.

**McAuslan, P**. 2010. Personal reflections on drafting laws to improve women's access to land: Is there a magic wand? *Journal of Eastern African Studies,* 4(1): 114– 130.

**Nakayi, R**. 2010. *Is more less? Enhancing women's access to justice in Uganda*. Paper presented at the Women's Land Rights Conference, Speke Resort Munyonyo, Uganda, 4–6 October 2010.

**Namutebi, M**. 2010. *The Office of the Administrator General and women's land rights.* Paper presented at the Women's Land Rights Conference, Speke Resort Munyonyo, Uganda, 4–6 October 2010.

**Rome, ILC, Young Widows Advancement Program.** www.landcoalition.org/ sites/ default/ files/ publication/951/wlr_10_ywap.pdf

**RWN**. 2011. *Experiences of women in asserting their land rights: the case of Bugesera District, Rwanda.* Rome, Rwanda Women's Network, ILC.www. landcoalition. org/sites/default/files/publication/956/wlr_5_rwn. pdf

**Ssonko, M. N**. 2010. *The application of succession law in the realization of women's land rights in Uganda.* Paper presented at the Women's Land Rights Conference, Speke Resort Munyonyo, Uganda, 4–6 October 2010.

**ULA**. 2010. *The Uganda Land Alliance quarterly newsletter, Vol. 4.* Kampala.

**Undeland, A**. 2012. *Lessons learned and good practices in realizing women's rights to productive resources with a focus on land: Kyrgyzstan and Tajikistan.* Paper prepared for the Expert Group Meeting on Good Practices in Realizing Women's Rights to Productive Resources, with a Focus on Land, organized by UN Women in collaboration with the United Nations Office of the High Commissioner for Human Rights, Geneva, 25–27 June 2012.

**UN Women**. 2011. *Progress of the world's women 2011– 2012: In pursuit of justice.* New York. http://progress. unwomen.org/pdfs/en-report-progress.pdf WLLA. 2010a. The impact of national land policy and land reform in Uganda. Accra, Women's Land Link Africa.

**WOLREC.** 2011. *Women's access to land and household bargaining power: a comparative action research project in patrilineal and matrilineal societies in Malawi.* Research Report No. 9. Rome, ILC, Women's

**World Bank/FAO/IFAD**. 2009a. Module 4: Gender issues in land policy and administration. *In Gender in agriculture sourcebook.* Washington, DC and Rome.

**YWAP**. 2011. *Assisting Kayole widows in gaining control to family land, Kenya.* Research Report No. 10.

အပိုင်း

# ၃



# ဌာန၊အဖွဲ့အစည်းများ

# ပုံများ စာရင်း

## ဇယားကွက်များ


ဇယားကွက်-၃.၁ - ဌာန၊ အဖွဲ့ အစည်းများ နှင့် "လမ်းညွှန်ချက် များ"

ဇယားကွက်-၃.၂ - နိုင်ငံတော် အဆင့် မြေယာစီမံခန့်ခွဲရေးတွင် ကျား-မ သာတူညီမျှ ရှိရေး

ဇယားကွက်-၃.၃ - ဒေသန္တရ မြေယာ အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှု

ဇယားကွက်-၃.၄ - မြေယာနှင့် သက်ဆိုင်သည့် ဌာနများတွင် ကျား-မ သာတူညီမျှ ပါဝင်စေ ခြင်း။

ဇယားကွက်-၃.၅ - ဓလေ့ ထုံးတမ်း အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဇယားကွက်-၃.၆ - ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးအတွက် စွမ်းရည် မြှင့်တင်ခြင်း။

ဇယားကွက်-၃.၇ - မိန်းကလေး များ အတွက် သိပ္ပံနှင့် နည်းပညာ သင်ကြား ရေး ကို ပံ့ပိုးပေးခြင်း၊

ဇယားကွက်- ၃.၈ - မြေယာ စီမံခန့်ခွဲရေး လှုပ်ရှားမှုများနှင့် နည်းပညာများတွင် ကျား-မ သာတူညီမျှရေး၌ ကြုံတွေ့ရ သည့် စိန်ခေါ်မှုများ


## ဆန်းစစ်ရန်အချက်များ စာရင်း


ဆန်းစစ်ရန် အချက်များ စာရင်း-၃.၁ - ကျား-မ သာတူညီမျှရှိသော မြေယာဌာနများ ဖြစ်ပေါ် စေရေး

ဆန်းစစ်ရန် အချက်များ စာရင်း-၃.၂ - ဓလေ့ထုံးတမ်းနှင့် ဒေသန္တရ အဖွဲ့ အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

ဆန်းစစ်ရန်အချက်များစာရင်း ၃.၃ - အမျိုးသမီးများ၏ စွမ်း ဆောင်ရည် မြှင့်တင်ခြင်း။

ဆန်းစစ်ရန် အချက်များစာရင်း -၃.၄ - ကျား-မ သာတူညီမျှရေး အတွက် ဌာန/အဖွဲ့ အစည်း ၏ စွမ်းရည် မြှင့်တင်ပေးခြင်း။

ဆန်းစစ်ရန် အချက်များ စာရင်း ၃.၅ - ကျား-မ ကွာခြားချက်များ ပြင်းထန်သည့် နိုင်ငံများအတွက် အရေးယူ ဆောင်ရွက်ချက် များ။

ဆန်းစစ်ရန် အချက်များ စာရင်း-၃.၆ - မြေယာစီမံခန့်ခွဲရေး၌ ကျား-မ သာတူညီမျှမှု တိုးတက် စေရေး။

ဌာန/အဖွဲ့ အစည်းများ အတွက် အကြံပြု လိုသည့် စောင့်ကြည့် ရေး အညွှန်းကိန်းများ


## ပုံများ


ပုံ-၃.၁ - မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး တွင် ပါဝင်သည့် ဌာန၊ အဖွဲ့ အစည်းများ အကြား အပြန်အလှန် ဆက်ဆံရေးများ

# အပိုင်း ၃ - ဌာန၊ အဖွဲ့အစည်းများ

ကျား-မ သာတူညီမျှကျင့်သုံးသော မြေယာဌာန၊ အဖွဲ့အစည်းများတည်ဆောက်ခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ အုပ်ချုပ်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

## နိဒါန်း[6]

အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာကို တရားမျှတစွာ နှင့်တာဝန်ယူမှုရှိစွာ၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် အပေါင်း လက္ခဏာဆောင်သည့် အောင်မြင်မှုများ ရရှိသည့် နည်းလမ်းဖြင့် အုပ်ချုပ်ရာ၌ မြေယာလုပ်ငန်းဆောင်ရွက်သည့်ဌာနများနှင့် အုပ်ချုပ်မှု လုပ်ငန်းစဉ်အားလုံး၌ ကျား-မ သာတူညီမျှပါဝင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး ဌာနများ၌ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးရော အမျိုးသားများအားပါ စွမ်းရည်မြှင့်တင်ပေးရန်နှင့် မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ ကျား-မ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းအားလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။

"လမ်းညွှန်ချက်များ" ၏ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပါဝင်စေခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး အဓိကအခြေခံမူများနှင့် အခြားစာပိုဒ်များတွင် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ လိုအပ်ကြောင်း ထောက်ခံထားပါသည် (ဇယားကွက် ၃.၁)။

ဇယားကွက်-၃.၁ -
**ဌာန၊ အဖွဲ့အစည်းများနှင့် "လမ်းညွှန်ချက်များ"**

အရင်းအမြစ် - FAO, 2012b

**၃.၁.၆။** တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း။ လုပ်ပိုင်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်များ မချမှတ်မီ ခိုင်လုံသော လုပ်ပိုင်ခွင့် ရှိသူများ၊ ဆုံးဖြတ်ချက် ၏ သက်ရောက်မှုကို ခံရနိုင်သော သူများ၏ ထောက်ခံမှုရရန် ၎င်းတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ၎င်းတို့၏ တင်ပြအဆိုပြုချက်များကို ထည့်သွင်းစဉ်းစားရမည်။ လက်ရှိ ဆုံးဖြတ်ခွင့်အာဏာ မညီမျှမှုများကိုလည်း ထည့်သွင်း စဉ်းစားကာ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်သူ တစ်ဦးချင်းနှင့် အစုအဖွဲ့များအနေဖြင့် တက်ကြွ၊ လွတ်လပ်စွာ၊ ထိရောက်စွာ၊ ကြိုတင်သိရှိကာ ပါဝင်ဆောင်ရွက်နိုင်ရန် ဂရုပြုရမည်။

**၅.၃။** လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းမူဘောင်များမှာ ခိုင်လုံသော ရိုးရာမြေလုပ်ကိုင်မှုစနစ်များ အပါအဝင် (ဥပဒေအရ အသိအမှတ်မပြုထားသည့်တိုင်) ခိုင်လုံသော လုပ်ပိုင်ခွင့် အခွင့်အရေးများအား နိုင်ငံတော် ဥပဒေများနှင့် အညီ အသိအမှတ်ပြု လေးစားရမည်ဖြစ်ကာ ထိုလုပ်ပိုင်ခွင့်များအား ကျင့်သုံးမှုကို အားပေး၊ မြှင့်တင်၊ ကာကွယ်ပေးသင့်သည်။ .... ခွဲခြားဆက်ဆံမှုမရှိသော၊ လူမှုရေး သာတူညီမျှမှုနှင့် ကျား/မ တန်းတူညီမျှမှုကို အားပေးသော မူဘောင်များကို နိုင်ငံတော်က ချမှတ်သင့်သည်။

**၅.၆။** နိုင်ငံတော်အစိုးရသည် ပြည်သူများအား ဝန်ဆောင်မှုအထိရောက်ဆုံးပေးနိုင်သော အစိုးရ အဆင့်များအား လုပ်ပိုင်ခွင့် အပ်နှင်းပေးသင့်သည်။ .... ဒေသန္တရ အစိုးရများ၊ ဌာနေတိုင်းရင်းသားများနှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်များ အသုံးပြုနေသော ရပ်ရွာအသိုက်အဝန်းများအပါအဝင် အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများအကြား ချိတ်ဆက် ညှိနှိုင်းမှုရှိရန် နိုင်ငံတော် အစိုးရက ဆောင်ရွက်ပေးရမည်။

**၆.၁။** နိုင်ငံတော်၏ အရင်းအမြစ်အခြေအနေအလိုက် အကောင်အထည်ဖော်သော အဖွဲ့အစည်းများနှင့် တရားစီရင်ရေးအာဏာပိုင် အဖွဲ့အစည်းများမှနေ၍ မူဝါဒများနှင့် ဥပဒေများကို ကျား/မ မတူညီသည့်လိုအပ်ချက်များအား ထည့်သွင်းစဉ်းစား၍ အချိန်နှင့် တစ်ပြေးညီထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လူသားအရင်းအမြစ်၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးနှင့် အခြားစွမ်းဆောင်ရည် များ ရှိရန် နိုင်ငံတော်အစိုးရမှ တာဝန်ယူ ဖြည့်ဆည်းပေးရပါမည်။ အဖွဲ့အစည်းများ၏ အဆင့်တိုင်းတွင် ဝန်ထမ်းများအား စဉ်ဆက်မပြတ် လေ့ကျင့်သင်တန်းပေးရန်နှင့် ဝန်ထမ်းသစ် ခန့်အပ်ရာတွင်လည်း ကျား/မနှင့် လူမှုရေး တန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားရန် ဂရုပြုသင့်ပါသည်။

# မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ

မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးအတွက် တာဝန်ရှိသော နိုင်ငံတော်မြေယာဌာန၊ အဖွဲ့အစည်းများတွင် နိုင်ငံတော်အဆင့် အေဂျင်စီများနှင့် ခရိုင်နှင့် ဒေသန္တရအဆင့် မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဌာနများ ပါဝင်ပါသည်။ နိုင်ငံတော်၊ ခရိုင်နှင့် ဒေသန္တရအဆင့်များရှိ ဌာနများတွင် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးလုပ်ငန်းစဉ် အခန်းကဏ္ဍအသီးသီး ရှိကြပါသည်။ နိုင်ငံတော်မြေယာအေဂျင်စီများနှင့် ဝန်ကြီးဌာနများသည် မူဝါဒများနှင့် နည်းလမ်းချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေးကို ကြီးကြပ်လေ့ရှိပြီး အဆင့်မြင့်နည်းပညာ အထောက်အပံ့ပေးကြသည်။ ခရိုင်နှင့် ဒေသန္တရအဆင့်များမှ ဌာနများသည် ပြည်သူများအတွက် မြေယာနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုများ ပေးရန် ပိုမိုအာရုံစိုက်လာကြရာ နေ့စဉ်မြေအသုံးချမှုနှင့် အုပ်ချုပ်ရေးတွင် တိုက်ရိုက် ပါဝင်ကြသည်။

ထိုဌာနများသည် စားကျက်မြေစီမံခန့်ခွဲရေးဌာနများ၊ ရေဝေရေလဲနှင့် ဆည်မြောင်းအုပ်ချုပ်ရေးကော်မတီများနှင့် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးဌာနများကဲ့သို့ မြေယာဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် စီးပွားဖြစ် သဘာဝအရင်းအမြစ် ထုတ်ယူရေး (ဥပမာ - စိုက်ပျိုးစီးပွား၊ ငါးလုပ်ငန်း ၊ သတ္တုတူးဖော်ရေး, ခရီးသွားလုပ်ငန်း စသဖြင့်) ဆိုင်ရာဌာနများ ကဲ့သို့သော စီးပွားရေးလုပ်ငန်းများ တာဝန်ယူမှုရှိရေးအတွက် ထိန်းကွပ်ကြပ်မတ်ရန် တာဝန်ရှိသော ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရပါသည်။ ပုံ-၃.၁ တွင် ချိတ်ဆက်ဆောင်ရွက်ပုံ အချို့ကို ပုံဖော်ထားပါသည်။

မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာနများတွင် ကျား-မ သာတူညီမျှ ကိုယ်စားပြုမှုနှင့် ပါဝင်မှု ရှိလာစေရန် အတွက် အမျိုးသမီးများအား ဆုံးဖြတ်ချက်ချသည့်အဖွဲ့များတွင် ခေါင်းဆောင်အဖြစ်နေရာပေးခြင်း၊ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပေးခြင်းများ ဆောင်ရွက်နိုင်ကာ ရလဒ်အဖြစ် မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် ကျား-မ သာတူညီမျှမှု တိုးတက်လာနိုင်မည်ဖြစ်ပါသည် (World Bank/FAO/IFAD, 2009a: 131)။




ပုံ-၃.၁ -
**မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး တွင် ပါဝင်သည့် ဌာန၊ အဖွဲ့ အစည်းများ အကြား အပြန်အလှန် ဆက်ဆံရေးများ**

ဌာန/အဖွဲ့အစည်း ဖွဲ့စည်းပုံများ၊ ဆက်နွယ်ချိတ်ဆက်မှုများနှင့် လည်ပတ်မှုလုပ်ငန်းစဉ်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အခြေအနေတစ်ခုနှင့်တစ်ခု မတူကွဲပြားကြသည်။ သို့ဖြစ်ရာ မြေယာ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ပါဝင်သည့်ဌာနများ၌ အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်မှုကို ပံ့ပိုးရန် ကြိုးပမ်းချက်များလည်း ကွာခြားပါလိမ့်မည်။

ဥပမာ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသော ဘိုလီးဗီးယားနိုင်ငံတွင် အရပ်ဖက်လူမှုအဖွဲ့ အစည်းတစ်ခုဖြစ်သော The Andean Center for Communications သည် တိုင်းရင်းသားများ၏ မြေယာအုပ်ချုပ်မှုဌာနများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို သင်တန်းများ၊ ခေါင်းဆောင်မှု အလုပ်ရုံ ဆွေးနွေးပွဲများ အားဖြင့် မြှင့်တင်ပေးလျှက်ရှိသည် (Patricia Costas's presentation at the May 2011 technical workshop)။ ရဝမ်ဒါ တွင် ၂၀၀၈/၂၀၀၉ ခုနှစ်က အစိုးရ၏ အမျိုးသားမြေယာဗဟို ဌာန သည် ခရိုင်မြေယာ အရာရှိများအား အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်မှုအတွက် ဥပဒေ လိုအပ်ချက်များအကြောင်း သတင်းပေးခြင်းအပါအဝင် ခရိုင်နှင့် ဒေသန္တရမြေယာကော်မတီသစ်များ ၏ တာဝန်များနှင့် လုပ်ငန်းလည်ပတ်မှုအကြောင်း သင်တန်းများပေးခဲ့သည်။ (Elizabeth Daley, personal communication)

စဉ်းစားရမည့် ကျန်ကိစ္စရပ်များမှာ ဝန်ထမ်းများနှင့် မြေယာအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ၎င်းတို့၏ဌာန၊ အဖွဲ့အစည်းများအတွင်း ကျား-မ သာတူညီမျှ မြှင့်တင်ပေးရေးအတွက် စေ့စော်၊ တွန်းအားပေးရန်နှင့် ယေဘုယျအားဖြင့် ကျား-မ သာတူညီမျှရှိသော မြေယာဌာန/ အဖွဲ့အစည်းများ အား ထောက်ခံလိုသည့် စိတ်ဆန္ဒများနှင့် ခံယူချက်များပေါ်ပေါက်လာရန် မည်ကဲ့သို့ ဖန်တီးပေးရေး ဖြစ်ပါသည်။

## အမျိုးသား မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ဌာနများ

အမျိုးသားမြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဌာနများတွင် ကျား-မ သာတူညီမျှ ကိုယ်စားပြု ခွင့်၊ ပါဝင်ခွင့်မှာ နိုင်ငံအများအပြား၌ စိန်ခေါ်မှု တစ်ရပ်ဖြစ်နေဆဲ ဖြစ်ပါသည်။ ကျား-မ ဟန်ချက်ညီ မှု တိုးတက်ကောင်းမွန်လာရေးအတွက် အခွင့်အရေး၊ ကျွမ်းကျင်မှု နှင့် ဝန်ထမ်းအား စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ မရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဇယားကွက်-၃.၂ တွင် ဖော်ပြထားသည့်အတိုင်း မြေယာဌာနများ၌ လုပ်ကိုင်ရန် အမျိုးသမီးများ အား တိုက်တွန်းအားပေးသည့်ကြိုးပမ်းမှုများတွင် ဂျမေကာ၌ နိုင်ငံတော်အဆင့်မြေယာအေဂျင်စီ တွင် ကျား-မ သာတူညီမျှ ပါဝင်ခွင့်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ကာရစ်ဘီယံဒေသတဝန်းတွင် ယေဘုယျအားဖြင့် အမျိုးသမီးများ၏ ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းများ မြင့်မားခြင်းကလည်း ဂျမေကာနိုင်ငံအခြေအနေအတွက် အထောက်အပံ့ဖြစ်ခဲ့ရာ အခြား အမျိုးသမီး စာတတ်မြောက်မှု နှုန်း အမျိုးသားများထက် သိသိသာသာနိမ့်ကျသည့် ဒေသများတွင်မူ ဂျမေကာနိုင်ငံ၏ မဟာဗျူဟာ နမူနာမှာ လုံလောက်ကိုက်ညီမှုရှိမည်မဟုတ်ပါ။

နိုင်ငံတော်အဆင့် မြေယာစီခံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးဌာနများအတွင်း၌ ကျား-မ သာတူညီမျှမှု တိုးတက်လာစေရန် အလုပ်အကိုင်ခန့်ထားရေး မူဝါဒတွင် အမျိုးသမီးများအား ဦးစားပေးရွေးချယ်မှု

ကျင့်သုံးခြင်းနှင့် အထူးသဖြင့် အဆင့်မြင့်ရာထူးများ ရနိုင်ရန် အမျိုးသမီးများရင်ဆိုင်နေရသည် အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ခြင်းများ လိုအပ်သည်။ ၎င်းတို့၏ မြေယာအခွင့်အရေးများအား သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်ချခြင်း၊ စီမံခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုရှိရန် လိုအပ်သည့် ယန္တရားများ လုံလောက်စွာရှိရန်လည်း လိုအပ်ပါသည်။

## ခရိုင်နှင့် ဒေသန္တရအဆင့် မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ဌာနများ

နိုင်ငံအများအပြားတွင် မြေယာစီမံအုပ်ချုပ်ရေး၊ မြေယာမူဝါဒများနှင့် စီမံကိန်းများအကောင်အထည်ဖော်ရေးတွင် ဒေသန္တရနှင့် ခရိုင်အဆင့် အစိုးရဌာနများက အခရာကျကာ ခရိုင်အဆင့် ပညာရှင်ဝန်ထမ်းများက နိုင်ငံတော်အဆင့် မြေယာအေဂျင်စီ သို့မဟုတ် ဝန်ကြီးဌာနများနှင့် အောက်ခြေအဆင့်ရှိ ဒေသန္တရ မြေယာကော်မတီများ အကြား ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

ဗဟိုထိန်းချုပ်မှုဖြေလျှော့ပေးခြင်းသည် မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ စီမံအုပ်ချုပ်ရေးနှင့် အထူးသဖြင့် အမျိုးသမီးများ၏မြေယာအခွင့်အရေးများနှင့် စပ်လျဉ်း၍ အခွင့်အရေးများနှင့် စိန်ခေါ်မှုများနှစ်မျိုးလုံး ဖန်တီးပေးသည်။ အခြား တစ်ဖက်တွင်လည်း ဗဟိုချုပ်ကိုင်မှုလျော့ကျသောကြောင့် မြေယာလုပ်ပိုင်ခွင့်စီမံအုပ်ချုပ်ရာတွင် ဒေသခံအသိုက်အဝန်းများ ပါဝင်ခွင့်၊ အဖွဲ့အစည်းမျိုးစုံဝင်ရောက် ဆွေးနွေးခွင့်များ ရှိလာသောကြောင့် မြေယာဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများတွင် ကျား-မ သာတူညီမျှ ပါဝင်နိုင်ခြေကို တိုးတက်စေပါသည်။ (ILC, 2009: 3)။

ဇယားကွက်-၃.၂ -

**နိုင်ငံတော်အဆင့် မြေယာစီမံခန့်ခွဲရေးတွင် ကျား-မ သာတူညီမျှရှိရေး**

အရင်းအမြစ် - ၂၀၁၁ မေလ အလုပ်ရုံဆွေးနွေးပွဲတွင် Elizabeth Stair’s ၏ “ဂျမေကာနိုင်ငံ၏ မြေယာနှင့် ကျား-မ ရေးရာ”.

ဂျမေကာ နိုင်ငံ၏ အမျိုးသားမြေယာအေဂျင်စီ (NLA) သည် မြေယာစီမံအုပ်ချုပ်မှု တိုးတက်လာရန်နှင့် အမျိုးသမီး၊ အမျိုးသား နှစ်မျိုးလုံး အတွက် မြေယာမှတ်ပုံတင်ခြင်းများ မြှင့်တင်ပေးရန် တာဝန်ရှိသော်လည်း မြေယာ လုပ်ပိုင်ခွင့် ကဏ္ဍ သို့မဟုတ် မြေယာစီမံအုပ်ချုပ်ရေးတွင် ကျား-မ သာတူညီမျှမှု ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် သီးခြားတာဝန်မရှိပါ။ သို့သော် အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ် (LAMP) သည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ စရိတ်နည်းနည်းဖြင့် မြေယာမှတ်ပုံတင်နိုင်ရန် ကူညီပေးပြီး ဂျမေကာနိုင်ငံတွင် ဆင်းရဲမှတ်အောက် ရောက်နေသော အိမ်ထောင်စုသုံးပုံနှစ်ပုံမှာ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်သည်။ ထို့ပြင် ၂၀၁၁ ဧပြီလတင် NLA သည် မြေယာအချက်အလက်ကောက်ယူရာတွင် ကျား-မ ကွဲပြားမှုအားပြင်ဆင်ရန် ကျား-မရေးရာ ချိတ်ဆက်ရေးဆုံမှတ်များ တည်ထောင်ခဲ့သည်။

NLA ၏ဝန်ထမ်းအရေအတွက်မှာ အမျိုးသား ၂၉၇ ဦးနှင့် ၅၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး ၂၉၀ နှင့် ၄၉ ရာခိုင်နှုန်းရှိကာ အုပ်ချုပ်မှုအဖွဲ့တွင် အမျိုးသား ၁၆ ဦးနှင့် ၅၇ ရာခိုင်နှုန်းရှိကာ အမျိုးသမီး ၁၂ ဦးနှင့် ၄၃ ရာခိုင်နှုန်းရှိသဖြင့် ကျား-မ မျှတမှုရှိသည်။ သို့သော် အချို့သော နည်းပညာဆောင်ရွက်ချက်များတွင် ကျား-မ ဦးရေကွာခြားမှု ရှိပါသည် - NLA ၏ ရှေ့နေ ၆ ရာခိုင်နှုန်းသာ အမျိုးသားများ ဖြစ်ပြီး ၎င်း၏စစ်တမ်းကောက်သူ ၂၀ ရာခိုင်နှုန်းသည်သာ အမျိုးသမီးများ ဖြစ်ကြပါသည်။ မြေယာ ရာဖြတ် ဝန်ထမ်းများတွင် အများအားဖြင့် ကျား များက လွှမ်းမိုးနေပြီး အခြားမြေယာ ရာဖြတ်အမျိုးသမီးများ၏တိုက်တွန်းမှုကြောင့် ထိုလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်နေသူ အမျိုးသမီးများက ၅၂ ရာခိုင်နှုန်း ဖြစ်သည်။ ယင်းက နိုင်ငံတော် မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဌာနများ၌ ကျား-မ သာတူညီမျှမှု ပိုမိုကောင်းမွန်လာစေရေး၌ အမျိုးသမီးများ၏ အရေးပါစွာစွမ်းဆောင်နိုင်မှုကို ပြသလျက်ရှိပါသည်။

အခြားတစ်ဖက်တွင်မူ ဗဟိုချုပ်ကိုင်မှုမှုဖြေလျော့ထားသည့် မြေယာဌာနများသည် ကျား-မ သာတူညီမျှ ကိုယ်စားပြုမှုနှင့် ပါဝင်မှုအား လက်ခံနိုင်ခြေ နည်းလာနိုင်သည်။ ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့မည်ဆိုပါက မည်သည့် လုပ်ငန်းများကို ဖြေလျော့ထားကြောင်း သတ်မှတ်အသိပေးရန်နှင့် လုပ်ပိုင်ခွင့်၊ အခန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ထားရန် အထူး အလေးထားသင့်သည်။ ထို့နည်းတူ ဗဟိုချုပ်ကိုင်မှု မရှိတော့သောဌာနများသည် ကျား-မ သာတူညီမျှ ပါဝင်ခွင့်

ရှိစေရေး သတ်မှတ်ချက်များဖြစ်သည့် အားနည်းသည့် လူအုပ်စုများထဲမှ မဖြစ်မနေထည့်သွင်းရမည့် အချိုးအစားများအား အသိအမှတ်ပြု ကျင့်သုံးရန်ပျက်ကွက်လာနိုင်ခြင်း သို့မဟုတ် အမျိုးသမီးများ ပါဝင်လာရန် ကူညီရာတွင် တတ်နိုင်သမျှ အနိမ့်ဆုံးအဆင့်သာ ဆောင်ရွက်ခြင်းများ ရှိလာနိုင်သည်။ ကျား-မနှင့် မြေယာဆိုင်ရာ ဓလေ့ထုံးတမ်း ရေးရိုးအစဥ်အလာနှင့် ခံယူချက်များသည် အောက်ခြေအဆင့်နှင့် နီးစပ်သည့် အုပ်ချုပ်ရေးအဆင့်များတွင် ပို၍ခိုင်မာစွာ အမြစ်တွယ်နေတတ်သည် (Whitehead and Tsikata, 2003)။ အမျိုးသမီးများ ထိရောက်စွာ ပါဝင်ရေးအတွက် မြှင့်တင်၊ ပံ့ပိုးကူညီရန် ကြိုးပမ်းမှုရာတွင် ခရိုင်နှင့် ဒေသန္တရအဆင့်မြေယာဌာနများ၌ အမျိုးသမီးများ အမှန်တကယ် ကိုယ်စားပြုနိုင်ရေးအတွက် အမျိုးသမီး အဖွဲ့ဝင်များနှင့် ခေါင်းဆောင်များ ပါဝင်ရမည့် အနိမ့်ဆုံး အဆင့်များသတ်မှတ်ရန် လိုအပ်ပါသည်။

အပိုင်း ၅ တွင် ဌာနများ အတွင်းနှင့် ပြင်ပတွင် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် တန်ဖိုးများ နှင့် ခံယူချက်များအား အချိန်ယူပြောင်းလဲနိုင်ရန်အတွက် ကျား-မရေးရာ အမြင်ဖွင့်ပေးခြင်းနှင့် အသိပညာပေး ဆောင်ရွက်ချက်များကို ဆွေးနွေးထားပြီး ဇယားကွက်-၃.၄ တွင် ဒေသန္တရအဆင့် မြေယာဌာနများ၌ ကျား-မ သာတူညီမျှ ပါဝင်ခွင့်ကို မြှင့်တင်ရန် ဆောင်ရွက်ချက်နမူနာများကို ဖော်ပြထားပါသည်။

ဒေသန္တရ၊ ရပ်ကျေးအဆင့်တွင် အမျိုးသမီးများသည် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေး များ မှတ်ပုံတင်ပေးသည့်လုပ်ငန်းစဉ် တွင် ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဥ်ခံရခြင်းတို့ကို ခံရ နိုင်ပါသည်။ မြေယာစီမံခန့်ခွဲခြင်းနှင့်အုပ်ချုပ်ခြင်းဆောင်ရွက်သည့် ဒေသန္တရအတင့် ကော်မတီ များတွင် အမျိုးသမီးများအား ပိုမိုပါဝင်လာစေခြင်းအားဖြင့် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေး များ မှတ်ပုံတင်ခြင်းမှနေ၍ အမျိုးသမီးများ၏ အကျိုးခံစားခွင့်ကို ပိုမိုတိုးတက်လာစေနိုင်ပါသည်။ ဇယားကွက်-၃.၃. တွင် အီသီယိုးပီးယား နိုင်ငံ အမ်ဟာရာပြည်နယ်မှဖြစ်စဉ်ကို နမူနာ ဖော်ပြ ထားသည်။

ဇယားကွက်-၃.၃ -
**ဒေသန္တရမြေယာ အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှု**

အီသီယိုးပီးယား နိုင်ငံ၏ အမ်ဟာရာ ပြည်နယ်တွင် ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာဌာနသည် ဒေသတွင်းမြေယာမူဝါဒတွင် ကျား-မ သာတူညီမျှရေးကို ထည့်သွင်းထားသော်လည်း အကောင်အထည်ဖော်ရာ၌ ကွာဟချက်များ ရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ ထိုသုတေသနလုပ်ငန်းတွင် - ဒေသန္တရမြေယာ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အပေါ် အမြင်များနှင့် အတွေ့အကြုံများအကြောင်း ပိုမိုသိရှိနိုင်ရန်အတွက် အမျိုးသမီးအုပ်စုများနှင့် ဒေသန္တရအစိုးရ၏ အသေးငယ်ဆုံးအုပ်ချုပ်ရေး အစိတ်အပိုင်း - ဖြစ်သော ဆိတ်အဆင့် ရှိ မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများ (LUAC) နှင့် ဦးတည်ရာအုပ်စုများနှင့်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးများနှင့် Woreda (ခရိုင်) အဆင့် သဘာဝအရင်းအမြစ်နှင့် မြေယာအသုံးချမှု စီမံခန့်ခွဲရေးဗျူရိုမှ စားပွဲထိုင်သုတေသီ အရာရှိများ ကိုလည်း သီးခြား ဦးတည်သည့်အုပ်စုများနှင့် ဆွေးနွေးခြင်းများနှင့် အင်တာဗျူး မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။

သုတေသနအရ Woreda အဆင့်မှ ကျေးရွာ LUAC များတွင်အနည်းဆုံး အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် နှစ်ဦးရှိရမည်ဟု ညွှန်ကြားထားသော်လည်း ကျေးရွာနှင့် ဆိတ်-အဆင့် LUAC များတွင် အမျိုးသမီး အနည်းငယ်သာရှိကြောင်း တွေ့ရှိရသည်။ ဦးတည်သည့်အုပ်စုများက အမျိုးသမီးများ LUAC အဖွဲ့ဝင်ရွေးချယ်ပွဲအစည်းအဝေးသို့ ဝင်ရောက်ရွေးချယ်ခြင်း မရှိကြကြောင်း၊ ၎င်းတို့သည် အစည်းအဝေးမတက်ကြခြင်း၊ အစည်းအဝေး ပြုလုပ်သည့်အချိန်နှင့် နေရာကို မသိကြခြင်း၊ LUAC အဖွဲ့ဝင်ရွေးချယ်ရေးသည် အမျိုးသားများ၏ တာဝန်ဟူသော အမြင်ရှိကြခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖြေဆိုကြသည်။ Woreda အဆင့် မြေအသုံးချစီမံခန့်ခွဲရေးရုံးများတွင် ဝန်ထမ်းလုံလောက်စွာမရှိဘဲ မြေယာမှတ်ပုံတင်ရေး လုပ်ငန်းအား ကြီးကြပ်ရန် ကျား-မရေးရာ ဦးတည်ဆောင်ရွက်သူ မရှိခဲ့ပါ။ မြေယာမှတ်ပုံတင်ရေး ဝန်ထမ်းများသည် ပညာအရည်အချင်းအကန့်အသတ်ရှိခြင်းနှင့် Woreda ရုံးများမှ အရာရှိများသည် သင်တန်းနှင့် စွမ်းဆောင်ရည် မြှင့်တင်

↓

ရေးနောက်ဆက်တွဲသင်တန်းများ တက်ရောက်ခွင့် မရရှိခဲ့ကြသောကြောင့် ဥပဒေအား နားလည် အဓိပ္ပါယ်ဖွင့်ရာတွင် မတူညီခဲ့ခြင်းဖြစ်ပါသည်။

သုတေသနပြုလုပ်စဉ် မေးမြန်းဆွေးနွေးခဲ့သည့် အမျိုးသမီးအများစုတို့က ထိုသို့မြေယာမှတ်ပုံတင်ရေးတွင် ပါဝင်ရန်မှာ အမျိုးသားများ၏တာဝန်ဖြစ်ကြောင်းနှင့် ထိုသို့မှတ်ပုံတင်ရေးလုပ်ငန်းစဉ်အတွက် ဒေသန္တရကော်မတီများတွင် အမျိုးသမီးများပါဝင်ပါက အကြောင်းထူးမည်မဟုတ်ကြောင်း အခိုင်အမာယုံကြည်ကြသည်။ သို့ရာတွင် ဆိတ်အဆင့် LUAC မှ အမျိုးသမီးတစ်ဦး၏ အောက်ပါဖြေဆိုချက်က အမျိုးသမီးကော်မတီဝင်များ၏ အရေးပါမှုကို မီးမောင်းထိုးပြထားပါသည် -

> သူမသည် အသက် ၃၄ နှစ်အရွယ်ရှိပြီး အိမ်ထောင်ရှိသူတစ်ဦးဖြစ်ကာ ဆဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သူဖြစ်သည်။ သူမသည် ထိုကဲ့သို့သောတာဝန်များကို ထမ်းဆောင်ရန်မှာ သာမန်အမျိုးသမီး တစ်ဦးအနေနှင့် အစပိုင်းတွင် ဤအလုပ်သည် သူမအတွက် စိန်ခေါ်မှုများပြည့်နေခဲ့သည်။ သို့သော် သူမသည် ကော်မတီတွင် အချို့သော အမျိုးသားများထက်ပင် ထူးချွန်၊ သာလွန်ကြောင်း သက်သေပြနိုင်ခဲ့ပြီး ကျန်အမျိုးသားကော်မတီဝင်များနှင့် Woreda LUAD အရာရှိတို့က မျက်မြင်ဖြစ်ခဲ့သည်။ သူမ၏အတွေ့အကြုံအရ အမျိုးသမီးများသည် ၎င်းတို့၏ပြဿနာများကို အမျိုးသားတစ်ဦးထံ ပြောပြခြင်းထက် အမျိုးသမီးအချင်းချင်း ပြောပြရသည်မှာ ပိုမိုလွတ်လပ်သည်ဟု ခံစားကြရသည်။ ထိုကဲ့သို့ အကဲဆတ်သော မူဝါဒများကို အကောင်အထည်ဖော်ရာ၌ အမျိုးသမီးများသည် ဘက်လိုက်မှု ပိုမိုကင်းပြီး ဥပဒေလိုက်နာမှု ရှိကြောင်းလည်း သူမက မှတ်ချက်ချပါသည်။ အရေအတွက်များစွာသော အမျိုးသားများသည် ၎င်းတို့၏ဇနီးများ၏အမည်များကို မြေယာမှတ်ပုံတင်တွင် ရေးသွင်းခြင်းမပြုဘဲ ချန်ထားရန် ကြိုးပမ်းကြကြောင်းလည်း သူမက ထပ်မံ၍ ဝမ်းနည်းစွာဆိုသည်။ ဖြစ်စဉ်အများအပြားတွင် LUAC အဖွဲ့ဝင်အချို့တို့က ထိုကဲ့သို့ ခင်ပွန်းများနှင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သူမတွေ့ရှိခဲ့ပြီးနောက် ကော်မတီထဲတွင် အမျိုးသမီးများ ပိုမိုများပြားပါက အမျိုးသမီးများဘက်မှ ပိုမိုရပ်တည်ဆောင်ရွက်ပေးနိုင်မည်ဟု သူမ ယုံကြည်မိသည်။

ဒေသန္တရမြေယာကော်မတီဝင်များသည် ရွေးကောက်ခြင်း သို့မဟုတ် ခန့်ထားခြင်းခံရသည့် စေတနာ့ဝန်ထမ်းများဖြစ်ကြပါသည်။ ၎င်းတို့၏အခြေအနေသည် ပြဋ္ဌာန်းဥပဒေပါ မြေယာဌာနများပေါ် မူတည်၍ ကွဲပြားပါသည် (Hilhorst, 2010)။ အမျိုးသမီးများနှင့် ခွဲခြားဆက်ဆံခံရသောအုပ်စုများ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရဌာနများတွင် ပါမိုပါဝင်လာစေရန် နည်းလမ်းတစ်ခုမှာ အမျိုးသမီးများအား ကော်မတီအစည်းအဝေးသို့ အပြည့်အဝတက်ရောက်ရန်နှင့် ပိုမိုကျယ်ပြန့်သော ဆွေးနွေး ငြင်းခုန်မှုများတွင် ပါဝင်ရေးအတွက် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ရန် အမျိုးသမီးသီးသန့်အစည်းအဝေးကျင်းပပေးခြင်း ဖြစ်ပါသည်။ (၂၀၁၁ ခုနှစ်၊ မေလက ပြုလုပ်ခဲ့သည့် နည်းပညာအလုပ်ရုံဆွေးနွေးပွဲ၌ Rachael Knight ၏ တင်ပြချက်မှ)။

သို့သော် ခရိုင်နှင့်ဒေသန္တရအဆင့်ဌာနများတွင် အမျိုးသမီးများပါဝင်ရန် မဖြစ်မနေ သတ်မှတ်ရာတွင် ဂရုစိုက်ရန် လိုအပ်သည်။ ခေါင်းဆောင်မှုဖွဲ့စည်းပုံအသစ် ဖန်တီးရန် သို့မဟုတ် မြေယာဌာနများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်မှု အနိမ့်ဆုံး ရှိရမည့် ပမာဏ မဖြစ်မနေ သတ်မှတ်ခြင်းတို့သည် အမြဲတမ်းထိရောက်မှုရှိသည် မဟုတ်ပါ။ ဇယားကွက်-၂.၇ နှင့် ဇယားကွက်-၂.၄ ပါ လိုင်ဘေးရီးယားနိုင်ငံစီမံကိန်းတွင် ဖော်ပြထားသည့်အတိုင်း ကျား-မ သာတူညီမျှရေးဆိုင်ရာ အသိပညာပေးခြင်းသည်လည်း အရေးကြီးပါသည်။ လိုင်ဘေးရီးယားတွင် အမျိုးသမီးများ ပါဝင်ရန် သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသော်လည်း ဒေသခံများ၏ ကျား-မ သာတူညီမျှရေးဆိုင်ရာ အသိပညာ တိုးတက်လာခြင်းဖြင့် အမျိုးသမီးများအား မြို့အကြီးအကဲများအဖြစ် ရွေးကောက်တင်မြှောက်သည့် စီမံကိန်း ရလဒ်များတွင် ထွက်ပေါ်လာခဲ့ပါသည်။ မြေယာလုပ်ပိုင်ခွင့်ဌာနများတွင် အမျိုးသမီးများ

ကိုယ်စားပြုပါဝင်ရေးကို မဖြစ်မနေသတ်မှတ်ထားပါက ထိုသတ်မှတ်ချက်များအား မည်သို့လိုက်နာမည်ဆိုသည်ကို ရပ်ရွာထဲရှိ အမျိုးသမီးများနှင့် အမျိုးသားများ ကိုယ်တိုင်ဆုံးဖြတ်စေခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ပါသည် (Knight, 2011)။

ဆန်းစစ်ရန် အချက်များ စာရင်း-၃.၁ - **ကျား-မ သာတူညီမျှရှိသော မြေယာဌာနများ ဖြစ်ပေါ်စေရေး။**

- ✓ အမျိုးသမီးများ ဒေသန္တရ အစိုးရအဖွဲ့များအား အထောက်အကူပြု၍ ၎င်းတို့၏ အမြင်များကိုထုတ်ဖော်ပြောဆိုနိုင်စေရေးအတွက် အဖွဲ့ဝင် အဖြစ် ပါဝင်စေရေး အပါအဝင် - အဖွဲ့အစည်းဆိုင်ရာ ယန္တရားများ ဖန်တီးရန်၊
- ✓ နိုင်ငံတော်အဆင့် မြေယာအေဂျင်စီများ၊ ခရိုင်နှင့် ဒေသန္တရမြေယာကော်မတီများတွင် အမျိုးသမီးများနှင့် အမျိုးသားအဖွဲ့ဝင် မဖြစ်မနေရှိရမည့် အရေအတွက် (အချိုးအစား) သတ်မှတ်မှုအား အားပေးရန်။
- ✓ မြေယာဌာန အစည်းအဝေးများ၌ မဖြစ်မနေတက်ရောက်သင့်သည့် အမျိုးသမီးနှင့် အမျိုးသားများ၏ အချိုးအစား ကို သတ်မှတ်ရန်။
- ✓ မြေယာ ဌာန၏ အဖွဲ့ဝင်အားလုံးတို့အား ၎င်းတို့၏လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းပုံများအားလုံးတွင် ကျား-မ သာတူညီမျှရှိရေး၏အရေးကြီးပုံကို နားလည်လာအောင် အမြင်ဖွင့်ပေးရန်။
- ✓ မြေယာအကြောင်းအစည်းအဝေးများကျင်းပသည့်အခါနှင့် ၎င်းတို့ကို ကိုယ်စားပြုသည့်မြေယာဌာနများ၌ အမျိုးသမီးများပါဝင်မှုကို အားပေးရန်။ ဥပမာ ၎င်းတို့၏စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းနှင့် ခေါင်းဆောင်မှု အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ပေးရန်။

**သတိပြုရန်**

မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာနများ၌ အမျိုးသမီးများ မဖြစ်မနေ ကိုယ်စားပြုစေရန် သတ်မှတ်ပြဌာန်းခြင်းသည် အရေးကြီးသော ခြေလှမ်းအစဖြစ်သည်။ သို့သော် ဤတစ်ချက်တည်းဖြင့် အမျိုးသမီးများအား အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့်တန်းတူ တက်ကြွစွာ၊ အကျိုးရှိစွာ ပါဝင်စေမည်ဟု တပ်အပ်မပြောနိုင်ပါ။ ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးကို ပံ့ပိုးနိုင်ရန်မှာ မြေယာဌာနအားလုံးအတွက် အမြင်ဖွင့်ပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းများ လိုအပ်ပါသည်။

## မြေယာနှင့်သက်ဆိုင်သည့် ဌာနများ

ဒေသန္တရ ရေဝေရေလဲနှင့် ဆည်မြောင်း စီမံခန့်ခွဲမှု ကော်မတီများ၊ စားကျက်မြေ စီမံခန့်ခွဲမှု ဌာနများနှင့် ဓလေ့ထုံးတမ်းမြေယာ စီမံခန့်ခွဲရေးဌာနများ ကဲ့သို့သော ဌာနများ သည် အိမ်သုံးရေရရှိရေး၊ စားကျက်မြေအတွင်း ရေရပိုင်ခွင့်၊ ရေသွင်းစိုက်ပျိုးရေးအတွက် ရေအသုံးပြုခွင့် နှင့် ကျေးလက်စားကျက်အတွက် သစ်တော၊ ဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်မြေ အသုံးပြုခွင့် တို့ကဲ့သို့သော မြေယာနှင့် အခြားသောသဘာဝ အရင်းအမြစ်များနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို မကြာခဏ ကိုင်တွယ်ဖြေရှင်းရလေ့ရှိသည် (FAO, 2011 a ; 25)။ ထိုသို့နီးကပ်သည့်ဆက်နွယ်နေမှုများကြောင့် မတူညီသော သဘာဝအရင်းအမြစ်များကို သီးခြားစီ စီမံထိန်းချုပ်သည့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများသည် အမျိုးသမီးများအတွက် ဆိုးကျိုးသက်ရောက်စေမှု အပါအဝင် ဒေသန္တရ မြေယာလုပ်ပိုင်ခွင့်နှင့် အသုံးပြုမှု ပုံစံများတွင် မမျှော်မှန်းနိုင်သော အကျိုးသက်ရောက်မှုများ မကြာခဏရှိစေခဲ့သည် (Adams, Berkoff and Daley, 2006)။ ရေဝေရေလဲ၊ ဆည်မြောင်းနှင့် စားကျက်မြေ စီမံခန့်ခွဲရေး

ဆောင်ရွက်နေသည့်ဒေသန္တရ ဌာနများသည် ကျား-မ သာတူညီမျှရှိခြင်းသည် ထိုသို့မမျှော်မှန်းနိုင်သည့် အကျိုးဆက်များမှ အချို့ကို ရှောင်ရှားနိုင်ရန် အကူအညီပေးနိုင်ပါသည်။ ဇယားကွက်-၃.၄ တွင် မြေယာနှင့်သက်ဆိုင်သည့် ဌာနများတွင် ကျား-မ သာတူညီမျှ ပါဝင်ခွင့်ကို အားပေးရန် ကြိုးပမ်းမှုများမှ ရရှိသည့်သင်ခန်းစာ နမူနာများ ပေးထားပါသည်။

ဇယားကွက်-၃.၄ -
**မြေယာနှင့်သက်ဆိုင်သည့်ဌာနများတွင် ကျား-မ သာတူညီမျှ ပါဝင်စေခြင်း။**

**အိန္ဒိယနိုင်ငံ** ၌ ၁၉၉၄ ခုနှစ် ရေဝေရေလဲ လမ်းညွှန်ချက်များ သည် ရေဝေရေလဲဖွံ့ဖြိုးရေးတွင် အမျိုးသမီးများနှင့် ခွဲခြားဆက်ဆံခံရသည့် အုပ်စုများ တိုး၍ပါဝင်လာစေရန် အားပေးထားပါသည်။ ထိုလမ်းညွှန်ချက်များတွင် ရေဝေရေလဲစီမံကိန်းများအား အသုံးပြုသူများအဖွဲ့များ ထူထောင်ရန်နှင့် ကိုယ့်အားကိုယ်ကိုး အုပ်စုများတွင် အမျိုးသမီးများ ပါဝင်ခွင့်ပြုရန် သို့မဟုတ် အမျိုးသမီးသီးသန့်ဖြစ်ရန် တိုက်တွန်းထားသည်။ သို့သော် ကျား-မ သာတူညီမျှ ပါဝင်ခွင့်ရရန် ခက်ခဲပြီး အမျိုးသမီးများမှာ ရေဝေရေလဲအုပ်ချုပ်မှုအဖွဲ့များအတွက် အမြဲတမ်းအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုမခံရဘဲ ယေဘုယျအားဖြင့် သတ်မှတ်အချိုးအစားပြည့်ရန် အိမ်ဖြည့် အဖြစ်သာ ပါဝင်သူများအဖြစ် ရှုမြင်ကြသည်။ ယင်းသို့ဖြစ်ရသည့်အကြောင်းရင် တစ်စိတ်တစ်ဒေသမှာ အိန္ဒိယနိုင်ငံရှိ ရေဝေရေလဲအုပ်ချုပ်ရေးသည် အမျိုးသားများ ထိန်းချုပ်ထားသည့် ရေဝေရေလဲဒေသများမှ စိုက်ပျိုးမြေများကို အာရုံစိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်တွင် ၎င်း၏ ရေဝေရေလဲဖွံ့ဖြိုးရေးအစီအစဉ်သည် အမျိုးသားများအတွက်သာဖြစ်ကြောင်း ဝေဖန်မှုများကို တုန့်ပြန်သည့်အနေနှင့် အန်ဒရာ ပရာဒက်ရှ် ပြည်နယ် အစိုးရသည် မဟာဘုနာဂါ ရှိ အမျိုးသမီးကိုယ်ထူကိုယ်ထ အဖွဲ့ ၁၂၀၀ တို့ကို ထိုအစီအစဉ်နှင့် တရားဝင်ဆက်သွယ်ပေးခဲ့သည်။ ယခုအခါ လူမှုရေးနှင့် ဝင်ငွေအဆင့်အတန်း အသီးသီးမှ ရွေးထုတ်ထားသော ထိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ရေဝေရေလဲကော်မတီတွင် ကိုယ်စားပြု ပါဝင်နေပြီဖြစ်ပါသည်။

**အီသီယိုးပီးယား** နိုင်ငံတွင် အထူးသဖြင့် ကျေးလက်ဒေသများ၌ အပူပိုင်းဒေသ အုပ်ချုပ်ရေးအတွက် အားလုံးပါဝင်ခွင့်ရသည့်နည်းလမ်းများသည် ကျား-မ သာတူညီမျှပါဝင်ခွင့် ပိုမိုရရှိစေရန် အခွင့်အလမ်းသစ်များဖွင့်လှစ်ပေးခဲ့ပါသည်။ အရင်းအမြစ်များအား စာရင်းပြုစု မြေပုံထုတ်ရာတွင် အမျိုးသမီး၊ အမျိုးသား သီးခြားစီ ဆောင်ရွက်စေခဲ့သည့် ကျား-မ မတူညီမှုများအားထည့်သွင်းစဉ်းစားသော ရပ်ရွာလူထုလုပ်ငန်းစဥ်များကြောင့် အဓိက အောင်မြင်ရခြင်းဖြစ်သည်။ ဤနည်းဖြင့် အရင်းအမြစ် သုံးစွဲသူအားလုံးတို့၏ အမြင်များ၊ ခံယူချက်များအားလုံး ပါဝင်စေခဲ့ပါသည်။

**အိန္ဒိယ နှင့် နီပေါ** နိုင်ငံတို့တွင် တွေ့ရှိရသော အထောက်အထားများအရ သစ်တောအုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်နိုင်ခွင့် အကန့်အသတ်များကို အောင်မြင်ကျော်လွှားနိုင်ခြင်းသည် သစ်တောထိန်းသိမ်းရေးတွင် အကျိုးရှိသည့် သက်ရောက်မှုများ ရရှိစေနိုင်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ဥပမာ - စစ်တမ်းတစ်ခုအရ အမှုဆောင်ကော်မတီတွင် အမျိုးသမီးအချိုး မြင့်မားစွာပါဝင်သည့် အစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်ရေးအဖွဲ့များသည် သစ်တောအခြေအနေကို သိသာထင်ရှားစွာ သာလွန်သည့် တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ နီပေါနိုင်ငံတွင် အမျိုးသမီးများဖြင့်သာဖွဲ့စည်းထားသည့် အမှုဆောင်ကော်မတီများပါသည့်အဖွဲ့များသည်လည်း အလွန်ပို၍သေးငယ်သော၊ ပိုမိုပျက်စီးနေသော သစ်တောများကို အုပ်ချုပ်ရခြင်းဖြစ်သော်လည်း အခြားအဖွဲ့များထက် ပိုမိုကောင်းမွန်သော သစ်တောပြန်လည်ပျိုးထောင်ရေး ရလဒ်များ ထွက်ပေါ်လာစေခဲ့ပါသည်။

**အီဂျစ်** နိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ Mutruh Resources Management Project အရ Bedouin ရပ်ရွာလူထုများ၌ သဘာဝအရင်းအမြစ်များ ပျက်သုဉ်းမှု ကာကွယ်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့အတွက် နည်းလမ်းရှာခဲ့ကြသည်။ အမျိုးသမီးများနှင့် အမျိုးသားများ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် အမျိုးသမီးရော အမျိုးသားပါ ဒေသအရင်းအမြစ်အုပ်ချုပ်မှုအစီအစဉ်များကို ကြိုတင်ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် ပါဝင်စေရန် ထိုစီမံကိန်းကို ရပ်ရွာလူထု အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ရပ်ရွာလူထုအဖွဲ့များ ကျား-မ ပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရန် စီမံကိန်းဝန်ထမ်းများက သင်တန်းပေးကာ အမျိုးသမီးများ တိုးချဲ့ပါဝင်ရေး ကိုယ်စားလှယ်များသည် အမျိုးသမီးများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ပါသည်။

တောင်သူအခြေပြုစိုက်ပျိုးရေးအရင်းအမြစ်အုပ်ချုပ်မှု (FARM) အစီအစဉ်အား - ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏ထောက်ပံ့မှုဖြင့် FAO မှနေ၍ **တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်** နိုင်ငံတို့တွင် ၁၉၉၃ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည်။ ဤအစီအစဉ်သည် -

↓

အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှုကို မြင့်တက်လာစေပြီး ဂေဟာစနစ် ထိရှလွယ်သော၊ မိုးရေဖြင့်စိုက်ပျိုးရသည့် ဒေသများတွင် စိုက်ပျိုးရေးအတွက် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် အသုံးပြု၍ အုပ်ချုပ်နိုင်စေခဲ့ပါသည်။ FARM သည် ဆောင်ရွက်မှုများ၊ ပြဿနာများ၊ ဗဟုသုတများနှင့် အမျိုးသမီးများရော အမျိုးသားများပါ သဘာဝအရင်းအမြစ်များအသုံးပြုခွင့်ရရှိရေး တို့ကို စိစစ်ရာ၌ လက်တွေ့ကျသော ကျား-မ လေ့လာဆန်းစစ်မှုကိရိယာကို ပေါင်းစပ်အသုံးပြုသည့် အားလုံးပါဝင်ခွင့်ရှိသော အကဲဖြတ်အစီအစဉ် နည်းလမ်းကို ချမှတ်ကျင့်သုံးခဲ့ကာ FAO ၏ လူမှု-စီးပွားရေးနှင့် ကျား-မ လေ့လာဆန်းစစ်မှုအစီအစဉ် (SEAGA) အရ ဆရာဖြစ်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ရလဒ်အနေနှင့် ရပ်သူရွာသားများအကြား လူမှုရေး သာတူညီမျှမှု ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသိရှိနားလည်လာစေ၍ အမျိုးသမီးများအနေနှင့် ဆုံးဖြတ်ချက် ချရေးနှင့် ခေါင်းဆောင်မှုတို့တွင် အရေးကြီးသော အခန်းကဏ္ဍမှ စတင်ပါဝင်လာခဲ့သည်။

**ပါကစ္စတန်** နိုင်ငံတွင် ဒေသန္တရ အစိုးရမဟုတ်သည့် အဖွဲ့အစည်း ဖြစ်သည့် Pattan သည် ရပ်ရွာလူထုအား ရေလွှမ်းမိုးမှုကဲ့သို့သော သဘာဝဘေးကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်း မြှင့်တင်ပေးရန်အတွက် ကိုယ်စားပြုမှုနည်းပါးသော ရပ်ရွာအဖွဲ့အစည်းများအား အထောက်အပံ့ပေးကာ ကျား-မ သာတူညီမျှရှိသော ဒေသန္တရဌာန၊ အဖွဲ့အစည်းများကို ဖွဲ့စည်းလျက်ရှိပါသည်။ Pattan သည် စုပေါင်းဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ရပ်ရွာလူထုနှင့် ပူးပေါင်းကာ ရပ်ရွာအား ကိုယ်စားပြုသော၊ ဒီမိုကရက်တစ်စနစ်ကျင့်သုံးသည့် အစုအဖွဲ့ ဖြစ်သည့် Pattan Dahi TAnzeems (PDTs) ကို တည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများသည် ရိုးရာဓလေ့အရ PDT များသို့ဝင်ရောက်ခွင့်မရှိသဖြင့် ၎င်းတို့ကိုယ်ပိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၂ ခုနှစ်က ရေကြီးနှစ်မြုပ်မှုကြောင့် ကျေးရွာများစွာ ပျက်စီးခဲ့ရစဉ်က Pattan သည် နေအိမ်များပြန်လည်ထူထောင်ရေးအတွက် ကမကထပြုကာ စီမံကိန်း၏ PDT များမှ အမျိုးသမီးများကို ပါဝင်ဆောင်ရွက်စေခဲ့ပါသည်။ ပါကစ္စတန်နိုင်ငံတွင် အမျိုးသမီးများသည် ရိုးရာ (Kacha) အိမ်ရာများကို ထိန်းသိမ်းကြသည်။ သို့သော် ဤစီမံကိန်းတွင် ပိုမိုကောင်းမွန်သော (Pakka) အိမ်ရာများ ဒီဇိုင်းဆွဲ၊ ဆောက်လုပ်ရန် ၎င်းတို့အားပါဝင်စေခဲ့ပါသည်။ Pattan သည် အိမ်ရာသစ်၏ စုပေါင်းပိုင်ဆိုင်မှုအယူအဆသစ်ကို မိတ်ဆက်ပေးခဲ့ပြီး အမျိုးသမီးများက ပြန်လည်ဆပ်ရန်တာဝန်ယူရသည့် အိမ်ထောင်စုချေးငွေများ ပံ့ပိုးပေးခဲ့ပါသည်။ ကနဦးတွင် အမျိုးသမီးများ ထိုတာဝန်ယူရမည်ကို အမျိုးသားများက ကန့်ကွက်ခဲ့သည်။ သို့သော် တစ်ဖြည်းဖြည်းနှင့် ၎င်းတို့သည် ပူးတွဲပိုင်ဆိုင်ခြင်း၏ တန်ဘိုးကို မြင်တွေ့လာကြသည်။ အိမ်ရာစီမံကိန်း၏ အတွေ့အကြုံကြောင့် အမျိုးသမီးများ အခြားစီမံကိန်းများတွင် စုပေါင်းဆောင်ရွက်ရန် ယုံကြည်မှုများ ရှိလာသည်။

## ဓလေ့ထုံးတမ်းမြေယာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

နိုင်ငံအများအပြားတွင် ဓလေ့ထုံးတမ်းဌာန/အဖွဲ့အစည်းများသည် ပြည်သူလူထု၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေးဘဝများနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို အုပ်ချုပ်ကာ မြေယာ၊ ရေနှင့် စားကျက် အခွင့်အရေးများကို အုပ်ချုပ်ရာ၌ အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်သည်။ သို့ဖြစ်ရာ ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများအတွက် လက်တွေ့ကျသည့် နည်းလမ်းတစ်စိတ်တစ်ဒေသအဖြစ် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးဌာန/အဖွဲ့အစည်းများအား ပံ့ပိုးပေးသင့်သည် (Daley and Englert, 2010)။

ကျား-လွှမ်းမိုးသည့် ခွဲခြားဆက်ဆံမှုရှိပြီး 'မ' များအား ချန်လှပ်ထားသည့် ဓလေ့ထုံးတမ်း ဌာန/အဖွဲ့အစည်းများ အနေဖြင့် ထိုအတားအဆီးများကို ကျော်လွှားနိုင်ရန်နှင့် ကျား-မ သာတူညီမျှရေး မူကိုလက်ခံလာနိုင်ရန် ကူညီပေးသင့်သည်။ ဥပမာ - အမျိုးသမီးများ၏မြေယာအခွင့်အရေးကို ထောက်ခံသည့် ယဉ်ကျေးမှု အလေ့အထများနှင့် မထောက်ခံသည့် အလေ့အထ များအား ခွဲခြားသုံးသပ်ရန် အောက်ခြေအဆင့်ရှိ ရိုးရာခေါင်းဆောင်များနှင့် အမျိုးသမီးများကို ဆောင်ရွက်စေနိုင်ပါသည်။ အခြားဆောင်ရွက်နိုင်သည်များမှာ အမျိုးသားနှင့် အမျိုးသမီးခေါင်းဆောင်များအား ရပ်ရွာလူထု သင်တန်းများ ပေးခြင်း၊ ကောင်းသော အလေ့အထများကို ပြသခြင်း၊ ရပ်ရွာ အချင်းချင်း

ဖလှယ်မှုများကို မြှင့်တင်ပေးခြင်း ဖြစ်ပါသည် (WLLA, 2010a)။

အပိုင်း ၂ တွင်မှတ်ချက်ပြုထားသည့်အတိုင်း တစ်ခါတစ်ရံ အမျိုးသမီးများသည် တရားဝင်ဌာနများ (အထူးသဖြင့် ယင်းဌာနများသည် မကြာသေးမီကမှ ထူထောင်ထားလျှင်) ထက် ဒေသန္တရ ဓလေ့ထုံးတမ်းခေါင်းဆောင်များအား ပိုမိုချဉ်းကပ်လိုကြောင်း တွေ့ရှိရသည် (Flintan, 2010b)။ အမျိုးသမီးများအနေဖြင့် ကိုယ်ပိုင်သီးခြား ဓလေ့ထုံးတမ်းအဖွဲ့အစည်း များရှိနိုင်ကာ ကျား-မ သာတူညီမျှ မြေယာစီမံအုပ်ချုပ်မှုစနစ် ဖြစ်စေရေးအတွက် ဌာနအသစ်များ ဖွဲ့စည်းခြင်းအစား အဆိုပါ ဓလေ့ထုံးတမ်းအဖွဲ့အစည်းများအား တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်းများလည်း ဆောင်ရွက်နိုင်သည်။ (Fitan, 2010b)

ဇယားကွက်-၃.၅ တွင် ဖော်ပြထားသည့် ယူဂန္ဓာနှင့် မာလဝီ နိုင်ငံတို့မှ ဖြစ်စဉ်များအတိုင်း ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးဌာနများသည် ကျား-မ သာတူညီမျှမှု ပိုမိုရှိသော လုပ်ပိုင်ခွင့်အလေ့အထများဆီသို့ ပြောင်းလဲရန် အရေးပါသော လွှမ်းမိုးမှုများ ပေးနိုင်ပါသည်။

ဇယားကွက်-၃.၅ -
**ဓလေ့ထုံးတမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

ယူဂန္ဓာနိုင်ငံ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် ကျား-မ သာတူညီမျှ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ယူဂန္ဓာ နိုင်ငံ၏ မြေယာ သာတူညီမျှရှိရေး လှုပ်ရှားမှု (LEMU) အား ၂၀၀၃ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ဒေသခံ ဓလေ့ထုံးတမ်းအာဏာပိုင်များအား ပါဝင်စေ၍ မြေယာအခွင့်အရေးများ အာမခံချက်ရှိမှုကို မြှင့်တင်နိုင်ရန်အတွက် ဓလေ့ထုံးတမ်းနှင့် ပြဋ္ဌာန်း ဥပဒေ စနစ်များအပေါ် အများသဘောတူစေရန်နှင့် ညီညွတ်သဟဇာတရှိစေရန် ဆောင်ရွက်ပါသည်။ LEMU ၏ အသိပညာပေးလှုပ်ရှားမှုများတွင် ပါဝင်သည့်အချက်များမှာ -

- တရားဝင် တရားရုံးများသို့ ဖြန့်ဝေရန်အတွက် ဓလေ့ထုံးတမ်းဥပဒေကို ကျင့်ထုံးများ၌ ထည့်သွင်းမှတ်တမ်းတင်ခြင်း။
- ရပ်ရွာလူထုအား ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနယ်နိမိတ်သတ်မှတ်ပေးခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် မြေပုံကြမ်း ထုတ်ခြင်းတို့ကဲ့သို့သော ဒေသန္တရနည်းလမ်းများအားဖြင့် မြေအသုံးပြုခွင့်များအား ထောက်ခံပေးခြင်း။
- ရဲများအား ဓလေ့ထုံးတမ်းအခွင့်အရေးများ သင်တန်းပေးခြင်းနှင့် တရားစီရင်ဆုံးဖြတ်ချက်များအား လက်တွေ့အကောင်အထည်ဖော်ရန် ပံ့ပိုးပေးခြင်း။
- တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအား ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်သင်တန်းပေးခြင်း နှင့် လက်တွေ့ မြေယာအငြင်းပွားမှုများကို ပါဝင် စေ့စပ်ညှိနှိုင်းရန် အခွင့်အရေးများ ဖန်တီးပေးခြင်း။

ခရိုင်အစိုးရများနှင့်မြေယာဝန်ကြီးဌာနတို့၏ မေတ္တာရပ်ခံချက်အရ LEMU သည် ဓလေ့ထုံးတမ်းခေါင်းဆောင်များနှင့် ဒေသန္တရ မြေယာကော်မတီဝင်များအား ပြဋ္ဌာန်း ဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများအကြောင်း၊ ပဋိပက္ခ လျှော့ချခြင်းအကြောင်းနှင့် ဒေသန္တရမြေယာစီမံအုပ်ချုပ်မှုများ ဆောင်ရွက်နိုင်စေရန် ဧရိယာအလိုက် မြေယာကော်မတီများ တည်ထောင်ခြင်း အကြောင်း စသည်တို့ကို သင်ကြားပေးပါသည်။

မာလဝီ နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ မြေယာညွန့်ပေါင်းအဖွဲ့ (ILC) က ရန်ပုံငွေပံ့ပိုးမှုဖြင့် အမျိုးသမီးများ၏ ဥပဒေအရင်းအမြစ် ဗဟိုဌာနမှဆောင်ရွက်သော ဆောင်ရွက်ချက်များ သုတေသန စစ်တမ်း တစ်ရပ်တွင် မုဆိုးမများ မြေယာအသုံးပြုခွင့်ရရှိရေးအတွက် လူမှုရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် ဒေသခံ အကြီးအကဲများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဖခင် အဆက်အနွယ်များ နေထိုင်ရာဒေသတွင် သတို့သမီးဖက်မှ တင်တောင်းခဲ့လျှင် မုဆိုးမဖြစ်ချိန်တွင် မြေယာသုံးစွဲပိုင်ခွင့် ဆက်လက်ရရှိရေး ညှိနှိုင်းပိုင်ခွင့်ရှိသည်ဟု အကြီးအကဲများက အသိမှတ်ပြုထားကြသည်။ သို့သော် မြေယာရှားပါးမှုဟူသည့် အဓိကအကြောင်းရင်းကြောင့် ကွယ်လွန်သူခင်ပွန်းဘက်မှ မိသားစုများသည် လက်ထပ်ပြီးပါက လင်၏မြေကို မယားပူးတွဲပိုင်ဆိုင်သည် ဆိုသည့် ဓလေ့ထုံးတမ်း စည်းမျဉ်းစည်းကမ်းကို စိန်ခေါ်ကာ မုဆိုးမများ၏ မြေကို ပြန်လည်ရယူလေ့ ရှိပါသည်။ စစ်တမ်း၏ ဆောင်ရွက်ကြိုးပမ်းမှုနောက်ပိုင်းတွင် အကြီးအကဲအချို့တို့သည် ရပ်ရွာအစည်းအဝေးများ၊ ဈာပနများနှင့် အခြားသော ကျေးရွာ စုဝေးပွဲများ၌ မုဆိုးမများ မြေစွန့်လွှတ်ရခြင်းကိစ္စကို စတင်၍ ရှုံ့ချပြောဆိုလာကြသည်။ သို့ရာတွင် အကြီးအကဲများ၏နောက်တွန့်နေမှု၊ အထက်အာဏာပိုင်များအား ကြောက်ရွံ့မှုနှင့် ပြဋ္ဌာန်း မြေယာဥပဒေများ အကြောင်း ဗဟုသုတမရှိခြင်းစသည့် ကန့်သတ်ချက်များကို စစ်တမ်းအစပိုင်းတွင် ရင်ဆိုင် ကျော်လွှားခဲ့ရသည်။

ဆန်းစစ်ရန် အချက်များ စာရင်း-၃.၂ - **ဓလေ့ထုံးတမ်းနှင့် ဒေသန္တရ အဖွဲ့အစည်း များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။**

- ✓ ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်အလေ့အထများနှင့် အဖွဲ့အစည်းများကို သုတေသန ပြုရန်။ ၎င်းတို့အကြောင်းကို အမျိုးသား မူဝါဒနှင့် ဥပဒေ ရေးဆွဲသူများကြားတွင် အသိပညာပေးရန်။ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးတွင် ဆုံးဖြတ်ချက် မည်သို့ချသည်၊ ထိုဆုံးဖြတ်ချက်များကို လက်တွေ့မည်သို့ ဖော်ဆောင်သည်ကို နားလည်အောင် လေ့လာရန်။
- ✓ ကျား-မ သာတူညီမျှရှိသော မြေယာလုပ်ပိုင်ခွင့်နှင့် ကိုက်ညီသည့် ဓလေ့ထုံးတမ်းအလေ့အထများ၊ လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ရန်နှင့် ခွဲခြားဆက်ဆံသော၊ ဖယ်ကျဉ်သော အစိတ်အပိုင်းများကို ပပျောက်အောင် ဆောင်ရွက်ရန်။
- ✓ ဒေသန္တရ မြေယာနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းမှ ဓလေ့ထုံးတမ်းခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး၏ အရေးကြီးပုံကို သိနားလည်ရန် အမြင်ဖွင့် သင်ကြားပေး၍ အုပ်ချုပ်မှုလုပ်ငန်းစဉ်အသစ် များကို ပြောင်းလဲကျင့်သုံးနိုင်ရန် ပံ့ပိုးကူညီရန်။ ဓလေ့ထုံးတမ်း ခေါင်းဆောင်အားလုံးသည် ပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ကြလိမ့်မည်ဟု မယူဆထားပါနှင့်။
- ✓ ဓလေ့ထုံးတမ်း အဖွဲ့အစည်းများ၏ မြေယာစီမံခန့်ခွဲမှုကို ပံ့ပိုးပေးရန်နှင့် ၎င်းတို့အနေဖြင့် ကျား-မ သာတူညီမျှရှိရေး တာဝန်ခံစေရန်။ အစိုးရအား တိုက်တွန်းရန်။
- ✓ အမျိုးသမီးများ၏ လက်ရှိ ဓလေ့ထုံးတမ်းဌာန အသင်းအဖွဲ့များနှင့် အစုအဝေးများအား ဒေသန္တရ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး အစီအစဉ်တွင် ထည့်သွင်းလှုပ်ရှားစေရန်။

**သတိပြုရန်**

ဒေသန္တရအဆင့်၌ ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးကို ကျင့်သုံးရန် အစပြုသင့်သည် အကောင်းဆုံးနေရာသည် လက်ရှိ ဓလေ့ထုံးတမ်း အဖွဲ့အစည်းများ ဖြစ်ပါသည်။

## အခြားသော ဌာန / အဖွဲ့အစည်းများ

တရားစီရင်ရေးကဏ္ဍသည်လည်း နိုင်ငံတစ်ဝှမ်းရှိ ဗဟိုအဆင့်နှင့် ဒေသန္တရ အဆင့်များရှိ တရားရုံးများနှင့် ရုံးများမှတဆင့် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးကို ပံ့ပိုးပေးရာတွင် အခန်းကဏ္ဍတစ်ခု၌ ပါဝင်လျက်ရှိသည်။ တရားသူကြီးများ၊ ဥပဒေများ၏ မြေယာနှင့်ပစ္စည်း အခွင့်အရေးတွင် ကျား-မ သာတူညီမျှရှိရေး ပြဋ္ဌာန်းချက်များနှင့် မတူညီသော လူအုပ်စုများသည် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်ရန် ကြိုးပမ်းစဉ် ရင်ဆိုင်ရသည့် အခက်အခဲများအကြောင်းကို ရှေ့နေများ၊ ရဲအရာရှိများနှင့် အခြားသော ပုဂ္ဂိုလ်များမှ သိထားသင့်ပါသည်။ အပိုင်း ၂ တွင် မှတ်သားထားသည့်အတိုင်း တရားစီရင်ရေး၌ အမျိုးသမီးများ၏ ပါဝင်ခွင့်ကို ထောက်ခံရပ်တည်ပေးခြင်းသည် အမျိုးသမီးများ တရားရေးစနစ်အသုံးပြုခွင့် ပိုမိုကောင်းမွန်စွာ ရရှိစေရန် အထောက်အကူ ဖြစ်စေပါသည်။

ထုတ်လုပ်သူများနှင့်တောင်သူများ၏ အဖွဲ့အစည်းများသည် အောက်ခြေအဆင့်တွင် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးကို ပံ့ပိုးပေးနိုင်ပါသည်။ ထို အဖွဲ့အစည်း၊ အသင်းအဖွဲ့များသည် ဒေသန္တရရပ်ရွာလူထုများ၊ ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မူဝါဒချမှတ်သည့် အဖွဲ့အစည်းများ နှင့် အစိုးရဝန်ကြီးဌာနများ စသည်တို့အကြား ကြားဝင်ညှိနှိုင်းပေးသူများ အဖြစ် မကြာခဏဝင်ရောက် ဆောင်ရွက်ရလေ့ရှိပြီး အဆင့်အသီးသီး၌ ထိရောက်သော မြေယာနှင့်သက်ဆိုင်သည့် စည်းရုံးလှုံ့ဆော်မှုများနှင့် သတင်းအချက်အလက် မျှဝေပေးသည့် ဆောင်ရွက်ချက်များကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်အဖွဲ့အစည်းတွင် အမျိုးသမီးများကိုယ်စားပြုမှုကို ထောက်ခံအားပေးခြင်းသည် ထိုအသင်းအဖွဲ့များ၏ အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချ

သည့်လုပ်ငန်းစဉ်များတွင် ကျား-မ သာတူညီမျှမှုကို တိုးတက်စေရန် ပိုမိုကျယ်ပြန့်သော မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များအား ပံ့ပိုးရာလည်း ရောက်ပါသည် (FAO, 2011a: 11)။

ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများတွင် ကျား-မ သာတူညီမျှရှိရေးနှင့် - အမျိုးသမီးနှင့် အမျိုးသားများ - စသည့် လူတိုင်းပါဝင်ခွင့်ရရှိရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး မြေယာနှင့်သက်ဆိုင်သည့် အဖွဲ့အစည်း အားလုံးတွင် ဒေသခံအမျိုးသမီးများအား အမျိုးသားနှင့် တန်းတူပါဝင်ခွင့်ရစေခြင်းသည် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး၏ ဘက်စုံကျား-မ သာတူညီမျှမှုကို တိုး၍ကောင်းမွန်စေကြောင်း အထောက်အထားများရှိပါသည်။ ဇယားကွက်-၃.၄ တွင် ဤအပိုင်းနှင့် ဆက်စပ်သော ဥပမာများ တွေ့နိုင်ပါသည်။

## ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

အမျိုးသမီးများအဆင့်မြင့်ပညာသင်ယူခွင့်မရှိခြင်းနှင့် သိပ္ပံနှင့်နည်းပညာသင်ယူရန် တွန်းအားများ မရှိခြင်းတို့ကြောင့် အမျိုးသမီးများ မြေယာကဏ္ဍတွင် နည်းပညာရှင်အဖြစ် ဝင်ရောက်လုပ်ကိုင်ရန်အတားအဆီး ဖြစ်နေခြင်းကို ဖြေရှင်းရန်အတွက် သီးသန့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ လိုအပ်ပါသည်။ ကျား-မ ကိစ္စရပ်များဆိုင်ရာ ဗဟုသုတ တိုးပွားလာစေရန်နှင့် ပိုမိုနားလည်နိုင်စေရန်အတွက် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး ဌာန/အဖွဲ့အစည်းများ အားလုံးအတွက် ယေဘုယျအားဖြင့် စွမ်းရည်ဖွံ့ဖြိုးရေးပိုမိုလုပ်ဆောင်ရန် လည်း လိုအပ်ပါသည်။ ဇယားကွက်-၃.၆ တွင် ကျား-မ သာတူညီမျှ ရှိသော အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော နည်းလမ်း နမူနာများကို ဖော်ပြထားပါသည်။

ဇယားကွက်-၃.၆ -
**ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးအတွက် စွမ်းရည်မြှင့်တင်ခြင်း။**

အိန္ဒိယ နိုင်ငံတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်က ရန်ပုံငွေဖြည့်ဆည်းပေးသည့် ကာနာတာကာ ရေဝေရေလဲ ဖွံ့ဖြိုးရေးစီမံကိန်းကို ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးပါဝင်ခွင့် တိုးတက်စေခြင်း အပါအဝင် ရပ်ရွာလူထု သဘာဝအရင်းအမြစ် အုပ်ချုပ်ရေးတွင် ဒေသခံများပါဝင်ခွင့်ပေးခြင်းဖြင့် ကာနာတာကာ ပြည်နယ်ရှိ ခရိုင် ၇ ခုတို့မှ ရေဝေရေလဲဒေသများ ဖြစ်ထွန်းမှု အလားအလာကောင်းများ တိုးတက်လာစေရန် ရည်ရွယ်၍ ဖော်ဆောင်ခဲ့ပါသည်။ ထိုစီမံကိန်းအားဖြင့် အစိုးရနည်းပညာကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ၊ ဒေသန္တရ အာဏာပိုင်များနှင့် သုတေသီများ မိတ်ဖက်ဆောင်ရွက်ကြပြီး ရေဝေရေလဲအစီအစဉ်တွင် ယခင်ကတည်းက ပါဝင်ခဲ့ကြသည့် အမျိုးသမီးများ၊ လယ်ယာမဲ့များ ကဲ့သို့သော လူထုအခြေပြု အသင်းအဖွဲ့များဖွဲ့စည်းခဲ့ကြပါသည်။ အမျိုးသားများက ထောက်ခံအားပေးသည့် အမျိုးသမီးသီးသန့် အစုအဖွဲ့များဖန်တီးခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်းနှင့် ပစ္စည်းပိုင်ဆိုင်မှုများကို မျှဝေပြုလုပ်ရန် တွန်းအားဖြစ်စေခဲ့သည်။ အကျိုးကျေးဇူးများအဖြစ် ပါဝင်သည့်မိသားစုများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အလုံးစုံ လူနေမှုအဆင့်တန်း မြင့်မာလာမှုများတွင် ထပ်ဟပ်လျက်ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

တာဂျစ်ကစ္စတန် နိုင်ငံတွင် အမျိုးသမီးများက ထောက်ခံအားပေးသည့် ကုလသမဂ္ဂအစီအစဉ်တစ်ရပ်အားဖြင့် ဆောင်ရွက်ဆဲ မြေယာပြုပြင်ပြောင်းလဲမှုအပေါ် နိုင်ငံသားများ၏တုန့်ပြန်သံများကို မြေယာဌာနအား သတင်းပို့ပေးသည့် ယန္တရားတစ်ရပ်ကို ချမှတ်ကျင့်သုံးမှု မြှင့်တက်လာစေပါသည်။ ထိုယန္တရားတွင် ခရိုင်မြေယာဌာန နှင့် ကျေးလက်ပြည်သူများအကြား တိုက်ရိုက်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်သည့် နှစ်လမ်းသွားဆက်သွယ်ရေးကို အသုံးပြုကာ ကျေးလက်ဒေသတွင် ခိုင်မာနေဆဲဖြစ်သည့် ယဉ်ကျေးမှုနှင့် လူမှုရေးပုံစံခွက်ကို ဖယ်ရှားရန် အလေးထား

↓

ဆောင်ရွက်ပါသည်။ တုန့်ပြန်သံ ယန္တရားကို ရှေ့ပြေးဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ အစီရင်ခံချက် ကဒ်ပြား အားဖြင့်စောင့်ကြည့်ရာ ဒေသန္တရအစိုးရ၏ အခွင့်အရေးကို အခြေခံ၍ ကျား-မ အကဲဆတ်သော ဝန်ဆောင်မှုပေးသည့် စွမ်းရည်ကို ပိုမိုခိုင်မာစွာ တည်ဆောက်ရန်လိုအပ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ဒေသန္တရ အစိုးရအရာရှိများနှင့် မြေယာဌာနမှဝန်ထမ်းများ၊ အမျိုးသမီးကော်မတီ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလွတ်တန်းကျေးလက်ရပ်ရွာလူထု အုပ်စုများမှ ကိုယ်စားလှယ်များ စုစုပေါင်း လူဦးရေ ၆၅၀ ကျော် တို့ မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှ ကျား-မ ဆိုင်ရာသိကောင်းစရာအချက်များနှင့်စပ်လျဉ်းသည့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခဲ့ကြပါသည်။ သို့ဖြစ်ရာ ထိုသင်တန်းသားများသည် မြေယာပြန်လည်ဖွဲ့စည်းရေးလုပ်ငန်းစဉ်တွင် တောင်သူများစိုးရိမ်မကင်းဖြစ်သည့် ကိစ္စရပ်များကို ပိုမိုအရည်အချင်း ပြည့်ဝစွာ ကိုင်တွယ်ဖြေရှင်းရေးမှသည် အသိပညာပေး လှုပ်ရှားမှု များတွင် ပိုမိုပါဝင်ရေးဆီသို့ တိုး၍ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဆန်းစစ်ရန် အချက်များစာရင်း ၃.၃ - **အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်း။**

- ✓ အမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှုမြှင့်တင်ရန်အတွက် အများပြည်သူရှေ့စကားပြောခြင်းနှင့် စကားစစ်ထိုးခြင်း နည်းလမ်းများ သင်ကြားပေးရန်။
- ✓ အမျိုးသမီးများ မိမိတို့သက်ဆိုင်ရာဌာနများ၏ အစည်းအဝေးများ၌ ထိရောက်စွာပါဝင်နိုင်စေရန် အတွက် သက်ဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို လေ့ကျင့်သင်ကြားပေးရန်။
- ✓ အမျိုးသမီးများနှင့် အမျိုးသားများအား ဌာန/အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ-အထူးသဖြင့် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး ကို ပံ့ပိုးပေး၍ တိုးတက်ကောင်းမွန်စေသည့် ပြဋ္ဌာန်းချက်များ လေ့ကျင့်သင်ကြားပေးရန်။
- ✓ ဌာန/အဖွဲ့အစည်း လည်ပတ်သည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှုအကျိုးကို အမြင့်မားဆုံးရရှိစေရန် အတွက် အမျိုးသမီးအဖွဲ့ဝင်များ၏ လိုအပ်ချက်များ၊ ပေးနိုင်သည့်အချိန်၊ အသွားအလာကန့်သတ်ချက်များနှင့် ယဉ်ကျေးမှု စည်းကမ်းချက်များကို ထည့်သွင်းစဉ်းစားစေရန်။ ဌာန/အဖွဲ့အစည်း၏ အစည်းအဝေးနှင့် လုပ်ငန်းမှုများ ပြုလုပ်သည့်အချိန်တွင် ပါဝင်သည့် အမျိုးသမီး၏ ကလေးအား ပြုစုစောင့်ရှောက်ပေးသည့် အစီအစဉ် ထည့်သွင်းပြဋ္ဌာန်းခြင်း ကဲ့သို့ ဆောင်ရွက်ချက်မျိုး ပါဝင်နိုင်ပါသည်။

**သတိပြုရန်**

မြေယာ ဌာန/အဖွဲ့အစည်းများမှ အမျိုးသမီးအဖွဲ့ဝင်များသည်  - အထူးသဖြင့် ထိုသို့သော ဌာန/အဖွဲ့အစည်းများတွင် ပါဝင်သည့်အတွေ့အကြုံ နည်းပါးပါက - ၎င်းတို့၏အခန်းကဏ္ဍတွင် ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက်  အထူးသင်တန်းနှင့် အထောက်အကူများပေးရန် လိုအပ်ပါလိမ့်မည်။

ဆန်းစစ်ရန် အချက်များစာရင်း-၃.၄ - **ကျား-မ သာတူညီမျှရေးအတွက် ဌာန/အဖွဲ့အစည်း၏ စွမ်းရည် မြှင့်တင် ပေးခြင်း။**

- ✓ ကျား-မ သာတူညီမျှမှု အပိုင်းတွင် ဦးဆောင်မှုနမူနာ ချမှတ်ရန်အတွက် မြေယာအဖွဲ့အစည်းများတွင် ထိပ်ပိုင်းရာထူးများ၌ အမျိုးသမီးများအား ခန့်အပ်ရန်နှင့် သင့်တော်သည့် ပံ့ပိုးမှုများပေးရန်။
- ✓ ရဲ၊ တရားသူကြီးနှင့် ဓလေ့ထုံးတမ်းအာဏာပိုင်များ အပါအဝင် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများအားလုံးမှ ဝန်ထမ်းများနှင့်အဖွဲ့ဝင်များအား - ကျား-မ ကိစ္စများအား သိမြင်နားလည်စေရေး အမြင်ဖွင့် သင်တန်းများပေးရန်။
- ✓ မြေယာဌာန/အဖွဲ့အစည်းအဆင့်အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျား-မ သာတူညီမျှမှုကို ထည့်သွင်းကိုင်တွယ်ရန် မြေယာကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအား အားပေးရန်။ ဒေသန္တရအဆင့်တွင် ဌာန/အဖွဲ့အစည်း၏ နေ့စဉ်ဆောင်ရွက်ပုံများ ပြောင်းလဲလာရေးအတွက် ဦးဆောင်ပေးရန် အစိုးရများနှင့် နိုင်ငံတကာ အဖွဲ့အစည်းကြီးများ အပေါ် မမှီခိုသင့်ပါ။
- ✓ ဒေသန္တရ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာန/အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရန် အခြား မြေယာဆိုင်ရာ စီမံကိန်းများမှ အမျိုးသမီးဝန်ထမ်းများနှင့် အမျိုးသမီးအရာရှိများအား လေ့ကျင့်သင်ကြားပေးရန်။
- ✓ အောက်ခြေမှသည် အထက်အဆင့်အထိ စွမ်းရည်မြှင့်တင်ပေးနိုင်ရန်အတွက် ဒေသန္တရအဆင့်စီမံကိန်းနှင့်

ဆုံးဖြတ်ချက်ချရေး များတွင် အားလုံးပါဝင်သည့်လုပ်ငန်းစဉ်နှင့် ဆန်းသစ်မှုများ ပြုလုပ်ရန်။

✓ မြေယာဌာန/အဖွဲ့အစည်းများမှ အမျိုးသမီးနှင့် အမျိုးသားအဖွဲ့ဝင်များအား တန်းတူအရေးကြီးသည့် ရာထူး အဆင့်နှင့် တာဝန်များပေးရန်။

✓ မတူညီသော လူမှု-စီးပွားနောက်ခံ၊ ဘာသာရေး၊ ဇာတ်အနိမ့်အမြင့် စသည်တို့မှ အမျိုးသမီးများ သည် မြေယာ ဌာန/ အဖွဲ့အစည်းများ၌ ဆုံးဖြတ်ချက်ချရေးတွင် ပါဝင်ရန် စိတ်ဝင်စားမှု အခြေအနေ ကွဲပြားနိုင်ကြောင်း သိ ထားရန်။ သို့ဖြစ်ရာ အမျိုးသမီးနှင့် အမျိုးသားများအားလုံးအတွက် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး ဖြစ်စေရန် ဌာန/ အဖွဲ့အစည်း ဖွဲ့စည်းပုံတွင် ယင်းကို ထည့်သွင်းစဉ်းစားရမည်။

**သတိပြုရန်**

ဌာန/အဖွဲ့အစည်းများသည် ဆင့်ကဲပြောင်းလဲနေသည် - သို့ဖြစ်၍ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ကျား-မ သာတူညီမျှမှုကိစ္စကို ကိုင်တွယ်ရန် ဌာန/အဖွဲ့အစည်း၏ စွမ်းရည် တည်ဆောက်ပေးရာတွင် တစ်ဖြည်းဖြည်း ဆင့်ကဲဖြစ် ပေါ် တိုးတက်သည့် ပုံစံဖြင့် ဆောင်ရွက်သင့်မည်။

# နည်းပညာရပ် ကျွမ်းကျင်မှုတွင် ကျား-မ သာတူညီမျှ ကိုယ်စားပြုခြင်း

မြေယာစီမံခန့်ခွဲရေးသည် အစဉ်အလာအရ အမျိုးသားများ ကြီးစိုးသောကဏ္ဍတစ်ရပ်ဖြစ်ပြီး - အထူးသဖြင့် မြေယာတိုင်းတာခြင်းကဲ့သို့သော နည်းပညာကျွမ်းကျင်မှုအပိုင်းတွင်ဖြစ်သည်။ ယင်း ကြောင့် ကျား-မ သာတူညီမျှမှု ဟုဆိုလျှင် အမျိုးသမီးများအား မည်သည့်အဆင့်၊ တာဝန်တွင် ခန့်ထားသည်ဖြစ်စေ၊ မြေယာစီမံခန့်ခွဲမှုဌာန/အဖွဲ့အစည်းများနှင့် စီမံကိန်းများတွင် တစ်နေရာရာ၌ ခန့်ထားလျှင် လုံလောက်ပြီဟုသည့် အမြင်များ ရှိလာသည် (World Bank, 2005:18) ။

မြေယာကဏ္ဍသို့ နည်းပညာကျွမ်းကျင်သူများအဖြစ် ဝင်ရောက်ခွင့်ရရန် ကြိုးစားသည့် လူငယ် အမျိုးသမီးများသည် အောက်ပါအချက်များကို ရင်ဆိုင်ဖြတ်ကျော်ရလေ့ ရှိပါသည် -

- မြေတိုင်းတာခြင်းလုပ်ငန်းကဲ့သို့သော ကွင်းထဲ၌ အခြေခံလိုအပ်ချက်များသာဖြည့်ဆည်း၍ ကာလကြာရှည်စွာ နေထိုင်ရန် ရုပ်ခန္ဓာနှင့် ကိုယ်ရေးကိုယ်တာ ကန့်သတ်ချက်ရှိခြင်း၊
- မိသားစုများတွင် အဆင့်မြင့်ပညာ- အထူးသဖြင့် သိပ္ပံဘာသာရပ်ကို သင်ကြားရန် ယောက်ျားလေးများကို ဦးစားပေးသဖြင့် လူငယ်အမျိုးသားများထက်စာလျှင် နည်း ပညာတတ်မြောက်မှု အဆင့်နိမ့်ခြင်း၊
- မိန်းကလေးများနှင့် အမျိုးသမီးငယ်များသည် အိမ်ထောင်ထိန်းသိမ်းရန်နှင့် သားဖွားရန် စ သည့် ပံ့ပိုးသူအဆင့်တွင်သာ ရှိသည်ဆိုသည့် ပုံစံခွက်ကြောင့်လည်းကောင်း၊ အလုပ်သမား သစ် ခေါ်ယူသည့်လုပ်ငန်းစဉ်တွင် ကျား-မ ခွဲခြားသည့် အလေ့အထကြောင့် လည်းကောင်း အလုပ်အကိုင်နှင့်ပတ်သက်၍ သွယ်ဝိုက် ခွဲခြားဆက်ဆံခံရခြင်း၊
- ပညာရပ်ဆိုင်ရာ ကွန်ရက်များနှင့် အသင်းအဖွဲ့များအားဖြင့် အလုပ်အကိုင်ရှာဖွေခြင်း အပါအဝင် သတင်းအချက်အလက် ရနိုင်သော လမ်းကြောင်းများနှင့် အလုပ်အကိုင် ရှာဖွေရေး ယန္တရားများ အသုံးပြုနိုင်ခွင့်သည် အမျိုးသားလူငယ်များထက် နည်းပါးခြင်း - စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများသည် မြေယာစီမံခန့်ခွဲရေးတွင် ရုံးလုပ်ငန်းများနှင့်သာ ပိုမိုသင့်တော်သည်ဟု ယေဘုယျအားဖြင့် ယူဆကြသည်။ ဥပမာ - အမျိုးသမီးများသည် မြေယာမှတ်ပုံတင်ရုံးများ၌ ဖောက်သည်များအားဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ်များကဲ့သို့ အရေးကြီးသော နေရာတစ်ခုနှင့် သင့်တော်သည်ဟု အသိအမှတ်ပြုထားပြသည်။ အမျိုးသမီး အမှုသည်များသည် စုံစမ်းရေးကောင်တာတွင် အခြားအမျိုးသမီးတစ်ဦးအား ချဉ်းကပ်မေးမြန်းရန် ပိုမို စိတ်ထက်သန်လေ့ရှိသည်။ ထို့ကြောင့် ရုံး၌ ဝန်ထမ်းများခန့်ထားရာတွင် ကျား-မ ဟန်ချက်ညီရန် အရေးကြီးပါသည်။

နိုင်ငံအများအပြားတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် ကိရိယာများဖန်တီးခြင်းအပါအဝင် မြေယာသတင်းအချက်အလက် စနစ် လည်ပတ်မှုအား ပံ့ဖော်တည်ဆောက်ရာတွင် အမျိုးသမီးများပါဝင်ကြသည်။ ၎င်းတို့သည် မြေယာသတင်းအချက်အလက်စနစ်နှင့် အချက်အလက်ဘဏ်များကို စီစဉ်လည်ပတ်ရသူများအဖြစ်လည်း သတ်မှတ်ခြင်းခံရလေ့ရှိသည်။ ဥပမာအားဖြင့် စာရေးစာချီနှင့်ဆိုင်သော၊ အချက်အလက်ထည့်သွင်းရသော အခန်းကဏ္ဍများ ဖြစ်ပါသည်။

သို့ရာတွင် မြေယာစီမံခန့်ခွဲရေးတွင် နည်းပညာလုပ်ငန်းများ၌ ကျား-မ သာတူညီမျှ ပါဝင်ခွင့်ရရှိစေရန်၊ အထူးသဖြင့် ရုံးလုပ်ငန်းနှင့် ကွင်းဆင်းဆောင်ရွက်ရသည့်လုပ်ငန်းများ တွင် ပိုမို၍ ကျား-မ အရေအတွက် မျှတမှုရှိစေရန် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ဥပမာ - အလုပ်အကိုင်ခေါ်ယူသည့် သတင်းများ ဖြန့်ဝေရန် နှင့် ထိုအလုပ်အကိုင်များသည် ကျား-မ နှစ်မျိုးလုံးအတွက် လမ်းဖွင့်ပေးထားကြောင်း ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်။ ထို့အတူ လူငယ်အမျိုးသမီးများအား နည်းပညာလုပ်ငန်းများနှင့် ကွင်းဆင်းဆောင်ရွက်ရသည့်လုပ်ငန်းများသို့ ဆွဲဆောင်နိုင်ရေးအတွက် အကျိုး၊ အပြစ်များကို ရှင်းပြရန်နှင့် လက်တွေ့ကွင်းဆင်းသည့်အတွေ့အကြုံ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ဇယားကွက်-၃.၇ တွင် ပါရှိသည့် ဖြစ်စဉ်လေ့လာမှုတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သိပ္ပံနှင့် နည်းပညာ ဘာသာရပ်များသင်ကြားပေးရန် ပံ့ပိုးပေးသည့် နမူနာစနစ်ကောင်းတစ်ရပ်ကို ဖော်ပြထားပါသည်။ ဇယားကွက်-၃.၈ တွင် အာရပ်ဒေသ နယ်ပယ်တစ်ဝှမ်းတွင် ရှိနေသည့် အမျိုးသမီးများအတွက် ဆန့်ကျင်ဘက် နိမ့်ကျသော အခြေအနေများကို ဖော်ပြထားပါသည်။

ဇယားကွက်- ၃.၈ -
**မြေယာစီမံခန့်ခွဲရေးလုပ်ရှားမှုများနှင့် နည်းပညာများတွင် ကျား-မ သာတူညီမျှရေး၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ**

အာရပ်ကမ္ဘာရှိ နိုင်ငံပေါင်း ၂၂ နိုင်ငံတွင် ကျား-မ ခွဲခြားဆက်ဆံမှုများကြောင့် ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများ ရှုပ်ထွေးစေသည်။ ထိုနိုင်ငံများရှိ မြေယာကဏ္ဍမှ နည်းပညာနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသည့် အမျိုးသားများ၏ အမြင်တွင် ကွင်းဆင်းလုပ်ငန်းမှာ အမျိုးသမီးများနှင့် မသင့်တော်သလို ကိရိယာများမှာလည်း လေးလံလွန်းသောကြောင့် ကျား-မ ခွဲခြားဆက်ဆံခြင်းသည် အမျိုးသမီးများအား ကာကွယ်ရန်ဖြစ်သည်ဟု ယူဆထားလေ့ရှိသည်။ တစ်ချိန်တည်းမှာပင် အချို့သော - အထူးသဖြင့် ကျေးလက်ဒေသများမှ - အမျိုးသမီးများ သည် ၎င်းတို့၏ ရိုးရာဓလေ့ကို ကျော်လွန်၍လုပ်ဆောင်ရန်ကြောင့်ရွံ့ကြပြီး ၎င်းတို့၏ အမည်ဂုဏ်သတင်း ထိခိုက်မည့်အလားအလာများကြောင့် သီးခြားသတ်မှတ်ထားသည့် ကျား-မ ဘောင်ထဲတွင်သာ နေလေ့ရှိကြသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်ဝန်ပိနေသဖြင့် အချိန်မရှိသလို လှုပ်ရှားသွားလာခွင့်သည်လည်း နည်းပါးကြသည် - အမျိုးသမီးများသည် တစ်ဦးတည်း ခရီးထွက်ခွင့် သို့မဟုတ် အပြင်ထွက်ခွင့် မရှိပါ။

↓

ပညာရေးသည်လည်း ကျား-မ ခွဲခြားမှု များပါသည်။ အလုပ်လုပ်ကိုင်သည့် အမျိုးသမီးများသည် ၎င်းတို့၏ အိမ်မှုကိစ္စ ဆောင်ရွက်ချိန်နှင့် မတိုက်ဆိုင်သော၊ လူမှုရေးအရ အမည်ဂုဏ်သတင်းကို မထိခိုက်နိုင်သော အနီးအနားမှ အလုပ်များကိုသာ လုပ်ကိုင်ကြသည်။ အာရပ်ကမ္ဘာတစ်ဝှမ်း အိမ်ထောင်ရှင်အမျိုးသမီး ၁၈ ရာခိုင်နှုန်းသည်သာ ဝင်ငွေရသည့် လုပ်သားများ ဖြစ်ကြပြီး သိပ္ပံကဏ္ဍတွင် အဆင့်မြင့်ရာထူး ရရှိသည့် အမျိုးသမီးများမှာ ၂ ရာခိုင်နှုန်းသာ ရှိသည်။

အီဂျစ်၊ ဂျော်ဒန်၊ လက်ဘနွန် နှင့် တူနီးရှား နိုင်ငံများတွင် အမျိုးသမီးများသည် မြေယာကဏ္ဍ၏ နည်းပညာရပ်ဝန်းတွင် အလုပ်လုပ်ကိုင်ခွင့်ရှိသော်လည်း အလုပ်အားလုံးကို အမျိုးသားရော အမျိုးသမီး များပါ လျှောက်ထားရန် ခွင့်မပြုပါ- အချို့သော အရည်အချင်းမြင့်မားစွာ လိုအပ်သည့် အလုပ်အကိုင်များကို အမျိုးသားများအတွက်သာ သတ်မှတ်ထားပါသည်။ အာရပ်ကမ္ဘာတစ်ဝှမ်း၌ အစိုးရဌာနနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ရပ်လုံးတွင် သိပ္ပံနှင့် နည်းပညာနယ်ပယ်များတွင် ဆုံးဖြတ်ချက်ချသည့်အဆင့်များတွင် ကျား-မ ကွာခြားချက် ကြီးမားပါသည်။ ဥပမာ အီဂျစ်နိုင်ငံတွင် ၂၀၀၀ ခုနှစ်မှ ၂၀၁၀ အထိ ဆယ်စုနှစ်တစ်ခုအတွင်း တက္ကသိုလ် သိပ္ပံဘာသာရပ် တက်ရောက်သင်ယူသူ ကျောင်းသား- ကျောင်းသူများ၏ သုံးပုံတစ်ပုံသာ အမျိုးသမီးများ ဖြစ်ကြသည်။ သို့သော် ၂၀၁၁ ခုနှစ် တွင် အီဂျစ်၌ မြေတိုင်းဘာသာ ရပ်ဖြင့် မဟာဘွဲ့ရရှိသည့် အမျိုးသမီး ၅၀ ဦး၊ ဒေါက်တာဘွဲ့ ၅ ဦးရှိခဲ့ပြီး ကျန်မည်သည့်အာရပ်နိုင်ငံတွင်မျှ အမျိုးသမီး ဘွဲ့လွန်မြေတိုင်းပညာရှင်များ မပေါ်ပေါက်ခဲ့ပါ။

✎ ဆန်းစစ်ရန်

အချက်များ စာရင်း ၃.၅ - **ကျား-မ ကွာခြားချက်များ ပြင်းထန်သည့်နိုင်ငံများအတွက် အရေးယူဆောင်ရွက်ချက်များ။**

- ✓ ကျား-မ ကွာခြားချက် ဆိုးဝါးပြင်းထန်သည့် အခြေအနေများတွင် မြေယာစီမံခန့်ခွဲရေး နည်းပညာဆိုင်ရာကဏ္ဍများ၌ ကျား-မ သာတူညီမျှရေးအတွက် အဓိက စိန်ခေါ်မှုများကို လေ့လာဖော်ထုတ်ရန်
- ✓ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အလုပ်အကိုင်များနှင့် စပ်လျဉ်းသည့် အချက်အလက်ဘဏ်ကို ဖန်တီးကာ အမျိုးသမီးများ လျှောက်ထားရန် အားပေးရန်။
- ✓ အိုင်တီ နည်းပညာ၊ တန်ဖိုးဖြတ်ခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ်ရေး ဘာသာရပ်များတွင် အထူးပြုသင်ယူနေသည့် အမျိုးသမီးများကို ပံ့ပိုးပေးရန်။
- ✓ မိန်းကလေးများနှင့် လူငယ်အမျိုးသမီးများ၏ သိပ္ပံနှင့် နည်းပညာဘာသာရန် စွမ်းရည်မြင့်မားရေးအတွက် ပံ့ပိုးကူညီရန်။
- ✓ မြေယာစီမံခန့်ခွဲရေး အေဂျင်စီနှင့် ဦးစီးဌာနများ၌ နည်းပညာကဏ္ဍတွင် အမျိုးသမီးများ ပါဝင်ရမည့် အနည်းဆုံး အချိုးအစားလိုအပ်ချက် သတ်မှတ်ရန်။
- ✓ နိုင်ငံတကာ အေဂျင်စီများ၊ အစိုးရများနှင့် ပုဂ္ဂလိက ကဏ္ဍတို့တွင် တာဝန်ထမ်းဆောင်နေကြသော အမျိုးသမီးမြေတိုင်းပညာရှင်များအား တိုး၍ ကျား-မ ခွဲခြားမှု မရှိသည့် နည်းပညာသစ်များအပါအဝင် သင့်တော်သော၊ နည်းပညာနှင့် သတင်းအချက်တို့ကို အသုံးပြု ပံ့ပိုးပေးရန်။
- ✓ မိန်းကလေးများ၏ ပညာရေးအပေါ် အထူးအလေးထား၍ ကျေးလက်ဒေသများတွင် သိပ္ပံနှင့် နည်းပညာပညာရေး၏ စံချိန်စံနှုန်းနှင့် လွှမ်းခြုံမှုကို မြှင့်တင်ရန်။
- ✓ အမျိုးသမီးများ မိမိ၏ အခွင့်အရေးနှင့် တာဝန်များကို ရှာဖွေသတ်မှတ်အသုံးချရန် အရေးကြီးအကြောင်း အသိပညာပေးရန်။ အလုပ်အကိုင် ဟူသည် အမျိုးသမီးများအတွက် သိက္ခာကျစေပြီး အိမ်မှုကိစ္စတာဝန်များနှင့် လူမှုရေး ဂုဏ်သတင်းကို ထိခိုက်စေသည်ဟူသော အယူအဆများအား ဦးတည်ပယ်ဖျက်ရန်။

**သတိပြုရန်**

ယဉ်ကျေးမှုနှင့် ဘာသာရေး ယုံကြည်မှုများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ကာ ကျား-မ ကွာခြားချက် ဆိုးရွားစွာ ရှိနေသော နိုင်ငံများတွင် အမျိုးသမီးများ မြေယာစီမံအုပ်ချုပ်မှု၌ ပါဝင်လာစေရန် ဦးတည်ချက်အလိုက် မတူညီသော အသေးစိတ် ပြင်ဆင်ဆောင်ရွက်မှုနည်းလမ်းများ လိုအပ်ပါသည်။

မြေယာကဏ္ဍပညာရှင်များအကြား ကျား-မ အရေးအတွက်ညီမျှမှု တိုးတက်ရန်နှင့် မြေယာစီမံခန့်ခွဲရေး၌ အမျိုးသမီးများရော အမျိုးသားများပါ တန်းတူပါဝင်ခွင့်ရရှိရေးအတွက် ပြည်သူလူတန်းစားစုံ လက်လှမ်းမီမည့် နည်းပညာများနှင့် စနစ်များဖန်တီးရေးဆွဲရန်နှင့် နည်းပညာ

အလုပ်အကိုင်အချို့အတွက် လိုအပ်သည့်အရည်အချင်းကို ပြန်လည်သုံးသပ်ရန်၊ အထူးသဖြင့် အမျိုးသမီးများ အလုပ်ရရှိရေးတွင် အတားအဆီးဖြစ်နေသည့်အရာများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ကမ္ဘာတစ်ဝှမ်းတွင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ မြေတိုင်းတာခြင်းနှင့် အတိုင်းအတာနည်းပညာများကို တတ်နိုင်သမျှ ရိုးရှင်းလွယ်ကူအောင် ပြုလုပ်၍ မြေပြင် အတွေ့အကြုံ ကျွမ်းကျင်မှုနည်းသေးသော မြေတိုင်းအကူများက လုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးသင့်သည် (FAO, 2011 a: 10) ။ မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် အားလုံးပါဝင်ခွင့်နှင့် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းများကို တိုး၍အသုံးပြုခြင်းဖြင့် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ကျား-မ သာတူညီမျှမှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ လက်ရှိတွင်ပင် ရရှိနေပြီ ဖြစ်ပါသည်။

ဆန်းစစ်ရန် အချက်များ စာရင်း-၃.၆ - **မြေယာစီမံခန့်ခွဲရေး၌ ကျား-မ တန်းညှိပေးမှု တိုးတက်စေရေး။**

- ✓ မြေယာကဏ္ဍ၏ နည်းပညာနယ်ပယ်များသို့ အမျိုးသမီးရော အမျိုးသားပါ ကာလတို-ကာလလတ်အတွက် သဘောတူညီမှုဖြင့် ထိရောက်စွာ၊ ရေရှည် ဝင်ရောက် လုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးပေးရန်။
- ✓ မြေယာစီမံခန့်ခွဲရေးဌာန/ အဖွဲ့အစည်းများနှင့် စီမံကိန်းများအားလုံးတွင် ဝန်ထမ်းခန့်ထားရေးအပါအဝင် ကျား-မ စာရင်းခွဲ၍ အချက်အလက်များအား ကောက်ယူ ဖြန့်ဝေပေးရန်။
- ✓ ပညာရှင်အဆင့် ကျွမ်းကျင်မှုပညာ၊ သင်တန်းနှင့် အမျိုးသမီးမြေတိုင်းပညာရှင်များ အသင်းကဲ့သို့သော ပညာရှင်ကွန်ရက်များအားဖြင့် မြေယာကဏ္ဍတွင် အမျိုးသမီးများ၏ နည်းပညာစွမ်းရည်များကို ပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပါ။
- ✓ ကိုယ်စားပြုချန်ပီယံအဖြစ် ဆောင်ရွက်မည့်သူများအား ရှာဖွေ၍ အမျိုးသမီး ဆရာမများ၊ စံပြပုဂ္ဂိုလ်များအား မြှင့်တင်ကြော်ငြာပေးရန်။
- ✓ အမျိုးသမီးများ၏ အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးရန် သိပ္ပံနှင့် နည်းပညာအဖွဲ့အစည်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်နိုင်ရန် အလုပ်သင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ဥပမာ တက္ကသိုလ်မှ ဆင်းလျှင် ကွင်းဆင်းအတွေ့အကြုံ ရှာခြင်း။
- ✓ အမျိုးသမီးများ အလုပ်အကိုင်ရာထူး မြင့်မားလာသည်နှင့်အမျှ မြေယာစီမံခန့်ခွဲရေးအလုပ်၏ နည်းပညာအမျိုးမျိုးကို အပြည့်အဝ နားလည်ကာ တိုးတက်မှုရှိစေရန် အတွက် အမျိုးသမီးများအား မြေယာစီမံခန့်ခွဲရေးတွင် မတူညီသော နည်းပညာကဏ္ဍများတွင် ရွှေ့ပြောင်းလုပ်ကိုင်ခွင့် ဖြည့်ဆည်းပေးရန်။
- ✓ မြေယာကဏ္ဍတွင် အမျိုးသမီးများနှင့် အမျိုးသား ပညာရှင်များအတွက် ကျား-မ သာတူညီမျှမှု အမြင်ဖွင့်သင်တန်း၊ စွမ်းရည်မြှင့်သင်တန်းနှင့် အသိပညာပေးခြင်း လှုပ်ရှားမှုများ ပြုလုပ်ရန်။
- ✓ အမျိုးသမီးများနှင့် အမျိုးသားများ၏ စိုးရိမ်မကင်းမှုများနှင့် အတွေ့အကြုံများအား မြေယာစီမံခန့်ခွဲရေး၏ နည်းပညာဆိုင်ရာ ကိစ္စရပ်အားလုံးရှိ စီမံကိန်း ဒီဇိုင်းဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့တွင် ထည့်သွင်းအသုံးပြုရန် နည်းလမ်းရေးဆွဲရန်။
- ✓ အမျိုးသမီးများ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် လုံလောက်သော ပံ့ပိုးမှု ဖြည့်ဆည်းပေးရန်။

**သတိပြုရန်**

အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ လှုပ်ရှားမှုများ၊ နည်းပညာများနှင့် စနစ်များတွင် ရင်ဘောင်တန်း ပါဝင်နိုင်ခြင်းမရှိသ၍ ကျား-မ သာတူညီမျှ မြေယာစီမံအုပ်ချုပ်မှု စနစ်အောင်မြင်မည် မဟုတ်ပါ။

**မှတ်စု**

၆ အဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများအပါအဝင် FAO ရုံးချုပ်တွင် ၂၀၁၁ မေလ၌ ကျင်းပသော နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် Debra Fletcher, Rachael Knight, Martha Osorio, Elizabeth Stair, Josephine Stowers-Fiu, Mika Törhönen and Margret Vidar တို့မှ နေ၍ ဤအပိုင်းအတွက် အကြောင်းအရာ၊ ဆွေးနွေးချက်များ ဖြည့်ဆည်းခဲ့ပါသည်။

## ဌာန/အဖွဲ့အစည်းများဆိုင်ရာ အဓိက အကြောင်းအရာများ အနှစ်ချုပ်

ကျား-မ သာတူညီမျှ ကိုယ်စားပြုမှုနှင့် ပါဝင်မှုရှိသော မြေယာဌာန/အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာအုပ်ချုပ်ရေးကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်စေပါသည်။

အမျိုးသားအဆင့်မှသည် ခရိုင်အဆင့်အထိ အဆင့်အားလုံးရှိ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဌာနများ၌ အမျိုးသမီးများနှင့် အမျိုးသားများ ထိရောက်စွာ ပါဝင်ခြင်း၏ အရေးကြီးပုံကို ပြည်သူအားအသိပညာပေးရန် လိုအပ်သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ်သည် မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ အုပ်ချုပ်ရေးအတွက် အခွင့်အရေးရော စိန်ခေါ်မှုများပါ ဖန်တီးပေးနိုင်ပါသည်။

ဒေသန္တရရေဝေရေလဲဒေသများ၊ ဆည်မြောင်းများနှင့် ကျေးလက် စားကျက်မြေများ အုပ်ချုပ်ရေးဌာန/အဖွဲ့အစည်းများသည်လည်း တာဝန်ယူမှု ရှိသော၊ ကျား-မ သာတူညီမျှရှိသော မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် သက်ဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေး အဖွဲ့အစည်းများသည် ကျား-မ သာတူညီမျှ ပိုရှိသော ဓလေ့ထုံးတမ်းအလေ့အထများဆီသို့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် လွှမ်းမိုးမှု ရှိသည့် အလွန်အရေးကြီး အခန်းကဏ္ဍမှ ပါဝင်ပါသည်။

အဆင့်အားလုံးမှ မြေယာဌာန/အဖွဲ့အစည်းများ၏ အမျိုးသမီးအသင်းဝင်များအား ပံ့ပိုးရန်အတွက် အထူးသီးသန့် စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ရန် လိုအပ်နိုင်ပါသည်။ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ကျား-မ သာတူညီမျှရေးကို ဖော်ဆောင်နိုင်ရန် ဌာန/အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်၍ ဖွံ့ဖြိုးစေရန် လိုအပ်ပါသည်။

အမျိုးသမီးများနှင့် အမျိုးသားများ- ဖြစ်သည့် ပြည်သူအားလုံး၏ အကျိုးအတွက် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေး၏ နည်းပညာပိုင်းဖြစ်သည့် - မြေယာစီမံခန့်ခွဲရေး လုပ်ငန်းများ၊ နည်းပညာများနှင့် စနစ်များတွင် - ကျား-မသာတူညီမျှစွာ ပါဝင်ရန် လိုအပ်ပါသည်။

## ဌာန/အဖွဲ့အစည်းများအတွက် အကြံပြုလိုသည့် စောင့်ကြည့်ရေးညွှန်းကိန်းများ။

- ဗဟိုမြေယာစီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဌာန/အဖွဲ့အစည်းများတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- ခရိုင်မြေယာစီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဌာန/အဖွဲ့အစည်းများတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- ဒေသန္တရ မြေယာစီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဌာန/အဖွဲ့အစည်းများတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- ဓလေ့ထုံးတမ်းမြေယာ အဖွဲ့အစည်းများနှင့် အခြားမြေယာနှင့်ပတ်သက်သည့် ဒေသန္တရ အဖွဲ့အစည်းများရှိ အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- ကျား-မ သာတူညီမျှရေး အမြင်ဖွင့်ခြင်းနှင့် သင်တန်း တက်ရောက်ခဲ့ပြီးသော မြေယာအရာရှိများ၏ အရေအတွက်
- ကျား-မ နှင့် မြေယာ ကိစ္စရပ်များဆိုင်ရာ သင်တန်းများပေးပြီး၍ အမြင်ပွင့်လာသည့် ဓလေ့ထုံးတမ်းမြေယာ အဖွဲ့အစည်းနှင့် အခြားမြေယာနှင့်ဆက်စပ်သည့် ဒေသန္တရ အဖွဲ့အစည်း အရေအတွက် ။
- အမျိုးသမီးများအတွက် မြေယာဆိုင်ရာ တရားမျှတမှုရရှိရေးတွင် ပိတ်ဆို့နေသောအတားအဆီးများ ဖယ်ရှားရန် လက်ဦး ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်/ဆောင်ရွက်မှု အရေအတွက်
- တရားဝင် တရားရေးစနစ်တွင် မြေယာအမှုအခင်းများအတွက် ဥပဒေအထောက်အပံ့ရရှိသည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- တရားရုံးများနှင့် အခြားသော အငြင်းပွားမှု ဖြေရှင်းရေးယန္တရားများတွင် ကြားနာသည့် အမျိုးသမီးများ၏ မြေယာနှင့် ပိုင်ဆိုင်မှု အခွင့်အရေးများဆိုင်ရာ အငြင်းပွားမှု %

**Adams, M., Berkoff, J. & Daley, E.** 2006. *Land-water interactions: opportunities and threats to water entitlements of the poor in Africa for productive use.* Human Development Report Occasional Paper No. 2006/20. Washington, DC, UNDP. http://hdr.undp.org/en/reports/global/hdr2006/papers/adams%20martin%20et%20al.pdf

**ADB**. 2006. *Republic of Uzbekistan: land improvement project.* Report and Recommendation of the President to the Board of Directors, Proposed Loans and Technical Assistance Grant. Manila, Asian Development Bank. www2.adb.org/documents/rrps/uzb/37536-01-uzb-rrp.pdf

**Agarwal, B**. 2009. Gender and forest conservation: The impact of women's participation in community forest governance. *Ecological Economics*, 68(11): 2785–2799.

**Alden Wily, E**. 2003. *Governance and land relations: A review of decentralisation of land administration and management in Africa.* London, IIED. http://pubs.iied.org/pdfs/9304IIED.pdf

**Basangwa, S.K**. 2010. *Women in land administration.* Paper presented at the Women's Land Rights Conference, Speke Resort Muynonyo, Uganda, 4–6 October 2010.

**Daley, E., Dore-Weeks, R. & Umuhoza, C**. 2010. Ahead of the game: Land tenure reform in Rwanda and the process of securing women's land rights. *Journal of Eastern African Studies*, 4(1): 131–152.

**Daley, E. & Englert, B**. 2010. Securing land rights for women. Journal of Eastern African Studies, 4(1): 91–113.

**Djusaeva, S**. 2012. *Promoting rural women's rights to land: UN Women programme experience in Kyrgyzstan and Tajikistan*. Paper prepared for the Expert Group Meeting on Good Practices in Realizing Women's Rights to Productive Resources, with a Focus on Land, organized by UNWomen in collaboration with the United Nations Office of the High Commissioner for Human Rights, Geneva, 25–27 June 2012.

**FAO**. 2006a. *Gender and law: Women's rights in agriculture,* L. Cotula. FAO Legislative Study No. 76, Rev.1.Rome. f tp://ftp.fao.org/docrep/fao/005/y4311e/y4311e00.pdf

**FAO**. 2011a. *Governing land for women and men – gender and voluntary guidelines on responsible governance of tenure of land and other natural resources,* E. Daley and C.M. Park. Land Tenure Working Paper No. 19. Rome. http://www.fao.org/docrep/014/ma811e/ma811e00.pdf

**FAO**. 2012b. *Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security.* Rome. http://www.fao.org/docrep/016/i2801e/i2801e.pdf

**Flintan, F**. 2010b. Sitting at the table: Securing benefits for pastoral women from land tenure reforms in Ethiopia. *Journal of Eastern African Studies,* 4 (1): 153–178.

**Flintan, F**. 2010a. *Learning by doing: Working towards participatory rangeland management (PRM)* in pastoral areas through ELMT/ELSE. Washington, DC, USAID.

**Flintan, F. & Cullis, A., compilers**. 2010. *Introductory guidelines to participatory rangeland management in pastoral areas.* Ethiopia, Save the Children USA, FAO and ECHO. www.cop-ppld.net/fileadmin/user_upload/cop-ppld/items/introductory%20guidelines%20prm.pdf

**Hilhorst, T.** 2010. Decentralization, land tenure reforms and local institutional actors: building partnerships for equitable and sustainable land governance in Africa. *Land Tenure Journal*, 1(10): 35–59.

**ILC**. 2009. *Advancing the monitoring of land governance for ensuring impact on poverty reduction.* Paper presented at Land Governance in Support of the MDGs: Responding to New Challenges, World Bank, Washington, DC, 9–10 March 2009.

**Khudayberdiyeva, M**. 2009. *Uzbekistan Land Improvement Project.*Tashkent, ADB Uzbekistan.

**Knight, R**. 2011. The community land titling initiative: An investigation into the protection of customary land claims. In E. Harper, ed. *Working with customary justice systems: Post-conflict and fragile states*, pp. 145–170. Rome, International Development Law Organization.

**Seeley, J., Batra, M. & Sarin, M**. 2000. *Women's participation in watershed development in India.* Gatekeeper Series No. 92. London, IIED. http://pubs.iied.org/pdfs/6347IIED.pdf

**Teklu, A**. 2005. *Research report 4 – land registration and women's land rights in Amhara Region, Ethiopia.* London, IIED.

**ULA**. 2010. *The Uganda Land Alliance quarterly newsletter,* Vol. 4. Kampala.

**Whitehead, A. & Tsikata, D**. 2003. Policy discourse on women's land rights in sub-Saharan Africa: The implications of the re-turn to the customary. *Journal of Agrarian Change*, 3(1–2): 67–112.

**WLLA**. 2010a. *The impact of national land policy and land reform in Uganda.* Accra, Women's Land Link Africa.

**WOLREC**. 2011. *Women's access to land and household bargaining power: a comparative action research project in patrilineal and matrilineal societies in Malawi.* Research Report No. 9. Rome, ILC, Women's Legal Resource Centre. www.landcoalition.org/sites/default/files/publication/959/wlr_9_malawi.pdf

**World Bank**. 2005. *Gender issues and best practices in land administration projects: A synthesis report.* Washington, DC. http://siteresources.worldbank.org/intard/resources/gender_land_fulltxt.pdf

**World Bank/FAO/IFAD**. 2009a. Module 4: Gender issues in land policy and administration. *In Gender in agriculture sourcebook.* Washington, DC and Rome.

**World Bank/FAO/IFAD**. 2009b. Module 10: Gender and natural resources management. *In Gender in agriculture sourcebook.* Washington, DC and Rome.

အပိုင်း

# ၄

# နည်းပညာဆိုင်ရာ ကိစ္စရပ်များ

# ပုံများစာရင်း

## ဇယားကွက်များ

ဇယားကွက်-၄.၁ - ကျား-မ သာတူညီမျှရေး၊ နည်းပညာ ကိစ္စရပ်များနှင့် “လမ်းညွှန်ချက်များ”

ဇယားကွက်-၄.၂ - မြေယာ စီမံကိန်းများ တွင် ကျား-မ သာတူညီမျှရှိရေးအတွက် အလေ့အကျင့်ကောင်းများ

ဇယားကွက်-၄.၃ - ထုံးတမ်းအစဥ်အလာအ ခွင့်အရေးများအား တရားဝင် မှတ်ပုံတင်ရာတွင် ကျား-မ သာတူညီမျှရှိရေး

ဇယားကွက်-၄.၄ - GPS နည်းပညာအသုံးပြု ရပ်ရွာလူထု မြေပုံတိုင်းတာရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း

ဇယားကွက်-၄.၅ - အမျိုးသမီးများ ပိုမို၍ လွယ်ကူစွာ မြေယာ မှတ်ပုံတင်လာနိုင်ရန် ကူညီပေးခြင်း

ဇယားကွက်-၄.၆ - ကျား-မ သာတူညီမျှစွာ မြေယာ စီမံအုပ်ချုပ်မှုအား ပံ့ပိုးရန် မှတ်ပုံတင်ကြေးများအား စီမံကိုင်တွယ်ခြင်း

ဇယားကွက်- ၄.၇ - အခြားနည်းများဖြင့် မြေယာ လုပ်ပိုင်ခွင့်/ပိုင်ဆိုင်ခွင့် ရပုံ

ဇယားကွက်-၄.၈ - ကျား-မ ညီမျှစွာ ပါဝင်၍ မြေအသုံးချမှု အစီအစဥ်ဆွဲခြင်း

ဇယားကွက်-၄.၉ - အရှေ့ဥရောပတွင် မြေယာပြန်လည်ခွဲဝေပေးရာ၌ အမျိုးသမီး များ အပေါ် သက်ရောက်မှုများ

## ဆန်းစစ်ရန်အချက်များ စာရင်း

ဆန်းစစ်ရန်အချက်များစာရင်း -၄.၁ - မြေယာစီမံအုပ်ချုပ်ရေး စီမံကိန်းများတွင် ကျား-မ သာတူညီမျှမှုအား မြှင့်တင်ခြင်း

ဆန်းစစ်ရန် အချက်များ စာရင်း-၄.၂ - မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းတွင် ကျား-မ သာတူညီမျှမှုအား မြှင့်တင်ခြင်း

ဆန်းစစ်ရန် အချက်များစာရင်း-၄.၃ - မြေယာအချက်အလက်စနစ်များတွင် ကျား-မ သာတူညီမျှရှိစေရန် ဆောင်ရွက်ရေး

ဆန်းစစ်ရန် အချက်များ စာရင်း-၄.၄ - ကျား-မ သာတူညီမျှ တန်ဖိုးတွက်ချက်မှုအား ပံ့ပိုးပေးခြင်း

ဆန်းစစ်ရန်အချက်များ စာရင်း-၄.၅ - ကျား-မ သာတူညီမျှ အခွန်ကောက်ခံခြင်းအား ပံ့ပိုးခြင်း

ဆန်းစစ်ရန် အချက်များစာရင်း - ၄.၆ - ကျား-မ သာတူညီမျှ မြေအသုံးချမှု အစီအစဥ်ဆွဲခြင်းအား ပံ့ပိုးပေးခြင်း

ဆန်းစစ်ရန် အချက်များစာရင်း -၄.၇ - ကျား-မ သာတူညီမျှ မြေယာပေါင်းစည်းခြင်းအား ပံ့ပိုးကူညီခြင်း

ဆန်းစစ်ရန်အချက်များစာရင်း-၄.၈ - ကျား-မ သာတူညီမျှ မြေယာပြန်လည် အစားထိုးခြင်းအား ပံ့ပိုးကူညီခြင်း

ဆန်းစစ်ရန် အချက်များစာရင်း -၄.၉ - ကျား-မ သာတူညီမျှ မြေယာ ပြန်လည်ခွဲဝေခြင်း ပြုပြင်ပြောင်းလဲမှုများအား ပံ့ပိုးခြင်း

ဆန်းစစ်ရန်အချက်များစာရင်း -၄.၁၀ - ကျား-မ သာတူညီမျှ လျော်ကြေးပေးခြင်း အား ပံ့ပိုးကူညီခြင်း

နည်းပညာကိစ္စရပ်များအတွက် အကြံပြု လိုသည့် စောင့်ကြည့်ရေး အညွှန်းကိန်းများ

## ပုံများ

ပုံ-၄.၁ - မြေယာအခွင့်အရေးများ ဖြစ်တည်မှုအစီအစဥ်

# အပိုင်း ၄ - **နည်းပညာဆိုင်ရာ ကိစ္စရပ်များ**

## မြေယာစီမံအုပ်ချုပ်မှု နည်းလမ်းများတွင် ကျား-မ သာတူညီမျှမှု ပိုမို တိုးတက်ကောင်းမွန်လာရေး

## - နည်းလမ်းများနှင့် နည်းပညာများ

### နိဒါန်း၇

မြေယာစီမံအုပ်ချုပ်မှုတွင် အဓိကကျသည့် ကျား-မ ရေးရာ ကိစ္စရပ်နှစ်ရပ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ၁) မြေယာ စီမံအုပ်ချုပ်မှုဆောင်ရွက်ချက်ပုံစံများသည် အမျိုးသမီးများ၏ လိုအပ်ချက်၊ အကျိုးစီးပွားနှင့် စိုးရိမ်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မည်မျှလုံလောက်စွာ ပြင်ဆင်ထားပါသလဲ၊ ဆိုသည်နှင့် ၂) အမျိုးသမီးများသည်မြေယာစီမံအုပ်ချုပ်ရေး ဆောင်ရွက်ချက်များတွင် မည်ကဲ့သို့ တန်းတူပါဝင်ဆောင်ရွက်နိုင်ပါမည်လဲ ဟူ၍ ဖြစ်သည်။

မြေယာစီမံအုပ်ချုပ်ရေး ဆောင်ရွက်ချက်များ၊ နည်းပညာများနှင့် စနစ်များတွင် ကျား-မ သာတူညီမျှရှိရေး လိုအပ်ကြောင်းကို "လမ်းညွှန်ချက်များ"တွင် တိုက်ရိုက် ထည့်သွင်းထောက်ခံထထားပါသည် ( ဇယားကွက် ၄.၁ ပါ နမူနာများကို ကြည့်ပါ)။

**မြေယာအခွင့်အရေးများ ခိုင်မာရေးနှင့် ခွဲဝေပေးရေး**

**၇.၄။** လုပ်ပိုင်ခွင့်အသစ်များ မှတ်ပုံတင်၊ ချထားပေးရာတွင် အမျိုးသမီးနှင့် အမျိုးသားများ တန်းတူအခွင့်အရေး ခံစားခွင့်ရှိရန်နှင့် ထိုအခွင့်အရေးကို တန်းတူ မှတ်ပုံတင်ပေးရန် နိုင်ငံတော်အစိုးရမှ ဖန်တီးပေးရပါမည်။ .... လုပ်ပိုင်ခွင့်များအား မြေပုံထုတ်မှတ်တမ်းတင်ခြင်းအပါအဝင် လုပ်ပိုင်ခွင့်မှတ်တမ်းများ စတင်ပြုစုသည့်အခါတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ဒေသအလိုက် သင့်လျော်သော နည်းလမ်းများ သုံးစွဲသင့်ပါသည်။

**၁၀.၃။** နိုင်ငံတော်အစိုးရသည် တရားဝင်အသိအမှတ်မပြုထားသော မြေကို ဥပဒေအရ အသိအမှတ်ပြုရန် ဆောင်ရွက်သည့်အခါ ထိုမြေတွင် လုပ်ကိုင်နေသူများအား အထူးအလေးထားလျက် အားလုံးပါဝင်သော ကျား/မ ထည့်သွင်းစဉ်းစားသည့် ပုံစံဖြင့် ဆောင်ရွက် သင့်သည်။

**၁၁.၆။** နိုင်ငံတော်အစိုးရသည် မြေစာရင်းမှတ်တမ်းကဲ့သို့ မှတ်တမ်းစနစ်များတွင် လုပ်ပိုင်ခွင့်ရှိသူအမည်စာရင်း၌ မပါဝင်သော အိမ်ထောင်ဖက်များ၊ မိသားစုဝင်များနှင့် အခြားသူများ၏ ရသင့်ရထိုက်သော လုပ်ပိုင်ခွင့်များကို ကာကွယ်ပေးသည့် ယန္တရားများ သတ်မှတ်တည်ထောင်ပေးထားရမည်။

**၇.၁။** နိုင်ငံတော်အစိုးရသည် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တော လုပ်ပိုင်ခွင့်များ ချထားပေးရာတွင် ဥပဒေအရ အသိအမှတ်ပြုထားခြင်း မရှိသေးသော်လည်း ဒေသခံပြည်သူများက အသိအမှတ်ပြုထားသော လုပ်ပိုင်ခွင့် ရသင့်ရထိုက်သူများ အပါအဝင် အခြား လုပ်ပိုင်ခွင့် ရှိသူများ၏ အခွင့်အရေးများကို ထိခိုက်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မရှိစေရန် နိုင်ငံတော်ဥပဒေများနှင့် အညီ အကာအကွယ်များ သတ်မှတ်ပေးသင့်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မှီနုတ်၊ ထင်းခွေခြင်းကဲ့သို့ တစ်ဆင့်ခံ လုပ်ပိုင်ခွင့်များ ရယူလုပ်ကိုင်နေသည့် ထိခိုက်လွယ်သူများအား အကာအကွယ်ပေးသင့်သည်။

**မြေယာလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း**

၁၇.၃။ နိုင်ငံတော်သည် မည်သည့်အကြောင်းဖြင့်မျှ ခွဲခြားမှုမရှိဘဲ မည်သူမဆို မိမိတို့၏ လုပ်ပိုင်ခွင့်ကို မှတ်တမ်းတင်နိုင်စေရန်နှင့် အချက်အလက်များ ရယူနိုင်စေရန် ဆောင်ရွက်ပေးရမည်။

↓

ဇယားကွက်-၄.၁ -
**ကျား-မ သာတူညီမျှရေး၊ နည်းပညာ ကိစ္စရပ်များနှင့် "လမ်းညွှန်ချက်များ"**

အရင်းအမြစ် - FAO, 2012b

**မြေအသုံးချမှု စီမံကိန်းများအား ကြီးကြပ်စီမံခြင်း**

**၂၀.၂။** နိုင်ငံတော်အစိုးရသည် တိုင်ပင်ဆွေးနွေး၍ ပူးပေါင်းပါဝင်စေခြင်း နည်းလမ်းများဖြင့် မြေအသုံးချမှု ထိန်းချုပ်စီမံခြင်းဆိုင်ရာ ကျား-မ သာတူညီမျှရှိသော မူဝါဒနှင့် ဥပဒေများကို ရေးဆွဲ၍ ထုတ်ပြန်ကြေညာရပါမည်။

**၂၀.၃။** နိုင်ငံတော်အစိုးရသည် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများနှင့် ၎င်းတို့အား အသုံးချပုံတို့အကြား အပြန်အလှန် ချိတ်ဆက်နေပုံ နှင့် ကျား-မ မတူညီသော သုံးစွဲပုံများကို ထည့်သွင်းစဥ်းစားသည့် နည်းလမ်းဖြင့် မြေအသုံးချမှု အစီအစဥ်များကို ထိန်းချုပ်စီမံ ရပါမည်။

**မြေယာ ပြည်လည်အစားထိုးဖြည့်ဆည်းပေးခြင်း**

**၁၄.၄။** နိုင်ငံတော်သည် ပြန်လည်အစားထိုး ဖြည့်ဆည်းပေးခြင်းဆိုင်ရာ လုပ်ငန်းစဥ်များ ရှင်းလင်း၍ ပွင့်လင်းမြင်သာရှိစေရန် ကျား-မ တန်းတူညီမျှသော မူဝါဒနှင့် ဥပဒေများ ချမှတ်ထားသင့်သည်။ ပြန်လည်အစားထိုးဖြည့်ဆည်းခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားများဖြင့် ကျယ်ပြန့်စွာ ဖြန့်ဝေထားရမည်။ ပြန်လည်အစားထိုးရပိုင်ခွင့် တောင်းခံသူ များအား ဥပဒေအကူအညီ၊ ဥပဒေအကျိုးဆောင်များဖြင့် လုပ်ငန်းစဥ် တလျှောက်လုံးလောက်သော ပံ့ပိုးမှုပေးရမည်။

**မြေယာပြန်လည်ခွဲဝေပေးခြင်း ပြုပြင်ပြောင်းလဲမှုများ**

**၁၅.၅။** နိုင်ငံတော်အစိုးရသည် ပြန်လည်ခွဲဝေရေး ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ရန် ဆုံးဖြတ်လိုက်ပါက ထိုပြုပြင်ပြောင်းလဲမှု စီမံကိန်းများ၏ ရည်ရွယ်ချက်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ကာ ပြန်လည်ခွဲဝေနေရာချရာတွင် မပါဝင်သည့် မြေများအား ဖော်ပြထားရမည်။ အိမ်ခြံဥယျာဥ်နေရာရလိုသူများ၊ အမျိုးသမီးများ၊ ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်သူများ၊ စားကျက်မြေ တွင် မွေးမြူရေး လုပ်ကိုင်သူများ၊ အစဥ်အလာအရ အခွင့်အလမ်းနည်းပါးသော လူအုပ်စုများ၊ လစ်လျူရှုခံလူအုပ်စုများ၊ လူငယ်များ၊ ဌာနေတိုင်းရင်းသားများ၊ သဘာဝပစ္စည်းများ ရှာဖွေစားသောက်သူများ၊ အသေးစားစားသောက်ကုန်ထုတ်လုပ်သူများ စသည့် ရည်ရွယ်ထားသော အကျိုးခံစားခွင့်ရှိသူများအား ရှင်းလင်းစွာ ဖွင့်ဆိုသတ်မှတ်ရမည်။

## အထွေထွေ မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ[၈]

မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှအုပ်ချုပ်ရေးတွင် တွေ့ရများသော အတားအဆီးများသည် လူ့အဖွဲ့အစည်းတွင် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ခံယူချက်၊ တန်ဖိုးများမှ မြစ်ဖျားခံလာခြင်းဖြစ်သည် (၂၀၁၁ ခုနှစ် ၊ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ တွင် Renee Giovarelli ၏ တင်ပြမှုမှ) ။ ယင်းတို့မှာ -

- ကမ္ဘာတစ်ဝှမ်းတွင် မြေယာစီမံအုပ်ချုပ်ရေးဝန်ထမ်းနှင့် စီမံကိန်းအကောင်အထည်ဖော်ကြသူများ အများစုသည် အမျိုးသားများ ဖြစ်ကြခြင်း၊ အကျိုးဆက်တစ်ခုအနေနှင့် မြေယာနယ်နိမိတ်သတ်မှတ်ခြင်း သို့မဟုတ် မြေတိုင်းတာခြင်းကဲ့သို့သော မြေပြင် ကွင်းဆင်းဆောင်ရွက်သည့် စီမံကိန်းဆောင်ရွက်ချက်များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်း မရှိကြရုံမျှမက တက်ရောက်ခြင်းပင် မရှိပါ (အပိုင်း ၃ တွင်ကြည့်ပါ)။
- ချေးငွေရရှိရေး သို့မဟုတ် ရပ်ရွာလူထုအတွက်ဝန်ဆောင်မှုများ ကဲ့သို့သော စီမံကိန်းပုံစံများ သို့မဟုတ် စီမံကိန်း များအား စီစဥ်ဆောင်ရွက်ရာတွင်နှင့် ဦးတည်အကျိုးခံစားမှုရရှိရာတွင် အမျိုးသမီးများ ပါဝင်လေ့မရှိပါ။
- စီမံကိန်းတစ်ရပ်ကြောင့် မြေယာလုပ်ပိုင်ခွင့်နှင့် အုပ်ချုပ်မှုတို့အပေါ် သက်ရောက်မှု သို့မဟုတ် စီမံကိန်းများက လက်ရှိမြေယာလုပ်ပိုင်ခွင့်အစီအစဉ်များနှင့် အစိုးရ၏ လုပ်ထုံးလုပ်နည်းများအပေါ် သက်ရောက်နိုင်သည့် အကျိုးဆက်များအကြောင်း

အမျိုးသမီးများသည် အမျိုးသားများလောက် ဗဟုသုတ မရှိကြပါ။

- မြေယာစီမံအုပ်ချုပ်ရေးဝန်ထမ်းများနှင့် အလှူရှင်ရန်ပုံငွေဖြင့် စီမံကိန်းများကို အကောင်အထည်ဖော်သူ များသည် ၎င်းတို့ လုပ်ကိုင်နေကြသည့်ဒေသများတွင် မြေယာအခွင့်အရေးများနှင့်စပ်လျဉ်းသည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို အပြည့်အဝ မသိရှိသည်များ ရှိနိုင်သည်။

စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းကာလ တလျှောက် ပေါ်ပေါက်လာသည့်ကျား-မ ကိစ္စရပ်အားလုံးကို ထည့်သွင်းစဉ်းစားလျက် ကျား-မ သာတူညီမျှကိစ္စရပ်များအား မြေယာစီမံအုပ်ချုပ်ရေးဆောင်ရွက်ချက်များအားလုံး၏ ပင်မလုပ်ငန်း တစ်ရပ်အဖြစ်ထည့်သွင်းဆောင်ရွက်ရန် အရေးကြီး ပါသည် (World Bank/FAO/IFAD, 2009a: 130–132)။ ဖြေရှင်းကိုင်တွယ်ရမည့် ကိစ္စရပ်များသည် တိုင်းပြည်အခြေအနေနှင့် လုပ်ငန်းအပေါ် မူတည်ပေလိမ့်မည်။ သို့သော် နမူနာယူသင့်သည့် ကောင်းမွန်သော နည်းစနစ်များ များစွာရှိပြီ ၎င်းတို့အနက်အချို့ကို ဇယားကွက်-၄.၂ တွင် ဖော်ပြထားပါသည်။

ဇယားကွက်-၄.၂ -
**မြေယာစီမံကိန်းများတွင် ကျား-မ သာတူညီမျှရှိရေး အတွက် အလေ့အကျင့်ကောင်းများ**

အရင်းအမြစ် - Elizabeth Stair ၏ "ဂျမေကာနိုင်ငံရှိ မြေယာနှင့် ကျား-မ ရေးရာ" တင်ပြချက်၊ Giovarelli and Lastarria-Cornhiel, 2006; World Bank/FAO/IFAD, 2009a: 139-140 and 134; Teklu, 2005; FAO, 2012a.

### ပူးတွဲအမည်ပေါက်ခွင့်

**အိန္ဒိယ** နိုင်ငံတွင် ခေါင်းမဦးချမြေယာများ ဝယ်ယူရေးအစီအစဉ်သည် လယ်ယာမဲ့ကျေးလက်မိသားစုများ အိမ်ဆောက်ရန်နှင့် အမျိုးသမီးများလုပ်ကိုင်သည့် အသေးစား အိမ်တွင်းမှုလုပ်ငန်း လုပ်ကိုင်ရန် မြေကွက်ငယ်များ ရရှိရေးအတွက် အထောက်အကူဖြစ်စေသည်။ ထိုအစီအစဉ်များ၏ အဆင့်အားလုံးဖြစ်သည့် အစီအစဉ်အတွက် သင့်လျော်မည့် မြေနေရာရွေးချယ်ခြင်းမှစ၍ မြေယာဖွံ့ဖြိုးရေးစီမံကိန်း ပုံစံရေးဆွဲခြင်းထိတိုင်အောင် အကျိုးခံစားရသူများ အပြည့်အဝပါဝင်ခြင်းကြောင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများ အောင်မြင်ခဲ့ပါသည်။ အစီအစဉ်အမြောက်အများတို့မှ လင်၊ မယား နှစ်ဦးလုံးအတွက် ပူးတွဲမြေ အမည်ပေါက်ပိုင်ဆိုင်သည့်လက်မှတ်များထုတ်ပေးနိုင်ခဲ့ကာ တစ်ခါတစ်ရံ အမျိုးသမီးများ၏ အမည်ကိုပင်ရှေ့မှ ရေးသွင်းကာ - အချို့လက်မှတ်များကို အမျိုးသမီးများ၏ အမည်တစ်ခုတည်းဖြင့်သာ ထုတ်ပေးခဲ့ကြသည်။ ထိုသို့အောင်မြင်ခဲ့ရခြင်းမှာ ဒေသခံပြည်သူလူထုနှင့် အာဏာပိုင်တို့အကြား ကျား-မ သာတူညီမျှရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

**ကမ္ဘောဒီးယား** နိုင်ငံတွင် ၂၀၀၂-၂၀၀၇ ခုနှစ်အတွင်း နောက်ဆက်တွဲမြေယာစီမံအုပ်ချုပ်စီမံကိန်း အရ ထုတ်ပေးသည့် အမည်ပေါက် ပိုင်ဆိုင်မှု လက်မှတ်များ၏ ၇၈ ရာခိုင်နှုန်းသည် လင်နှင့် မယား ပူးတွဲအမည်ပေါက်ဖြင့်ထုတ်ပေးခြင်းဖြစ်ပါသည်။ ထိုစီမံကိန်းအား အမျိုးသမီးများ၏ဘက်စုံ လူမှု-စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်းရေရှည်တည်တံ့စေရန် အမျိုးသမီးများ ချေးငွေနှင့် တိုးချဲ့ဝန်ဆောင်မှုများ ရရှိရေးကဲ့သို့သော အခြားဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအကောင်အထည် မဖော်မီပြုလုပ်ခဲ့သော လူမှုရေးလေ့လာဆန်းစစ်မှုတွင် မြေယာအခွင့်ဆိုင်ရာ ကျား-မ မတူညီမှုအား ထည့်သွင်းချိန်ထိုးခဲ့ပြီး စီမံကိန်းပုံစံတွင် ကျား-မ ဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ပါဝင်စေခဲ့ပါသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအဆင့်နှစ်ဆင့်လုံးတွင် အမျိုးသမီးများ ပါဝင်ခွင့်ကိုလည်း အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံကိန်းတွင် ဘက်ပေါင်းစုံမှ ပြည်သူလူထုနှင့် ဆက်သွယ်ပညာပေးခြင်း အစီအစဉ် ဆောင်ရွက်ကာ ကျား-မ သာတူညီမျှမှုအသိပညာပေးသင်တန်းများကို အဆင့်အားလုံးမှ မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအရာရှိများ အပါအဝင် အမျိုးသမီးများနှင့် အမျိုးသားများ အတွက် မကြာခဏ ပြုလုပ်ပေခဲ့ပါသည်။ အမျိုးသမီးများသည် စာမတတ်မှုနှုန်း ပိုမိုမြင့်မားပြီး မြေယာအခွင့်အရေးနှင့် ပတ်သက်၍ အထွေထွေဗဟုသုတ နည်းပါးကြသောကြောင့် အထူးသဖြင့် အမျိုးသမီးများအတွက် ဦးတည်၍ သင်တန်းပေးခဲ့ကြပါသည်။

**အီသီယိုးပီးယား** နိုင်ငံတွင် ၂၀၀၀ ခုနှစ်က အမ်ဟာရာ ဒေသတွင် မြေယာအသုံးချခွင့်နှင့် စီမံအုပ်ချုပ်မှုအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အမျိုးသားသဘာဝအရင်း အမြစ်နှင့် မြေအသုံးချမှုဗျူရိုသည် မြေယာအခွင့်အရေးမှတ်ပုံတင်ရာတွင် ဆောင်ရွက်နေကြသူများ၏ တာဝန်များနှင့် တာဝန်ခံရမည့်အချက်များကို ရေးဆွဲ၍ အကောင်အထည်ဖော်ရေး မဟာဗျူဟာတစ်ရပ်နှင့် လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ချမှတ်ခဲ့ပါသည်။ ထိုလမ်းညွှန်ချက်တွင် မြေအမည်ပေါက်တွင် ပူးတွဲမှတ်ပုံတင်ရာ၌ လက်မှတ်ပေါ်တွင် ဇနီးနှင့် ခင်ပွန်းနှစ်ဦးလုံး၏ ဓာတ်ပုံများနှင့် အမည်များ ↓

ရေးသွင်းရန်နှင့် ထိုအမည်ပေါက်လက်မှတ်ကို အိမ်ထောင်စုအတွက်ထုတ်ပေးခြင်းမပြုမီ နှစ်ဦးလုံးအား လက်မှတ်ရေးထိုးစေရန် ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်များ ကြောင့် မြေယာအခွင့်အရေးမှတ်ပုံတင်ရာတွင် ကျား-မ သာတူညီမျှမှု တိုးတက်လာစေခဲ့သည်။ သို့သော် အောက်ခြေအဆင့်တွင် ကျား-မ သာတူညီမျှမှု တိုးတက်ကောင်းမွန်စေရေးအတွက် ခရိုင်များ၏ လုပ်ငန်းလည်ပတ်မှုများနှင့် အစီအစဉ်များ ဆွဲရာ၌ ကျား-မ သာတူညီမျှရှိရေးကို ပင်တိုင်ကိစ္စတစ်ရပ် အဖြစ် ထည့်သွင်းရေးဆွဲရေးအတွက် ပိုမိုပံ့ပိုးပေးရန် လိုအပ်နေသေးသည်။

**ဟွန်းဒူးရပ်စ်** တွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကတိုက်နိုင်ငံများကော်မတီ (Inter-American Committee for Agricultural Development) ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် Guyape တောင်ကြားစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေးစီမံကိန်း သည် အမျိုးသမီးများအား ဖယ်ကျဉ်ထားသည့် သက်ဆိုင်ရာ ဥပဒေပြုများ၊ အမွေဆက်ခံရေးနှင့် လင်မယားလက်ထက် ပိုင်ဆိုင်မှုများဆိုင်ရာ အလေ့အထများ တွင် ကန့်သတ်ချက်များရှိသည့်တိုင် မြေယာလုပ်ပိုင်ခွင့်လက်မှတ်များတွင် ဇနီးများ၏ အမည်များကိုပါထည့်ရန် ဟွန်းဒူးရပ်စ် မြေယာမှတ်ပုံတင်ဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းအရ အမျိုးသမီးများ အမည်ပေါက်ပိုင်ဆိုင်ခွင့်ပိုမိုရရှိရေးနှင့် ပါဝင်ခွင့်ရရှိရေးအတွက် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ် နိုင်ခဲ့ခြင်း၊ စီမံကိန်း၊ အစိုးရမြေမှတ်ပုံတင်ဌာန၊ ပြည်သူလူထု နှင့် ဒေသန္တရ အာဏာပိုင်အဖွဲ့မှဝန်ထမ်းများ အတွက် ကျား-မ သာတူညီမျှရေး သင်တန်းများ ပြုလုပ်ပေးခဲ့ခြင်းတို့ကြောင့် စီမံကိန်းအောင်မြင်ခဲ့သည်။

## လူထုပညာပေးခြင်းနှင့် အသိပေးနှိုးဆော်ခြင်း

**ဂျမေကာ** နိုင်ငံတွင် အမျိုးသားမြေယာအေဂျင်စီ (NLA) ၏ အများပြည်သူပညာပေးအစီအစဉ်သည် မြေယာလုပ်ပိုင်ခွင့်အား ကျား-မ သာတူညီမျှ အုပ်ချုပ်ရေး ပေါ်ပေါက်လာရန် ပံ့ပိုးပေးခဲ့သည်။ ဥပမာ - NLA သည် နိုင်ငံတဝှမ်း ခရီးလမ်းပြပွဲများ ကျင်းပခဲ့ပြီး အထူးသဖြင့်ကျေးရွာများမှ အမျိုးသမီးများ မြို့တက်လေ့ရှိသော ဈေးနေ့များတွင် ဆောင်ရွက်ခဲ့သည်။ ထိုခရီးလမ်းပြပွဲများ၌ NLA သည်အမျိုးသမီးများအား အဖွဲ့လိုက်ဖြစ်စေ တစ်ဦးချင်းအားဖြစ်စေသတင်းအချက်အလက်ပေးခြင်းနှင့် တင်ပြဟောပြောခြင်းများ ပြုလုပ်ကြသည်။ ပညာပေးသည့် ခေါင်းစဉ်များတွင် သေတမ်းစာပြုလုပ်ခြင်း အိမ်ထောင်ဖက်ပိုင်ပစ္စည်းများ၌ ၎င်းတို့၏အမည်များကို ပူးတွဲ မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ၎င်းတို့၏လက်ရှိလုပ်ပိုင်ခွင့်ကို တရားဝင်မှတ်ပုံတင်ခြင်းနှင့် ၎င်းတို့အစွမ်းအစဖြင့် ဝယ်ယူသည့် မည်သည့်မြေအတွက်မဆို မှတ်ပုံတင်ခြင်း စသည်တို့၏ အကျိုးကျေးဇူးများအကြောင်းပါဝင်ပါသည်။ ထို ပညာပေးဟောပြောပွဲများသို့ ဂျမေကာ မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအစီအစဉ်မှ ဝန်ထမ်းများ တက်ရောက်ကြသည်။ NLA သည် လက်ကမ်းစာစောင်များ၊ အခြားပုံနှိပ်စာစောင်များ နှင့် အင်တာနက်ပေါ်မှ တစ်ဆင့် သတင်းအချက်အလက်များကို ဝေမျှပေးသည်။

## အားလုံးပါဝင်သော မြေပုံရေးဆွဲမှု

**မိုဇမ်ဘစ်** တွင် FAO ၏ အားလုံးပါဝင်ခွင့်နှင့် ညှိနှိုင်းထားသော နယ်နိမိတ်ဖွံ့ဖြိုးရေး (PNDT) နည်းလမ်းကို ရပ်ရွာမြေယာနယ်နိမိတ်သတ်မှတ်ရာတွင် အသုံးပြုခဲ့ သည်။ အမျိုးသမီးနှင့်အမျိုးသားများ သီးခြားအုပ်စုများ ပါဝင်သည့်ရပ်ရွာလူထုတို့သည် အားလုံးပါဝင် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်ဖြင့် မြေပုံများ ထုတ်ခဲ့ကြသည်။ အနီးအနားရှိ ရပ်ရွာများနှင့် ဆွေးနွေးကြပြီးနောက် မြေပုံအချောကို အတည်ပြုကြပြီး ကွက်စိတ်မြေပုံ မှတ်တမ်း တွင်ထည့်သွင်းခဲ့ကြသည်။ FAO သည် မြေအသုံးချမှုနှင့် သဘာဝအရင်းအမြစ်များ ရယူသုံးစွဲခွင့်နှင့်စပ်လျဉ်း၍ ညှိနှိုင်းသည့်လုပ်ငန်းစဉ်များတွင် ကျား-မ မတူညီမှုများ ထည့်သွင်းစဉ်းစား၍ အားလုံးပါဝင်သော နည်းလမ်းများနှင့် ကိရိယာများအသုံးပြုမှုကို မြှင့်တင်ရန်အတွက် ၎င်းတို့၏ နယ်နိမိတ်များဆိုင်ရာ ကိစ္စရပ်များတွင် ကျား-မ သာတူညီမျှမှု တိုးတက်စေရေး လမ်းညွှန်စာအုပ်များ၌ PNDT နည်းလမ်းနှင့် ၎င်း၏ လူမှု-စီးပွားရေးနှင့် ကျား-မ ရေးရာ အကဲဖြတ်မှု (SEAGA) နည်းလမ်းများကို ထည့်သွင်းပြုစုခဲ့ပါသည်။

✓ ဒေသန္တရ လုပ်ပိုင်ခွင့်စနစ်များနှင့် ၎င်းတို့၏ အမျိုးသမီးများဆိုင်ရာ သတ်မှတ်၊ စည်းမျဉ်း အလေ့အထများ များအား လေ့လာ သဘောပေါက်ရန်။ ဤဓလေ့ထုံးတမ်းအစဉ်အလာ အများစုမှာ စာဖြင့် ရေးသားပြဋ္ဌာန်းထားသည်မျိုး ဖြစ်လေ့မရှိကြောင်းလည်း သတိပြုပါ။

✓ သက်ဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ကျား-မသာတူညီမျှရေးနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များအား လေ့လာဖော်ထုတ်ရန်။

✓ မိသားစု ဖွဲ့စည်းပုံ၊ အမျိုးသမီးများ ဒေသအကျိုးကိုယ်စားပြုဆောင်ရွက်မှု၊ မိသားစုနှင့် လူ့အသိုင်းအဝိုင်း အတွင်း ဆုံးဖြတ်ချက်ချခွင့်အာဏာနှင့် အခန်းကဏ္ဍ၊ အမွေဆက်ခံခွင့်၊ အိမ်ထောင်ရေးနှင့် ကွာရှင်း ပြတ်စဲထားသည့်ပုံစံ စသည်တို့ အပါအဝင် လူမှုရေးအခြေအနေ ဆန်းစစ်အကဲဖြတ်မှုများကို စီမံကိန်း အကောင်အထည် မဖော်မီ ကြိုတင်လုပ်ဆောင်ရန်။

✓ အမျိုးသမီးများအား စီမံကိန်းမှ အကျိုးခံစားရစေရန် ဦးတည်ချက်ထားရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များ၊ ကျား-မ သာတူညီမျှ မြေယာစီမံခန့်ခွဲမှုအပေါ် ကန့်သတ်ချက်များအဖြစ် ၎င်းတို့ရှုမြင်သည့်အချက်များကို မေးမြန်းရန်။

✓ အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့်လမ်းညွှန်ချက်များကို အမျိုးသမီးများ ကိုယ်စားပြု၊ တက်ကြွစွာ ပါဝင်စေလျက် ဒေသသုံး တိုင်းရင်းသား ဘာသာစကား (များ)ဖြင့် ရေးသားထုတ်ဝေရန်။

✓ စီမံကိန်း အစပြုချိန်မှစ၍ ကျား-မ အညွှန်းကိန်းများအပါအဝင် ကျား-မ အခြေပြု စောင့်ကြည့်၊ အကဲဖြတ် စနစ်ကို ထည့်သွင်း အသုံးပြုပါ။

✓ အမျိုးသမီးများ ချေးငွေရရှိရေးနှင့် စိုက်ပျိုးရေး တိုးချဲ့ပညာပေးများ ရရှိရေးကဲ့သို့ အခြားစီမံကိန်းများအား မြေယာစီမံအုပ်ချုပ်ရေး လုပ်ငန်းများနှင့် ချိတ်ဆက်ရန်။

✓ မြေယာနှင့် သဘာဝအရင်းအမြစ်များအား ရယူ၊ အသုံးချမှုအား စီမံအုပ်ချုပ်ရာတွင် ကျား-မ အခြေပြု အားလုံး ပါဝင်သော နည်းစနစ်များနှင့် ကိရိယာများ ထည့်သွင်းအသုံးချရေးအတွက် လှုံ့ဆော်အားပေးရန်။

✓ သင်တန်းများ၊ ဆက်သွယ်ပညာပေးလှုပ်ရှားမှုများနှင့် အသိပညာပေးရေး လုပငန်းများ စီစဉ်ရာတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင် အချက်အလက်ရယူရာ၌ အဟန့်အတားဖြစ်နိုင်သည့် ဒေသခံဘာသာစကားများ၊ ဓလေ့ထုံးတမ်းများ စသည့် အခြေအနေအလိုက် လိုအပ်ချက်များကို ထည့်သွင်း ချင့်ချိန်ရန်။

✓ အမျိုးသမီးနှင့် အမျိုးသားများ၊ စီမံကိန်းဝန်ထမ်းများနှင့် မြေယာစီမံအုပ်ချုပ်ရေး ဝန်ထမ်းများအား ကျား -မ ရေးရာ အသိပညာနှိုးဆော်သည့် သင်တန်းများ ပေးရန်။ လိုအပ်ပါက အမျိုးသမီးများအား သီးသန့် သင်တန်းများခွဲပေးရန်။

✓ အမျိုးသားများနှင့် အမျိုးသမီးများအား တန်းတူဦးတည်၍ ကျယ်ပြန့်သော လူထု ဆက်ဆံရေးနှင့် အသိပညာ ပေးလှုပ်ရှားမှုများ ဆောင်ရွက်ရန်။

✓ ဘာသာစကားကန့်သတ်ချက်များ၊ စာမတတ်ခြင်းနှင့် အချက်အလက်များမရခြင်း၊ သွားလာရေး ခက်ခဲခြင်း များ၊ အထူးသဖြင့် အမျိုးသမီးများအတွက် ထိုကန့်သတ်ချက်များ ရှိမရှိ ထည့်သွင်းစဉ်းစားရန်။

✓ အမျိုးသားမှတ်ပုံတင်လက်မှတ်များ အသုံးပြုရသည့် အခြေအနေ၊ ဒေသများတွင် အမျိုးသမီးနှင့် အမျိုးသား များ ထိုလက်မှတ်များရထားရေး အတွက် ကူညီရန်။

✓ အမျိုးသမီးအခြေအနေကို အဓိကဖော်ပြသည့် သတင်းအချက်အလက် လက်ကမ်းစာစောင်များ၊ ဗီဒီယိုများ ၊ ရေဒီယို ကြေညာချက်များ၊ သတင်းစာ ဆောင်းပါးများနှင့် ဝက်ဆိုက်များ ရေးသားဖန်တီးထုတ်လွှင့်ရန်နှင့် အမျိုးသမီးများနှင့် နီးစပ်သည့်၊ နားလည်နိုင်သည့် အချက်အလက်၊ အသုံးအနှုန်းများ အသုံးပြုရန်။ ဥပမာ အမျိုးသမီး ရုပ်ပုံများ ရေးဆွဲထည့်သွင်းခြင်း။

✓ ကျား-မ သာတူညီမျှရေး ဆောင်ရွက်ချက်များ၏ ရေရှည်သက်ရောက်မှုများကို တိုင်းတာသိရှိနိုင်ရန် ကျား-မ အခြေပြု အကဲဖြတ်ရေး စနစ်များ တည်ထောင်၍ အကောင်းဆုံး အလေ့အထများအား စုစည်းရန်၊ ကျား-မ ခွဲ၍ အချက်အလက်များ ကောက်ယူရန်။

ဆန်းစစ်ရန်အချက်များစာရင်း-၄.၁ -

**မြေယာစီမံအုပ်ချုပ်ရေး စီမံကိန်းများတွင် ကျား-မ သာတူညီမျှမှုအား မြှင့်တင်ခြင်း**

အရင်းအမြစ် - Dala Alnaggar ၏ "အာရပ်ဒေသတွင် ကျား-မ သာတူညီမျှ မြေတိုင်းတာခြင်းနှင့် နည်းပညာများ" ဆွေးနွေးတင်ပြချက်နှင့် Kate Dalrymple ၏ " အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသတွင် ကျား-မရေးရာနှင့် နည်းပညာကိစ္စရပ်များ" ဆွေးနွေးတင်ပြချက်၊ ၂၀၁၁ မေလ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ

## မြေယာအခွင့်အရေးများ မှတ်ပုံတင်ခြင်း

မြေယာလုပ်ပိုင်ခွင့် ခိုင်မာရေးအတွက် အသုံးပြုသူ၏ လုပ်ပိုင်ခွင့်ကို တိကျစွာဖော်ပြထားသော ပုံစံ၊ ဖောင်အမျိုးမျိုးကို အသုံးပြု၍ ကာကွယ်နိုင်သည်။ ဖောင်ပုံစံများတွင် တရားဝင် ပိုင်ဆိုင်ခွင့်/လုပ်ပိုင်ခွင့်လက်မှတ်၊ ရှင်းလင်းသော ရေရှည် အငှားစာချုပ်များ၊ စိတ်ချအားကိုးနိုင်သော အငှား သဘောတူညီချက်များ၊ သို့မဟုတ် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အား တရားဝင်မှတ်တမ်းတင်ထား ခြင်းနှင့် တရားဝင်မှတ်တမ်းမတင်ထားသော်လည်း ခိုင်လုံသည့် လုပ်ပိုင်ခွင့်များ၊ ထိရောက်၍ လူ တိုင်းလက်လှမ်းမီသော အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများ စသည်တို့ ပါဝင်ပါသည်။ မြေယာ လုပ်ပိုင်ခွင့်ခိုင်မာမှုများ တိုးမြှင့်ပေးထားခြင်းဖြင့် တစ်ဦးချင်း၊ အိမ်ထောင်စုနှင့် ရပ်ရွာ တစ်ခုလုံး အကျိုးအမြတ်များရရှိနိုင်ကာ မိမိ၏ မြေ၊ အိမ်နှင့် ပတ်ဝန်းကျင် တိုးတက်စေရေးအတွက် ကိုယ်တိုင် ရင်းနှီးမြှုပ်နှံလာရန် အားပေးပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူနေမှုအဆင့်အတန်း များ တိုးတက်စေပါသည်။ (UN-HABITAT, 2008:8) ဇယားကွက်-၄.၃ တွင် တောင်အာဖရိကနိုင်ငံ၌ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များအား တရားဝင် အသိအမှတ်ပြုရာတွင် ကြုံတွေ့ရသည့် ကျား-မ သာတူညီမျှရေးဆိုင်ရာ ကိစ္စရပ်များအား ဖော်ပြထားသည်။

ဇယားကွက်-၄.၃ -

**ထုံးတမ်းအစဉ်အလာ အခွင့်အရေးများအား တရားဝင်မှတ်ပုံတင်ရာတွင် ကျား-မ သာတူညီမျှရှိရေး**

အရင်းအမြစ် - အာဖရိက မြေယာ ဌာန၊ 1997: 65 and 68; World Bank/FAO/IFAD, 2009: 456

တောင်အာဖရိကနိုင်ငံ မြေယာ မူဝါဒ လေ့လာထားသည့် ၁၉၉၇ စက္ကူဖြူစာတမ်းတွင် မြေပြင်ရှိ (ဓလေ့ထုံးတမ်း) မြေယာအခွင့်အရေးများကို တရားဝင် မှတ်ပုံတင်ပေးရာတွင် ကြုံရသော အန္တရာယ်ကို ဖောင်းပေးဖော်ပြထားသည်။ လက်တွေ့တွင် မြေကို အသုံးချနေသူ တစ်ဦးထက်မက ရှိသော်လည်း လုပ်ပိုင်ခွင့် မှတ်ပုံတင်တွင်မှု တစ်ဦးတည်းကသာ မြေအားလုံးကို သိမ်းကြုံးရယူလိုက်ခြင်းမျိုး ရှိနေသည်။ “ယခင်က လူအများအားလုံး အခွင့်အရေး မခိုင်မာဘဲ တန်းတူ ရှိနေသော်လည်း ယခုအခါ လုပ်ပိုင်ခွင့်ခိုင်မာမှုကို အမျိုးသား “အိမ်ထောင်ဦးစီး” ဖြစ်လေ့ရှိသည့် သူတစ်ဦးတည်း ကသာ ရယူလိုက်ခြင်း ကြောင့် အခွင့်အရေးမှာ သိသာစွာ ကွာခြားသွားသည်။ အတွေ့အကြုံများအရ ဤလုပ်ငန်းစဉ် တွင် အခွင့်အရေးဆုံးရှုံးရသူများမှာ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ ဖြစ်လေ့ရှိကြောင်း တွေ့ရသည်။” (တောင် အာဖရိက မြေယာ ဌာန၊ ၁၉၉၇ - ၆၅) “ဥပမာ နေထိုင်ခွင့် ပါမစ်လက်မှတ်အား ယေဘုယျ အားဖြင့် အမျိုးသားအိမ် ထောင်ဦးစီးများထံသာ ချထားပေးလေ့ရှိပြီး ၎င်းပါမစ်အမည်ပေါက်သူက မြေကို ပိုင်ဆိုင်ခွင့် တိုးမြှင့်လျှောက်ထား မည်ဆိုလျှင် ယင်းအမျိုးသားအိမ်ထောင်ဦးစီးအမည်ဖြင့်ပင် ချထားပေးမည်ဖြစ်သည်။ ထိုအမျိုးသားများသည် မြို့တွင် သွားရောက်အလုပ်လုပ်၍ မြို့တွင် ဒုတိယ အိမ်ထောင်ထူထားသူများ ဖြစ်နေတတ်ရာ နယ်မှမြေကို ရောင်းချနိုင်သည့် ပိုင်ဆိုင်မှုအဖြစ် တိုးမြှင့်လျှောက်ထားရရှိလာလျှင် ထိုမြေကို ရောင်း၍ မြေပေါ်ရှိ မိသားစု မြေမှ နှင်ထုတ်ခံရနိုင်သည့် အခြေအနေဖြစ် ထားခဲ့ရန် အလားအလာရှိလာနိုင်သည်။” (တောင်အာဖရိက မြေယာ ဌာန၊ ၁၉၉၇ - ၆၈)

ဤအတွေ့အကြုံများကို အခြေခံ၍ စက္ကူဖြူစာတမ်းတွင် မြေပြင်ရှိ လုပ်ပိုင်ခွင့်အခြေအနေအား “အဆင့်မြှင့်တင်” (တရားဝင်မှတ်ပုံတင်) ရာ၌ အမျိုးသမီး များအတွက် ကျယ်ပြန့်သော အကာအကွယ် စည်းမျဉ်းများ ပါဝင်စေရန် ထည့်သွင်းခဲ့သည်။ “မြေယာလုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲမှုသည် ပိုင်ဆိုင်ခွင့် ပုံစံအသစ်များ ဖန်တီးခြင်းဖြင့် အမျိုးသမီး များ၏ အခွင့်အရေးအား ကာကွယ်ရန် အခွင့်အလမ်းကောင်းများဖြစ်သည်။ အထူးသဖြင့် မိသားစု အခြေပြု ရပိုင်ခွင့် များနှင့် စုပေါင်းပိုင်ဆိုင်ခွင့် စနစ်မျိုး ထည့်သွင်းခြင်းဖြစ်သည်” (တောင်အာဖရိက မြေယာ ဌာန၊ ၁၉၉၇ - ၆၈)

## မြေတိုင်းတာခြင်း၊ အမည်ပေါက်နှင့် မှတ်ပုံတင်ခြင်း[၆]

မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းတို့သည် နိုင်ငံအများစုတွင် မြေယာအခွင့်အရေးများ မှတ်တမ်းတင်ရာတွင် အများဆုံး အဓိကထားဆောင်ရွက်ကြသော မြေယာစီမံအုပ်ချုပ်ရေးလုပ်ငန်းစဥ်များ ဖြစ်ကြသည်။ မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ ဆောင်ရွက်ရာတွင် အလွယ်တကူ အသုံးပြုနိုင်မည့် ခေတ်မီ နည်းစနစ်များရှိလျှင် နေ့စဥ်ဆောင်ရွက်သည့် မြေယာစီမံခန့်ခွဲရေးနှင့် မြေယာ လုပ်ပိုင်ခွင့် အုပ်ချုပ်ရေး လုပ်ငန်းစဥ်အတွင်း အမျိုးသမီးများနှင့်အမျိုးသားများအတွက် မြေပြင် အလုပ်ခွင်သင်တန်းများကို လျင်မြန်၊ ထိရောက်စွာ သင်ကြားပို့ချပေးနိုင်မည်ဖြစ်ပါသည်။ ခေတ်မီ နည်းပညာများသည် အသုံးပြုရလွယ်ကူပြီး ငွေကုန်ကြေးကျ သက်သာစေသောကြောင့် ပိုမို ကျယ်ပြန့်သည့် ပြည်သူအုပ်စုများအတွင်း နည်းပညာများကို စရိတ်သက်သက်သာသာဖြင့် အလွယ်တကူအသုံးပြုလာနိုင်သောကြောင့် ကျား-မ သာတူညီမျှမှုကို အထောက်အကူပြုပါသည်။ မြေယာစီမံအုပ်ချုပ်မှုတွင် နည်းပညာများအားဖြင့် ကျား-မ သာတူညီမျှမှု တိုးတက်စေရေးမှာ ဖော်ဆောင် အောင်မြင်နိုင်မည့် ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။

ဥပမာ - ရှုပ်ထွေးသည့် ကမ္ဘာ့တည်နေရာတိုင်းတာရေးစနစ် (GPS) နည်းပညာအရ မြေပြင်၌ တိကျမှု အဆင့်အသင့်အတင့်ရှိသော လက်ကိုင် GPS စက်ကိုသုံး၍ လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။ ဂါနာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် မြေယာလုပ်ပိုင်ခွင့် တရားဝင်မှတ်ပုံတင်ရေး စီမံချက်တစ်ခုတွင် ကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးမှုများကို များသောအားဖြင့် ဒေသတွင်းသင်တန်းပေးထားသည့် အမျိုးသမီးများက တစ်အိမ်တက်ဆင်း ပြည်သူများအား တွေ့ဆုံမေးမြန်းကာ ၎င်းတို့၏မြေအခွင့်အရေးများကို မှတ်တမ်းတင်ခြင်း၊ လက်တော့ကွန်ပြူတာနှင့်လက်ကိုင် GPS စက်ကိုအသုံးပြု၍ မြေကွက်နယ်နိမိတ်များကို မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ဤနည်းဖြင့် မြေပြင်မှအချက်အလက်များကို မြေယာသတင်းအချက်အလက်စနစ်သို့ အလိုအလျောက် ထည့်သွင်းနိုင်သောကြောင့် မှတ်ပုံတင်စာရင်းသွင်းခြင်းကို ပိုမိုထိရောက်စေပါသည်။ ဤစီမံချက်တွင် တွေ့ရှိရသကဲ့သို့ ဒေသခံ အမျိုးသမီးများသည် ၎င်းတို့၏မြေယာအကြောင်းကို အမျိုးသားတစ်ဦးထက် အမျိုးသမီးပညာရှင် တစ်ဦးထံ ပြောပြရသည်မှာ ပိုမိုလွယ်ကူသည်ဟု ခံစားရကြောင်း သိရှိနိုင်ပါသည် (၂၀၁၁ ခုနှစ်၊ မေလတွင် ပြုလုပ်ခဲ့သည့် နည်းပညာအလုပ်ရုံဆွေးနွေးပွဲ၌ Rebecca Sittie's နှင့် Nigel Edmead တို့၏တင်ပြဆွေးနွေးချက်မှ - Rebecca Sittie, ကိုယ်ရေး ဆက်သွယ်မှု)။

ဇယားကွက်-၄.၄. တွင်ဖိလစ်ပိုင်နိုင်ငံ အခြေအနေ ဖော်ပြထားသကဲ့သို့ GPS နည်းပညာသည် မြေအသုံးချမှု စီမံကိန်းဆွဲရာတွင် ကျား-မ သာတူညီမျှ အားလုံးပါဝင်ခွင့်ရှိသော မြေပုံရေးဆွဲရေး လုပ်ငန်း အတွက် အထောက်အကူဖြစ်စေသည့် အရေးကြီးသော ကိရိယာတစ်ခု လည်း ဖြစ်ပါသည်။

ဝေဟင်ဓာတ်ပုံများ သို့မဟုတ် ဂြိုလ်တုဓာတ်ပုံများကို အခြေခံ၍ မြေကွက်မြေပုံဆွဲခြင်းသည် ရပ်ရွာလူထု တစ်ရပ်လုံး နားလည်ရန်လွယ်ကူပြီး - ပြည်သူများအနေနှင့် ဝေဟင်ဓာတ်ပုံ သို့မဟုတ် ဂြိုလ်တုဓာတ်ပုံ ပေါ်တွင် ၎င်းတို့၏မြေကွက် အနားသတ်များရှိ အမှတ်အသားဖြစ်သော သစ်ပင် သို့မဟုတ် သီးနှံ မြင်ကွင်းများကို ဖတ်တတ်ရန် အထူးတလည် သင်တန်းများ ပေးရန် မလိုအပ်ပါ။

သို့ဖြစ်ရာ ဤသို့မြေကွက်မြေပုံဆွဲသည့် နည်းလမ်းသည် မြေယာ အခွင့်အရေးမှတ်တမ်းတင်ရာ၌ စွမ်ဆောင်ရည် တိုးတက်စေပြီး၊ အားလုံး အသုံးပြုနိုင်ကာ ကျား-မ သာတူညီမျှရှိစေသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ မြေကွက်မြေပုံဆွဲခြင်းကို ဒေသန္တရသက်သေအထောက်အထားနှင့် ဗဟုသုတတို့အပေါ် အခြေခံ၍ဆောင်ရွက်ရလေ့ရှိရာ ယင်းတို့ကို ပြောပြနိုင်သော မြေနီးနားချင်းများနှင့် အခြားရပ်သူရွာသားများလည်း ထိုမြေဧရိယာအား နယ်နိမိတ် သတ်မှတ်ချိန်တွင် အတူရှိနေရပါသည်။

ဇယားကွက်-၄.၄ -
**GPS နည်းပညာအသုံးပြု ရပ်ရွာလူထု မြေပုံ တိုင်းတာရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း**
အရင်းအမြစ် - Seema Gaikwad, personal communication

ဖိလစ်ပိုင် ယဉ်ကျေးမှုများဖလှယ်တိုးတက်ရေးအသင်း Philippine Association for Intercultural Development (PAFID) သည် တိုင်းရင်းသား ပြည်သူလူထုအား အားလုံးပါဝင်သည့် 3-D မြေပုံများ ဖန်တီးခြင်းနှင့် ၎င်းတို့၏ဘိုးဘွားပိုင်မြေများနှင့် အရင်းအမြစ်များအား လျှောက်ထားရာတွင် ပံ့ပိုးကူညီပေးခဲ့သည်။ ထိုလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုတစ်ရပ်လုံး - အမျိုးသမီးများရော အမျိုးသားများပါ GPS နည်းပညာ သင်တန်းများတက်ရောက်၍ မြေပုံရေးဆွဲရာတွင် ပါဝင်ခဲ့ကြပြီး ထွက်ပေါ်လာသည့် မြေပုံများမှာ ၎င်းတို့အသုံးပြုနေသည့် မြေဧရိယာ၏ မြေပြင်ဗဟုသုတကို ပေါင်းစပ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ လူငယ်များသည် ကိရိယာ အသစ်များအား လေ့လာရာနှင့် အသုံးပြုရာတွင် ပိုမို ယုံကြည်မှုရှိသဖြင့် နည်းပညာ များအား ပိုမို နားလည်စုပ်ယူနိုင်ပါသည်။ မြေပြင်အချက်အလက်ကို အတည်ပြုရန်နှင့် လူထုရည်ညွှန်းသည့်အမှတ်များကို ရှာဖွေသတ်မှတ်ရန် PAFID သည်တိုင်းရင်းသားပြည်သူ ၁၄၈ ဦးအား GPS နည်းပညာအသုံးပြုပုံကို သင်ကြားပေးခဲ့ပါသည်။ သို့ဖြစ်ရာ မင်ဒိုရို ကျွန်းမှ မန်ဂျန်လူမျိုးများသည် GPS အား ၎င်းတို့၏ဘာသာစကားဖြင့် ဂါမစ် ပန်-စူကတ် - "မြေတိုင်းကိရိယာ" ဟု အမည်ပေးခဲ့ကြပါသည်။

3-D မြေပုံရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အမျိုးသမီးများသည် သောက်ရေသန့်ရရှိမည့် ရေအရင်းအမြစ်၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ၏ တည်နေရာများကို သတ်မှတ်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်အတွင်း မည်သည့်အချက်အလက်ကို 3-D မြေပုံများတွင် ထည့်သွင်းမည်ဆိုသည်ကို လူထုဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအမှီလိုက်နိုင်ခဲ့ပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူမြေပုံများ အသုံးပြုခွင့်ရရှိခဲ့ပါသည်။ အမျိုးသမီးများသည် ကနဦးပုံစံချသည့်အဆင့်မှသည် ကုဒ်ရေးသွင်းခြင်းနှင့် အချက်အလက် ဘာသာပြန်ခြင်း အထိ ပါဝင်လုပ်ဆောင်ခဲ့ကြသည်။

၂၀၀၃ ခုနှစ်တွင် PAFID အား ၎င်း၏အားလုံးပါဝင်ခွင့်ရှိသော 3-D မြေပုံရေးဆွဲရေးနည်းလမ်းကို အိန္ဒိယ နှင့် မြန်မာနိုင်ငံတို့တွင် သင်တန်းများ ပေးရန်အတွက် အခြားတိုင်းပြည်များသို့ မျှဝေရန် တောင်းဆိုခြင်းခံခဲ့ရသည်။

## မြေယာမှတ်ပုံတင်ခြင်းနှင့် အမည်ပေါက်ပိုင်ဆိုင်ခွင့် ပိုမိုရရှိရေးနှင့် ကျား-မ သာတူညီမျှမှု ပိုမိုရရှိရေး

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားမှမြေယာစီမံခန့်ခွဲရေးဌာန/ အဖွဲ့အစည်း များသည် ရုံးနှင့် ဝန်ထမ်းများ မရှိကြပါ။ ၎င်းတို့သည် ဝေလံခေါင်သီသော ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရန် ဘတ်ဂျက်နှင့် အရင်းအမြစ်မရှိကြပါ။ အပြန်အလှန် အနေနှင့် ကျေးလက်ပြည်သူများသည် ပို့ဆောင်ရေးခက်ခဲမှု၊ ကောင်းမွန်သောလမ်းနှင့် ငွေကြေးများမရှိမှုတို့ကြောင့် မြေယာစီမံခန့်ခွဲရေးရုံးများသို့ သွားရောက်နိုင်ခြင်းမရှိကြပါ။ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် ခရီးသွားလာခွင့်နည်းပါးသည်။ အမျိုးသမီးများ မြေယာမှတ်ပုံတင်ခွင့် ပိုမိုရရှိစေမည့် နည်းတစ်နည်းမှာ ဇယား-၄.၅ တွင် ပါရှိသည့် ဂါနာနိုင်ငံဥပမာကဲ့သို့ မြေယာစီမံခန့်ခွဲရေးဌာန/ အဖွဲ့အစည်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ဖြစ်ပါသည်။

ဇယားကွက်-၄.၅ -
**အမျိုးသမီးများ ပိုမို၍ လွယ်ကူစွာ မြေယာ မှတ်ပုံတင်လာနိုင်ရန် ကူညီပေးခြင်း**

အရင်းအမြစ် - Rebecca Sittie ၏ "ဂါနာနိုင်ငံတွင် မြေယာ မှတ်ပုံတင်လုပ်ငန်းအား စီမံခန့်ခွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတွင် ကျား-မရေးရာ ကိစ္စရပ်များ" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ

ဂါနာနိုင်ငံတွင် စာချုပ်စာတမ်းများမှတ်ပုံတင်စနစ်တွင် အမျိုးသမီးများ ၎င်းတို့၏ကိုယ်ပိုင်အမည်များဖြင့် မှတ်ပုံတင်သည့် အရေအတွက်သည် ၂၀၀၅ တွင် တစ်နိုင်ငံလုံး၌ မြေယာမှတ်ပုံတင်မှု နှစ်ခုသာရှိခဲ့ရာမှ မြေယာစီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးခဲ့ပြီး မြေယာ မှတ်ပုံတင်ဌာနများကို မြို့တော်ပြင်ပတွင် တိုး၍ဖွင့်လှစ်ပေးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်း သိသိသာသာ များပြားလာသည် (အောက်ဖော်ပြပါ ပုံတွင်ကြည့်ပါ)။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို အများပြည်သူအသိပညာပေးလှုပ်ရှားမှုနှင့် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး အမျိုးသမီးများ နှင့် အမျိုးသားများအား ၎င်းတို့၏ စာရွက်စာတမ်းများကို မှတ်ပုံတင်နိုင်မည့် စာချုပ်စာတမ်းများမှတ်ပုံတင်ဌာနများ တိုးချဲ့ဖွင့်လှစ်ပေးသည့် အကြောင်း သတင်းပေးခဲ့သည်။

၂၀၀၅ - ၂၀၁၀ အတွင်း အမျိုးသမီးများ မှတ်ပုံတင်ခဲ့သည့် စာရွက်စာတမ်းများ အရေအတွက်




ဇယားကွက်-၄.၆ -
**ကျား-မ သာတူညီမျှစွာ မြေယာစီမံအုပ်ချုပ်မှုအား ပံ့ပိုးရန် မှတ်ပုံတင်ကြေးများအား စီမံကိုင်တွယ်ခြင်း**

အရင်းအမြစ် - Seema Gaikwad ၏ "မြေယာလုပ်ငန်းစဥ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အာရှအတွေ့အကြုံ" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေ နည်းပညာ အလုပ်ရုံ ဆွေးနွေးပွဲ၊ ၂၀၁၂

**နီပေါ**နိုင်ငံတွင် အစိုးရသည် အမျိုးသမီးအမည်နှင့် မြေယာမှတ်ပုံတင်ပါက မှတ်ပုံတင်ကြေးအချို့လျှော့ပေးသည့် ညွှန်ကြားချက်ကို ချမှတ်ကျင့်သုံးခဲ့ သည်။ လျှော့ပေါ့ပေးခြင်းကို ၂၀၀၆ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းနှင့်စတင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းမှ ၂၀၀၉ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းသို့တိုးမြှင့် ခဲ့ သည် (ယခုအခါ ၅၀ ရာခိုင်နှုန်းလျှော့ပေါ့ပေးရန် တောင်းဆိုနေကြသည်)။ သို့ဖြစ်ရာ အမျိုးသမီးများ၏ အမည်နှင့် မြေယာမှတ်ပုံတင်သည့်ပမာဏ သုံးဆကျော် တက်လာခဲ့သည်။ သို့သော် ထိုကဲ့သို့မြှင့်တက်လာခြင်းသည် လက်တွေ့တွင် အမျိုးသမီးများ၏မြေယာအခွင့်အရေးကို ပိုမိုခိုင်မာစေခြင်း ရှိ-မရှိ သေချာစွာ မသိရှိနိုင်သေးပါ။

**ဂါနာ** နိုင်ငံတွင်ပြုလုပ်ခဲ့သည့် စီမံကိန်း နှစ်ရပ်တို့တွင် ပြည်သူလူထုအား ၎င်းတို့၏မြေများကို မှတ်ပုံတင်ကြရန် အားပေးသည့်အနေနှင့် မှတ်ပုံတင်ကြေး ကို သိသိသာသာ လျှော့ချပေးခဲ့သည်။ ကမ္ဘာ့ဘဏ်က ငွေကြေးထောက်ပံ့သည့် အစိုးရ၏ မြေယာစီမံခန့်ခွဲရေးစီမံကိန်းက မြို့ပြတွင် အမည်ပေါက် မှတ်ပုံတင် စရိတ်ကို ပုံမှန်ကုန်ကျစရိတ်ထက် လေးပုံတစ်ပုံခန့် လျှော့ချပေးခဲ့သည်။ ကျေးလက်မြေစနစ်တစ်ကျ အမည်ပေါက်ပြုလုပ်ရေးစီမံကိန်း (ဇယားကွက်-၅.၂ တွင်ဖော်ပြထားသည့်) တွင် အစိုးရသည် တံဆိပ်ခေါင်းခွန်ကို ကင်းလွတ်ခွင့်ပေးခဲ့ပြီး ထောင်စုနှစ် စိန်ခေါ်မှုငွေစာရင်း (Millennium Challenge Account) တွင် အသုံးပြုခွင့် လက်မှတ်လျှောက်ထားခြင်း၊ မြေတိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် တရားဝင်ပြုလုပ်သည့် အခကြေးငွေများ ပါဝင်သည်။ ဤကဲ့သို့သောအထောက်အပံ့မျိုးကို မည်မျှကြာရှည်စွာ လုပ်ပေးမည်နည်းဟူသော မေးခွန်းများ ပေါ်ထွက်လာသော်လည်း ဂါနာနိုင်ငံကျေးလက်ဒေသများတွင် စနစ်တစ်ကျ အမည်ပေါက် မှတ်ပုံတင်သည့် စနစ်ကို ကျင့်သုံးနေပြီဖြစ်ရာ ယင်းသည် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာစီမံခန့်ခွဲမှုတို့တွင် ကျား-မ သာတူညီမျှမှုကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အရေးကြီးသောကိရိယာတစ်ခု ဖြစ်လာနိုင်ပါသည်။

**ကာဂျစ္စတန်** နိုင်ငံတွင် ပူးတွဲပိုင်ဆိုင်သူအားလုံးအား ပူးတွဲ မှတ်ပုံတင်ပေးနေသည့် နိုင်ငံ၏အတုယူဖွယ်စံနစ်ကို ကျင့်သုံးနေသော်လည်း ပိုင်ဆိုင်မှုနှင့် မြေယာများကို မှတ်ပုံတင်စရိတ်သည် အမျိုးသမီးများတွက် အဓိကအဟန့်အတားဖြစ်နေသည်ဟု သတ်မှတ်ခြင်းခံရသည်။

**ဆန်းစစ်ရန် အချက်များစာရင်း-၄.၂ -** မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းတွင် ကျား-မ သာတူညီမျှမှုအား မြှင့်တင်ခြင်း

အရင်းအမြစ် - Dalal Alnaggar ၏ "အာရပ်ဒေသတွင် ကျား-မ သာတူညီမျှ မြေတိုင်းတာခြင်းနှင့် နည်းပညာများအား မြှင့်တင်ပေးခြင်း" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေလ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ

- ✓ မြေယာမှတ်ပုံတင်ခြင်းမပြုမီ အမျိုးသမီးများ၏ (မှတ်ပုံတင်ထားသော၊ မှတ်ပုံတင်ထားခြင်းမရှိသော) အခွင့်အရေးများ နှင့် အမွေဆက်ခံမှု၊ လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းပုံစံများ အား အထူးဂရုပြုကာ တည်ဆဲအခွင့်အရေးများကို ဆန်းစစ်လေ့လာရန်။
- ✓ ကွင်းဆင်းဆောင်ရွက်သော ဝန်ထမ်းများအတွက် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များနှင့် လက်စွဲစာအုပ်များ ထုတ်ပေးထားရန်နှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးရန်။
- ✓ အညွှန်းကိန်းများပါဝင်သည့် ကျား-မ မတူညီမှုများအား ထည့်သွင်းစဉ်းစားသည့် စောင့်ကြည့်ရေးစနစ် ချမှတ်အသုံးပြုရန်။
- ✓ မြေယာမှတ်ပုံတင်ရန်အတွက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်များကို ဦးတည်ဆောင်ရွက်ပေး၍ ၎င်းတို့၏ လိုအပ်ချက်များနှင့် ကျား-မသာတူညီမျှ မြေယာမှတ်ပုံတင်ခြင်း ဖြစ်စေရန် ၎င်းတို့၏အမြင်တွင် အတားအဆီးဖြစ်နေသောအရာများကို မေးမြန်းရန်။
- ✓ မှတ်ပုံတင်သည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်။
- ✓ ပူးတွဲအမည်ပေါက်နှင့် အမျိုးသမီးများအား တစ်ဦးတည်းအမည်ပေါက်ပိုင်ရှင်များအဖြစ် မှတ်ပုံတင်ခြင်းကို မြှင့်တင်ရန်။
- ✓ ကျား-မ သာတူညီမျှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား သေချာစွာအကောင်အထည်ဖော်ပေးမည့် အဆင့်များ ထည့်သွင်း၍ မြေယာသတင်းအချက်အလက်နှင့် အချက်အလက်ဘဏ်ကို ပုံစံရေးဆွဲရန်။
- ✓ နယ်နိမိတ်သတ်မှတ်သည့်လုပ်ငန်းစဉ်တွင် ဒေသန္တရ သက်သေအထောက်အထားနှင့် ဗဟုသုတများအပေါ် အခြေခံဆောင်ရွက်ရန်နှင့် အိမ်နီးချင်းများ နှင့် အခြားသော ရပ်သူ/ရွာသားများနှင့် အမျိုးသမီးများ (အမျိုးသားဦးစီးသည့် အိမ်ထောင်စုများမှ အပါအဝင်) အတူ ပါဝင်ဆောင်ရွက်စေရေး ဂရုပြုရန်။
- ✓ မြေယာမှတ်ပုံတင်ခြင်းကို ကျေးလက်လူထုပါ ပိုမိုလက်လှမ်းမီစေရန်အတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချပေးရန်။
- ✓ မြေယာ မှတ်ပုံတင်ပေးခြင်းကို စိုက်ပျိုးရေးတိုးချဲ့ပညာပေးခြင်း၊ အသေးစားလုပ်ငန်းဖွံ့ဖြိုးရေး သို့မဟုတ် အသေးစားချေးငွေ တို့ကဲ့သို့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များနှင့် ပေါင်း၍လုပ်ဆောင်ရန်။
- ✓ သမီးများနှင့် အခြားသော ထိခိုက်ခံစားလွယ်သည့်အုပ်စုများအတွက် လက်လှမ်းမီစေရန် အစိုးရဝန်ဆောင်မှုအတွက် အခကြေးငွေများကို အနည်းငယ်သာ ဆက်လက်သတ်မှတ်ထားရန်။.
- ✓ အမျိုးသမီးများအား ဦးတည်၍ မြေယာအခွင့်အရေးများ မှတ်ပုံတင်ခြင်း၏ အရေးကြီးပုံ၊ မည်သည့်နေရာတွင် မှတ်ပုံတင်နိုင်သည်၊ မည်သည့် အခြေအနေတွင် မှတ်ပုံတင်နိုင်သည်၊ ဝန်ဆောင်ခမည်မျှကျမည်၊ မည်သည့် သက်သေလိုအပ်မည် စသည်ဖြင့် အသိပေးသည့် ပြည်သူလူထု အသိပညာပေးသည့်လှုပ်ရှားမှုများ ပြုလုပ်ရန်။
- ✓ စာမတတ်မြောက်မှုနှင့် သတင်းအချက်အလက်၊ သယ်ယူပို့ဆောင်ရေးများ မရှိခြင်းတို့ကို တည့်သွင်းစဉ်းစားရန်။
- ✓ အမျိုးသမီးများအတွက် အချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များ၊ ဗီဒီယို၊ ရေဒီယိုအသံလွှင့်အစီအစဉ်၊ သတင်းစာနှင့် ဝက်ဆိုဒ်များမှ ထုတ်ပြန်အသိပေးရန်။ ၎င်းတို့ကို အမျိုးသားများအတွက်ဆောင်ရွက်သည့် အရာများနှင့် မတူညီဘဲ ကွဲပြားစွာ ပြင်ဆင်ရေးသား ထုတ်ဝေရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။
- ✓ ပိုင်ဆိုင်ခွင့်/လုပ်ပိုင်ခွင့် အထောက်အထား စာချုပ်စာတမ်းများ မှန်ကန်မှု ရှိမရှိ နှင့် မြေယာ၊ ပစ္စည်းပိုင်ရှင်များ တရားဝင် မှတ်ပုံတင်ထားခြင်း ရှိမရှိ အတည်ပြုရန်။
- ✓ မြေယာ၊ ပစ္စည်းများပိုင်ဆိုင်သည့် အမျိုးသမီးများနှင့် အမျိုးသားများအား ပိုင်ဆိုင်ကြောင်း အထောက်အထား လက်မှတ်များ တစ်ချိန်တည်းတွင် ထုတ်ပေးရန်။
- ✓ အမျိုးသမီးများ အယူခံဝင်နိုင်ရန် သီးခြားအကူအညီပေးနိုင်သည့် ရှေ့နေများ၊ ဥပဒေအကျိုးဆောင်များနှင့် ချိတ်ဆက်ပေးရန်။
- ✓ ကျား-မ အခြေပြု အကဲဖြတ်စံနှုန်းများကို ထည့်သွင်းဖော်ဆောင်၍ ကျား-မ တန်းတူညီမျှမှုအပေါ် ရေရှည်သက်ရောက်မှုကို စောင့်ကြည့် ခြေရာခံနိုင်ရန် အကောင်းဆုံးဆောင်ရွက်မှုနည်းလမ်းများ၊ ကျား-မ သီးခြား အချက်အလက်များအား ကောက်ယူစုဆောင်းပါ။

## အခြားနည်းများဖြင့် မြေယာ လုပ်ပိုင်ခွင့်/ပိုင်ဆိုင်ခွင့် ရပုံ

တရားဝင်အသိအမှတ်မပြုထားသေးသော အခွင့်အရေးများ၊ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များအား တရားဝင်စေရန် ကြိုးပမ်းဆောင်ရွက် ပေးရာ၌ အများအားဖြင့် တစ်ဦးချင်း ဦးပိုင်အမည်ပေါက် ပိုင်ဆိုင်ခွင့်ပေးရန် ဦးတည်ချက်ထားလေ့ရှိသည်။ မြေယာ မှတ်ပုံတင်ပေးခြင်းသည် နိုင်ငံတကာ အေဂျင်စီများနှင့် အကျိုးခံစားရသူများအကြား ရေပန်းစားပါသည်။ သို့ရာတွင် ထိုသို့တရားဝင် ဖြစ်စေအောင် ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဓလေ့ထုံးတမ်းဥပဒေအရ ရရှိထားသည့် တစ်ဆင့်ခံ ခံစားခွင့်များ - ဝင်ရောက်ခွင့်၊ အသုံးပြုခွင့်၊ နုတ်ယူရိတ်သိမ်းခွင့်နှင့် စိုက်ပျိုးခွင့်များ- မဆုံးရှုံးရစေရန် သတိပြုရမည် (ဇယားကွက်-၄.၃)။ မြေယာမှတ်ပုံတင်ပေးခြင်းဖြင့် လက်ရှိ ရထားသော မြေယာ အခွင့်အရေးများ လျော့နည်းသွားပါက လုပ်ပိုင်ခွင့် အာမခံချက်ကို ထိခိုက်စေပါသည်။

လူမှုရေးအုပ်စုအားလုံးအတွက် လိုအပ်ချက်အမျိုးမျိုးကို လုပ်ပိုင်ခွင့်အမျိုးအစားတစ်ခုတည်းနှင့် မဖြည့်ဆည်းပေးနိုင်ပါ။ မြေယာလုပ်ပိုင်ခွင့်အမျိုးမျိုးကို အသိအမှတ်ပြုခြင်းဖြင့် လူမှုလူတန်းစား အုပ်စု အသီးသီးမှ အမျိုးသမီးများနှင့် အမျိုးသားများသည် အချိန်နှင့်အမျှ ပြောင်းလဲလာသော လိုအပ်ချက်များကို ပို၍ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ လုပ်ပိုင်ခွင့် အမျိုးမျိုးအတွက် ဥပဒေ အသိအမှတ်ပြုခြင်းဖြင့် မြေယာဈေးကွက်များ ကောင်းစွာလည်ပတ်ဖွံ့ဖြိုးရေးကို မြှင့်တင်နိုင်မည် ဖြစ်ပါသည် (UN-HABITAT, 2008a: 10)။ နိုင်ငံအများစုတွင် မတူညီသော မြေယာအခွင့်အရေး များနှင့် လုပ်ပိုင်ခွင့်အမျိုးအစားများသည် စုစည်းချိတ်ဆက်၍ ဆက်စပ်နေသော လုပ်ပိုင်ခွင့် အစီအစဉ်ကြီး ဖြစ်လာပါသည်။ (ပုံ-၄.၁ ကိုကြည့်ပါ)။ ထိုလုပ်ပိုင်ခွင့် အစီအစဉ်၏ တစ်ဘက်စွန်း တွင် အလွတ်သဘော သို့မဟုတ် တရားမဝင် စုပေါင်းလုပ်ပိုင်ခွင့်ပုံစံများဖြစ်သည့် အလွတ်သဘော သို့မဟုတ် တရားမဝင်အခြေချနေထိုင်မှုကို လက်တွေ့အသိအမှတ် ပြုထားခြင်း သို့မဟုတ် အဓမ္မ နှင်ထုတ်ခြင်းမခံရစေရန် နိုင်ငံရေးအရ အကာအကွယ်ပေးထားခြင်းပုံစံဖြစ်ပါသည်။ အလယ်၌ တရားမဝင်ရော၊ တရားဝင်ပါ ဖြစ်နိုင်သည့် ဝင်ရောက်နေရာယူထားခြင်း၊ ဝေမျှအသုံးပြုသူ အခွင့်အရေး၊ စုပေါင်း ဝင်ရောက်အခြေချ ပိုင်ဆိုင်ခြင်း၊ အထူးအခွင့်အရေးများနှင့် ဓလေ့ထုံးတမ်း ရပ်ရွာလူထု လုပ်ပိုင်ခွင့်စသည်တို့ပါဝင်ပါသည်။ ကျန်အခြားတစ်ဘက်တွင် အစဉ်အလာအရ "တရားဝင်" လုပ်ပိုင်ခွင့်အမျိုးအစားများ ဟု ရည်ညွှန်းသည့် ပူးတွဲပိုင်ဆိုင်မှုနှင့် မှတ်ပုံတင်ထားသော ငှားရမ်းမှုများ ရှိပါသည် (UN-HABITAT, 2007b: 24) ။




ပုံ-၄.၁ - **မြေယာအခွင့်အရေးများ ဖြစ်တည်မှုအစီအစဉ်**

အရင်းအမြစ် - UN-HABITAT, 2008a: 8.

မြေယာ စာချုပ်စာတမ်းများအား အစားထိုးသည့် အခြားနည်းများဖြင့် ပိုင်ဆိုင်မှုများ(ဇယားကွက်-၄.၇) သည် လုပ်ပိုင်ခွင့်အာမခံချက်ကို ပေးနိုင်ပါသည်။ သို့သော် ကျေးလက်၊ ဆင်ခြေဖုန်း၊ မြို့ပြ၊ ကျူးကျော် စသဖြင့် အခြေအနေအရ ရွေးချယ်ထားရပါမည်။ ထိုလုပ်ပိုင်ခွင့်ပုံစံ တစ်ခုစီ၌ လုပ်ပိုင်ခွင့်အာမခံချက် မည်မျှရှိမည်၊ ကျား-မ သာတူညီမျှ မည်မျှရှိမည် ဆိုသည်မှာ အကြောင်းရင်းများစွာ အပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။ ဥပမာ ဦးပိုင်မြေများနှင့် ယှဥ်လျှင် အငှားများသည် - အထူးသဖြင့် မြေငှားစာချုပ်များသည် - ပိုမို ဈေးသက်သာပြီး ပိုမိုလျင်မြန်စွာ ချုပ်ဆိုင်နိုင်ကာ ညှိလွယ်၊ နှိုင်းလွယ် ပိုမိုရှိသဖြင့် ပိုင်ဆိုင်မှုအငြင်းပွားနေစဥ်၌ပင် လိုသလိုပြင်ဆင်နိုင်ကာ ကုန်ကျစရိတ်လည်း ပိုမိုသက်သာ၍ ရိုးရှင်းလွယ်ကူသည့် နည်းစနစ်များကို အခြေခံသည်။ အမျိုးသမီးများအား ဖယ်ချန်ထားခြင်း မရှိစေရန် မြေငှားစာချုပ်အား ပူးတွဲအမည်ဖြင့် မှတ်ပုံတင်ခြင်း သို့မဟုတ် လင်မယား နှစ်ဦးလုံးအမည်ဖြင့် မှတ်တမ်းတင်ခြင်း စသည့် နည်းလမ်းများ ဆောင်ရွက်သင့်ပါသည်။ (Augustinus and Benschop, 2003:4)

မြေနေရာတွင် အခွင့်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်းအား - နိုင်ငံရေးအရ အကာအကွယ်ပေးထားခြင်း၊ ရေမီး အခွန်ဆောင်ထားသည့် ပြေစာများ ရှိခြင်း၊ နှုတ်သက်သေ၊ အလွတ်သဘော အသိအမှတ်ပြုထားသည့် ဓလေ့ထုံးတမ်း အခွင့်အရေးများ၊ ခိုင်မာသော ရပိုင်ခွင့်ဟု ယူဆချက်များ၊ - စသည့်နည်းလမ်းများဖြင့် အသိအမှတ်ပြုထားသည့် ပုံစံကို ဆင်းရဲသားရပ်ကွက်များ၊ ကျူးကျော်ရပ်ကွက်များတွင် အများဆုံးတွေ့ရသည်။ ထိုနေထိုင်အသုံးပြုမှုပုံစံသည် အာမခံချက် မည်မျှရှိသည်ဆိုသည်မှာ ဒေသအခြေအနေနှင့် ထိုနေရာမှ အတင်းအကြပ် ဖယ်ရှားခြင်းမခံရရန် အခြားအကာအကွယ်မည်မျှရှိသည် ဆိုသည်တို့အပေါ်မူတည်သည်။ (Augustinus and Benschop, 2003: 4) ယင်းအကာအကွယ်များမှကို အခြေခံအုတ်မြစ်ထား၍ ပိုမိုကောင်းမွန်သော လုပ်ပိုင်ခွင့်/ရပိုင်ခွင့်များ ရှိလာစေရန်၊ အချိန်နှင့်အမျှ နေထိုင် အသုံးပြုပိုင်ခွင့်ကို ဖြည်းဖြည်းချင်း အဆင့်မြှင့်ချင်း၊ တရားဝင်အသိအမှတ်ပြုခြင်း ရှိလာရန် ချဥ်းကပ်ဆောင်ရွက်နိုင်သည်။ တစ်ဆင့်ချင်း တိုးတက်ဆောင်ရွက် ခြင်းသည် ရေတိုနှင့် ရေလတ် ကာလများတွင် အာမခံချက်ပေးထားနိုင်ကာ ရေရှည်တွင် အာဏာပိုင်များက ပို၍ ကျယ်ဝန်းပြည့်စုံသော ဒေသအခြေအနေနှင့်လည်း ကိုက်ညီသည့် အခြား လုပ်ပိုင်ခွင့်/နေထိုင်ခွင့် ပုံစံများ ပေါ်ပေါက်ရန် စီစဥ်ဆောင်ရွက်ရမည်။

ဇယားကွက်- ၄.၇ -
**အခြားနည်းများဖြင့် မြေယာ လုပ်ပိုင်ခွင့်/ ပိုင်ဆိုင်ခွင့် ရပုံ**

**အရင်းအမြစ် - Aristazabal and Gomez, 2004; Yahya, 2002; Farfan, 2002**

**ကိုလံဘီယာနိုင်ငံတွင်ပေးသည့် လုံခြုံရေးနှင့် ဝန်ဆောင်မှုများ**

အများပြည်သူဝန်ဆောင်မှုရရှိစေရန် တရားဝင်လုပ်ပိုင်ခွင့်စနစ်များသည် မရှိမဖြစ် အရေးပါသည်ဟု ယူဆလေ့ရှိကြပါသည်။ သို့သော် ကိုလံဘီယာနိုင်ငံတွင် နိုင်ငံသားအားလုံးသည် ၎င်းတို့၏နေအိမ်များတွင်နေထိုင်ကြကြောင်း သက်သေပြနိုင်ပြီး ဝန်ဆောင်မှုအတွက် ငွေပေးဆောင်နိုင်ပါက ရေ၊ သန့်ရှင်းရေး၊ လျှပ်စစ်မီး၊ မုန်တိုင်းရေထုတ်မြောင်း၊ အမှိုက်ကောက်ဝန်ဆောင်မှု၊ တယ်လီဖုန်းနှင့် ဓာတ်ငွေ့ စသည့်ဝန်ဆောင်မှုများ ရရှိနိုင်ကြောင်း ဥပဒေ ပြဌာန်းထားသည်။ ပိုင်ဆိုင်သောပစ္စည်းများကြေငြာခြင်း၊ အနာဂတ်တွင် အသုံးပြုရန်အခွင့်အရေးများ ရောင်း၊ ဝယ်ခြင်းနှင့် ရပ်ရွာစုပေါင်း နေထိုင်ခြင်း စသည့် - အလယ်အလတ်လုပ်ပိုင်ခွင့်စနစ်များ - သည် အခွင့်အရေးများအား မြှင့်တင်ခြင်းနှင့် နှင်ထုတ်ခြင်းမှကာကွယ်ခြင်းတို့အတွက် အခြေခံအဆင့်များဖြစ်ပြီး ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏လုပ်ပိုင်ခွင့် အခြေအနေပေါ် မူမတည်ဘဲ အတိုင်းအတာတစ်ခုထိ အာမခံချက်ရှိသော၊ ဈေးသက်သာသော အိမ်များရယူခွင့် ရှိစေပါသည်။

**ကင်ညာနိုင်ငံတွင် ယာယီလက်ဝယ် ရယူထားခွင့်လိုင်စင်များ**

နိုင်ရိုဘီမြို့တော်ကောင်စီသည် လူခြေသိပ်သည်းသည့် နေရာများမှ လမ်းဆုံများနှင့် အရံလမ်းမြေများ၊ မြို့စွန်ဆင်ခြေဖုံးများရှိ မြေလွတ်များ စသည့် အချက်အခြာကျသည့်နေရာများ၌ အများပြည်သူပိုင်မြေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအား တွန်းအားပေးမြှင့်တင်ရန်အတွက် ယာယီ နေထိုင်ခွင့် လိုင်စင်များ (TOLs) စတင်ချထားပေးခဲ့သည်။ TOL အရ ဒေသအာဏာပိုင်များသည် မြေကို ရေရှည် ထိန်းချုပ်ခွင့်အား ဆက်လက်ရယူထားပြီး ပြည်သူများအား အကျိုးရှိစွာအသုံးပြုနိုင်ရန် ခွဲဝေချထားပေးခဲ့သည် - လိုင်စင်အား နှစ်စဉ်အသစ်ပြန်လည်လျှောက်ထားနိုင်ပြီး ထိုလိုင်စင်များဖြင့် ထိုမြေတွင် အခိုင်အမာမဟုတ်သည့် တစ်ဆင့်နိမ့် အဆောက်အဦးများ ဆောက်လုပ်ခွင့်ပြု ထားသည်။ လိုင်စင်ရ သူများသည် နှစ်စဉ် မြေငှားခပေးဆောင်ရပြီး ထိုကောက်ခံရရှိငွေသည် စည်ပင်သာယာ ရန်ပုံငွေအဖြစ် ရောက်ရှိသွားသည်။ ယင်းကို စီးပွားရေးလုပ်ကိုင်ရန်မြေအဖြစ် ဝင်ငွေရရှိရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သော်လည်း တစ်ခါတစ်ရံ လူနေအိမ်များဆောက်လုပ်ကြကြီး အခြားမည်သည့် နေရာမဆို ပုံစံတူ ဆောင်ရွက်နိုင်ပါသည်။

**ထိုင်းနိုင်ငံ၌ ယာယီမြေငှားခြင်း။**

ဘန်ကောက်မြို့ရှိ ဝင်ငွေနည်း ရပ်ကွက်များတွင်နေထိုင်သူများသည် မြေရှင်များနှင့် ပူးပေါင်းကာ ထိုနေရာတွင်နေထိုင်ရင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သည့် လက်တွေ့ကျသောအစီအစဉ်ကို တစ်ဖြည်းဖြည်းလုပ်ဆောင်လာကြသည်။ ဆင်းရဲသားများသည် မြေတွင် အဆောက်အဦးများ မဆောက်လုပ်သေးဘဲ ဈေးတက်အောင် စောင့်နေသည့် မြေပိုင်ရှင်များအား ရှာဖွေကာ ၄င်းတို့တတ်နိုင်သည့်ဈေးနှုန်းနှင့် ကာလတိုမှ ကာလလတ် ငှားပေးရန် ဈေးဆိုကြသည်။ မြေရှင်များကလည်း မြေအား အခြားသူများဝင်ရောက် ကျူးကျော်ခြင်းမှ ကာကွယ်ရန် ထိုသို့ငှားရမ်းလိုကြသည်။ မကြာမီနှစ်များ အတွင်းက ရပ်ရွာလူထုနှင့် အာဏာပိုင်များသည် ထိုယာယီလက်ဝယ်ရယူ နေထိုင်မှုများအတွက် အခြေခံဝန်ဆောင်မှုများတိုးချဲ့ပေးရန် နည်းလမ်းများ ရှာဖွေခဲ့ကြသည်။ မြို့ပြဖွံ့ဖြိုး ချဲ့ထွင်လာခြင်းကြောင့် အခြားဒေသများမှ သူများအတွက်လည်း အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပေါ်ပေါက်လာချိန်တွင် ဆင်းရဲသားများအနေနှင့် ထိုနယ်မြေသစ်များမှ မြေပိုင်ရှင်များနှင့် အလားတူအစီအစဉ်များ ညှိနှိုင်းလုပ်ကိုင်နိုင်ပါသည်။

## မြေယာသတင်းအချက်အလက်စနစ်နှင့် အချက်အလက်ဘဏ်များ ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းများဆိုင်ရာ ကျား-မ ကိစ္စရပ်များ[၁၀]

ကျား-မကိစ္စရပ်များကို မြေယာသတင်းအချက်အလက်စနစ်နှင့် အချက်အလက်ဘဏ်များတွင် ထည့်သွင်းရေးဆွဲလေ့မရှိသော်လည်း မည်သည့် မြေယာသတင်းအချက်အလက်စနစ်မဆို၏ ပုံစံဒီဇိုင်းသည် ကျား-မ ကိစ္စရပ်များအတွက် အပါအဝင် သက်ဆိုင်ရာမူဝါဒနှင့် ဥပဒေမူဘောင်နှင့် ကိုက်ညီရန်လိုအပ်ပါသည်။ ဥပမာ - အကယ်၍ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခွင့်ကို ဥပဒေအရမဖြစ်မနေ ဆောင်ရွက်ပေးရမည်ဆိုပါက ထိုစနစ်တွင် ယင်းကိုပံ့ပိုးပေးမည့် ဒီဇိုင်းကိုထည့်သွင်းရေးဆွဲပေးရမည်ဖြစ်ပါသည်။ စာရွက်စာတမ်း အခြေခံသည့် မြေယာသတင်းအချက်အလက်စနစ်အား ကွန်ပြူတာသုံးစနစ်အဖြစ် အဆင့်မြှင့်ရာတွင် ကျား-မကိစ္စရပ်များအား ထည့်သွင်းကိုင်တွယ်ရန် အခွင့်အလမ်းများပေါ်ပေါက်စေသည်။ ဥပမာ ကျား/မ ခွဲခြား၍စာရင်းပြုစုခြင်းနှင့် အချက်အလက်လေ့လာဆန်းစစ်ခြင်း၊ မြေပိုင်ရှင်အား ကျား/မ ခွဲခြားမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်လာနိုင်ပါမည်။ အချက်အလက် စုဆောင်းသည့်ဖောင်ပုံစံများနှင့် မှတ်ပုံတင်စာရွက် စာတမ်းများတွင် မြေပိုင်ရှင်များနှင့် မြေမှ အကျိုးခံစားရသူအားလုံး တို့၏ အမည်များရေးသွင်းရန် လုံလောက်သောနေရာပါရှိရမည် ဖြစ်သည်။

ကွန်ပြူတာအသုံးပြု အချက်အလက်ဘဏ်နှင့် စနစ်များတွင် အိမ်ထောင်ဖက်အခွင့်အရေးများ၊ ပူးတွဲမြေပိုင်ဆိုင်မှုနှင့် မိသားစုဝင်များ၏မြေအခွင့်အရေးများ မှတ်တမ်းတင်နိုင်ခြင်း၊ အချက်အလက်ဖြည့်သွင်းခြင်း မဆောင်ရွက်မီ တရားဝင် အထောက်အထားနှင့် အခြားသော စာရွက်စာတမ်းများ

နှင့် အချက်အလက်များ (ဥပမာ- လက်ထပ်စာချုပ်) တင်ပြရန် သတ်မှတ်ခြင်း စသဖြင့် လွယ်ကူစွာ ကြိုတင်ချိန်ညှိ သတ်မှတ်ထားနိုင်ပါသည်။ ဥပမာ - ယူဂန္ဓာနိုင်ငံတွင် မြေယာလွှဲပြောင်းပေးခြင်းများ ပြုလုပ်ရန် မြေယာပုံစံ ၄၁ တွင် - "မြေ အလွှဲအပြောင်းလုပ်ငန်းများဆောင်ရွက်ရန် အိမ်ထောင်ဖက် (များ) ၏သဘောတူညီမှု" - ကိုတင်ပြရန်လိုအပ်သည်ဟု သတ်မှတ်ထားရာ ထိုဖောင်ပုံစံကို ကူးယူ ထည့်သွင်းပြီးမှသာ တရားဝင် လွှဲပြောင်းရန်အတွက် နောက်တစ်ဆင့်သို့ သွားနိုင်ရန် အချက်အလက် စနစ်တွင် ဒီဇိုင်းဆွဲထားပါသည်။

မြေယာစီမံခန့်ခွဲရေးကို ကျား-မ သာတူညီမျှမှုပိုမိုရှိစေရန် ဒီဇိုင်းဆွဲခြင်း၊ ကိရိယာနှင့်နည်းပညာများ အသုံးပြုရာတွင် လည်းကောင်း၊ မြေယာသတင်းအချက်အလက်စနစ်များ စီမံခန့်ခွဲရေးနှင့် လည်ပတ်ရေးတွင်လည်းကောင်း အမျိုးသမီးပညာရှင်များပါဝင်သင့်ပြီး အချက်အလက်ဘဏ်များ ဒီဇိုင်းရေးဆွဲရာတွင် အမျိုးသမီးနှင့် အမျိုးသား နှစ်ဖက်လုံး၏ ပညာရေးလိုအပ်ချက်နှင့် ကိုက်ညီအောင် ပြုလုပ်သင့်သည်။ ကိရိယာများအား ကျား-မ အမြင်ဖြင့်အကဲဖြတ်သင့်သည် - Gendering Land Tool Development Mechanism အားဖြင့် ရေးဆွဲထားသည့် ကမ္ဘာ့မြေယာကိရိယာ ကွန်ရက် (Global Land Tool Network) ၏ ကျား-မ အကဲဖြတ်စံချိန်စံညွှန်း သည် ဤနေရာတွင် အသုံးပြုသင့်သော ကောင်းမွန်သောနည်းစံနစ် နမူနာကောင်းတစ်ခုဖြစ်သည် (UN-HABITAT, 2007a; 2009; 2011)။

ဆန်းစစ်ရန် အချက်များစာရင်း-၄.၃ - **မြေယာအချက်အလက်စနစ်များတွင် ကျား-မ သာတူညီမျှရှိစေရန် ဆောင်ရွက်ရေး**

အရင်းအမြစ် - FAO, 2009c: 115.

- ✓ လူထု၊လူတန်းစားမျိုးစုံ သုံးစွဲနိုင်ရန်အတွက် တန်ဖိုးနည်း နည်းပညာများ အသုံးပြုရန်။
- ✓ စစ်တမ်းမေးခွန်းများနှင့် စစ်တမ်းများ ပြင်ဆင်ရာတွင် အမျိုးသမီးများ ပါဝင်စေရေး ဂရုပြုရန်။
- ✓ ကျားနှင့်မ အချက်အလက် များကို သီးခြားစီ ကောက်ခံရန်။
- ✓ အချက်အလက် ကောက်ခံသည့်အခါ အမျိုးသမီးများဘက်မှ ဇာတ်ကြောင်းကြားသိရရန် အမျိုးသမီးများကို အမျိုးသားများနှင့်ခွဲခြား၍ မေးခွန်းများမေးရန်။
- ✓ မြေအသုံးချစီမံကိန်းနှင့် အရင်းအမြစ် အကဲဖြတ်ရန်အတွက် အမျိုးသမီးများနှင့် လူငယ်များအား အမျိုးသားများ၊ လူကြီးများနှင့် ခွဲ၍ သီးခြားပါဝင်စေလျက် အားလုံးပါဝင်သည့် ရပ်ရွာလူထု မြေပုံထုတ်ခြင်းစံနစ်ကို အသုံးပြုဆောင်ရွက်ရန်နှင့် လုပ်ငန်းအုပ်စုအားလုံးတွင် အမျိုးသမီးများပါဝင်စေရန်။
- ✓ နည်းပညာကို ရှင်းလင်းအောင်ပြုလုပ်ကာ အမျိုးသမီးများအား ပိုမိုကွင်းဆင်းတာဝန်ထမ်းဆောင်စေ၍ မြေယာ စီမံခန့်ခွဲရေးဆောင်ရွက် ချက်များသည် ကျား-သာတူညီမျှမှု ရှိကြောင်း ပြရန်။
- ✓ အချက်အလက်ကောက်ခံမှု ဖောင်ပုံစံများနှင့် မှတ်ပုံတင်သည့် မှတ်တမ်းမှတ်ရာများတွင် မြေပိုင်ရှင်များ နှင့် မြေမှအကျိုးခံစားရသူများ အားလုံး ၏ အမည်များဖြည့်နိုင်ရန်နှင့် ကျား- မ ကိုမှတ်တမ်းတင်ရန် နေရာ လုံလောက်စွာ ထားပေးရန်။
- ✓ ကိရိယာ၊ နည်းနစ်များအား ကျား-မ ရှုထောင့်မှ အကဲဖြတ်ရန် (ဥပမာ- GLTN ၏ကျား-မ အကဲဖြတ်စံနှုန်း အရ) ။

**သတိပြုရန်**

နည်းပညာတွင် ကျား-မ မခွဲခြားထားလျှင်ပင် နည်းပညာအား အသုံးပြုပုံတွင် ကျား-မ ခွဲခြားနိုင်ပါသည်။

## တန်ဖိုးတွက်ချက်ခြင်း[၁၁]

အမျိုးသမီးအများစုတို့သည် အမျိုးသားများနှင့်စာလျှင် ငွေကြေးအရင်းအမြစ်နည်းပါးသဖြင့် အမျိုးသမီးများ၏ ပိုင်ဆိုင်သောပစ္စည်းများကို မှန်ကန်စွာတန်ဖိုးဖြတ်ရန် အထူးအရေးကြီးပါသည်။ မှန်ကန်စွာတန်ဖိုးဖြတ်ရာ၌ ပစ္စည်းတန်ဖိုးဖြတ်ခြင်းတွင် ပါဝင်သော ဆန့်ကျင်ဖက် ရည်ရွယ်ချက် နှစ်ချက်ကို ထည့်သွင်း စဉ်းစားရပါမည် ၁) ပိုင်ဆိုင်သောပစ္စည်း၏ အခွန်တွက်ချက်ခြင်း နှင့် ၂) သိမ်းဆည်းခံရပါက ပိုင်ရှင်အားပေးရန် လျော်ကြေးငွေတွက်ချက်ခြင်း တို့ဖြစ်ပါသည်။

- ✓ တန်ဖိုးတွက်ချက်သည့်စနစ်များသည် လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စိတ်ခံစားချက်နှင့် ပတ်ဝန်းကျင်တန်ဖိုး များကဲ့သို့သော ဈေးကွက်တန်ဖိုး မဟုတ်သည့် အခြားတန်ဖိုးထည့်သွင်းစဉ်းစားရန်။
- ✓ ပစ္စည်းဈေးနှုန်း/တန်ဖိုး တို့ကိုညှိနှိုင်းရန်အတွက် အထူးသဖြင့် နိုင်ငံရေး ဩဇာမရှိသည့် မုဆိုးမနှင့် အိမ်ထောင်ဦးစီးအမျိုးသမီး တို့ကဲ့သို့သော ထိခိုက်ခံစားလွယ်သည့် အုပ်စုများအတွက် လူမှုရေးပတ်သက်မှု၊ ဂုဏ်သိက္ခာ၊ သဟာရ စိတ်ဓာတ် - စသည့် လူမှုရေးအခြေအနေများ၏ လွှမ်းမိုးမှုကို အကဲဖြတ်ရန်။
- ✓ အခကြေးငွေများကို အနိမ့်ဆုံးပမာဏသာ သတ်မှတ်ရန်။
- ✓ မြေယာပိုင်ရှင်များ အထူးသဖြင့် ပညာအရည်အချင်းနိမ့်၍ သတင်းအချက်အလက်များ မသိသည့် အမျိုးသမီး များအား တန်ဖိုးမည်သို့ တွက်ချက်ကြောင်း ရှင်းပြရန်။
- ✓ တန်ဖိုးတွက်ချက်မှု အချက်အလက်များနှင့် တန်ဖိုးအကဲဖြတ်ဆန်းစစ်ချက်များအား လူထုထံ ချပြထားပေးခြင်း ဖြင့် အဂတိလိုက်စားမှုမှ ကာကွယ်ရန်။

ဆန်းစစ်ရန် အချက်များ စာရင်း-၄.၄ - **ကျား-မ သာတူညီမျှ တန်ဖိုးတွက်ချက်မှုအား ပံ့ပိုးပေးခြင်း**

အရင်းအမြစ် - Nigel Edmead ၏ "မြေယာ အချက်အလက် စနစ်များနှင့် အချက်အလက် ဘဏ်များ တည်ဆောက်ရာတွင် ကျား၊မ ရေးရာ ကိစ္စရပ်များ၊ ဂါနာ၊ ဇမ်ဘီယာနှင့် ယူဂန်ဒါ တို့မှ အတွေ့အကြုံများ" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေလ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ

## အခွန်ကောက်ခံခြင်း[၁၂]

အခွန်အကောက်မူဝါဒသည် ဆင်းရဲနွမ်းပါးမှု၊ ဝင်ငွေခွဲဝေရရှိမှုနှင့် ကျား-မ သာတူညီမျှမှုတို့အပေါ် သက်ရောက်မှုရှိပါသည်။ အမျိုးသား သို့မဟုတ် အမျိုးသမီးများ၊ အထူးသဖြင့် အမျိုးသမီးဦးစီး သည့် အိမ်ထောင်များကဲ့သို့သော ထိခိုက်ခံစားလွယ်သည့် အုပ်စုများအား ဆန့်ကျင်ခွဲခြားဆက်ဆံမှု ကို ပိုမိုမဆိုးရွားစေရန် အခွန်အကောက် မူဝါဒများအား ဂရုပြုချမှတ်သင့်ပါသည် ။ (ပူးတွဲ) ပိုင်ဆိုင် မှုများအတွက် အခွန်အကောက်ကြီးလေးစွာ ကောက်ခံခြင်းသည် ပြည်သူလူထုအား တရားဝင် မှတ်ပုံတင်ခြင်းကို ရှောင်ရှားရန် တွန်းအားပေးနိုင်၍ လုပ်ပိုင်ခွင့်ပုံစံများ အာမခံချက်နည်းပါးသည့် အခြေအနေဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။ ယေဘုယျ စည်းကမ်းချက်အနေနှင့် နှစ်စဉ် မြေယာအခွန်အကောက်များသည် မြေယာပစ္စည်းတန်ဖိုး၏ တစ်ရာခိုင်နှုန်းကို မကျော်စေရ၊ မြေယာ သိမ်းဆည်းသည့် အခွန်အကောက်သည် သုံးရာခိုင်နှုန်း ထက် မပိုရပါ။

- ✓ အခွန်အကောက် ကျင့်ထုံးနှင့် လုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးများနှင့် အမျိုးသားများအား တန်းတူ ဆက်ဆံရန်။
- ✓ မြေယာအခွန်အကောက်များကြောင့် အမျိုးသမီးနှင့် အမျိုးသားများအပေါ် - ၎င်းတို့၏ မြေယာ ပိုင်ဆိုင်မှု အချိုးအစား၊ မြေယာအသုံးချမှုနှင့် အသက်မွေးဝမ်းကျောင်းများနှင့် မြေယာလွှဲပြောင်းမှု လေ့အထများ - မ တူညီစွာ သက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်။
- ✓ အခွန်အကောက်ဆိုင်ရာ မူဝါဒအကြောင်း နိုင်ငံရေးအရ ဆွေးနွေးငြင်းခုန်ရာတွင် မတူညီဗသာ

ဆန်းစစ်ရန်အချက် များ စာရင်း-၄.၅ - **ကျား-မ သတူညီမျှ အခွန်ကောက်ခံခြင်းအား ပံ့ပိုးခြင်း**

အရင်းအမြစ်များ - FAO et al, 2007.

↓

↑

အခွန်အကောက် မူဝါဒများ၏ လူမှုရေးသက်ရောက်မှုများအကြောင်း၊ အထူးသဖြင့် ကျား-မ သာတူညီမျှရေးနှင့် စပ်လျဥ်း၍ သက်ရောက်မှုအကြောင်း အပြည့်အဝ နားလည်သဘောပေါက်ကာ ဆွေးနွေးကြရန်။

- ✓ လွယ်ကူစွာစီမံခန့်ခွဲ၍ အကဲဖြတ်နိုင်ပြီး မျှတ၍၊ မှန်ကန်သော အခွန်အကောက် အခြေခံတစ်ရပ်ကို သတ်မှတ်ဖော်ထုတ်ရန်။
- ✓ အခွန်အကောက်များသည် သင့်တော်သောတန်ဖိုးများပေါ်တွင် အခြေခံတွက်ချက်ရန်။
- ✓ ဆင်းရဲသော အမျိုးသမီးများကဲ့သို့သော ထိခိုက်ခံစားလွယ်သည့်အုပ်စုများအတွက် အခွန်အခ ကင်းလွတ်ခွင့်နှင့် ဖြေလျှော့ခွင့်တို့ပေးရန် စဉ်းစားရန်။
- ✓ အခွန်အကောက်များသည် အခွန်ဆောင်သူများ အတွက် မည်မျှလက်လှမ်းမီနိုင်သည်ကို အကဲဖြတ်ရန်။ ၎င်းတို့အား အခွန်တိုးမြှင့် ကောက်ခံလျှင် လိုအပ်ရသည့်အကြောင်းရင်းနှင့် မည်သို့အသုံးပြုမည်ကို ရှင်းပြထားရန် ။ အခွန်ဆောင်သူများသည် အခွန်နှုန်း သတ်မှတ် ရာတွင်လည်းကောင်း၊ အခွန်ဝင်ငွေကို မည်သို့အသုံးပြုရန် ဆုံးဖြတ်ရာတွင်လည်းကောင်း ပါဝင်ကောင်းပါဝင်စေ သင့်သည်။
- ✓ အခွန်အကောက်များကို ကောက်ခံရာ၌ အမျိုးသမီးဖြစ်စေ၊ အမျိုးသားများဖြစ်စေ စာမတတ်မြောက်မှု နှင့် သတင်းအချက်အလက်များ၊ သယ်ယူပို့ဆောင်ရေး မရရှိမှု စသည့်ပြဿနာများအပါ်မူတည်၍ - ခွဲခြားသည့်ပုံစံဖြင့် မပြုလုပ်ရန် - အခွန်ကောက်ခံခြင်းကို ရပ်ရွာအစည်းအဝေးများ၊ ဈေးများ သို့မဟုတ် သင်တန်းများနှင့် ပေါင်း၍ ပြုလုပ်နိုင်ပါသည်။
- ✓ အခွန်ဝင်ငွေများအား အသုံးပြုရာတွင် စည်ပင်သာယာအဆင့်၌ အားလုံးအတွက်ပါဝင်သည့်ဘတ်ဂျက်စီမံကိန်းဆွဲခြင်းဖြင့် ကျား-မ နှစ်ရပ်လုံး၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ကာ ကျား/မ နှစ်ရပ်လုံးအတွက် အကျိုးရှိမည့်နည်းလမ်းဖြင့် အသုံးပြုရန်။
- ✓ အမွေဆက်ခံရခြင်း သို့မဟုတ် လက်ဆောင်ရရှိခြင်း များအပါအဝင် အိမ်/ ခြံ/ မြေနှင့် ပိုင်ဆိုင်မှုများ လွှဲပြောင်း ၊ ရောင်းဝယ်ခြင်း စသည့် အခြေအနေအမျိုးမျိုး၌ အခွန်အကောက်ပုံစံများဖြည့်ခြင်းနှင့် ပေးရမည့်ပမာဏများ အကြောင်း သင်တန်းများပေးရန်။
- ✓ ဆန်းစစ်အကဲဖြတ်မှုများကို အများပြည်သူအား ချပြခြင်းဖြင့် ပွင့်လင်းမြင်သာမှု ရှိစေရန်။
- ✓ အမျိုးသမီးများနှင့် အမျိုးသားများ၏ အခွန်များကို အကဲဖြတ်ရာ၌ ပြန်လည်သုံးသပ်နိုင်ရန် အယူခံခွင့်ရှိသည့် လုပ်ငန်းစဉ် အသုံးပြုရန်။

## မြေအသုံးချမှု အစီအစဥ်ဆွဲခြင်း[၃၃]

မြေအသုံးချမှုစီမံကိန်းများသည် ပြည်သူများ လုပ်ပိုင်ခွင့်ရှိသည့်မြေများကို အသုံးပြုနိုင်သည့် နည်းလမ်းများအပေါ် သက်ရောက်မှုရှိပါသည်။ နိုင်ငံအများအပြားတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် မြေယာကို မတူညီသောနည်းလမ်းများဖြင့် အသုံးပြုနေကြသည် - မြေယာလုပ်ပိုင်ခွင့်ကို သာတူညီမျှအုပ်ချုပ်ရန် ကျား-မ မတူညီမှုများကို ထည့်သွင်းစဥ်းစားသည့် မြေအသုံးချ အစီအစဥ် ရှိရန် လိုအပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇယားကွက်-၄.၄ တွင် ဖော်ပြထားသည့်အတိုင်း ဖိလစ်ပိုင်နိုင်ငံမှ ရပ်ရွာမြေပုံရေးဆွဲခြင်းနမူနာကဲ့သို့ပင် အောက်အခြေအဆင့်ရှိ အားလုံးပါဝင်ခွင့်ရှိသော မြေအသုံးချမှုအစီအစဥ်မှာ နည်းလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ဇယားကွက်- ၄.၈ တွင် အီသီယိုးပီးယားနှင့် မာလီနိုင်ငံတို့မှ အခြားသော နည်းစနစ်ကောင်းများကို ဖော်ပြထားသည်။

ဇယားကွက်-၄.၈ -

**ကျား-မ ညီမျှစွာ ပါဝင်၍ မြေအသုံးချမှု အစီအစဉ်ဆွဲခြင်း**

အရင်းအမြစ် - Wehrman, 2011: 156-157

အီသီယိုးပီးယား နိုင်ငံတွင် German Agency for International Cooperation (GIZ)၏ မြေအသုံးချမှု အစီအစဉ်ဆွဲခြင်းဆိုင်ရာစီမံကိန်း နှင့် အိုရိုမီးယားဒေသ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးတို့ကို ပေါင်းစည်းကာ ၎င်း၏ဒီဇိုင်းတွင် ကျား-မ ရေးရာကို ပင်မအစီအစဉ် တစ်ရပ်အနေနှင့် ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ဝန်ထမ်းသစ် ခန့်အပ်သည့် လုပ်ငန်းစဉ်တွင် အမျိုးသမီး နှင့် အမျိုးသားဝန်ထမ်းများအား ကျား-မ မျှတစွာ ရွေးချယ်ပြီး - ထိုသို့ ရွေးချယ်ရန် မဖြစ်နိုင်ပါက ထိုအစား အမျိုးသမီးအကြံပေးများနှင့် အလုပ်သင်များကိုငှားရမ်းပါသည်။ စီမံကိန်း ဝန်ထမ်းနှင့် အဆင့်တူ တွဲဖက်ဆောင်ရွက်သည့် ဝန်ထမ်းများအား လုပ်ငန်းများအားလုံး၌ ကျား-မ ရေးရာကိစ္စရပ် ထည့်သွင်းလုပ်ဆောင်ရန် သင်တန်းပေးထားပါသည်။ အားလုံးပါဝင်ခွင့်ရှိသော မြေအသုံးချမှုစီမံကိန်းဆွဲခြင်းနှင့် အားလုံး ပါဝင်သည့် ကျေးလက် အကဲဖြတ်ဆောင်ရွက်ချက်များတွင် ဦးတည်သည့်လူထုများအတွင်းမှ အမျိုးသမီးများနှင့် အမျိုးသားများပါဝင်ကာ ၎င်းစီမံကိန်း ကာလနှင့် တည်နေရာတို့ကို အမျိုးသမီးဖြစ်စေ၊ အမျိုးသားများဖြစ်စေ အကျိုးမဲ့စေမည့် ကိစ္စရပ်များကို ရှောင်ရှားနိုင်ရန်စီမံထားပါသည်။ အရင်းအမြစ်များအား ရပိုင်ခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့်၊ အိမ်ထောင်စုဝင်အားလုံး၏ ဆောင်ရွက်ချက်များနှင့် အလုပ်ဝန်ပမာဏနှင့် အဆင့်ဆင့်၌ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများပါဝင်နိုင်ခြင်း စသည့်အချက်အလက်များကောက်ခံရန် ကျား-မ လေ့လာဆန်းစစ်သည့်ကိရိယာများကို အသုံးပြုခဲ့ကြသည်။ စီမံကိန်းစစ်တမ်းများတွင် အချက်အလက်များကို ကျား-မ သီးခြားစီခွဲခြား ထည့်သွင်းရန် တည်ဆောက်ထားပြီး ယင်းကို စီမံကိန်းခရိုင်များနှင့် ရပ်ရွာများတွင် လက်ရှိ မြေအသုံးပြုမှုများကို လေ့လာဆန်းစစ်ရာတွင် အသုံးပြုခဲ့ပါသည်။

ယခုအခါ အမျိုးသမီးများသည် အိုရိုမီယာရှိ အားလုံးပါဝင်ခွင့်ရှိသော မြေအသုံးချမှုအစီအစဉ်ဆွဲခြင်းများတွင် ပြည့်ဝစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူအရေးနှင့် မိသားစုကိစ္စများကို ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နေကြပြီဖြစ်ပါသည်။ ထိုစီမံကိန်းမှ ကမကထပြုသည့် စီးပွားရေးလုပ်ငန်းများကို ရိုးရာအမျိုးသမီးအုပ်စုများအားဖြင့် ဆောင်ရွက်ခဲ့ပြီး ပါဝင်သည့်အမျိုးသမီးအရေအတွက်က မြင့်မားလာသည်။



အမျိုးသားများရေးဆွဲသော မြေပုံ




အမျိုးသမီးများရေးဆွဲသော မြေပုံ

မာလီတွင် အမျိုးသမီးနှင့် အမျိုးသားများ ပါဝင်ရေးဆွဲသည့် သီးခြားဆောင်ရွက်ချက်များကိုပြသသည့်မြေပုံများက မြေနှင့် အခြားသော သဘာဝအရင်းအမြစ်များအား စီမံရေးနှင့်အုပ်ချုပ်ရေးများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့်ရပါက အရေးပါသော အချက်အလက်များပေးနိုင်ကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီးများ ရေးဆွဲဖော်ပြသည့် မြေပုံများတွင် ၎င်းတို့၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ စပါးခင်းများနှင့် ရေရရှိရေးကိစ္စရပ်များနှင့် စပ်ဆိုင်သည့် မြေအသုံးချပြဿနာများကို အဓိကထား ဖော်ပြထားပါသည်။ ၎င်းမြေပုံသည် အမျိုးသားများ လုပ်ကိုင်အသုံးပြုသည့်မြေဧရိယာ များစွာများစွာ သေးငယ်သော်လည်း အမျိုးသမီးများ အဓိက အသုံးပြုသည့် ရွာ၏ ထိုနေရာအစိတ်အပိုင်း အကြောင်းကို ပို၍ အသေးစိတ်ဖော်ပြပေးနိုင်ပါသည်။ အမျိုးသားများရေးဆွဲသော မြေပုံတွင် ၎င်းတို့၏ အလုပ်နှင့် ပိုမိုသက်ဆိုင်သည့် ပိုမိုဝေးလံသည့် နယ်မြေများအား အဓိက ဖော်ပြထားပါသည်။ သို့ဖြစ်ရာ ထို လုပ်ငန်းမြေပုံနှစ်ရပ်လုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဖြည့်ဆည်းပေးပြီး ဒေသ၏ အရင်းအမြစ် အသုံးပြုမှု အခြေအနေ၏တစ်ရပ်လုံးကို သိရှိနိုင်ရန် တန်းတူ အချက်အလက် ဖြည့်ဆည်းပေးလျက် ရှိပါသည်။

ဆန်းစစ်ရန် အချက်များစာရင်း - ၄.၆ - **ကျား-မ သာတူညီမျှ မြေအသုံးချမှုအစီအစဉ် ဆွဲခြင်းအား ပံ့ပိုးပေးခြင်း**

- ✓ အမျိုးသမီးများသည် အမျိုးသားများ မမြင်ကြသည့် လိုလားချက်များနှင့် လိုအပ်ချက်များကို တွေ့မြင်ကြသခြင့် မြေအသုံးချမှု အစီအစဉ် ရေးဆွဲခြင်း (လက်ရှိ အစီအစဉ်အား ပြင်ဆင်/ဖြည့်စွက်ခြင်းအပါအဝင်) အတွက် လိုအပ်ချက် နှင့်/သို့ လိုလားချက်များကို ရှင်းလင်း ဖော်ထုတ်ရာတွင် အမျိုးသမီးများအား ပါဝင်စေရန်။
- ✓ မြေပြင်အခြေအနေ - အထူးသဖြင့် အမျိုးသမီးများ၏ - မှတ်ပုံတင်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ - တည်ဆဲမြေယာ အခွင့်အရေးများ၊ မြေမှ အကျိုးအမြတ်များ၊ မြေကို နည်းအမျိုးမျိုးဖြင့် အသုံးပြုပုံ - စသည်တို့ကို လေ့လာဆန်းစစ်ရန်
- ✓ မြေအသုံးချမှု အစီအစဉ်ရေးဆွဲသည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရာတွင် သက်ဆိုင်သူများအား ပါဝင်စေရာ၌ အမျိုးသမီးပညာရှင်များ၊ အမျိုးသမီးအသင်းအဖွဲ့များမှ အသင်းဝင်များ နှင့် လူမှုရေးအုပ်စုအသီးသီးကို ကိုယ်စားပြုသည့် အမျိုးသမီးများ ပါဝင်စေရန်။
- ✓ အကျိုးသက်ဆိုင်သူများအား သတင်းအချက်အလက် ပညာပေးခြင်း သို့မဟုတ် အမြင်ဖွင့်ပေးခြင်းများ ဆောင်ရွက်ရာတွင် ထိုအမျိုးသမီးများနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ရန်။
- ✓ သက်ဆိုင်သူများ (မြေအသုံးပြုသူများ) နှင့်ဆွေးနွေးကြသည့်အခါ အမျိုးသမီးများအား အလေးထား ဆက်သွယ်ရန်။
- ✓ အချက်အလက်ကောက်ခံသည့် မေးမြန်းမှုများ၊ အုပ်စုလိုက်ဆွေးနွေးခြင်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် အမျိုးသမီးများအား တန်းတူ ကိုယ်စားပြုမှုရှိရေး ဂရုပြုရန်။ အစည်းအဝေးများကျင်းပရာ အချိန်နှင့် နေရာများ ရွေးချယ်သတ်မှတ်ရာတွင် အမျိုးသမီးများ တက်ရောက်နိုင်သည့် အစီအစဉ်နှင့် ကိုက်ညီအောင် ဆောင်ရွက်ရပါမည်။
- ✓ အမျိုးသမီးများအတွက် အရေးကြီးသည့်ကိစ္စရပ်များ ဖြေရှင်းနိုင်ရန် အမျိုးသမီးနှင့် အမျိုးသားများကို သီးခြားစီ ဆက်သွယ်ရန်။
- ✓ အမျိုးသမီးများသည် အမျိုးသားများ မသိနိုင်သော သို့မဟုတ် အလေးမထားသော အရေးကြီးသည့်သတင်းအချက်အလက်များကို သိထားလေ့ရှိရာ - အခြေအနေများ၊ လိုအပ်ချက်များ ၊ အလားအလာများအား ဆန်းစစ်ခြင်းနှင့် အချက်အလက်များ ကောက်ယူရာတွင် အမျိုးသမီးများအား ထည့်သွင်းရန်။
- ✓ မြေအသုံးချမှု အစီအစဉ်ရေးဆွဲရာတွင် တွင် ကျား-မ ရေးရာကိစ္စရပ်များကို အသိပေးနှိုးဆော်ရန်။
- ✓ ကျား-မ မညီမျှမှုများ ပပျောက်ရေးအတွက် လက်တွေ့ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်များကို သတ်မှတ်ရန် ။
- ✓ (ပညာရှင်များပါဝင် ဆောင်ရွက်လေ့ရှိသော) မြေအသုံးချမှုအစီအစဉ် ချမှတ်သည့်အခါ အမျိုးသမီးများ၏ အကြံဉာဏ်သည်လည်း အမျိုးသားများ၏ အကြံအစည်နှင့် တန်းတူအရေးကြီးသည်ဟု အသိအမှတ်ပြုရန်။
- ✓ အမျိုးသမီးနှင့် အမျိုးသားထုနှစ်ရပ်လုံးအပေါ် သက်ရောက်စေမည့် အလားအလာရှိသော အချက်အလက်များကို ကျား-မ မတူညီမှုများအား နားလည်သဘောပေါက်သည့် ပညာရှင်များနှင့် ဆွေးနွေးရန်။
- ✓ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများကို ပါဝင်စေရန်။
- ✓ မြေအသုံးချမှု အစီအစဉ်သည် အမျိုးသားများနည်းတူ အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များလည်း ထည့်သွင်းစဉ်းစားစေရေး အတွက် ဂရုပြုရန်။
- ✓ ပထမဆုံး အကောင်အထည်ဖော်သည့် ဦးစားပေးဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် အမျိုးသားများကို တန်းတူအကျိုးပြုစေရန်။
- ✓ မြေအသုံးချမှု အစီအစဉ် အကောင်အထည်ဖော်ခြင်းအား စောင့်ကြည့်ရာတွင် ကျား-မ သီးခြားခွဲ၍ ရယူသော အချက်အလက်များအား အခြေခံစေရန်။

## မြေယာပေါင်းစည်းခြင်းနှင့် ပြန်လည်ချိန်ညှိခြင်း[၁၄]

အိမ်ရာဖြစ်စေ၊ စိုက်ပျိုးမြေဖြစ်စေ၊ နယ်နိမိတ်အသစ်အတွင်း အသုံးပြုခွင့် ပြန်လည်ချထားခြင်း ဖြစ်စေ မြေကွက်များအား ပေါင်းစည်းခြင်းသည် အမျိုးသမီးများနှင့် အမျိုးသားများ၏ လက်ရှိမြေ ပိုင်ဆိုင်မှုနှင့် အသုံးပြုခွင့်တို့အပေါ် ကြီးစွာသော သက်ရောက်မှု ရှိပါသည်။ ထို့ကြောင့် ထိခိုက်နစ်နာသည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ လက်ရှိအခွင့်အရေးများနှင့် မြေအသုံးချမှု လိုအပ်ချက်များကို စဉ်းစားရန် အရေးကြီးပါသည်။ မြေယာပေါင်းစည်းခြင်း မဟာဗျူဟာများနှင့်စီမံကိန်းများအား ပုံစံရေးဆွဲချမှတ်ရာတွင် အားလုံးပါဝင်ခွင့်ပြုသည့်နည်းလမ်းများသည် အထူးသဖြင့် အကူအညီဖြစ်စေပါသည်။

- ✓ မြေကွက်များ၏ လက်ရှိနယ်နိမိတ်များနှင့် တရားဝင်မှုအခြေအနေများကို အမျိုးသမီးများ၏ အခွင့်အရေးများ ( မှတ်ပုံတင်ပြီးဖြစ်စေ။ မတင်ရသေးခြင်းဖြစ်စေ) အပေါ်မူတည်၍ လေ့လာဆန်းစစ်ရန်။
- ✓ အမျိုးသားများနှင့် သက်ကြီးသူများနှင့်မရောနှောဘဲ အမျိုးသမီးများနှင့် လူငယ်များအား သီးခြားစီဆွေးနွေး၍ ရပ်ရွာအတွက် လိုအပ်ချက်နှင့် လိုလားချက်များကို သတ်မှတ်ပေးရန်။
- ✓ မြေယာပေါင်းစည်းခြင်းနှင့်ဆက်စပ်သည့် နိုင်ငံတော်မူဝါဒများသည် အမျိုးသမီးများနှင့် အမျိုးသားထုနှစ်ရပ်လုံး၏ အခွင့်အရေးများကို အာမခံချက်ပေးနိုင်စေရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အမွေဆက်ခံခွင့်များကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ရန်။
- ✓ မြေယာပေါင်းစည်းခြင်းကိစ္စရပ်များ ဆောင်ရွက်နေကြသည့် အရာရှိများ၊ ဝန်ထမ်းများအတွက် ကျား-မ ရေးရာ အမြင်ဖွင့် သင်တန်းများကို စီစဉ်ပေးရန်။
- ✓ မြေယာပေါင်းစည်းခြင်း စီမံကိန်း၏ ရည်ရွယ်ချက်၊ နေရာဒေသ၊ အတိုင်းအတာနှင့် ပေါင်းစည်းမည့်အစီအစဉ်တို့ကိုဖော်ပြလျက် အစီအစဉ်စိတ်ကူး မူကြမ်းတစ်စောင်ကို သက်ဆိုင်သည့်ရပ်ရွာမှ အမျိုးသမီးနှင့် အမျိုးသားများအား မျှဝေရန် --ပါဝင်သောသူ အားလုံးဤအချက်အလက်ကို ရရှိအောင် သေခြာဆောင်ရွက်ရန် (သတင်းစာ၊ ရေဒီယို၊ အင်တာနက်များပေါ်မှ) ။
- ✓ ရပ်ရွာထဲမှ ဆင်းရဲနွမ်းပါးမှု၊ မြေအသုံးချမှုနှင့် အုပ်ချုပ်ရေးနှင့် အခြားသော လူမှု-စီးပွား အညွှန်းကိန်းများ ( စာတတ်မြောက်မှု၊ ပညာရည် အဆင့်အတန်း၊ ဝင်ငွေရရှိသည့်လမ်းကြောင်း စသည်..) တို့ကို ကျား-မ သီးခြားခွဲ၍ ကောက်ယူရန်။
- ✓ မြေယာပေါင်းစည်းခြင်းဆိုင်ရာ ဘုတ်အဖွဲ့တွင် ရပ်ရွာမှ အမျိုးသမီးများကို ထည့်သွင်းရန်။ အမျိုးသမီးများ အစည်းအဝေး တက်ရောက်နိုင်အောင် ဖြည့်ဆည်းပေးရန်- အမျိုးသမီးသီးသန့်အစည်းအဝေးကို စီစဉ်ပေးရန်။
- ✓ မြေကွက်များအား တန်ဖိုးဖြတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်။
- ✓ အစီအမံရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့၌ ထိခိုက်နစ်နာသောမြေကွက်ပိုင်ရှင် အမျိုးသမီးနှင့် အမျိုးသားများကို မည်သူများကတရားဝင်ပိုင်သည်ကို အလေးမထားဘဲ သက်ဆိုင်သူအားလုံး ထည့်သွင်းရန်။
- ✓ မြေကွက်ပုံစံအသစ်၊ လမ်းသစ်နှင့် အခြားသော ပြည်သူပိုင်ပစ္စည်းများ၏ တည်နေရာများ၊ ဖယ်ရှားပေးရမည့် လမ်းများနှင့် အဆောက်အဦးများကိုပါ သတ်မှတ်ဖော်ပြ၍ မြေယာပေါင်းစည်းရေးအစီအမံအသေးစိတ်ကို အမျိုးသမီးနှင့် အမျိုးသားများအား ဝေမျှ အသိပေးရန်။
- ✓ ရပ်ရွာမှ သဘောထားမှတ်ချက်များကို ထည့်သွင်း အကောင်အထည်ဖော်ရန် - အမျိုးသမီး၊ အမျိုးသားအားလုံး တို့ကို နယ်နိမိတ်၊ ပိုင်ဆိုင်မှု၊ တန်ဖိုး စသည် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ကန့်ကွက်ခွင့်ပြုရန်။
- ✓ မြေယာပေါင်းစည်းမည့် အစီအစဉ်အား ဆောင်ရွက်နိုင်မည့် နည်းလမ်းအမျိုးမျိုးအား သက်ဆိုင်သူအားလုံး ပါဝင်ခွင့်ပြု၍ ပြန်လည်သုံးသပ်မှု ပြုလုပ်ရန်။

ဆန်းစစ်ရန်
အချက်များစာရင်း-၄.၇ -
**ကျား-မ သာတူညီမျှ မြေယာပေါင်းစည်းခြင်း အား ပံ့ပိုးကူညီခြင်း**

↓

- ✓ ခွင့်ပြုချက်များ၊ မြေပြင်တွင် နယ်နိမိတ်အသစ်တိုင်းတာရေး၊ ကွက်စိတ်မြေပုံအတွက် နောက်ဆုံးအခြေအနေပြင်ဆင်၊ ဖြည့်စွက်ချက် နှင့် မြေလုပ်ပိုင်ခွင့်လက်မှတ်သစ်များ ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း စသည်တို့ကို ရပ်ရွာလူထုအား အသိပေးရန်။
- ✓ အိမ်ထောင်ဖက်နှစ်ဦးလုံးနှင့် မြေပိုင်ရှင်များအားပေးရန် ငွေအပါအဝင် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော၊ အမျိုးသမီးများအား ခွဲခြားမှုမရှိသည့် လျော်ကြေးပေးမည့်အစီအစဉ်တစ်ရပ် ရေးဆွဲရန်။
- ✓ အမျိုးသမီးအခွင့်အရေးအတွက် စည်းရုံးလှုပ်ရှားသော အမျိုးသမီးများအတွက် ဥပဒေအထောက်အပံ့များရရှိရန် အားပေးမြှင့်တင်ရန်။

## မြေယာပြန်လည်ခွဲဝေပေးခြင်းနှင့် ပြန်လည်အစားထိုးပေးခြင်း[၁၅]

အရှေ့ဥရောပတွင် စုပေါင်းလယ်ယာစနစ်ပြိုကွဲခဲ့ပြီးနောက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းလုပ်ငန်းစဉ်တွင် ယခင်ကွန်မြူနစ်ပါတီအစိုးရ လက်ထက်တွင် ပိုင်ဆိုင်ခွင့်များဆုံးရှုံးခဲ့ရသည့် မူလပိုင်ရှင်များထံ မြေယာပြန်လည်ပေးရန် မြေယာအစားထိုးပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည် (Osskó, 2002)။ (ထိုအစိုးရများသည် မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည့် စနစ်ကျင့်သုံးသည့် ဆိုဗီယက် ပြည်ထောင်စု၏ ခေါင်းဆောင်မှုကို အနည်းနှင့်အများ လိုက်နာခဲ့ကြသည်။) မြေအစားထိုးလုပ်ငန်းစဉ်တွင် ကျား-မခွဲခြားမှု၏ သက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် မလေ့လာခဲ့ရသေးသော်လည်း မြေယာဥပဒေသစ်အား အကောင် အထည်ဖော်ရာတွင် အမျိုးသမီးများနှင့် အမျိုးသားများအား မတူညီသောဆက်ဆံမှုရှိကြောင်း ပြသသည့် အညွှန်းကိန်းများ တွေ့ရသည်။ တရားဝင်ပုဂ္ဂလိက ပိုင်ပြုလုပ်ရေး စည်းကမ်းချက်များသည် အမျိုးသမီးများအား ချိုးနှိမ်မှု မရှိသော်လည်း အမျိုးသမီးများ၏ မြေယာအခွင့် အရေးနှင့် စပ်လျဉ်း၍ အမျိုးသားကြီးစိုးသည့် ဒေသန္တရအဆင့် စည်းကမ်းချက်များနှင့် အလေ့အထများ ပြန်လည် ခေါင်းထောင်လာသည့် သက်သေများ ရှိသည် (ဇယားကွက်-၄.၉) ။

ဇယားကွက်-၄.၉ - **အရှေ့ဥရောပတွင် မြေယာပြန်လည် ခွဲဝေပေးရာ၌ အမျိုးသမီးများအပေါ် သက်ရောက်မှုများ**

အရင်းအမြစ် - World Bank, 2005: 8; Giovarelli and Duncan, 1999

**အယ်လ်ဘေးနီးယား** တွင် မြေယာကို တောင်သူမိသားစုများနှင့် ယခင် သမဝါယမ အဖွဲ့များနှင့် နိုင်ငံတော်လယ်ယာများကို လုပ်ကိုင်ကြသူများထံ မိသားစုဝင် အရေအတွက်အလိုက် ပြန်လည် ခွဲဝေပေးခဲ့သည်။ သို့သော် မြေပိုင်ဆိုင်ခွင့်လက်မှတ်နှင့် မှတ်ပုံတင်ခြင်းကို အိမ်ထောင်ဦးစီးတစ်ဦးတည်း၏ အမည်ဖြင့် ထုတ်ပေးခဲ့ကြသည်။

အဇာဘိုင်ဂျန် တွင် ၁၉၉၆ ခုနှစ် မြေယာပြုပြင်ပြောင်းလဲရေးဥပဒေအရ ယခင်က စုပေါင်းပိုင်ဆိုင်ခဲ့ကြသည့် မြေယာများကို ခွဲခြမ်း၍ ကျေးလက်နေပြည်သူများထံ ခွဲဝေပေးခဲ့ကြရသည်။ ကမ္ဘာ့ဘဏ်၏ လယ်ယာမြေ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးစီမံကိန်းအရ အသက် နည်းဆုံး ၁၆ နှစ် သို့မဟုတ် ၁၈ နှစ်ပြည့်သည့် အိမ်သားများသည် မြေယာဝေစုရရှိကြသည်။ မြေယာမှတ်ပုံတင်ရာတွင် အိမ်ထောင်ဦးစီးများ၏ အမည်များသာ ထည့်သွင်းလေ့ရှိသော်လည်း မြေအသုံးပြုခွင့်လက်မှတ်များပေါ်တွင် ၎င်းတို့၏အမည်များကို တန်းစီရေးသွင်းပေးသည်။ ယင်းသို့ ပြန်လည်ခွဲဝေချထားပေးသည့် မြေများကို စုပေါင်းဘုံပိုင်ဆိုင်ကြသည်။ အဇာဘိုင်ဂျန်တွင် ယခုကဲ့သို့ ခွဲဝေပေးခြင်းကို အားမပေးသည့် အလွန်အိုမင်းနေသည့် ဓလေ့ဟောင်းကို ဆက်လက်ထိန်းသိမ်းထားပြီး ၁၉၉၆ ခုနှစ် ဥပဒေတွင် အမျိုးသမီးများ လယ်ယာမြေပိုင်ဆိုင်ခွင့်ပြုထားသည့်တိုင်အောင် နိုင်ငံ၏ ဓလေ့ထုံးတမ်း လက်ထပ်ထိမ်းမြားပစ္စည်းခန်းနှင့် အမွေဆက်ခံခွင့် ဥပဒေအရ အမျိုးသမီးများ မြေယာမရရှိကြပါ။ အကျိုးဆက်အားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် ပိုသေးငယ်သော မြေကွက်များသာ ရရှိကြသည်။

လူသားချင်းစာနာမှု၊ ပဋိပက္ခနှင့် သဘာဝဘေးဒဏ်များအပြီး မြေပြန်လည်အစားထိုးပေးခြင်းများ၌ ကျား-မ သာတူညီမျှမှုသည် အထူးအရေးကြီးသည် (UNHCS, 1999)။ အမျိုးသမီးများသည် ပဋိပက္ခနှင့် သဘာဝဘေးဒဏ်များအပြီးတွင် မြေရရှိရန် အတားအဆီးများ ကြီးမားစွာကြုံတွေ့ရလေ့ရှိသည်။ ယေဘုယျအားဖြင့် မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးတွင် ဆိုးဆိုးဝါးဝါး စိန်ခေါ်မှုများကြုံတွေ့ရသည့်အခါ ကျား-မ သာတူညီမျှမှုအား ချက်ချင်းဦးစားပေးရမည့်လုပ်ငန်းတစ်ရပ်အဖြစ် မရှုမြင်ခြင်းမျိုးလည်း ရှိနိုင်သည်။ သို့သော် ကိုလံဘီယာ နိုင်ငံတွင် ဒုက္ခသည်များနှင့် မြေယာပြန်လည်အစားထိုးပေးခြင်းဆိုင်ရာ ဥပဒေ ၂၀၁၁ တွင် ကာလကြာရှည်သောပြည်တွင်းစစ်၏ သားကောင်များ ခံစားခဲ့ရသည့် ဆုံးရှုံးမှုများကို ပြန်လည်ဖြေရှင်းပေးရန် ရည်ရွယ်ထားသည်။ ထိုဥပဒေသစ်တွင် ကျား-မ ရေးရာ ထည့်သွင်းစဥ်းစားသည့် နည်းလမ်းကို ကျင့်သုံးခဲ့ပြီး အသက်၊ လိင်စိတ်စွဲလမ်းမှု နှင့် မသန်စွမ်းမှုတို့ကို အခြေခံသည့် အထူးလက္ခဏာများ ကိုလည်း ထည့်သွင်းစဥ်းစားသည်။ ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းစဉ်ပါ အမျိုးသမီးများအတွက် လုပ်ထုံးလုပ်နည်းများတွင် မြေယာအစားထိုးသည့်လုပ်ငန်းစဉ်နှင့် ပြန်လည်အစားရသည့်မြေအတွက် တရားဝင် မှတ်ပုံတင်ပေးရာတွင် အမျိုးသမီးများကို ဦးစားပေးထားသည်။ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်စဉ်တွင် အိမ်ထောင်ဖက် သို့မဟုတ် လက်တွဲဖော်သည် အတူပေါင်းဖက်နေခြင်း မရှိတော့လျှင်ပင် မြေယာစာချုပ်များကို အိမ်ထောင်ဖက်များ သို့မဟုတ် အမြဲတမ်းအတူနေကြင်ဖက်များနှင့် ပူးတွဲထုတ်ပေး၍ မှတ်ပုံတင်ပေးသည် (Meertens, 2012) ။

သဘာဝဘေးလျှော့ချရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များတွင် ကျား-မ ရေးရာကိစ္စကို ပင်မလုပ်ငန်းတစ်ရပ်အနေနှင့် ဆောင်ရွက်ခြင်းသည်လည်း အမျိုးသမီးများနှင့် အမျိုးသားများ သဘာဝဘေးများ၏ သက်ရောက်မှုကို ကြိုတင်မျှော်တွေးပြင်ဆင်ကာ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်း အလားအလာကို မြှင့်တင်ပေးနိုင်ပါသည် (World Bank/FAO/IFAD, 2009b: 451).

ပင်ဟဲရိုးမူများသည် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွါနေရသူများအတွက် အိမ်ရာနှင့် ပစ္စည်း ပြန်လည်အစားထိုးပေးရေး ကိစ္စရပ်တွင် လိုက်နာရန် လမ်းညွှန်ချက်များပေးထားပြီး ၎င်းတို့သည် ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် ကျား-မ အခြေပြုရေးဆိုင်ရာ ပင်မတန်ဖိုးများကို လက်ကိုင်ထားသဖြင့် ယင်းလမ်းညွှန်ချက်သည် ကျား-မ သာတူညီမျှမှုရှိသော မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးနှင့် ကိုက်ညီပါသည်။ အထူးသဖြင့် မူအမှတ် ၁၄ သည် ပြန်လည်အစားထိုးပေးရေး ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုနှင့် ပါဝင်ခြင်းအပါအဝင် ဆုံးဖြတ်ချက်ချရာ၌ လုံလောက်သော သဘောထားခံယူမှုနှင့် ပါဝင်မှုတို့ လုံလောက်စွာပြုလုပ်ရန်နှင့် အမျိုးသမီးများ ထိရောက်စွာပါဝင်နိုင်ရန် လိုအပ်သောနည်းလမ်းများနှင့် သတင်းအချက်အလက်များ ရရှိစေရန် တိုက်တွန်းထားသည် (FAO et al., 2007) ။ မူများသည် သဘာဝဘေးအလွန် အခြေအနေအားလုံး၌ မြေယာပြန်လည်အစားထိုးပေးရေး ဆောင်ရွက်ချက်များနှင့် ကိုက်ညီသည်။

ဆန်းစစ်ရန်အချက်များစာရင်း-၄.၈ -
**ကျား-မ သာတူညီမျှ မြေယာပြန်လည် အစားထိုးခြင်းအား ပံ့ပိုးကူညီခြင်း**

- ✓ သက်သေအထောက်အထား ရှင်းလင်းစွာမရှိသောမြေအခွင့်အရေးကို ထည့်သွင်းစဉ်းစားလျက် တည်ဆဲအခွင့်အရေးများကို စစ်ဆေးရန်။
- ✓ မြေယာ၊ အိမ်ရာနှင့် ပစ္စည်း ပြန်လည်အစားထိုးပေးခြင်းဆိုင်ရာ နိုင်ငံတော်မူဝါဒများသည် အမျိုးသမီးနှင့် အမျိုးသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အမွေဆက်ခံခွင့်အတွက် အထောက်အပံ့ ဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန်။
- ✓ မည်သည့်ပစ္စည်းပိုင်ဆိုင်ခွင့်ကို မည်သည့်တောင်းခံသူထံ ပြန်လည်ပေးမည်၊ ပစ္စည်းပြန်လည်ပေးအပ်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းကဲ့သို့သော မည်သည့်ပြန်လည်အစားထိုးပေးသည့်ပုံစံ ဖြင့် ပြန်လည်အစားထိုးပေမည်၊ စသည့် ပြည်လည်အစားထိုးပေးခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကို ဆုံးဖြတ်ချမှတ်ရန်။
- ✓ ပြန်လည်အစားထိုးပေးရေးကိစ္စဆောင်ရွက်နေသော အရာရှိ၊ ဝန်ထမ်းများအတွက် ကျား-မ အမြင်ဖွင့် သင်တန်းပေးရန်။
- ✓ ပြန်လည်အစားထိုးပေးရန် တောင်းခံလွှာကို မည်ကဲ့သို့၊ မည်သည့်အချိန်တွင် တင်ရမည် ဆိုသည့်အချက်ကို သတင်းစာ၊ ရေဒီယို၊ အင်တာနက်နှင့် ပြည်သူ့လူထုနှင့် အစည်းအဝေးများ စသည်တို့မှတဆင့် အချိန်မီသတင်း အချက်အလက်များ ပေးရန်။
- ✓ အမျိုးသမီးများနှင့် မိန်းကလေးများက ပြန်လည်အစားထိုးပေးရန်တောင်းခံသည့်အခါ ကူညီမည့် အစီအစဉ်ကို ပုံစံဆွဲရန်။ ဥပမာ -ရိုးရှင်းလွယ်ကူသော လျှောက်လွှာများပေးကာ ၎င်းတို့ဖြည့်သည့်အခါ ကျား-မ မတူညီမှုများအား ထည့်သွင်းစဉ်းစားလျက် အကူအညီပေးရန်။
- ✓ အိမ်ထောင်မရှိသည့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသို့ အထူးအရင်းအမြစ်များပံ့ပိုးပေးရန်။ ဤသို့ဖြင့် ၎င်းတို့သည် အရေးပေါ်အခြေအနေ၌ ၎င်းတို့၏အခွင့်အရေးများကို ရယူနိုင်မည်ဖြစ်ပါသည်။
- ✓ အတည်ပြုထားသည့် မည်သည့်အိမ်ရာ၊ မြေယာ သို့မဟုတ် ပစ္စည်းပိုင်ဆိုင်ခွင့်ကိုမဆို ပူးတွဲလွှဲပြောင်းပေးခွင့် အပါအဝင် အစီအစဉ်နှင့် လုပ်ငန်းစဉ်တစ်လျှောက် ကျား-မ နှစ်ဖက်လိုအပ်ချက်များ ထည့်သွင်းစဉ်းစားခြင်းကို ပင်မလုပ်ငန်းစဥ်တစ်ရပ်အဖြစ် ထည့်သွင်းခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းစဉ်မှ တန်းတူဆက်ဆံခြင်းခံရမည် ဖြစ်သည်။
- ✓ အမျိုးသမီးများ၏ အိမ်ရာနှင့် ပစ္စည်းပြန်လည်အစားထိုးပေးသည့် အခွင့်အရေးများကို စောင့်ကြည့်ရန်။ - အမျိုးသမီး ဒုက္ခသည်များသည် ၎င်းတို့၏အခွင့်အရေးများကို မိမိတို့၏ဆန္ဒအလျောက် ကျင့်သုံးနိုင်ပြီး ၎င်းတို့ကို မိမိတို့၏နေရပ်သို့ ပြန်ရန် အတင်းအကျပ်စေလွှတ်ခြင်း သို့မဟုတ် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်ခွင့်မရရန် တားဆီးခြင်းတို့ မရှိစေရန် ဂရုပြု ဆောင်ရွက် ရမည်။ ပြန်လည်ပြင်ဆင်ခြင်းကို မဆုတ်မနစ်၊ ချက်ခြင်း လုပ်ဆောင်ရန်။ အမျိုးသမီးများနှင့် အမျိုးသားများအတွက် ဒေသန္တရအဆင့်များတွင် ဥပဒေအကူအညီပေးရန်နှင့် ရွေ့လျားဥပဒေအဖွဲ့များ ဖန်တီးပေးနိုင်ရန် လိုအပ်က စဉ်းစားဆောင်ရွက်ရန်။
- ✓ အမျိုးသမီးဦးစီးသည့်၊ နေရပ်စွန့်ခွာ၊ ဆင်းရဲသောအိမ်ထောင်စုများအား ထိခိုက်နိုင်ခြေကို လျှော့ချနိုင်ရန် သီးခြား သဘာဝဘေး လျှော့ချရေး ဆောင်ရွက်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ရန်။

**သတိပြုရန်**

အမျိုးသမီးများနှင့် အမျိုးသားအသီးသီးတို့သည် ပြန်လည်အစားထိုးပေးသည့်လုပ်ငန်းစဉ်တွင် မတူညီသော အကြောင်းအရာအမျိုးမျိုးကို ကြုံတွေ့ကြလိမ့်မည်ဖြစ်ရာ ၎င်းတို့၏အမြင်အသီးသီးကို သုံးသပ်၍ ၎င်းတို့ကို ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ထည့်သွင်းစဉ်းစား၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကြိုးပမ်းသင့်သည်။

## ပြန်လည်ခွဲဝေပေးခြင်း ပြုပြင်ပြောင်းလဲမှုများ[16]

မြေယာပြန်လည်အစားထိုးပေးခြင်းနှင့် ပြန်လည်ချိန်ညှိခြင်းတို့ကို မြေကွက်များ၏ ပုံစံနှင့်ဖွဲ့စည်းပုံတို့ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရခြင်းဖြစ်ပြီး မြေယာပြန်လည်ခွဲဝေချထားခြင်း ပြုပြင်ပြောင်းလဲမှုအစီအစဉ်များမှာမူ ပို၍ကျယ်ပြန့်ကာ အချို့သော မြေပိုင်ရှင်များနှင့် မြေအသုံးပြုသူများ

ထံမှ မြေအခွင့်အရေး၊ ပိုင်ဆိုင်မှုများကို ရုတ်သိမ်း၍ ၎င်းတို့ကို နယ်နိမိတ်အသစ်များတွင် ပြန်လည်အစားထိုးပေးခြင်းများပါဝင်ပြီး ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားတို့တွင် ပြန်လည်ခွဲဝေခြင်း ပြုပြင်ပြောင်းလဲမှုများသည်၊ မြေယာများ ပိုမိုရပိုင်ခွင့်ရှိရေးအတွက် အရေးပါသော မူဝါဒများ ဖြစ်လာပြီး အထူးသဖြင့်အမျိုးသမီးများနှင့် အမျိုးသားများဦးစီးသည့် အိမ်ထောင်များအပါအဝင် လယ်ယာမဲ့များ၊ ဆင်းရဲနွမ်းပါးသူများ၊ လစ်လျူရှုခံထားရသူများအား ဦးတည်ပံ့ပိုးလေ့ရှိပါသည်။

ဇယားကွက်-၅.၃တွင် ပါကစ္စတန်နိုင်ငံ၊ ဆစ်ဒ်အစိုးရ၏ မြေယာခွဲဝေပေးရေးအစီအစဉ်နှင့် ပတ်သက်၍ ဖော်ပြထားသည့်အတိုင်း ပြန်လည်ခွဲဝေရေးလုပ်ငန်း တွင် ကျား-မ သာတူညီမျှမှုရှိစေရန် ဆက်သွယ်ရေးကိစ္စရပ်များသည် အထူးအရေးကြီးပါသည်။

ဆန်းစစ်ရန် အချက်များစာရင်း-၄.၉ - **ကျား-မ သာတူညီမျှ မြေယာ ပြန်လည်ခွဲဝေခြင်း ပြုပြင်ပြောင်းလဲမှုများအား ပံ့ပိုးခြင်း**

- ✓ မြေယာပြန်လည်ခွဲဝေပေးရေး ဦးတည်ချက်များအကြောင်း တစ်နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲများတွင် အမျိုးသမီးများနှင့် အမျိုးသားများအား ပါဝင်စေရန်။
- ✓ အချက်အလက်များရှာဖွေပေးခြင်းနှင့် မြေယာပြန်လည်ခွဲဝေရေးမူဝါဒတစ်ရပ် ပေါ်ပေါက်ရေးအတွက် အကြံပြုချက်များအကြမ်း ရေးဆွဲပေးခြင်းတို့ ဆောင်ရွက်သည့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ကော်မရှင်များတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နိုင်အောင် ကူညီပေးရန်။
- ✓ အကျိုးခံစားရသူများ၊ အထူးသဖြင့် အမျိုးသမီးများဦးစီးသည့် အိမ်ထောင်စုများအား ပူးပေါင်းပံ့ပိုးပေးနိုင်ရန်အတွက် မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေသည့်ဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်လာအောင် တိုက်တွန်း အားပေးရန်။
- ✓ ဆင်းရဲသားများနှင့် ထိခိုက်ခံစားရလွယ်ကူသော အုပ်စုများပါဝင်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့အတွက် အကျိုးခံစားရသူများ ပေးဆောင်ရန် လိုအပ်သည့် ငွေကြေး၊ တန်ဖိုးတူ ပစ္စည်း သို့မဟုတ် ချေးငွေများအား လျှော့ချကန့်သတ်ရန်နှင့် အကျိုးခံစားခွင့်ရှိသူများအား အုပ်စုဖြင့်လျှောက်ထားခွင့်ပြုရန်။
- ✓ မြေယာခွဲဝေခြင်းဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် ကျား-မ သာတူညီမျှမှု တိုးတက်အောင်ဆောင်ရွက်ရန်။
- ✓ လယ်ယာစိုက်ပျိုးခြင်းနှင့် ဝမ်းစာဖူလုံရေး စသည့် - မြေယာ လိုအပ်ချက် အကဲဖြတ်မှုများဆောင်ရွက်ကာ - ထိုမြေများ၏ မြေဆီလွှာအနေအထား၊ ပမာဏနှင့် တည်နေရာတို့ကို အခြေခံ၍ ထိုလိုအပ်ချက်များနှင့်အညီ ချထားပေးရန်။
- ✓ လယ်ယာမဲ့များနှင့် အမျိုးသမီးများကဲ့သို့သော ထိခိုက်ခံစားရ လွယ်သည့်အုပ်စုများ မြေများ ရှာဖွေ၊ အကဲဖြတ်၊ ညှိနှိုင်း၊ ဝယ်ယူနိုင်ရေးနှင့် လယ်ယာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရာတွင် ၎င်းတို့ပါဝင်ခွင့်ရရှိစေရေးအတွက် ကူညီပေးရန်။
- ✓ အကျိုးခံစားခွင့်ရှိသူများကို ရွေးချယ်ရာတွင် ဩဇာအာဏာရှိသူများ၏ လွှမ်းမိုးချုပ်ကိုင်မှု မရှိစေရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်။
- ✓ ပြန်လည်နေရာချထားပေးသော ပြည်သူများအားချပေးသည့် အခွင့်အရေးများကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုရန်။ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများသည် လိုက်နာရမည့်သူများ ကောင်းစွာနားလည်၊ လက်ခံထားရမည်ဖြစ်ကာ နိုင်ငံတော်က တင်းကြပ်စွာ ပြဋ္ဌာန်းကြပ်မတ်ရန်နှင့် ခိုင်မာသည်ဟု ပြည်သူများ မှတ်ယူနိုင်ရန်လိုအပ်ပါသည်။
- ✓ မြေယာပြန်လည်ခွဲဝေချထားပေးသည့် နယ်နိမိတ်များ၊ ရရှိလာသည့် သဘာဝအရင်းအမြစ်များအား အသုံးချမှု တို့ကို အကြောင်းပြု၍ အငြင်းပွားမှုများ၊ ပဋိပက္ခများ မဖြစ်စေရေးနှင့် ဖြစ်လာပါက ဖြေရှင်းပေးနိုင်ရေးတို့အတွက်ယန္တရားများ တည်ဆောက်ရန်။ ပြန်လည်ခွဲဝေချထားပေးသည့် ပြည်သူများပတ်ဝန်းကျင်

↓

အသိုင်းအဝိုင်းနှင့် ချောမောစွာ ပေါင်းစည်းနိုင်ရန်အတွက် ညှိနှိုင်းစေ့စပ်ရေး ယန္တရားများ၊ စိုက်ပျိုးရေးဆိုင်ရာ တရားရုံးများကို တည်ထောင်ရန်။

- ✓ မြေငှားများ သို့မဟုတ် အလုပ်သမားများအဖြစ် အတွေ့အကြုံရှိသူများအား အကျိုးခံစားခွင့်ရှိသူများအဖြစ် ရွေးချယ်ရန်- ထိုအတွေ့အကြုံမရှိသောသူများအား သင့်တော်၍၊ ရေရှည်တည်မြဲသောမြေအသုံးချနည်းနှင့် စိုက်ပျိုးရေးသင်တန်းများပေးခြင်းဖြင့် ပံ့ပိုးပေးရန်။
- ✓ အမျိုးသမီးများနှင့် အမျိုးသားများအတွက် သွင်းအားစုနှင့် ထုတ်ကုန်ဈေးကွက်များ၊ ချေးငွေ နှင့် အကြံပေး ဝန်ဆောင်မှုများ ရရှိနိုင်အောင် ပံ့ပိုးပေးရန်။
- ✓ ရလဒ်အပြောင်းအလဲများ၊ အစီအစဉ် ပြန်လည်ပြင်ဆင်ခြင်းများနှင့် ထိခိုက်စေနိုင်သော ဖြစ်ရပ်များ၊ အကျိုးသက်ရောက်မှုများ လျှော့ချရေး အတွက် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်နိုင်ရေးတို့အတွက် ကောင်းမွန်သော စောင့်ကြည့်၊ထိန်းကျောင်းရေးစံနစ် ထားရှိရန်။

## လျော်ကြေးပေးခြင်း[၁၇]

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ လယ်ယာမြေသိမ်းဆည်းခြင်းနှင့် တစ်ခါတစ်ရံ မြေယာပြန်လည် အစားထိုးပေးခြင်း၊ မြေယာပေါင်းစည်း ခြင်းနှင့် ပြန်လည်ခွဲဝေ ပေးခြင်းလုပ်ငန်းစဉ်များကြောင့် လုပ်ပိုင်ခွင့်ဆုံးရှုံးရသည့်ပြည်သူများအတွက် ယေဘုယျအားဖြင့် လျော်ကြေးပေးရန် လိုအပ်ပါသည်။ ပူးတွဲပိုင်ဆိုင်သည့်မြေအတွက် မြေပိုင်ဆိုင်မှုအငြင်းပွားနေစဉ် တွင် လျော်ကြေးငွေကို မည်သူရသင့်ကြောင်း မေးခွန်းသည်အလွန်ရှုပ်ထွေးနိုင်ပါသည်။ ထို့ကြောင့် လျော်ကြေးပေးခြင်းဆိုင်ရာ ဥပဒေများတွင် မဖြစ်မနေမြေဝယ်ယူခြင်း သို့မဟုတ် သိမ်းဆည်း ခြင်းကြောင့် မည်သူများထိခိုက်နစ်နာမည်ဖြစ်ကြောင်း တရားဝင်မြေပိုင်ရှင်များ မဟုတ်နိုင်သည့် အမျိုးသမီးများနှင့် ကလေးများ၏ မြေအသုံးချခွင့်နှင့် မြေငှားများ၏ အခွင့်အရေးများကိုအလေးထား လျက် စုံစမ်းစစ်ဆေးရန် လိုအပ်ကြောင်း ပြဋ္ဌာန်းချက်ပါရှိသင့်သည်။ ရရှိသည့် လျော်ကြေးငွေအား မည်ကဲ့သို့အသုံးပြုမည်ကို မိသားစု ပူးတွဲဆုံးဖြတ်ချက်ချစေရန် လျော်ကြေးငွေ ပေးချေခြင်းယန္တရား များတွင် ထည့်သွင်းစီစဥ်ထားသင့် သည် (FAO, 2008a: 33–34)။

ဆန်းစစ်ရန်အချက်များစာရင်း-၄.၁၀ - **ကျား-မ သာတူညီမျှ လျော်ကြေးပေးခြင်းအား ပံ့ပိုးကူညီခြင်း**

- ✓ မည်သူက မြေယာပိုင်ဆိုင်ကြောင်း သို့မဟုတ် ထိုမြေကိုလုပ်ပိုင်ခွင့်ရှိကြောင်းကို စစ်ဆေး၍ သိမ်းဆည်းနေသည့်မြေတွင် နေထိုင်သည်ဖြစ်စေ၊ မနေထိုင်သည် ဖြစ်စေ၊ ၎င်းတို့အား အချိန်မီ အကြောင်းကြားရန်။
- ✓ ပူးတွဲပိုင်ဆိုင်သည့်မြေအတွက် အမည်ပေါက်ပိုင်ဆိုင်သူအားလုံးတို့ လျော်ကြေးငွေကို တူညီသောပမာဏ ရရှိစေအောင် ကြပ်မတ်ရန်။
- ✓ မြေပိုင်ရှင်များအား သင့်တော်သောငွေပမာဏ ပေးလျော်ရန်။ ဖြစ်နိုင်ပါက အခြားဝင်ငွေမရှိသော ထိခိုက်လွယ်သည့် အုပ်စုများအတွက် အစားထိုး မြေကွက်ပြန်လည် ပေးလျော်ရန် စဉ်းစားပါ။
- ✓ လျော်ကြေးငွေကို မိသားစုပူးတွဲဆုံးဖြတ်စီမံအသုံးပြုရန် ကြပ်မတ်သည့် လျော်ကြေး ယန္တရား ပုံစံမျိုး အဖြစ် ဖန်တီးထားသင့်ပါသည်။

**သတိပြုရန်**

အမျိုးသမီးများ မြေလျော်ကြေးမှအကျိုးကျေးဇူးခံစားရစေရန် သေချာအောင်ဆောင်ရွက်ပါ။ ၎င်းတို့၏ လုပ်ပိုင်ခွင့်များအား အသိအမှတ်ပြု၍ မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။

## နည်းပညာ ကိစ္စရပ်များ အဓိက အချက်များ အနှစ်ချုပ်

မည်သည့် မြေယာစီမံအုပ်ချုပ်မှုဆောင်ရွက်ချက်မဆို မစတင်မီ မိသားစုဖွဲ့စည်းပုံ၊ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချရေး သြဇာ၊ အမွေဆက်ခံမှု၊ အိမ်ထောင်ရေးနှင့် ကွာရှင်းပြတ်စဲထားမှု အခြေအနေများ၊ ဒေသန္တရရေးရာများတွင် ကိုယ်စား ပြုပါဝင်ခြင်း၊ မြေယာအား ပုံသန္တာန်အမျိုးမျိုးနှင့် အသုံးပြုခြင်းနှင့်အကျိုးကျေးဇူးများနှင့် တည်ဆဲနယ်နိမိတ်နှင့်မြေယာ အခွင့်အရေးများ (မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ) ၊ အထူးသဖြင့်အမျိုးသမီးများ၏ အခွင့်အရေးများ စသည့်… မြေပြင်အခြေအနေကို လေ့လာဆန်းစစ်သင့်သည်။

---

အမျိုးသမီးများ၏ မြေယာ အသုံးပြုခွင့်၊ တစ်ဆင့်ခံအခွင့်အရေး သို့မဟုတ် ပူးတွဲပိုင်ဆိုင်မှု အခွင့်အရေးများကဲ့သို့သော အမျိုးသမီးများ၏ သီးခြားမြေယာအခွင့်အရေးများ မှတ်ပုံတင်နိုင်ရန် ယန္တရား၊ လုပ်ထုံးလုပ်နည်းများက ခွင့်ပြုပေးရမည်။ အမျိုးသမီးများသည် ပိုင်ဆိုင်မှုများ သီးသန့်ပိုင်ဆိုင်ခွင့်ကို - တစ်ဦးချင်းဖြစ်စေ အုပ်စုဖြင့်ဖြစ်စေ ကျင့်သုံးနိုင်စေရမည်။

---

အမျိုးသမီးများပါဝင်ခွင့်ရရှိစေသည့်  အားလုံးပါဝင်ခွင့်ရှိသော နည်းလမ်းများနှင့် ကိရိယာများကို မြှင့်တင်အားပေးသင့် သည်။ အမျိုးသားများနှင့် အတူရှိစဉ် ယဉ်ကျေးမှုအရမပြုလုပ်နိုင်သည့်၊ ၎င်းတို့အတွက်အရေးကြီးသောကိစ္စများကို ဖြေ ရှင်းနိုင်ရန်  အမျိုးသမီးများအတွက် သီးသန့်အစည်းအဝေးများကို ပြုလုပ်ပေးသင့်သည်။

---

လူမှုရေးအုပ်စုအသီးသီးတို့အား ကိုယ်စားပြုနေသည့် အမျိုးသမီးများကို အဓိကကျသော ပါဝင်ဆောင်ရွက်နေကြသူများ အဖြစ် သတ်မှတ်ကာ ၎င်းတို့ တက်ကြွစွာပါဝင်နိုင်ရေးနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရေးအတွက် ဖြည့်ဆည်းပံ့ပိုးပေးသင့်သည်။ စာမတတ်မှု၊ သတင်းအချက်အလက်များနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများမရရှိမှုတို့ကို ထည့်သွင်းစဉ်းစား၍ အစည်းအဝေးများပြုလုပ်မည့်နေရာနှင့် အချိန်တို့သည် အမျိုးသမီးများ၏ အချိန်ဇယားနှင့်သွားလာ နိုင်မှုတို့အပေါ် ညှိ၍စီစဉ်ရမည်။

---

မြေယာသတင်းအချက်အလက်စနစ်များနှင့် အချက်အလက်ဘဏ်များအားလုံး၏ ဒီဇိုင်းများကို ပုံစံရေးဆွဲရာတွင် ကျား-မ သာတူညီမျှမှုကိစ္စကို သတိထားဆောင်ရွက်ရမည်။

---

မြေယာစီမံအုပ်ချုပ်ရာတွင် ကျား-မ သာတူညီမျှပါဝင်ခြင်းတိုးတက်စေရေး ဖန်တီးပေးထားသော နည်းပညာနှင့်စနစ်များ အသုံးပြုနိုင်ရန် လိုအပ်သည်များထောက်ပံ့ပေးနိုင်မည့် ဥပဒေနှင့် လုပ်ငန်းစဉ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ် ပါသည်။

---

မြေယာနည်းပညာ စနစ်၊ အသုံးချကိရိယာများအား ကျား-မ ရှုထောင့်မှ အကဲဖြတ်သင့်သည်။

---

မြေယာစီမံခန့်ခွဲရေးစီမံချက်များနှင့် ဆောင်ရွက်ချက်များအားလုံးဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့် ကြည့်ခြင်းတို့တွင် ကျား-မ သာတူညီမျှရှိရေးကို ပင်မ လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ထည့်သွင်းသင့်သည်။ - ပြည်သူ အားလုံး - အမျိုးသမီးများနှင့်အမျိုးသားများ - အကျိုးအတွက် မြေယာ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေး၏ နည်းပညာကဏ္ဍ ဖြစ် သော မြေယာစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ နည်းပညာများနှင့် စနစ်များ - ၌ ကျား-မသာတူညီမျှပါဝင်ခွင့်ရှိရန် လိုအပ် သည်

---

အစိုးရအရာရှိများနှင့် ရပ်ရွာလူထုများအား ကျား-မ အမြင်ဖွင့်သင်တန်းပေးကာ ကျား-မ သာတူညီမျှမှုရှိသော မြေယာစီမံ အုပ်ချုပ်ရေး ဆောင်ရွက်ချက်များအကြောင်း အသိပညာပေးရန် ပြည်သူလူထုထံဆက်သွယ်၊ အသိပညာပေး လှုပ်ရှားမှု များကို ပြုလုပ်ရမည်။

---

မြေယာစီမံခန့်ခွဲရေးဆောင်ရွက်ချက်များ၏ လုပ်ငန်းစဉ်နှင့်ရလဒ်များသည် နားလည်ရန်လွယ်ကူပြီး ပြည်သူလူထု လက်လှမ်းမီကာ ကုန်ကျစရိတ်နည်းပါးစေရမည်၊ အဂတိလိုက်စားမှုနှင့် ချန်လှပ်ထားမှုများကို ရှောင်ရှားရမည်။

---

မြေယာစီမံအုပ်ချုပ်ရေး ဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် အမျိုးသားများအား တန်းတူအကျိုးပြုစေရန် အတွက် လုပ်ငန်းဆောင်ရွက်ချက်များ၏ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် မတူညီသော သက်ရောက်မှုများကို ထည့်သွင်း စဉ်းစားသင့်သည်။

## နည်းပညာကိစ္စရပ်များအတွက် အကြံပြုလိုသည့် စောင့်ကြည့်ရေး အညွှန်းကိန်းများ

- မြေယာစီမံအုပ်ချုပ်မှု ကဏ္ဍ ၏နည်းပညာပိုင်း (မြေတိုင်းတာခြင်း၊ တန်ဖိုးတွက်ချက်ခြင်း၊ geodetics နှင့် GPS စသည်…) တွင် ပညာရှင်အဖြစ်လုပ်ကိုင် နေကြသော အမျိုးသမီးများနှင့် အမျိုးသားများ၏ %
- အဆင့်မြင့်ပညာတက္ကသိုလ်များရှိ သိပ္ပံဘာသာရပ်များနှင့် အဆင့်မြင့်ပညာရေးတွင် နည်းပညာသင်တန်းများ၌ တက်ရောက်နေသူ၊ ပြီးမြောက်အောင်မြင်သူ အမျိုးသမီးအရေအတွက်
- မြေယာအကြောင်းအဓိကထား၍ အသိပညာပေးနှင့် ဥပဒေပညာသင်တန်း တက်ရောက်ခဲ့သော အမျိုးသမီးများနှင့် အမျိုးသားများ %
- မြေယာစီမံအုပ်ချုပ်ရေးဆောင်ရွက်ချက်များတွင် အသုံးပြုနေသော ကျား-မ မတူညီမှုများအား ထည့်သွင်းစဉ်းစားသည့် နည်းပညာ အရေအတွက်
- မြေယာဆိုင်ရာနည်းပညာအသစ်များ အသုံးပြုရေး သင်တန်းများတက်ရောက်နေကြသော အမျိုးသမီးများနှင့် အမျိုးသားများ %

### မှတ်စု

၇ ၂၀၁၁ မေလတွင် FAO ရုံးချုပ်၌ ပြုလုပ်သော နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများအပါအဝင် Dalal Alnaggar, Marianna Bicchieri, Kate Dalrymple, Nigel Edmead, Neil Pullar and Rebecca Sittie တို့မှ ဤအပိုင်းအတွက် အရေးပါသော ဖြည့်ဆည်းမှုများ ပြုလုပ်ခဲ့ပါသည်။

၈ World Bank/FAO/IFAD. The Gender and Agriculture Sourcebook, 2009.

http://siteresources.worldbank.org/INTGENAGRLIVSOUBOOK/Resources/CompleteBook.pdf

၉ Ibid

၁၀ Nigel Edmead ၏ "မြေယာ အချက်အလက်စနစ်များနှင့် အချက်အလက်ဘဏ်များ တည်ဆောက်ရာတွင် ကျား၊မ ရေးရာ ကိစ္စရပ်များ၊ ဂါနာ၊ ဇမ်ဘီယာနှင့် ယူဂန်ဒါ တို့မှ အတွေ့အကြုံများ" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ

၁၁ Mends, 2006: 5ff; Ambaye, 2009: 13 ff.

၁၂ www.fig.net/commission9/wgroups/rg9_1_1_11_14.htm; Barnett and Grown, 2004

၁၃ Wehrman, 2011.

၁၄ FAO, 2003b:22

၁၅ Grover and Flores-Borquez, 2004; Ossko, 2002.

၁၆ Binswanger-Mkhize, Bourguignon and van den Brink, 2009: 14ff.

၁၇ Binswanger-Mkhize, Bourguignon and van den Brink, 2009: 23ff; Ambaye, 2009: 18ff

**Ambaye, D. W.** 2009. Land valuation for expropriation in Ethiopia: Valuation methods and adequacy of compensation. Paper presented at the 7th FIG Regional Conference on Spatial Data Serving People: Land Governance and the Environment – Building the Capacity, Hanoi, 19–22 October 2009.

**Aristazabal, N. & Gomez, A.** 2004. Improving security-without titles in Bogotá. *Habitat International,* 28(2): 245–258.

**Augustinus, C. & Benschop, M**. 2003: Security of tenure – best practices. Nairobi, UN-HABITAT. http://www.unhabitat.org/downloads/docs/10784_1_594339.pdf

**Barnett, K. & Grown, C**. 2004. Gender impacts of government revenue collection: The case of taxation. *Economic Paper No. 62.* London, Commonwealth Secretariat.

**Binswanger-Mkhize, H. P., Bourguignon, C. & van den Brink,** R. 2009. *Agricultural land redistribution: toward greater consensus.* Washington, DC, WorldBank.

**FAO**. 2003b. *The design of land consolidation pilot projects in Central and Eastern Europe.* Land Tenure Studies No. 6. Rome. ftp://ftp.fao.org/docrep/fao/006/y4954e/y4954e00.pdf

**FAO**. 2008a. *Compulsory acquisition of land and compensation. Land Tenure Studies No. 10.* Rome. ftp://ftp.fao.org/docrep/fao/011/i0506e/i0506e00. pdf

**FAO**. 2009c. "We all inherited this earth", inheritance rights of widows and children in the context of AIDS: legal overview. Rome. (final draft)

**FAO**. 2012b. Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security. Rome. http://www.fao.org/docrep/016/i2801e/i2801e.pdf

**FAO**, **Norwegian Refugee Council, UNHCR, UN-HABITAT, OHCHR & OCH**A. 2007. *Handbook on housing and property restitution for refugees and displaced persons – implementing the "Pinheiro Principles".* www.ohchr.org/Documents/Publications/pinheiro_principles.pdf

**FAO**. 2012a. Improving Gender Equality in Territorial Issues (IGETI). Land and Water Division Working Paper No. 3. Rome. www.fao.org/docrep/016/me282e/me282e.pdf

**Farfan, F**. 2002. In G. Payne, ed. *Land rights and innovation: improving tenure security for the urban poor.* London, ITDG Publishing.

**Giovarelli, R. & Duncan, J.** 1999. Women and land in Eastern Europe and Central Asia. Washington, DC, USAID. http://pdf.usaid.gov/pdf_docs/pna-**cl400.pdf**

**Giovarelli, R. & Lastarria-Cornhiel, S**. 2006. Study on women and property rights: project best practices. Washington, DC, USAID. http://pdf.usaid.gov/pdf_docs/pnadj420.pdf

**Grover, R. & Flores-Bórquez, M**. 2004. *Restitution and land markets.* Paper presented at the FIG Working Week, Athens, 22–27 May 2004.

**Meertens, D**. 2012. *Colombia's law on victims and restitution: a challenge for gender-sensitive transitional justice.* Paper presented at the Expert Group Meeting on Good Practices in Realizing Women's Rights to Productive Resources, with a Focus on Land, UN Women in collaboration with the United Nations Office of the High Commissioner for Human Rights, Geneva, 25–27 June 2012.

**Osskó, A**. 2002. Land restitution and compensation procedures in Central Eastern Europe. Paper Presented at the FIG Commission 7 Annual Meeting, Pretoria, 4–9 November 2002.

**South Africa Department of Land Affairs**. 1997. White Paper on South African Land Policy. Pretoria. Teklu, A. 2005. Research report 4 – land registration and women's land rights in Amhara Region, Ethiopia. London, IIED.

**Undeland, A**. 2012.Lessons learned and good practices in realizing women's rights to productive resources with a focus on land: Kyrgyzstan and Tajikistan. Paper prepared for the Expert Group Meeting on Good Practices in Realizing Women's Rights to Productive Resources, with a Focus on Land, organized by UN Women in collaboration with the United Nations Office of the High Commissioner for Human Rights, Geneva, 25–27 June 2012.

**UNCHS**. 1999. Women's rights to land, housing and property in post-conflict situations and during reconstruction: A global overview. Nairobi, United Nation Centre for Human Settlements.www. unhabitat.org/downloads/docs/1504_59744_Land.pdf2.pdf

**UN-HABITAT**. 2007. Gendering land tool development. Nairobi, GLTN Secretariat.

**UN-HABITAT**. 2007b. Policy makers guide to women's land, property and housing rights across the world. Nairobi.

**UN-HABITAT**. 2008a. Secure Land Rights for All.Nairobi.

**UN-HABITAT**. 2009. Gender evaluation criteria for largescale land tools. Nairobi.

**UN-HABITAT**. 2011. Designing and evaluating land tools with a gender perspective: training package for land professionals. Nairobi.

**Wehrmann, B**. 2003. Women's access to and control over land in African and South Asian countries. *Landnutzung und Landentwicklung* [Land Use and Development], 44: 83–89.

**Wehrmann, B**. 2011. *Land use planning. Concept, tools and applications.* Eschborn, Germany, GIZ. www2.gtz.de/dokumente/bib-2011/giz2011-0041en-landuse-planning.pdf

**World Bank**. 2005. Gender issues and best practices in land administration projects: A synthesis report. Washington, DC. http://siteresources.worldbank.org/intard/resources/gender_land_fulltxt.pdf

**World Bank/FAO/IFAD**. 2009. Gender in agriculture sourcebook. Washington, DC and Rome.

**World Bank/FAO/IFAD.** 2009a. Module 4: Gender issues in land policy and administration. In Gender in agriculture sourcebook. Washington, DC and Rome.

**World Bank/FAO/IFAD**. 2009b. Module 10: Gender and natural resources management. In *Gender in agriculture sourcebook.* Washington, DC and Rome.

## အပိုင်း

# ၅



# သတင်းစကားများ ဖြန့်ဝေခြင်း

# ပုံများ စာရင်း

## ဇယားကွက်များ


ဇယားကွက် ၅.၁- သတင်း အချက်အလက်များ ဖြန့်ဝေပေး ခြင်းနှင့် လမ်းညွှန်ချက်များ

ဇယားကွက်-၅.၂ - အသိပညာ ပေးရေးအတွက် ကောင်းမွန်သော နည်းစနစ်များ။

ဇယားကွက်-၅.၃ - ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးအား ထောက်ပံ့ပေး ရန် ကျား-မ ရေးရာ အမြင်ဖွင့် ပညာပေးခြင်း။

ဇယားကွက်-၅.၄ - ဥပဒေရေးရာ သိနားလည်ရန် ပံ့ပိုးပေးခြင်း။

ဇယားကွက်-၅.၅ - ရပ်ရွာ လူထု၏ ဆွေးနွေးမှု စကားဝိုင်း များဖြင့် သတင်း အချက်အလက် များကို ပုံဖော်ခြင်း။

ဇယားကွက်-၅.၆ - အမျိုးသမီး များ အစည်းအဝေးတက်ရောက် နိုင်ရန် ပံ့ပိုး ပေးခြင်း။

ဇယားကွက်-၅.၇ - ပြောင်းလဲမှု အတွက် ကျေးလက် ရေဒီယိုအား ဆက်သွယ်ရေး ကိရိယာ တစ် ခုအဖြစ် အသုံးချခြင်း- Dimitra စီမံကိန်း

ဇယားကွက်-၅.၈- ကျား-မသာ တူညီမျှ ဆက်သွယ်ရေးနည်း လမ်းနှင့်မီဒီယာများ

ဇယားကွက်-၅.၉ - မိသားစု ဦးစားပေး နည်းလမ်းမှတဆင့် သဘောထား ပြောင်းခြင်း


## ဆန်းစစ်ရန်အချက်များ စာရင်း


ဆန်းစစ်ရန်အချက်များ စာရင်း-၅.၁- မြေယာသတင်း အချက်အလက်ရရှိမှုတွင် ကျား-မသာတူညီမျှရှိရန် ပံ့ပိုးကူညီ ခြင်း။

ဆန်းစစ်ရန်အချက်များစာရင်း-၅.၂ - ကျား-မ ရေးရာ အမြင်ဖွင့် ပညာပေးခြင်း။

ဆန်းစစ်ရန်အချက်များစာရင်း -၅.၃ - စည်းရုံးလှုပ်ဆော်ရေး အတွက် ဆက်သွယ်ရေးနည်း လမ်းများအသုံးပြုခြင်း

ဆန်းစစ်ရန် အချက်များ စာရင်း-၅.၄ - ဆက်သွယ်ရေး နှင့် အသိပညာပေး မဟာဗျူဟာ များနှင့် နည်းစနစ်များကို ရေးဆွဲ ပြုစုခြင်း-

ဆန်းစစ်ရန် အချက်များစာရင်း -၅.၅ - သတင်းအချက်အလက် ဖွံ့ဖြိုးရေး

သတင်း စကားများဖြန့်ဝေခြင်း အတွက် အကြံပြုထားသော စောင့်ကြည့်ရေး အညွှန်းကိန်း များ


## ပုံများ


ပုံ-၅.၁ - ဆက်သွယ်ရေးနှင့် အသိပညာပေးရေး မဟာဗျူဟာ ရေးဆွဲခြင်း

# အပိုင်း ၅ - **သတင်းစကားများ ဖြန့်ဝေပေးခြင်း။**

ကျား-မ သာတူညီမျှမြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးအတွက် ဆက်သွယ်ရေးနှင့်အသိပညာပေးရေး

မဟာဗျူဟာများ နှင့်နည်းလမ်းများ

## နိဒါန်း[၁၈]

ကျား-မရေးရာနှင့် မြေလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးစနစ်များအကြောင်း အပါအဝင် တန်ဖိုးစံနှုန်းများ နှင့် သဘောထားခံယူချက်များ ပြောင်းလဲလာရေးအတွက် ဆက်သွယ်ရေးနှင့် အသိပညာပေးရေး သည် အလွန်အရေးကြီးပါသည်။ ဆက်သွယ်ရေးနည်းလမ်းများဖြင့် ပြည်သူများ မိမိတို့၏ မြေယာ အခွင့်အရေးများ တောင်းဆိုခြင်းကဲ့သို့ ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်လာရန် စည်းရုံးလှုံ့ဆော်နိုင်သလို အားလုံး၏ပူးပေါင်းပါဝင်မှုဖြင့် ပြဿနာများ၊ ဖြေရှင်းနည်းလမ်းများအား အားလုံးသဘောတူညီစွာဖြင့် သတ်မှတ်ဆုံးဖြတ်နိုင်စေပါသည်။ (FAO / GTZ, 2006)

“လမ်းညွှန်ချက်များ”ကို အကောင်အထည်ဖော်ရာတွင် အဓိက အခြေခံမူဆယ်ရပ်အနက်တစ်ခု ဖြစ်သည့် - ပွင့်လင်းမြင်သာရေးမူ- တွင် တာဝန်ယူမှုရှိသည့် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးပေါ် ပေါက်ရန် ဆက်သွယ်ရေးနှင့် အသိပညာပေးရေးမှတဆင့် မည်သို့ထောက်ပံ့ပေး နိုင်ကြောင်း ဖော်ပြထားသည်။ “လမ်းညွှန်ချက်များ”တွင် ကျား၊ မရေးရာ အမြင်ဖွင့်ပေးသော၊ ကျား -မ အလိုက် ဦးတည်ပြင်ဆင်ထားသော သတင်းအချက်အလက်များ၏ အရေးကြီးပုံကို အလေးထား ဖော်ပြထားသည်။

ဇယားကွက် ၅.၁- **သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းနှင့် လမ်းညွှန်ချက်များ**

အရင်းအမြစ် - FAO၊ ၂၀၁၂

| |
|---|
| **၃.ခ.၈။** ပွင့်လင်းမြင်သာမှု။ မူဝါဒ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာဖွင့်ဆိုကာ ဘာသာစကား အသီးသီးဖြင့် ဖြန့်ဝေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများကိုလည်း သင့်လျော်သော ဘာသာစကား အသီးသီးဖြင့်၊ လူတိုင်းလက်လှမ်းမီ မည့် ပုံစံများဖြင့် ထုတ်ဝေဖြန့်ချိခြင်း။ |
| **၈.၉။** နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်များ ချထားပေးခြင်းနှင့် လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ပိုင်ခွင့် လွှဲပြောင်းအပ်နှင်းရာတွင် ပွင်းလင့်မြင်သာသော၊ အားလုံးပါဝင်သော၊ ရှင်းလင်း၍ လူတိုင်းလက်လှမ်းမီကာ အားလုံးနားလည်သော ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်စနစ်များ ကျင့်သုံးသော ဒေသခံများ နားလည်နိုင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။ သတင်းအချက်အလက်များကို သင့်လျော်သော ဘာသာစကားများဖြင့် ပါဝင်ပတ်သက်သူအားလုံးသိရှိ နားလည်ရန် ဖြန့်ဖြူးပေးရမည်ဖြစ်ပြီး ကျား/မ မတူညီသော လိုအပ်ချက်များကို ထည့်သွင်းစဥ်းစားသည့် သတင်းအချက်အလက် များလည်း ပါဝင်သင့်သည်။ |
| **၁၅.၉။** နိုင်ငံတော်အစိုးရသည် ပြန်လည်ခွဲဝေပေးခြင်း ပြုပြင်ပြောင်းလဲမှုအား ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်ကာ တာဝန်ခံမှုရှိသော နည်းလမ်း၊ လုပ်ငန်းစဥ်များဖြင့် ဖော်ဆောင်ရမည်။ .... အခွင့်အလမ်းနည်းပါးသော အစုအဖွဲ့များ အပါအဝင် သက်ဆိုင်သူများအားလုံးထံ အချက်အလက်များ ရှင်းလင်း၊ ပြည့်စုံစွာ ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး ကျား/မ အလိုက် မတူညီသော လိုအပ်ချက်များနှင့်အညီ သတင်းစကား ပေးကြားရမည်။ |

# အသိပညာပေးရေး၊ ကျား-မရေးရာ အမြင်ဖွင့်ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ပေးမှု

ပြည်သူများသည်ပြဿနာများနှင့် အခွင့်အရေးများကို သတိပြုရန်လိုအပ်သည်။ သို့မှသာ ပြည်သူ့အသံထုတ်ဖော်ခြင်းနှင့် ရွေးချယ်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်(FAO, 2011a: 20)။ ထို့ကြောင့် သတင်းအချက်အလက်များကို ဒေသန္တရ တိုင်းရင်းသား ဘာသာစကားများဖြင့် (အရေးရော၊ အပြောပါ) ဖြန့်ဝေရမည်ဖြစ်ပြီး အတွေးအမြင်၊ ရှုဒေါင့်၊ အတွေ့အကြုံနှင့် ဘာသာစကား အမျိုးမျိုး ကွဲပြားနိုင်သော နိုင်ငံတော်အဆင့် မူဝါဒချမှတ်သူများမှနေ၍ အောက်ခြေရှိ ရပ်ရွာလူထုများ အထိ မတူညီသော အဆင့်အသီးသီး အလိုက် သင့်လျော်စွာ ဖန်တီးဖြန့်ဝေရပါမည်။

မြေယာကဏ္ဍဆိုင်ရာစီမံကိန်းများ၊ ပြုပြင်ပြောင်းလဲမှုများ၊ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် ဌာန/အဖွဲ့အစည်းများ အားလုံးတွင် မြေယာနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ အမျိုးသမီးများထံသို့ ရောက်ရှိရေးအား ဟန့်တားနေသော အတားအဆီးများကို ဖယ်ရှားရာတွင် အသိပညာပေးလုပ်ငန်းသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သည်။

အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအပါအဝင် အကျိုးသက်ဆိုင်သူများ ပူးပေါင်းကာ ပြည်သူတစ်ရပ်လုံး အသိပညာပေးလုပ်ငန်းတွင် ပါဝင်လာသည့်အခါတွင် ထိုအသိပညာပေးလုပ်ငန်းသည် အထိရောက်ဆုံးဖြစ်သည်။ အဆင့်အသီးသီးမှ မတူညီသော အကျိုးသက်ဆိုင်သူများ နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီးများရော အမျိုးသားများထံသို့ အချက်အလက်များ ထိရောက်စွာ ပေးပို့နိုင်ရန် ဂရုတစိုက် စဉ်းစားပြင်ဆင်ထားသည့် နည်းဗျူဟာတစ်ရပ် လိုအပ်သည်။

မြေယာနှင့် ကျား-မ ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ထိရောက်စွာ အသိပညာပေးရေးသည် မြေယာကဏ္ဍ စီမံကိန်းလုပ်ငန်းများနှင့် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာတွင် အထူးအရေးပါသည်။ အလေ့အကျင့်ကောင်း ဥပမာများကို ဇယားကွက်-၅.၂ တွင်ဖော်ပြထားသည်။ အောင်မြင်မှုအတွက်အရေးကြီးသောအချက်များမှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဦးတည်ပရိသတ် အလိုက် သေချာပြင်ဆင်၍ ကြားဝင်ဆောင်ရွက်ပေးခြင်း၊ အသိပညာပေးရေး အစည်းအဝေးများတွင် အမျိုးသမီးများ ပြတ်သားစွာခေါင်းဆောင်မှုပေးနိုင်ရန် ပံ့ပိုးပေးခြင်းနှင့် ဒေသခံအကျိုးခံစားခွင့်ရှိသည့်လူထုများအတွက် အလုပ်ဖြစ်သော အားလုံးပါဝင်ခွင့် ရှိသည့် နည်းလမ်းကိုကျင့်သုံးခြင်းတို့ပါဝင်သည်။

**အိန္ဒိယနိုင်ငံ** တွင် အနောက်ဘင်္ဂလားပြည်နယ်၏ အနောက်ပိုင်း Midnapore ခရိုင်ရှိဒေသခံ NGO Swadhina မှ အသိပညာပေးရေး စီမံကိန်းတစ်ခုတွင် အမျိုးသမီးများ၏အသိပညာ၊ ယုံကြည်မှုနှင့် စာတတ်မြောက်မှု အဆင့်များကိုမြှင့်တင်ရန်ရည်ရွယ်၍ ရပ်ရွာလူထု လူတန်းစားအသီးသီးတို့ပါဝင်သည့် အစီအစဉ်များကျင်းပကာ အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ပြုလုပ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ မြေယာ အခွင့်အရေးများနှင့် ပတ်သက်၍ အသိပညာတိုးပွားစေရန်နှင့် လူမျိုးစုနှင့် အပယ်ခံကျေးလက် မိသားစုများအကြား ကျား-မ သာတူညီမျှမှုကို မြှင့်တင်ရန်ဖြစ်သည်။ အဆိုပါလှုပ်ရှားမှုများတွင် အောက်ပါတို့ ပါဝင်သည်-

- အမျိုးသမီးများနှင့် အမျိုးသားများအတွက် ရပ်ရွာ၊ ခရိုင်အဆင့်နှင့် ရပ်ကွက်အဆင့် တစ်ရက်တာ အစည်းအဝေး ၁၀ ကြိမ် ပြုလုပ်ခဲ့ခြင်း၊ အသိပညာပေးရန် လမ်းဘေး၌ စင်ထိုး၍ တင်ဆက်ကပြမှု ၁၆ ကြိမ် ပြုလုပ်ခဲ့ခြင်း။

ဇယားကွက်-၅.၂ - **အသိပညာပေးရေးအတွက် ကောင်းမွန်သော နည်းစနစ်များ။**

↓

အရင်းအမြစ် - Renee Giovarelli ၏ "ကျား-မ သာတူညီမျှ အသိပညာပေးခြင်း" နှင့် Rebecca Sittie ၏ "ဂါနာနိုင်ငံ တွင် မြေယာမှတ်ပုံတင်ခြင်း အား ဖော်ဆောင်၊ စီမံရာ၌ ကျား-မ ရေးရာ ကိစ္စရပ်များ"၊ ၂၀၁၁ မေလ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲ၊ ILC, 2010 e

- ဒေသသုံးဘာသာစကားဖြင့် အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် မြေယာအခွင့်အရေးများ တစ်ခန်းရပ်ဇာတ်လမ်း၊ ပိုစတာများနှင့် ကာတွန်းစာအုပ်ငယ်များအပါအဝင် ဒေသန္တရနှင့် တစ်နိုင်ငံလုံးသုံးရန် လူထုဆက်သွယ်ရေးအတွက် စာမူများရေးသားထုတ်ဝေခြင်း၊
- ရပ်ရွာ ၁၀ ခုမှ အမျိုးသမီးများနှင့် အမျိုးသားများအတွက် လူမှုဥပဒေဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းနှင့် စာမတတ်သူအမျိုးသမီး ၃၅၄ ဦး တို့ ၎င်းတို့၏ အမည်များကို မည်သို့လက်မှတ်ထိုးရမည်ကို လေ့လာသင်ယူခဲ့သည့် လက်မှတ်ထိုးသင်တန်းစခန်း ၁၄ ခု ။
- ရပ်ရွာနှစ်ခုတွင် ကမ္ဘာမြေပွဲတော်ကျင်းပခြင်း၊ ဒေသန္တရစိုက်ပျိုးရေးလုပ်ငန်းတွင်အမျိုးသမီးများ၏ပါဝင်မှုအား ဂုဏ်ပြုခြင်းနှင့် ရပ်ရွာတစ်ခုလုံးပါဝင်လာစေရန် စည်းရုံးခြင်းတို့ပါဝင်သည်။

---

**လာအို**ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မိသားစု၊ အမွေနှင့် ပိုင်ဆိုင်မှုဆိုင်ရာဥပဒေများတွင် ကျား-မ သာတူညီမျှရေးမှုများကို ပြဋ္ဌာန်းထား၍ လူ့အဖွဲ့အစည်းအများစုသည် ဓလေ့ထုံးတမ်းအားဖြင့် မိခင်ဘက်မှ မျိုးရိုးကို ဆက်ခံလေ့ရှိပြီး အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့် အပေါ်တွင် ကန့်သတ်ချက်များ မရှိသည့်တိုင် ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေထောက်ပံ့သည့်စီမံကိန်းတစ်ခုဖြစ်သော မြေယာ မှတ်ပုံတင်ရေးအစီအစဉ်တွင်မူ ပထမ ၂ နှစ်ကာလအတွင်း မြို့ပြဒေသများတွင် ကျား၊ မတန်းတူညီမျှ ရလဒ်များ ကောင်းစွာ အကောင်အထည်ဖော်နိုင် ခြင်း မရှိခဲ့ပါ။ အမျိုးသမီးများ မြေယာကိုအမွေဆက်ခံသည့်အခါ ၎င်းတို့၏ ခင်ပွန်းများအမည်ဖြင့် မှတ်ပုံတင်ကြရပြီး စီမံကိန်းလုပ်ငန်းအစည်းအဝေးများနှင့် အခြားဆောင်ရွက်မှုများတွင် အမျိုးသမီး အနည်းငယ် သာ ပါဝင်ကြသည်။ အသုံးပြုသောပုံစံများတွင် ပူးတွဲပိုင်ဆိုင်မှုအတွက် သတ်မှတ်ချက်မပါဝင်ဘဲ မိသားစုအတွင်း အသက်အကြီးဆုံးအမျိုးသား ဖြစ်လေ့ရှိသော အိမ်ထောင်ဦးစီး၏အမည်ကိုသာ ထည့်သွင်းရန်လိုသည်။ ထို့အပြင် ပိုင်ဆိုင်မှု လျှောက်ထားရာတွင် အထောက်အကူပြုရန် လိုအပ်သောစာရွက်စာတမ်းများသည် ယေဘုယျအားဖြင့် အိမ်ထောင် ဦးစီး၏ အမည်ဖြင့်သာ မှတ်ပုံတင်ထားလေ့ရှိသည်။

ဤပြဿနာများကိုဖြေရှင်းရန် လာအိုအမျိုးသမီးသမဂ္ဂသည် ရပ်ရွာတိုင်း၌ ကျား၊ မရေးရာနှင့်ပတ်သက်သည့် အချက်အလက်များဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့သည်- တစ်ကြိမ်မှာ အမျိုးသားနှင့် အမျိုးသမီးထုနှစ်ရပ်လုံးအတွက်ဖြစ်ပြီး ကျန်တစ်ကြိမ်မှာ အမျိုးသမီးသီးသန့်ဖြစ်သည်။ ထိုလူထုအခြေပြု သင်တန်းများသည် ဥပဒေအရ အခွင့်အရေးများနှင့် မြေယာအမည်ပေါက်ပိုင်ဆိုင်မှု၏ အကျိုးကျေးဇူးများကို အဓိကထားပြီး လာအိုအမျိုးသမီး သမဂ္ဂအဖွဲ့ဝင်များသည် စီမံကိန်း၏ ဒေသန္တရအဆင့် မြေယာမှတ်ပုံတင်ရေးဆောင်ရွက်သည့် အဖွဲ့များတွင် စတင်၍ ပါဝင်ခဲ့ကြသည်။ ကျား-မ သာတူညီမျှရှိရေးအတွက် ပြဿနာများနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပြောင်းလွယ်ပြင်လွယ်သောနည်းလမ်းများကို ဖော်ထုတ်ရန်အတွက် စီမံကိန်းစောင့်ကြည့်ကြီးကြပ်မှုသည် အရေးပါကြောင်း ဤဥပမာက ပြသနေသည်။

---

**ဂါနာ**နိုင်ငံတွင် ထောင်စုနှစ်စိန်ခေါ်မှုကော်ပိုရေးရှင်းမှ ရန်ပုံငွေထောက်ပံ့ပေးထားသော ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်များ၏ ကျေးလက်ဒေသစနစ်တကျ မှတ်ပုံတင်ရေး စီမံချက်တွင် စီမံချက်၏ သက်ရောက်မှုကို မြှင့်တင်ပေးနိုင်သည့် ကျား-မရေးရာနှင့်မြေယာဆိုင်ရာ အရေးကြီးသော အသိပညာပေးခြင်း အပိုင်းများပါဝင်သည်။

- ➤ ရပ်ရွာလူထုများအတွင်း ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် အများ ပြည်သူပညာပေးအစီအစဉ်သည် အမျိုးသမီးများနှင့် အမျိုးသားများအတွက် တန်းတူညီမျှ ပါဝင်ခွင့်နှင့် အခွင့်အရေးများကို ရရှိစေသည်။ ပူးတွဲပိုင်ရှင်အားလုံး၏အမည်များကို မြေယာမှတ်ပုံတင်လက်မှတ်တွင် မှတ်ပုံတင်ထားသည်။
- ➤ စီမံကိန်းတွင် အားလုံးပူးပေါင်းပါဝင်ခွင့်ရှိသောနည်းစနစ်ကိုကျင့်သုံးခဲ့သည်။
  - ⇉ အောက်ခြေလူတန်းစားများသို့ရောက်ရှိရန် စီမံကိန်းအရ တာဝန်ပေးအပ်ထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများသည် စစ်တမ်းနှင့်စာရင်းကောက်ယူခြင်း လှုပ်ရှား ဆောင်ရွက်မှုများ ကို ဒေသခံ ရပ်ရွာလူထုများအား စတင်မိတ်ဆက် ဆောင်ရွက်ပေးခဲ့သည်။
  - ⇉ မြေလုပ်ပိုင်ခွင့်များကို ကောင်းစွာမှတ်တမ်းတင်ပြုစုထားပြီး ဒေသခံများအားရှင်းလင်းပြောကြား ခဲ့သည်။
  - ⇉ ဒေသခံများသည် ကွင်းဆင်းမြေပုံတိုင်းတာခြင်းများလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည်။
  - ⇉ ရွေးချယ်ထားသောရပ်ရွာလူထုကို ၎င်းတို့၏ မြေယာပဋိပက္ခမှုများကိုဖြေရှင်းရန် အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ သင်ကြားပေးခဲ့သည်။
- ➤ နောက်ဆက်တွဲ အများပြည်သူဆိုင်ရာသတင်းအချက်အလက်အစည်းအဝေးများမှ ထူးခြားသော ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသမီးများသည် ရပ်ရွာလူထုများအကြားတွင် စီမံကိန်း၏ အသိပညာပေးနှင့် ကျား-မ ရေးရာ အမြင်ဖွင့်ရေးဆောင်ရွက်မှုများတွင် ဦးဆောင်ခဲ့ပြီး ကျန်အမျိုးသမီးများနှင့် အမျိုးသားများမှ ပံ့ပိုးပေးခဲ့သည်။

ကျား-မရေးရာနှင့် မြေယာကဏ္ဍအပေါ်နက်ရှိုင်းစွာ တည်ရှိခဲ့သော သဘောထားအမြင်များကို ပြောင်းလဲပစ်ရန်အထူးပင် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် သီးခြား ကျား-မရေးရာ အသိအမြင်ပွင့်ရေး ကြိုးပမ်းအားထုတ်ခြင်းများကို စီစဉ်ရေးဆွဲ၍ ပိုမိုကျယ်ပြန့်သော ဆက်သွယ်ရေးနှင့် အသိပညာပေး ရေးဗျူဟာများထဲတွင် ပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထိရောက်သော ကျား-မရေးရာ အမြင်ဖွင့်ပညာပေးရေးအား အသက်အရွယ်၊ ဇာတ်အနိမ့်အမြင့်၊ ကိုးကွယ်သည့် ဘာသာ၊ လူမျိုးစုများနှင့် လူမှုအဆင့်အတန်းအားလုံးမှ အမျိုးသမီးနှင့် အမျိုးသား ထုနှစ်ရပ်စလုံး အတွက် ဦးတည်ဆောင်ရွက်ပေးသင့်သည်။ ကျား-မ ရေးရာအမြင်ဖွင့် ပညာပေး ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသမီးများအား သတင်းအချက်အလက်များပေးကာ၊ ချက်ကျလက်ကျ အခိုင်အမာ ပြောဆိုတတ်သည့် စွမ်းရည်လေ့ကျင့်ပေးခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားလာစေသည်။ သို့သော် အမျိုးသားများဘက်မှလည်း အမျိုးသမီးများ၏လိုအပ်ချက်များကိုညှိနှိုင်းနိုင်ရေးအတွက် နေရာပေးရန်လည်း အရေးကြီးပါသည်။ ထိုသို့အောင်မြင်မှုရရှိရန် အတွက် သက်ဆိုင်ရာလူမှု အသိုက်အဝန်းနှင့် ယဉ်ကျေးမှုဓလေ့များတွင် အမျိုးသား သို့မဟုတ် အမျိုးသမီးများသည် မည်သို့ ပြုမူနေထိုင်ရမည် ဟူသည့် သတ်မှတ်ချက်များနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေ ရှင်းနိုင်ရန်လိုအပ်နိုင်သည်။ (WOLREC, 2011)

ဆန်းစစ်ရန်
အချက်များ စာရင်း-၅.၁-
**မြေယာသတင်း အချက်အလက်ရရှိမှု တွင် ကျား-မသာတူညီမျှ ရှိရန် ပံ့ပိုးကူညီခြင်း။**

မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သော ကျား-မရေးရာ အမြင်ဖွင့်အသိပညာပေးခြင်းအား ပုံစံ အမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည် - အများပြည်သူနှင့် ရပ်ရွာလူထုအား အမျိုးသမီးများ၏ မြေယာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အသိပညာပေးအစီအစဉ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများအား ၎င်းတို့၏အခွင့်အရေးများကို အသိပညာပေးရန်အတွက် အခြေခံပညာရေးအစီအမံများ၊ ဥပဒေ ပညာ နားလည်ရေးနှင့် မြေယာလုပ်ပိုင်ခွင့်ကို ကာကွယ်ပေးသောလုပ်ရပ်များနှင့် အရင်းအမြစ် များအား အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ တွင် အမျိုးသမီးများနှင့် အမျိုးသမီးအုပ်စုများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို အားပေးသည့် အစီအစဉ်များ စသည်တို့ဖြစ်ပါသည်။ (FAO, 2000: 10) ။

ဇယားကွက် ၅.၃ တွင် ကောင်းမွန်သော နည်းစနစ် ဥပမာများကိုဖော်ပြထားပြီး ကျား-မရေးရာ အမြင်ဖွင့် ပညာပေးရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် ဆက်သွယ်ရေး ကိရိယာအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆန်းသစ်စွာအသုံးပြုနိုင်ရန် လိုကြောင်း အကြံပြုထားသည်။

- ✓ အမျိုးသမီးများအား မြေယာအမည်ပေါက်ပိုင်ဆိုင်ခြင်းနှင့် ဆက်နွှယ်နေသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ အကြောင်းကို ရှင်းပြရန်။
- ✓ မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဓိပ္ပါယ် အသုံးအနှုန်းများကို အမျိုးသမီးများနှင့်ဆွေးနွေးရန်။
- ✓ မြေယာကဏ္ဍစီမံချက်နှင့် ပြုပြင်ပြောင်းလဲရေးရလဒ်များကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုများ ခံစားရမည့် အမျိုးသမီးများအား ဆွေးနွေးတိုင်ပင် သဘောထားခံယူရန်။
- ✓ အမျိုးသမီးများ၊ မြေတိုင်းသူများနှင့် မြေယာကဏ္ဍနည်းပညာရှင်များ အကြား အပြန်အလှန်ဆက်သွယ်ရေးယန္တရားတစ်ခု ထားရှိရန်။
- ✓ ဒေသခံရပ်ရွာလူထုများနှင့် လုပ်ကိုင်ဆောင်ရွက်နေသောအဖွဲ့အစည်းများ တွင် အမျိုးသမီးမြေတိုင်းပညာရှင်များကို ထည့်သွင်းရန်။
- ✓ အဆင့်အသီးသီးရှိ မြေယာဌာန/အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုကိုထောက်ခံအားပေးရန်။

**သတိပြုရန်**

မြေယာကဏ္ဍ စီမံကိန်းများနှင့်ပြုပြင်ပြောင်းလဲမှုများအတွင်း မြေယာသတင်းအချက်အလက်များ ကျား-မတန်းတူ သုံးစွဲခွင့်ရရှိစေရန် အတွက် အမျိုးသမီးများ မြေယာသတင်းအချက်အလက်ရရှိရေးတွင် အတားအဆီးဖြစ်နေသည့် အရာများကို ဖယ်ရှားရန်လိုသည်။

ဇယားကွက်-၅.၃ - **ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးအား ထောက်ပံ့ပေးရန် ကျား-မ ရေးရာ အမြင်ဖွင့် ပညာပေးခြင်း။**

အရင်းအမြစ် - ILC, 2010c; ULA, 20101; World Bank/ FAO/IFAD, 2009a: 159-161

**ပါကစ္စတန်နိုင်ငံ** တွင် ၂၀၀၉-၂၀၁၀ခုနှစ်၌ အပြည်ပြည်ဆိုင်ရာမြေယာညွန့်ပေါင်းအဖွဲ့ (ILC) မှ ရန်ပုံငွေထောက်ပံ့ ပေးသောစီမံကိန်းသည် အစိုးရ၏ Sindh's မြေယာခွဲဝေပေးရေးအစီအစဉ် (LDP) အရ အမျိုးသမီးများမြေအသုံးပြုခွင့်ရရှိရေးအပေါ် သက်ရောက်မှုအား စောင့်ကြည့်လေ့လာခဲ့ပြီး မြေယာအငြင်းပွားမှုများတွင် ပါဝင်နေသောအမျိုးသမီးများအတွက် တရားဥပဒေဆိုင်ရာအကူအညီများ ပေးခဲ့သည်။ စီမံကိန်း၏ အရေးကြီးသော အပိုင်းမှာ မြေယာကဏ္ဍနှင့် ကျား-မရေးရာကိစ္စရပ်များ အကြောင်းကို မီဒီယာများ အကဲဆတ်မှုရှိစေရန် စည်းရုံးခြင်းဖြစ်ကာ မီဒီယာများက LDP အပေါ် ပိုမိုအာရုံစူးစိုက်လာခြင်းအားဖြင့် မြေယာခွဲဝေချထားပေးခြင်း၏ အားနည်းချို့ယွင်းချက်များကို ပြည်နယ်အစိုးရမှ သိရှိလာစေသည်။ မီဒီယာအား အမြင်ဖွင့်စည်းရုံးခြင်းလှုပ်ရှားမှုများတွင် LDP နှင့် ဆက်စပ် ကိစ္စရပ်များအကြောင်း သတင်းမီဒီယာများနှင့် ချိတ်ဆက်ပြောဆိုခြင်း၊ ခရိုင်များနှင့် မြေယာ လက်ခံရရှိသူများသို့ မီဒီယာများသွားရောက်သတင်းယူမှု၊ မီဒီယာမှထုတ်ဝေရန်ဆောင်းပါးများ၊ ဖြစ်ရပ်မှန်လေ့လာမှုများနှင့် အောင်မြင်မှုအဖြစ်အပျက်များ၏ ဗီဒီယိုများနှင့် မှတ်တမ်းများနှင့်အတူ LDP ကိစ္စများနှင့်ပတ်သက်၍ မီဒီယာများမှ လေ့လာမှုတစ်ခု ကိုစတင်ခြင်း စသည်တို့ပါဝင်သည်။

**ယူဂန္ဒာနိုင်ငံ** ရှိ မြေယာကဏ္ဍနှင့်ပတ်သက်၍ သာတူညီမျှရှိရေး လှုပ်ရှားမှု (LEMU) သည် မြေယာကဏ္ဍနှင့် ကျား-မရေးရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေသော ရပ်ရွာလူထုကို အမြင်ဖွင့်ပေးခြင်းနှင့် ပြည်သူများအား သတင်းအချက်အလက်များ ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ မိမိတို့၏ ဓလေ့ထုံးတမ်းမြေကို မှတ်ပုံတင်သင့်၊မသင့် ဆုံးဖြတ်ရမည့် မိသားစုများ၊ မြေအတင်းအကြပ် ဝယ်ယူမှုကို ရင်ဆိုင်နေရသော မိသားစုများအား အကြံပေးခြင်းများလည်း ပါဝင်သည်။ LEMU သည် ဓလေ့ထုံးတမ်းနှင့် ပြဋ္ဌာန်းဥပဒေပါ အမျိုးသမီးများ၏ မြေယာအခွင့်အရေးများ၊ မြေယာပဋိပက္ခများလျှော့ချရေးတွင် လူထုပါဝင်နိုင်သည့် အဆင့်များအကြောင်း သတင်းများပေးရန်၊ ကျား-မ ရေးရာ အမြင်ဖွင့်ပေးရန်နှင့် အခြေအတင်ဆွေးနွေးခြင်းတို့ကို လှုံ့ဆော်ပေးရန် အတွက် လက်ကမ်းစာစောင်များ၊ ရေဒီယိုမှ ဖုန်းအင်တာဗျူး နှင့် တစ်ဦးချင်းအား ဥပဒေအကြံပေးခြင်း နည်းလမ်းတို့ကို အသုံးပြုပါသည်။

**နီပေါနိုင်ငံ** တွင် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD) ၏ တောင်တန်းများမျက်နှာစာ သစ်တောများ နှင့် စားကျက်များဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုငါးစုမှဆယ်စု ပါဝင်သော အုပ်စုများအား သစ်တောမြေများ အသုံးပြုနိုင်ရန် ငှားရမ်းပေးသည်။ ကျေးလက်ဒေသရှိ အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆန်းသစ် တီထွင်ထားသော ကျား-မ အကဲဆတ်သည့် ဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ထိုစီမံကိန်းအရ ကျား-မအရေးဆောင်ရွက်သည့် အမျိုးသမီးသုံးဦး ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ကို ငှားရမ်းခဲ့သည်။ စီမံကိန်းအကြောင်းကို အမျိုးသမီး၊ အမျိုးသား အကျိုးခံစားခွင့်ရှိသူများအား အမြင်ဖွင့်ပေးရန်နှင့် အများအားဖြင့်အမျိုးသားဝန်ထမ်းများသာ ခန့်ထားလေ့ရှိသော စီမံကိန်းအကောင်အထည်ဖော်ရေးအေဂျင်စီများတွင် ကျား-မအရေးအဓိက ဆောင်ရွက်မည့် အမျိုးသမီးကိုယ်စားလှယ်များအား သင်တန်းပေးခြင်းနှင့်နည်းပြခြင်းတို့ ဆောင်ရွက်ရန် အမျိုးသမီးအထူးလေ့ကျင့်ရေးအဖွဲ့တစ်ဖွဲ့အား စုစည်းသင်တန်းပေးခဲ့သည်။ မဂ္ဂဇင်းနှစ်စောင်ကိုလည်း ထုတ်ဝေခဲ့ပြီး - တစ်စောင်မှာ ခရိုင်အဆင့်ရှိ ကျား-မရေးရာအလေးပေး ဆောင်ရွက် နေသူများအတွက်နှင့် အခြားတစ်စောင်မှာ အောက်ခြေအဆင့်ရှိ အမျိုးသမီးစွမ်းအားမြှင့်တင်ရေးအုပ်စုများအတွက် ဖြစ်ပါသည်။

၉-နှစ်တာ အကောင်အထည်ဖော်ပြီးနောက် ရရှိခဲ့သောအောင်မြင်မှုများတွင် အမျိုးသမီးများပါဝင်ခွင့်နှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများ ပိုမိုရရှိလာခြင်း - ငှားရမ်းခွင့်ရထားသည့် သစ်တောအဖွဲ့၏အစည်းအဝေးများသို့တက်ရောက်သူများ၏ ၂၅ ရာခိုင်နှုန်းမှာ အမျိုးသမီး များဖြစ်ခြင်း၊ အမျိုးသမီးသီးသန့် အဖွဲ့ ၇၄ ဖွဲ့နှင့် အမျိုးသမီးအုပ်စုခေါင်းဆောင် ၁၁၂ ဦးပါဝင်လာခြင်း၊ စီမံကိန်းတွင်ပါဝင်သော အမျိုးသမီးငယ်များ မိမိကိုယ်ကိုယုံကြည်မှု ပိုမိုမြင့်မားလာစေခြင်း၊ အမျိုးသမီးများအတွက် မြေယာအမည်ပေါက်ပိုင်ဆိုင်မှု မြင့်မားလာခြင်း၊ အမျိုးသားများက စိုက်ပျိုးမြေများကို ၎င်းတို့၏အမျိုးသမီးအမည်များနှင့်ထားပိုင်ခွင့်ကို ပိုမိုလက်ခံလာကြကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ခြင်း စသည်တို့ပါဝင်သည်။ ဤအုပ်စုများတွင် အနည်းဆုံး ၅ နှစ်ကြာပါဝင်ခဲ့ကြသည့် အမျိုးသမီးများက ယခုအခါ အိမ်ထောင်စုများ၏ဆုံးဖြတ်ချက်အားလုံးတွင် ၉၀ ရာခိုင်နှုန်းကို ပူးတွဲချမှတ်လာကြသည်ဟု တင်ပြခဲ့သည်။

ဆန်းစစ်ရန် အချက်များစာရင်း-၅.၂ - **ကျား-မ ရေးရာ အမြင် ဖွင့် ပညာပေးခြင်း။**

အရင်းအမြစ် - FAO, 2002c: 27

- ✓ အမျိုးသမီးနှင့်အမျိုးသားသားထု နှစ်ရပ်လုံး ၎င်းတို့ နက်နက်ရှိုင်းရှိုင်းလက်ခံထားသည့် တန်ဖိုးထားများနှင့် သဘောထားများကို ပြောင်းလဲနိုင်ရန် အမြင်ဖွင့်ပညာပေးရန်။
- ✓ ကျား-မနှင့် မြေယာပြဿနာများအပေါ် နိုင်ငံအဆင့်၊ ခရိုင်အဆင့်နှင့် ဒေသန္တရအဆင့်ခေါင်းဆောင်များ သိနားလည်းလာရေးအတွက် အမြင်ဖွင့် ပညာပေးရန်။
- ✓ မြေယာကဏ္ဍ စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲမှုများတွင် အမျိုးသမီးများ၏ ပါဝင်မှုကိုမြှင့်တင်ပေးရေးအတွက် စီမံကိန်း ဝန်ထမ်းများအားလုံးနှင့် ဒေသခံရပ်ရွာလူထုများအား သင့်တော်သည့် ကျား-မ ရေးရာ အမြင်ဖွင့် ပညာပေး သင်တန်းများပေးရန် ။
- ✓ ကျား-မရေးရာနှင့် မြေယာကိစ္စများအား ဘက်မလိုက်သည့် ဆွေးနွေးပွဲများ၌ ဆွေးနွေးတင်ပြသည့်အကျင့် မွေးမြူပေးရန်နှင့် ပြဿနာများကို ဖော်ထုတ်ဆွေးနွေး၍ ညှိနှိုင်းခြင်းနှင့်ပြဿနာဖြေရှင်းခြင်းတို့အတွက် ထိရောက်၍ ယဉ်ကျေးမှုအရ သင့်လျော်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်။
- ✓ မြေယာကဏ္ဍစီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲမှုများအားလုံးတွင် ကျား-မရေးရာ အမြင်ဖွင့် ပညာပေးခြင်း၊ အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတို့ (လေ့လာရေးခရီး စဉ်များအပါအဝင်) ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် အမျိုးသားများအတွက် တန်းတူညီမျှ အခွင့်အရေးများပေးရန်။
- ✓ မြေယာကဏ္ဍဆိုင်ရာကိစ္စရပ်များတွင် အရည်အချင်းပြည့်မီသော အမျိုးသမီးများအား ဦးဆောင်စေ၍ ဆုံးဖြတ်ချက်ချရမည့် နေရာများတွင် ခန့်ထားခြင်းကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန်။
- ✓ အစဉ်အလာအရ နေရာပေးမှုမရှိခြင်းအား အမျိုးသမီးများကိုယ်တိုင် စိန်ခေါ်ပြောင်းလဲလာနိုင်ရန်နှင့် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး လုပ်ငန်းစဉ်တွင်အပြည့်အဝပါဝင်နိုင်ရန်အတွက် စွမ်းရည်သစ်နှင့် အရင်းအမြစ်သစ်များ ပျိုးထောင်ပေးရေးအတွက် ကျား-မ ဆိုင်ရာ အထူးသင်တန်းပေးရန်။
- ✓ လူ့အသိုက်အဝန်းတစ်ရပ်တွင် ယဉ်ကျေးမှုအရ အမျိုးသား သို့မဟုတ် အမျိုးသမီးများ၏ သတ်မှတ်ထားသောအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကာ အမျိုးသမီးများမြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်လာရန် အမျိုးသားများက အခွင့်အရေး ပေးတတ်စေရေးအတွက် ကျား- မ ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အမျိုးသားများအား အထူးသင်တန်းပေးရန်။
- ✓ ရပ်ရွာ၊ ဒေသန္တရအစိုးရနှင့် နိုင်ငံတော်အဆင့်များတွင် ရေရှည်တည်တံ့သော အပြောင်းအလဲဖော်ဆောင်နိုင်ရေးအတွက် မီဒီယာအား အမျိုးသမီးနှင့် မြေယာကဏ္ဍကို စိတ်ဝင်စားလာစေရေး ဆောင်ရွက်ရန် ။

**သတိပြုရန်**

ကျား-မသာတူညီမျှရှိ၍ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးအတွက် ရေရှည်ပံ့ပိုးပေးနိုင်မည့် စနစ်တည်ဆောက်နိုင်ရန် ပံ့ပိုးပေးသည့် အောင်မြင်သော ဆက်သွယ်ရေးနည်းလမ်းများတွင် ကျား-မရေးရာ အမြင်ဖွင့် ပညာပေးခြင်းသည် လိုအပ်သော်လည်း ထိုမျှနှင့် မလုံလောက်ပါ။ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်း/စနစ်များ ကျား-မ လိုအပ်ချက်များကို ပင်မကိုင်တွယ်လာရန်နှင့် ကျား-မ သာတူညီမျှမှုကို မြှင့်တင်ဆောင်ရွက်ရန် ပညာပေးရေးနှင့် အမြင်ဖွင့်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။

စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းသည် အစိုးရနှင့်အခြားဆုံးဖြတ်ချက်ချသည့် အဖွဲ့များရှိ မူဝါဒချမှတ်သူများအတွက် မကြာခဏ ဦးတည် ဆောင်ရွက်ပေးနေသော်လည်း ပိုမိုကျယ်ပြန့်သည့်ပရိတ်သတ်ဖြစ်သည့် အဆင့်အသီးသီးမှ ဆောင်ရွက်နေကြသူများနှင့် အကျိုးခံစားခွင့်ရှိသူ အုပ်စုများအကြား အသိပညာပေးခြင်းအားဖြင့်လည်း ပြည်သူလူထုက အပြောင်းအလဲများနှင့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်ရန် ဖိအားများ ပေးလာကြမည်ဖြစ်ရာ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်သည်။

**ဆန်းစစ်ရန် အချက်များစာရင်း**

**-၅.၃ -**

**စည်းရုံးလှုပ်ဆော်ရေး အတွက် ဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုခြင်း**

အရင်းအမြစ် - Sabine Palla ၏ "အာဖရိကတွင် လုပ်ရပ်အခြေပြု သုတေသနမှ တဆင့် ဆက်သွယ်ရေးနှင့် စည်းရုံးရေး နည်းစနစ်များ ဖန်တီးခြင်း" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲ၊ ILC, 2011

- ✓ ဒေသတွင်း နှင့် / သို့မဟုတ် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လုပ်ကိုင်နေသော အရပ်ဖက်လူမှု လူထုအခြေပြုအဖွဲ့အစည်းများသည် ဒေသခံလူထုနှင့် အစိုးရထုကြားကွာဟချက်များကို ကျဉ်းမြောင်းစေနိုင်သဖြင့် (ဘာသာ စကား ကွာဟချက် ကဲ့သို့ သော) ၎င်းတို့အား စွမ်းရည်မြှင့်တင်ပေးရေးနှင့်ငွေကြေးအထောက်အပံ့ပေးရန်။
- ✓ ကျား၊ မတန်းတူညီမျှမှု၏ အကျိုးကျေးဇူးများသည် အားလုံးအတွက်ဖြစ်ကြောင်း အလေးထားစည်းရုံးကာ ကျား-မသာတူညီမျှ ပေးသော မြေယာအုပ်ချုပ်မှုအတွက် ဆက်သွယ်ရေးနည်းဗျူဟာများများတွင် လူထုတစ်ရပ်လုံးပါဝင်စေပါ။
- ✓ အမျိုးသမီးအခွင့်အရေးများကိုသီးခြားခွဲထား၍ တွန်းအားပေးမည့်အစားကျား-မဆက်ဆံရေးနှင့် ပတ်သက်၍ နက်ရှိုင်းစွာအမြစ်တွယ်နေသောသဘောထားများအပေါ် တိုက်ရိုက်ထိပ်တိုက်တွေ့ခြင်းအား ရှောင်ရှားရန် အတွက် ရပ်ရွာအတွင်း အပယ်ခံအဖြစ်ဆုံးနှင့် ထိခိုက်ခံစားရအလွယ်ဆုံး ပြည်သူများအား ပံ့ပိုးပေးရန် အားပေးဆောင်ရွက်ပါ။
- ✓ ဆက်သွယ်ရေးဆိုင်ရာထုတ်ကုန်များနှင့်ကိရိယာများအားလုံးသည် ကျား၊ မတန်းသာတူညီမျှမှုကို အလေးထားကြောင်း သေချာအောင်ဆောင်ရွက်ရန် ။ အမျိုးသားနှင့်အမျိုးသမီးများအား ၎င်းတို့လက်လှမ်းမီကာ စိတ်ဝင်စားသည့် မီဒီယာအမျိုးအစားကိုလိုက်၍ ထုတ်ကုန်နှင့်ကိရိယာအမျိုးမျိုးကို အသုံးပြု၍ ဆက်သွယ်ရန် စဉ်းစားပါ။
- ✓ ကျေးလက်ဒေသရှိ စာမတတ်သည့် အမျိုးသမီးများ၏အခက်အခဲများကိုဖြေရှင်းရန်အတွက် cell ဆဲလ်ဖုန်း အပါအဝင် ၎င်းတို့လက်လှမ်းမီသည့် အိုင်တီ နည်းပညာများကို အသုံးပြုရန် အထူးအလေးထားဆောင်ရွက်ရန်။
- ✓ အမျိုးသမီးများနှင့်ချိတ်ဆက်၍ လူထုရှေ့တွင် မိမိတို့အကျိုးအတွက်ကိုယ်တိုင် ပြောဆိုနိုင်ရန်အတွက် ယုံကြည်မှုတည်ဆောက်ပေးရန်။
- ✓ အစည်းအဝေးများတွင် အမျိုးသမီးများတက်ရောက်စေနိုင်ရန်အတွက် ၎င်းတို့၏ အလုပ်ပမာဏနှင့် အချိန်ရရှိနိုင်မှုကို ထည့်သွင်း စဉ်းစားပါ။

**သတိပြုရန်**

ဆက်သွယ်ရေးသည်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက်အရေးကြီးသည်။ ကောင်းမွန်စွာစီစဉ်၍ အကောင်အထည်ဖော်ထားသည့် ဆက်သွယ်ရေး နည်းဗျူဟာများဖြင့် သင်တန်းတစ်ရပ်ကို ရှေ့သို့တိုးတက်ရန် ဆောင်ရွက်ပေးနိုင်ပြီး ဆက်သွယ်ရေးညံ့ဖျင်းပါက သင်တန်းပျက်နိုင်ပါသည်။

# ဥပဒေပညာ သိနားလည်ခြင်း

အမျိုးသမီးနှင့် အမျိုးသားထုနှစ်ရပ်လုံးသည် ဥပဒေအရ ဖြစ်နိုင်ချေရှိသည့်အရာများနှင့် မြေယာလုပ်ပိုင်ခွင့်ကို မည်သို့မှတ်တမ်းတင်ရမည်၊ မြေယာကိစ္စရပ်များတွင်မည်သို့ပါဝင်ရမည်နှင့် မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေး လုပ်ငန်းစဉ်များနှင့် ဌာန/အဖွဲ့အစည်းများတွင် မည်သို့ပါဝင်ရမည်ကို သိရှိနိုင်စေရန် ကျား-မသာတူညီမျှ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေပညာများ သိနားလည်ရန် လိုအပ်သည်။ ၎င်းတို့သည် - မြေယာပြဿနာများ၏ရှုပ်ထွေးမှု၊ ဥပဒေကန့်သတ်ချက်များနှင့် မြေယာစီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာန/ အဖွဲ့အစည်း များ၏ အကောင်အထည်ဖော်နိုင်စွမ်းရည်များနှင့် တရားဝင် နှင့် အလွတ်သဘော ရွေးချယ်မှုများ၊ ၎င်းတို့၏ မြေယာတောင်းဆိုမှုများအတွက် အသုံးပြုနိုင်မည့် ယန္တရားများနှင့်ဥပဒေရေးရာနယ်ပယ်များကိုလည်း နားလည်ရမည်။ ဒေသဆိုင်ရာ အကြီးအကဲများ၊ တရားစီရင်ရေးအာဏာပိုင်များနှင့် မြေယာကဏ္ဍ စီမံခန့်ခွဲသူများနှင့် နည်း

ပညာရှင်များကဲ့သို့သော မြေယာဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် မြေယာပိုင်ဆိုင်မှု အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအား ဦးဆောင်လည်ပတ်နေသူများသည်လည်း ဥပဒေနှင့်ယင်း၏သက်ရောက်မှုများကိုနားလည်ရမည်ဖြစ်သည်။ (FAO,2011a:18–19;WorldBank/FAO/IFAD,2009a:144).

အချို့အမျိုးသမီးများသည် မိမိတို့တွင် အခွင့်အရေးများရှိကြောင်းသိလျက်နှင့်ပင် ဥပဒေပြဌာန်းချက်ပါ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများကို စွန့်လွှတ်ရန် အကြောင်းဖန်စေသည့် ကာလကြာရှည်စွာ တည်ရှိနေသော ဓလေ့ထုံးတမ်းအရ ခွဲခြားဆက်ဆံခံရမှုများကိုလည်း ဆက်သွယ်ရေးနည်းလမ်းများနှင့် ဥပဒေ ဗဟုသုတ တိုးပွားရန်ပံ့ပိုးပေးခြင်းနည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ပါသည်။

ကိုလံဘီယာနိုင်ငံတွင် အသုံးပြုလျက်ရှိသော အားလုံးပူးပေါင်းပါဝင်ခွင့်ရသည့်နည်းလမ်းနှင့် ကွန်ဂိုအရှေ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အလွန်ထိခိုက်လွယ်ပြီး အများအားဖြင့် စာမတတ်သူဒေသခံ အသိုင်းအဝိုင်းများအတွက် အသုံးပြုသော အလွယ်တကူ ကူးယူနိုင်သောသီချင်းများ၊ အကများ၊ ပုံများမှာ ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး ပေါ်ပေါက်စေရန်အတွက် ဥပဒေ သိနားလည်ရန် အထောက်အကူပြုနိုင်မည့် ဆက်သွယ်ရေး နည်းစနစ်ကောင်းများဖြစ်ပြီး ၎င်းတို့ကို ဇယားကွက်-၅.၄ တွင် ရှင်းထားပါသည်။

ဇယားကွက်-၅.၄ -
**ဥပဒေရေးရာ သိနားလည်ရန် ပံ့ပိုးပေးခြင်း။**

အရင်းအမြစ် - ILC, 2010a; 2010b.

**ကိုလံဘီယာနိုင်ငံ** တွင် ၂၀၁၀ ခုနှစ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်း Centro de Investigación y Educación Popular မှ ပြုလုပ်သော ဥပဒေရေးရာ အသိပညာတတ်မြောက်မှု စီမံကိန်းသည် ကျေးလက်အဖွဲ့အစည်းများမှ အမျိုးသမီး ၃၀ ဦးတို့ အား မြေယာအခွင့်အရေးများနှင့် ၎င်းတို့အား တောင်းဆိုလျှောက်ထားရေးလုပ်ငန်းစဥ်များကို ရပ်ရွာလူထုအကြား ပိုမိုနားလည်လာစေရန်အတွက် လေ့ကျင့်ပေးခဲ့သည်။ အဆိုပါ အားလုံးပူးပေါင်းပါဝင်ခွင့်ရသည့် နည်းလမ်းများတွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

- အားလုံး ပူးပေါင်းပါဝင်ခွင့်ရရှိသော သုတေသနနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမှသည် ကိုလံဘီယာနိုင်ငံတွင် မြေယာရရှိရေးအတွက် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသောစိန်ခေါ်မှုများနှင့်စပ်လျဥ်း၍ စာတမ်းတစ်စောင် ထွက်ပေါ်လာစေသည်။
- ကျေးရွာ ၅ ရွာတွင် တစ်ရွာချင်းစီ၌ သင်တန်း ၃ ခု ဖွင့်လှစ်ပေးသည့်အပြင် အမျိုးသမီး ၃၀ ဦး လုံး၏ လေ့လာသင်ယူမှုနှင့် အတွေ့အကြုံများကိုမျှဝေရန်အတွက် နိဂုံးချုပ်အစည်းအဝေးကိုကျင်းပခြင်း၊
- အမျိုးသမီးများမြေယာအခွင့်အရေး ရရှိရေးနှင့် စပ်လျဥ်းသည့် သတင်းလွှာတစ်စောင်နှင့် ပိုစတာများ အပါအဝင် ဒေသန္တရ ရေဒီယိုလိုင်း သုံးလိုင်းတွင် ထုတ်လွှင့်သော ရေဒီယိုအစီအစဥ်တစ်ခု အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ စာမူများရေးသားထုတ်လုပ်ခြင်း၊
- အမျိုးသမီးများ၏ မြေယာလုပ်ပိုင်ခွင့်ကာကွယ်ရန်နှင့် တောင်းဆိုရန်၊ သင်တန်းသူ အမျိုးသမီး ၃၀ တို့မှ ကြေငြာစာတမ်းအား အတည်ပြုရန်နှင့် စာတမ်းတစ်ခုအား ပြုစု၊ ဖြန့်ဝေရန်အတွက် ဥပဒေဆိုင်ရာ မဟာဗျူဟာ မူကြမ်းကိုရေးဆွဲခြင်းနှင့်အတည်ပြုခြင်း၊

ထိုဆောင်ရွက်ချက်များကြောင့် သင်တန်းသူအမျိုးသမီးများသည် ထုတ်ဖော်ပြောဆိုခြင်း နှင့် ၎င်းတို့၏အခွင့်အရေးများ တောင်းဆိုခြင်း များပြုလုပ်ရာတွင် သိသိသာသာယုံကြည်ချက်များရှိလာခြင်းနှင့် ဘုံရည်မှန်းချက်အောင်မြင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် စေ့ဆော်မှုများ ရှိလာစေပါသည်။

**ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်** ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် Union pour l'Emancipation de la Femme Autochtone (UEFA) သည် အပြည်ပြည်ဆိုင်ရာမြေယာညွန့်ပေါင်းအဖွဲ့ (ILC) ၏ ရန်ပုံငွေဖြင့် ဥပဒေရေးရာ အသိပညာ မြင့်မားရေးစည်းရုံးလှုံ့ဆော်မှုကို Pygmy လူမျိုးရပ်ရွာများရှိ သည့် မြောက်နှင့်တောင် ကီဗူ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဥ်များတွင်

↓

- အသိပညာပေးသူ (အမြင်ဖွင့်သင်တန်း) (၁၀) ဦး အတွက် ဆက်သွယ်ရေးစွမ်းရည်နှင့် နည်းပညာများ၊ မြေယာနှင့်သစ်တောဥပဒေ၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့်ကျား-မ နှင့်ဖွံ့ဖြိုးရေး ဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း၊
- သီချင်းများဆိုလေ့ရှိပြီး ဖန်တီးမှုကြွယ်ဝသော်လည်း တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအခြေခံရှိ၍ အများစုမှာ စာမတတ်မြောက်ကြသော ရပ်ရွာလူထုအတွက် ဒေသသုံးဘာသာစကားဖြင့်ရေးသားထားသော ကာတွန်းစာအုပ်ငယ်တစ်အုပ် နှင့် သီချင်းတစ်ပုဒ် အပါအဝင် ဥပဒေပညာပေးပစ္စည်းများ ထုတ်ဝေကာ အမျိုးသမီးများ၏ အခွင့်အရေးနှင့် အဆင့်အတန်းကို အသိအမှတ်ပြုရန် ပညာပေးခြင်း၊
- လူ ဦး ရေ ၉,၀၀၀ နီးပါးနှင့် ဒေသန္တရအကြီးအကဲ ၂၀ ဦး ခန့်နှင့် UEFA ၏ ခန့်မှန်းချက်အရ ဒေသခံ Pygmy လူဦးရေ ၏ ၁၅ ရာနှုန်းထံ ရောက်ရှိ၊ ဆောင်ရွက်သည့် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများ၊
- စီမံကိန်းဆောင်ရွက်သည့်ရပ်ရွာများမှ ကိုယ်စားလှယ်များက အနာဂတ်လုပ်ငန်းအတွက် အခြေခံအဖြစ်ပြင်ဆင်ရေးသားသည့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးဆိုင်ရာ စာချွန်လွှာတစ်ရပ်ကို အသုံးပြုလျက် ဒေသန္တရခေါင်းဆောင်များအား စည်းရုံးလှုံ့ဆော်ခြင်း။ စသည်တို့ ပါဝင်ပါသည်။

ဤစည်းရုံးလှုံ့ဆော်ရေးအားဖြင့် Pygmy အသိုင်းအဝိုင်းများအကြား မြေယာအခွင့်အရေးများနှင့် ပတ်သက်၍ ဒေသခံများအား ပညာပေးနိုင်ခဲ့ပြီး Pygmy အမျိုးသမီးများ၏မြေယာအခွင့်အရေးကို ဒေသခံအကြီးအကဲများသိရှိမှု တိုးမြင့်လာစေခဲ့သည်။ ရိုးရာသီချင်းများ၊ ကခုန်ခြင်းနှင့် ရုပ်ပုံနှင့် အမြင်အာရုံ ကိရိယာများကို အသုံးပြုခြင်းသည် ဤကဲ့သို့ ထိခိုက်နစ်နာလွယ်ပြီး ဖယ်ကျဉ်ခံထားရသူများအကြား ဥပဒေပညာ သိနားလည်မှုကို တိုးမြှင့်ရာတွင် အထူးတန်ဖိုးရှိပြီး ကောင်းမွန်သော အလေ့အကျင့်ပုံစံတစ်ခုဖြစ်သည်။

## ဆက်သွယ်ရေးနှင့် အသိပညာပေး မဟာဗျူဟာများနှင့်နည်းစနစ်များ

ဆက်သွယ်ရေးနှင့် အသိပညာပေး မဟာဗျူဟာများနှင့် နည်းစနစ်များကို ရေးဆွဲရာတွင် အမျိုးသမီးနှင့် အမျိုးသားများသည် ကမ္ဘာကြီးနှင့် ချိတ်ဆက်၊ ဆက်သွယ်ပုံ၊ နိုင်ငံ၊ စီမံကိန်း နှင့်/သို့မဟုတ် ပြုပြင်ပြောင်းလဲမှုများတွင် သတင်းအချက်အလက်များကို ရယူ၊ အသုံးချပုံ စသည့် မတူညီသော နည်းလမ်းများကို ဖော်ထုတ်လေ့လာရန်အရေးကြီးသည်။

ဆန်းစစ်ရန် အချက်များစာရင်း-၅.၄ - **ဆက်သွယ်ရေးနှင့် အသိပညာပေး မဟာဗျူဟာများနှင့် နည်းစနစ်များကို ရေးဆွဲပြုစုခြင်း-**

- ✓ အမျိုးသမီးများနှင့်အမျိုးသားများသည်ယေဘုယျအားဖြင့်သတင်းအချက်အလက်များကိုမည်သည့် နေရာမှ ရရှိကြသလဲ။
  - ဥပမာ - ကျောင်းဆရာ၊ ဆရာမများသည် အမျိုးသမီးများအတွက် အရေးကြီးသော သတင်းအချက်အလက်အရင်းအမြစ်များ ဖြစ်လေ့ရှိသော်လည်း အမျိုးသားများ အတွက်မူ ထိုသို့မဟုတ်ပါ။
- ✓ အမျိုးသမီးများထံရောက်ရှိရန် အကောင်းဆုံးမီဒီယာသည် ဘာဖြစ်မလဲ။
- ✓ မြေယာလုပ်ပိုင်ခွင့်များက အမျိုးသမီး/အမျိုးသား တစ်ဦးချင်းစီအတွက် လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ မည်သို့ သက်ရောက်မှုရှိပါသလဲ။ မြေယာလုပ်ပိုင်ခွင့် ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများက အမျိုးသမီးများနှင့် အမျိုးသားများအတွက် မည်သို့ သက်ရောက်မှုရှိပါသလဲ။
- ✓ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် မတူညီသောသူအသီးသီးတို့သည် မည်သို့ပါဝင်၍ မည်သည့်အချိန်တွင် ပါဝင်ပါသလဲ။ ၎င်းတို့တွင် ရှိပြီးသား ဗဟုသုတ မည်မျှအဆင့် ရှိမည်လဲ။
- ✓ မြေယာကဏ္ဍစီမံကိန်းများ (သို့) ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်နှင့် ပတ်သက်၍ အမျိုးသမီးများနှင့် အမျိုးသားများအား မည်သည့်သတင်း စကားများပေးသင့်ပါလဲ။ အဆိုပါသတင်းပေးပို့ချက်များကိုမည်သည့် ပုံစံဖြင့် ဖန်တီးပေးပို့သင့်သလဲ။

**သတိပြုရန်**

ဆက်သွယ်ရေး လှုပ်ရှားမှု လုပ်ငန်းစဉ်ရေးဆွဲမှုအစောပိုင်းအဆင့်တွင် ထိုမေးခွန်းများကို အဖြေမရှာပါက ဆက်သွယ်ရေးနှင့် အသိပညာပေးရေး ကြိုးပမ်းမှုများသည် လုံလောက်သည့် ထိရောက်မှုမျိုးမရရှိနိုင်သည့် အခြေအနေမျိုး ဖြစ်သွားနိုင်ပါသည်။

ဆက်သွယ်ရေးလုပ်ငန်းဆောင်ချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ယုံကြည်မှုတန်ဖိုးများနှင့် ခံယူချက်သဘောထားများ ရေရှည်တွင် ပြောင်းလဲမှုရှိခြင်းကဲ့သို့ မဟာဗျူဟာဆိုင်ရာအချက်များ၊ မတူညီသော ပရိသတ်များအတွက် နည်းလမ်းများ၊ အသုံးပြုသည့် ကိရိယာများနှင့် သတင်းစကားများ စိစစ်ရွေးချယ်ခြင်းကဲ့သို့ လုပ်ပုံလုပ်နည်းဆိုင်ရာ အချက်များ၊ ဤလုပ်ရှားမှုတွင် ပါဝင်မြှင့်တင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ သို့မဟုတ် စနစ်များတွင် ကျား-မသာတူညီမျှရှိရေးကဲ့သို့သော အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ထည့်သွင်းစားကိုင်တွယ်ရပါမည်။ (FAO-Dimitra, 2011b)

ပုံ-၅.၁ တွင် ကျား-မသာတူညီမျှ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ရေးကို ထောက်ပံ့ပေးနိုင်မည့် ဆက်သွယ်ရေးနှင့် အသိပညာပေး မဟာဗျူဟာများနှင့် နည်းစနစ်များ ကိုရေးဆွဲသည့်အဆင့်များအား ဖော်ပြထားသည်။




ပုံ-၅.၁ - **ဆက်သွယ်ရေးနှင့် အသိပညာပေးရေး မဟာဗျူဟာ ရေးဆွဲခြင်း**

## ထိပ်ဆုံးအဆင့်မှ စတင်ခြင်း

အောင်မြင်သော ဆက်သွယ်ရေးနှင့်အသိပညာပေးလုပ်ငန်းဖြစ်ရန်မှာ ဆုံးဖြတ်ချက်နှင့် မူဝါဒများချမှတ်ရသည့် ထိပ်တန်းအဆင့်ရှိသော ပုဂ္ဂိုလ်များ၏ ပံ့ပိုးမှုနှင့် ကတိကဝတ်တို့ အပေါ်တွင်မူတည်သည်။ ထို့ကြောင့် မည်သည့်ဆက်သွယ်ရေးနည်းဗျူဟာမဆို စတင်ရာတွင် အစိုးရအရာရှိများ၊ မြေယာကဏ္ဍစီမံခန့်ခွဲသူများနှင့် နည်းပညာကျွမ်းကျင်သူများအား အောက်ပါအချက်များတွင် အမြင်

ဖွင့်ပေး၍ လေ့ကျင့်သင်ကြားပေးခြင်းတို့ဖြင့် စတင်ဆောင်ရွက်သင့်သည်။

- ကျား၊မရေးရာကိစ္စများသည် မည်သည့်အတွက်ကြောင့် အရေးကြီးပုံ၊
- မြေယာကဏ္ဍ စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲမှု တစ်ခုချင်းစီသည် ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးတို့ကို မည်ကဲ့သို့သက်ရောက်နိုင်ပုံ၊
- မြေယာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ အပါအဝင် မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များ နှင့် စနစ်/ အဖွဲ့အစည်းများအားလုံး၊ စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်မှု ဆောင်ရွက်ချက်များအားလုံးတွင် အမျိုးသမီးနှင့် အမျိုးသားထုနှစ်ရပ်လုံး ပါဝင်စေရေးအပါအဝင် ကျား-မ သာတူညီမျှ မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး၏ အကျိုးကျေးဇူးများ၊
- ကျား-မသာတူညီမျှမှုကို မြှင့်တင်ရန်အတွက် အကောင်းဆုံးနည်းလမ်းများ။

ဤပထမအဆင့်တွင် ဆက်သွယ်ရေးနှင့်အသိပညာပေးလုပ်ငန်းအခြေအနေနှင့် ရည်ရွယ်ချက်တို့အား ရှင်းလင်းစွာ နားလည်ထားရန် လိုအပ်သည်။ အပိုင်း ၁ တွင် ဖော်ပြထားသော မူဝါဒချမှတ်ခြင်း မူဘောင်အရ ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်နေကြသူများ မဟာမိတ် အဖွဲ့ တည်ထောင်ကာ ပြောင်းလဲမှုအတွက်တာဝန်ယူခြင်း၊ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် ကျား-မသာတူညီမျှမှုကို မြှင့်တင်ရန်နှင့် ဆက်သွယ်ရေးနှင့် အသိပညာမြှင့်တင်ရေး မဟာဗျူဟာတစ်ရပ်လုံးကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဦးဆောင်ရန်အတွက် ကိုယ်စားပြုဆောင်ရွက်ပေးမည့် ချန်ပီယံများနှင့် ရှေ့ပြေးဆောင်ရွက်သူကို ဖော်ထုတ်သတ်မှတ်ပေးခြင်းဖြင့် ဆက်သွယ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေနိုင်ပါသည်။

## အစီစဉ်တကျနှင့်အချိန်ကိုက်ဆောင်ရွက်ခြင်း

လုပ်ငန်းစဉ်အစတွင် အများပြည်သူအားစောစီးစွာ သတင်းအချက်အလက်ပေးခြင်းသည် မှားယွင်းသော ယူဆချက်များကိုပြင်ဆင်ရန်နှင့် ရှုပ်ထွေးမှုများကို ရှင်းလင်းသွားစေရန် အထောက်အကူပြုနိုင်ပါသည်။ သို့ရာတွင် မြေယာအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှု အားနည်းနေခြင်း သို့မဟုတ် အကျင့်ပျက်ခြစားခြင်းများ ရှိပါက ဖြန့်ဝေသည့် သတင်းအချက်အလက်များသည် အကြမ်းဖက်မှုနှင့် လူမျိုးရေး စိတ်ဝမ်းကွဲမှုများကို ဖြစ်ပေါ်စေနိုင်သည်။ မြေယာနှင့် သယံဇာတဆိုင်ရာ ကိစ္စရပ်များကြောင့် ပေါ်ပေါက်ရသည့် ပဋိပက္ခများနှင့် ပဋိပက္ခလွန်အခြေအနေများတွင် ဤအချက်မှာ ကြုံတွေ့ရနိုင်သည့် အန္တရာယ်အလားအလာ ဖြစ်ပါသည်။

ဤ မဟာဗျူဟာရေးဆွဲခြင်းလုပ်ငန်းစဉ်၏ ဒုတိယအဆင့်တွင် ဆက်သွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများကို အကောင်အထည် ဖော်နိုင်ရန်အတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့ကို စဉ်းစားရန်လိုအပ်သည်။

## ဦးတည် ပရိတ်သတ်များအား သတ်မှတ်၍ ဆက်သွယ်ခြင်း

ဆက်သွယ်ရေးမဟာဗျူဟာတစ်ရပ်လုံးအတွင်း ပရိတ်သတ်အမျိုးမျိုးအတွက် သတင်းအချက်အလက်အမျိုးမျိုးကို ဖန်တီးရန် လိုအပ်သည်။ ထို့ကြောင့် တူညီသော သတင်းအချက်အလက်များကို လူအုပ်စုအမျိုးမျိုးတို့ စိတ်ဝင်စားမည့် ၎င်းတို့နှင့် ကိုက်ညီသော နည်းလမ်းအမျိုးမျိုးဖြင့် ထည့်သွင်း တင်ပြရန်လိုအပ်သည်။

ဦးတည်ပရိသတ်များ၊ ကျား-မနှစ်ရပ်လုံး၏ လက်ရှိဗဟုသုတနှင့် အသိပညာရှိမှုအဆင့်နှင့် ယေဘုယျအားဖြင့် သက်ဆိုင်ရာ မြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာ ကိစ္စရပ်များကို အကဲဖြတ်ဆန်းစစ်ရန် အရေးကြီးပါသည်။ ဦးတည်ပရိတ်သတ်သည် ကျား-မ ကိစ္စရပ်များကိုဆွေးနွေးရန် ပွင့်လင်းမှု ရှိ-မရှိ၊ အသင့်တော်ဆုံး ဆက်သွယ်ရေးဆောင်ရွက်ချက်များနှင့် သတင်းပေးပို့ချက်များအမျိုးအစားများ၊ ဆောင်ရွက်မည့် အချိန်အတိုင်းအတာ စသည်တို့ကို သတ်မှတ်မြေပုံထုတ်ခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဦးတည်ပရိသတ်များအား ဆန်းစစ်မြေပုံထုတ်ခြင်း ဆက်သွယ်ရေးအတွက် အသုံးဝင်ဆုံးဖြစ်သော လမ်းကြောင်းများနှင့် တည်နေရာများ၊ အခြား အဖွဲ့အစည်းများနှင့် စနစ်များက ဆောင်ရွက်နေသည့် ကျား-မ သာတူညီမျှမှုနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ဆက်သွယ်ရေးနှင့် အသိပညာပေးရေး ဆောင်ရွက်ချက်များနှင့် ထပ်မံအဆင့်မြှင့်တည်ဆောက်နိုင်သည့် လက်ရှိ အသုံးပြုဆဲနည်းလမ်းများ စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားနိုင်သည်။

ဦးတည်ပရိသတ်ကို ဖော်ထုတ်သတ်မှတ်ရာ၌ ကျား-မရေးရာနှင့် မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်ရေး အသိပညာပေးရေးအတွက် မည်သူ/မည်သည့်အရာက လုပ်ပိုင်ခွင့်ရှိသည်ဆိုသည်ကို လေ့လာ၍ ထိုပုဂ္ဂိုလ်များနှင့် စနစ်/အဖွဲ့အစည်းများကို ပရိသတ်အတွင်း ထည့်သွင်းခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေသူများအဖြစ် ပါဝင်စေခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

## သတင်းစကားများအား ဖန်တီး၊ ပုံစံထုတ်ခြင်း

ဖြန့်ဝေမည့် သတင်းအချက်အလက်များကို ဦးတည်ပရိသတ်/သတင်းပေးပို့ချက်တွင် ပါဝင်သည့် အချက်အလက်များ၊ နှင့် ယင်းတို့ကို မည်ကဲ့သို့ မည်သူက ဖြန့်ဝေမည်နှင့် နိုင်ငံနှင့် စီမံကိန်း အကြောင်းအရာများကိုပါ ထည့်သွင်းစဉ်းစားပြီး ဂရုတစိုက်ရေးသား၊ ပုံစံချမှတ်ရန် လိုအပ်သည် ။

လူအများသည် အကြောင်းအရာများကိုပြောပြရာ၌ ရင်းတွင်းဖြစ်ခံစားချက်ရှိပါက ထို အကြောင်းအရာများသည်ပိုမိုအားကောင်း သောကြောင့် အကြောင်းအရာများကို တည်ဆောက်ရာတွင် အားလုံးပါဝင်ခွင့်ရရှိရန် အရေးကြီးသည်။ ထို့အပြင် နည်းပရိယာယ် ကြွယ်ဝရန်လည်း အရေးကြီးပါသည် - အပြောင်းအလဲကို အပြုသဘောဆောင်သည့် ဖြစ်စဉ်တစ်ရပ်အဖြစ်တင်ပြခြင်းသည် ရပ်ရွာတစ်ခုလုံး အတွက်အကျိုးရှိစေပြီး လက်ရှိအာဏာရှိသူများ အာဏာလက်လွတ်ဆုံးရှုံးရစေနိုင်သည့် အလားအလာများအဖြစ် တင်ပြခြင်းထက် ပိုမိုအောင်မြင်နိုင်ဖွယ်ရှိသည်။ သို့ဖြစ်ရာ သတင်းပေးပို့ချက်များ၌ မြေယာလုပ်ပိုင်ခွင့်အုပ်ချုပ်ရေးတွင် လက်ရှိဖြစ်ပေါ်နေသည့် ကျား-မ သာတူညီမျှ မရှိသော ပြဿနာများကို ထည့်သွင်းစဉ်းစားကာ လေ့လာ ဆန်းစစ်မှုပြုလုပ်၍ ဇာတ်

အိမ်ဖွဲ့ရန် လိုအပ်သည်။

အသေးစိတ်အချက်လေးများသည် သတင်းပေးပို့ချက်များအား အဓိပ္ပာယ်ကောက်ယူပုံကို သိသိသာသာ ပြောင်းလဲစေနိုင်သည်။ ဥပမာအားဖြင့်၊ အမျိုးသားနှင့်အမျိုးသမီးနှစ်ဦး ၎င်းတို့၏မြေယာ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သည်ကို ပုံဖော်ထားသည့် ကာတွန်းရုပ်ပုံတစ်ခုတွင် အမျိုးသား ကလက်မှတ်ထိုးနေစဉ် အမျိုးသမီးက ဘေးတွင်ပြုံး၍ရပ်နေသည်ဟု ပြသည့်ပုံသည် အမျိုးသမီးက ပုံစံတွင် လက်မှတ်ထိုးနေစဉ် အမျိုးသားက ပြုံး၍ ရပ်နေသည့်ပုံလောက် ကျား-မ သာတူညီမျှ အဓိပ္ပါယ်ကို မသက်ရောက်စေပါ။

ဇယားကွက်-၅.၅ - **ရပ်ရွာလူထု၏ ဆွေးနွေးမှု စကားဝိုင်းများဖြင့် သတင်းအချက်အလက်များကို ပုံဖော်ခြင်း။**

အရင်းအမြစ် - Renee Giovarelli ၏ "ကျား-မ သာတူညီမျှ အသိပညာပေးခြင်း" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲ

ဇယားကွက်-၅.၅ တွင် ဖော်ပြထားသော လူထုနှင့်ဆက်သွယ်ပြောဆိုမှုနည်းလမ်းသည် ပြောင်းလဲမှုအတွက် စွမ်းအားကောင်းသော ကိရိယာတစ်ခုဖြစ်၍ အခြားအဖွဲ့ဝင်များ၏ အမြင်များကို လူထုတစ်ရပ်လုံးအား ကြားသိနိုင်စေနိုင်သည်။ HIV/AIDS ဆိုင်ရာ ကိစ္စရပ်များနှင့် အာဖရိကရှိ အမျိုးသမီးများ၏ လိင်အင်္ဂါဖြတ်တောက်ခြင်း ကိစ္စများအား ဖြေရှင်းကူညီရန် လုပ်ဆောင်နေသူများက လူထုနှင့်ဆက်သွယ်ပြောဆိုခြင်း နည်းလမ်းများကို ဖန်တီး၍ အကြီးစား ယဉ်ကျေးမှု အပြောင်းအလဲများအတွက် တတွန်းအားပေး၍ လွယ်ကူချောမွေ့စေမည့်နည်းလမ်းတစ်ခုအဖြစ် အသုံးပြုဆောင်ရွက်ခဲ့ကြပြီး ၎င်းကို မြေယာကိစ္စများတွင်လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် အခြားအခြေအနေများ၊ ဥပမာ ရပ်ရွာလူထု၏ဖွဲ့စည်းမှုပုံစံသည် အာဖရိက၌တွေ့ရှိရသောပုံစံများနှင့် ကွဲပြားခြားနားသော အိန္ဒိယနိုင်ငံတွင် ဇာတ်နိမ့်/ဇာတ်မြင့်၊ ဘာသာရေး၊ ကျား-မ ဖြစ်တည်မှု စသည်တို့ကို ထည့်သွင်းစဉ်းစားရသည့်အတွက် အိန္ဒိယ၌ ဤနည်းလမ်းကို အသုံးပြုလိုပါက ပြန်လည်ပြင်ဆင်၍ မှီငြမ်းအသုံးပြုရန်လိုအပ်သည်။ ထို့ကြောင့် ရပ်ရွာလူထုအားလုံးနှင့် အတူတကွ လုပ်ဆောင်ရန်မှာ အမြဲတမ်းအတွက် မဖြစ်နိုင်သကဲ့သို့ အချို့အခြေအနေများတွင် ဖြစ်နိုင်သော ပွင့်လင်း လူထုစကားဝိုင်းများကို အခြား နေရာတိုင်းတွင် ကမကထပြုရန် လည်းမဖြစ်နိုင်ပေ။

အမေရိကန်ပြည်ထောင်စု အခြေစိုက် NGO Landesa သည် Nike ဖောင်ဒေးရှင်း၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ရာ မိန်းကလေးများ၏ မြေယာလုပ်ပိုင်ခွင့်အာမခံချက် မြှင့်တင်ပေးရန်နှင့် မိန်းကလေးများ၏ အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ ပြဿနာများကို ပိုမိုကျယ်ပြန့်စွာ ဆန်းစစ်နိုင်ရန်အတွက် လူထုစကားဝိုင်း နည်းလမ်းကိုကျင့်သုံးခဲ့သည်။ Landesaသည် ရပ်ရွာလူထုနှင့်လည်းကောင်း၊ ယောကျ်ားလေးများနှင့် မိန်းကလေးများ သီးသန့်အုပ်စုများနှင့်လည်းကောင်း တွေ့ဆုံကာ အမျိုးသမီးငယ်များအနေနှင့် ထိန်းချုပ်ရန်ခက်ခဲသော ကိစ္စရပ်များ ဖြစ်သည့် - ဆင်းရဲနွမ်းပါးမှု၊ သတို့သမီးမှ သတို့သားသို့တင်တောင်းရသော ခန်းဝင်ပစ္စည်း လိုအပ်ချက်များ၊ အရွယ်မတိုင်မီအိမ်ထောင်ပြုရခြင်း အကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။ ဇာတ်နိမ့်/ဇာတ်မြင့် ရောနှောခြင်းကို ယဉ်ကျေးမှုအရ ကန့်သတ်ထားရာ ဤစီမံကိန်းကို ဆောင်ရွက်ရာတွင် ရပ်ရွာလူထုတစ်ရပ်လုံးအား အတူတကွတွေ့ဆုံဆွေးနွေးခြင်း မပြုလုပ်မီ ကွဲပြားသော ဇာတ်အမျိုးမျိုး၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုးနှင့် အခြားသော အခြားအုပ်စုများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ခဲ့ရပါသည်။

သီးခြားအုပ်စုများနှင့်ပြောဆိုဆွေးနွေးရာတွင် လန်ဒက်ဆာသည် စီမံကိန်းရည်ရွယ်ချက်ဖြစ်သည့် ဆင်းရဲသောမိသားစုများကပေးရမည့် ခန်းဝင်ပစ္စည်းပမာဏ လျှော့ချရေးသည် ခန်းဝင်ပစ္စည်းပမာဏနည်းပါးပါက သတို့သမီး၏အဆင့်အတန်းနိမ့်ကျသည်ဟူသော ရပ်ရွာလူထု၏ အမြင်နှင့် ဆန့်ကျင်နေသည်ကို သိရှိရသည်။ ဆင်းရဲသောမိသားစုများမှ မိန်းကလေးများသည် ခန်းဝင်ပစ္စည်းဖိုးသက်သာစေရန် ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ကြရသည်က များသည်။ တစ်ဖြည်းဖြည်း ညှိနှိုင်းလာရာ ရပ်သူ၊ရွာသားများက ခန်းဝင်ပစ္စည်းပေးသည့် စနစ်ကို ဖျက်သိမ်းခြင်း၊ လျှော့ပေါ့ခြင်းထက် ထိုခန်းဝင်ပစ္စည်းများမှ တစ်ပုံကို ၎င်းတို့၏သမီးများပိုင်ဆိုင်သောပစ္စည်းအဖြစ် ရှုမြင်သတ်မှတ် ပေးရန် သဘောတူခဲ့ကြသည်။ ရပ်ရွာလူထု အစည်းအဝေး၌ မိခင်များနှင့်သမီးများ၏ တောင်းဆိုချက်များဖြစ်သည့် မြေအသုံးပြု၍ ဝင်ငွေရရှိစေရန် မြေကိုအခြေခံသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းတက်ရောက်ခွင့်ကို တင်ပြဆွေးနွေးနိုင်ခဲ့ကြသည်။ ဤနည်းဖြင့် အိမ်ခြေယာမဲ့၊ လယ်ယာမဲ့ မိသားစုများမှဆယ်ကျော်သက်မိန်းကလေးများ၏ အကျိုးနှင့် လိုအပ်ချက်များကို ရပ်ရွာလူထုအား ချပြနိုင်ခဲ့ခြင်းဖြင့် စီမံကိန်းက အထောက်အကူပြုနိုင်ခဲ့ပါသည်။

| | |
|---|---|
| ✓ | အမျိုးသမီးများထံသို့ရောက်ရှိမည့် အကောင်းဆုံးမီဒီယာကို ရွေးချယ်သတ်မှတ်ရန်။ |
| ✓ | နိုင်ငံရေးအခြေအနေကို သိရှိရန်- အဓိကပါဝင်ပတ်သက်သူများအား ဖော်ထုတ်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာ လမ်းပြမြေပုံကိုရေးဆွဲရန်။ |
| ✓ | ပရိသတ် အကြောင်းသိအောင်ပြုလုပ်ရန် - ပရိသတ် မြေပုံရေးဆွဲရန်။ |
| ✓ | သတင်းအချက်အလက်များကို ရိုးရိုးရှင်းရှင်းနှင့်တိုတိုတုတ်တုတ်ရေးသားရန်။ |
| ✓ | စည်းရုံးဆွဲဆောင်ရန် - ရန်မလိုပါနှင့်။ |
| ✓ | ဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့်ကိုးကားချက်များကိုသုံးရန်။ |
| ✓ | ရှင်းလင်းသောအချက်အလက်များနှင့်ကိန်းဂဏန်းများဖြင့် ဖန်တီးမှုကောင်းကောင်းဖြင့် အသုံးပြုရန်။ |

**သတိပြုရန်။**

ကွဲပြားခြားနားသောပရိသတ်များတွင် မတူညီသော ဆက်သွယ်ရေးလိုအပ်ချက်များ ရှိပါသည်။ သင့်လျော်သည့် ဘာသာစကားကို ရွေးချယ်အသုံးပြုရန် လိုအပ်ပြီး သတင်းအချက်အလက်များသည် အကောင်းဆုံးနားလည်နိုင်ရန်နှင့် လက်ခံနိုင်ရန်အတွက် အံဝင်ခွင်ကျ ဖြစ်အောင်ဆောင်ရွက်ထားရန် လိုအပ်သည်။

**ဆန်းစစ်ရန် အချက်များစာရင်း-၅.၅ - သတင်းအချက်အလက် ဖွံ့ဖြိုးရေး**

အရင်းအမြစ် - Sabine Palla ၏ "အာဖရိကတွင် လုပ်ရပ်အခြေပြု သုတေသနမှ တဆင့် ဆက်သွယ်ရေးနှင့် စည်းရုံးရေး နည်းစနစ်များ ဖန်တီးခြင်း" တင်ပြဆွေးနွေးချက်၊ ၂၀၁၁ မေ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ၊ ILC, 2011

## အမျိုးသမီးများပါဝင်မှု

အမျိုးသမီးများတက်ရောက်နိုင်ရေးအတွက် အစည်းအဝေးများ၏ တည်နေရာနှင့် အချိန်ရွေးချယ်မှုသည် အလွန်အရေးကြီးသည်။ ဥပမာအားဖြင့်၊ အမျိုးသမီးများသည် အိမ်မှုကိစ္စများစွာ လုပ်ဆောင်ရလေ့ရှိသဖြင့် ၎င်းတို့အထဲမှ တစ်ဦးဦး၏ နေအိမ်တွင် အိမ်နီးချင်းအမျိုးသမီးအုပ်စုငယ်များဖွဲ့၍ အစည်းအဝေးများ ကျင်းပခြင်းမျိုးဆောင်ရွက်သင့်သည်။ ဇယားကွက်-၅.၆ တွင် ဖော်ပြထားသည့် ယူဂန်ဒါနိုင်ငံမှ နမူနာအတိုင်း အစည်းအဝေးကျင်းပရာသို့ ၎င်းတို့၏ အိမ်များမှ မိသားစုအတွက် ချက်ပြုတ်မည့် အစားအသောက်များ ယူဆောင်လာစေရန် ဖိတ်ကြားပြီး အစည်းအဝေးကျင်းပနေစဉ် ဝိုင်းဝန်းချက်ပြုတ်ပေးကြခြင်းဖြင့် အမျိုးသမီးများ အစည်းအဝေး ပိုမိုတက်ရောက်အောင် လုပ်ဆောင်နိုင်ပါသည်။

တစ်နေ့တာအလုပ်များပြီးဆုံးသည့် ညနေခင်းအချိန်တွင် အမျိုးသမီးများအတွက် အစည်းအဝေးများ ကျင်းပခြင်းသည် အကောင်းဆုံးဖြစ်နိုင်ပါသည်။ သို့သော် အမျိုးသမီးများ၏အိမ်များမှာ အလှမ်းဝေးသည့် ဒေသမျိုးတွင်မူ အမှောင်ထဲ၌ အိမ်သို့ လမ်းလျှောက်ပြန်ရခြင်းသည် ဘေးကင်းလုံခြုံမှုမရှိနိုင်သောကြောင့် ညနေပိုင်းအစည်းအဝေးများသည် မသင့်တော်နိုင်ပါ။ အထူးသဖြင့် ညနေခင်းအစည်းအဝေးများကို တက်ရောက်သူများ မပင်ပန်းမီ ရုတ်သိမ်းနိုင်ရန် လိုရင်း၊ တိုရှင်း ဆွေးနွေးရန်အရေးကြီးသည်။

အမျိုးသမီးများအဆင်ပြေစွာ တက်ရောက်နိုင်မည့်နေရာများတွင် အစည်းအဝေးများကျင်းပရန်လည်း အရေးကြီးသည်။ စီမံကိန်းအစည်းအဝေးများကို အမျိုးသမီးများ လက်ရှိပါဝင်နေသော အခြားအစည်းအဝေးများနှင့် ပေါင်း၍ ကျင်းပပေးနိုင်သည်။ သို့မဟုတ် အစိုးရ ရေပေးဝေသည့် နေရာများ၊ လက်ဖက်ရည်ဆိုင်များ သို့မဟုတ် - မာလဝီ နိုင်ငံတွင် ကဲ့သို့ စာတတ်မြောက်ရေးဗဟိုဌာနများ (ဇယားကွက်-၅.၆) ကဲ့သို့ အမျိုးသမီးများ စုဝေးရာနေရာများတွင် ကျင်းပနိုင်သည်။

ဇယားကွက်-၅.၆ - **အမျိုးသမီးများ အစည်းအဝေးတက်ရောက်နိုင်ရန် ပံ့ပိုးပေးခြင်း။**

အရင်းအမြစ် - Rachael Knight ၏ " လိုင်ဘေးရီးယား ၊ မိုဇမ်ဘိနှင့် ယူဂန်ဒါတို့တွင် ရပ်ရွာမြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ မြေယာစီမံအုပ်ချုပ်မှုတွင် ကျား-မ သာတူညီမျှပါဝင်မှု" တင်ပြဆွေးနွေးချက်များ၊ ၂၀၁၁ မေလ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ၊ World Bank/FAO IFAD, 2009b: 441

အိန္ဒိယ နိုင်ငံ Gudibanda Taluk တွင် အမျိုးသမီးများအတွက် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးလုပ်ငန်းများ အမည်ရ NGO မှ အကောင်အထည်ဖော်ခဲ့သည့် သီးနှံသစ်တော ရောနှောစိုက်ခင်းစီမံကိန်းတွင် - သီးနှံများထွက်ရှိရန်နှင့် ကာဗွန်ဓါတ်ကို စုပ်ယူထိန်းသိမ်းရန် ဒေသခံအမျိုးသမီးနှင့်အမျိုးသားများ ဥယာဉ်ခြံစိုက်ပျိုးရာတွင် စီမံကိန်းက ပံ့ပိုးကူညီပေးခဲ့သည်။ ဤစီမံကိန်းအရ အများပြည်သူဖိုရမ်များ တည်ထောင်သည့်အခါ အမျိုးသမီးများ၏ အချိန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ထည့်သွင်းစဉ်းစားပေးသဖြင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များ၌ အမျိုးသမီးများ အလွယ်တကူပါဝင်စေနိုင်သည်။

ယူဂန်ဒါနိုင်ငံ၊ အိုခီရာတွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖွဲ့အစည်း၏ အစုအဖွဲ့ပိုင်မြေယာမှတ်ပုံတင်ရေးစီမံကိန်းကို အကောင်အထည်ဖော်နေစဉ် အမျိုးသမီးများသည် အလုပ်များသောကြောင့်လည်းကောင်း၊ အချိန်မရ သောကြောင့်လည်းကောင်း အစည်းအဝေးများစွာ လွဲချော်ခဲ့ရသည်ဟုအစီရင်ခံတင်ပြခဲ့သည်။ ထို့ကြောင့် ရပ်ရွာမှ စေတနာ့ဝန်ထမ်းတစ်ဦးက အမျိုးသမီးများအား အစည်းအဝေးသို့ ချက်ပြုတ်စရာများ ယူဆောင်လာရန်ဖိတ်ခေါ်၍ အမျိုးသမီးများအစည်းအဝေးသို့ တက်ရောက်နိုင်ရန် ထိုအစားအစာ အားလုံးကို ချက်ပြုတ်ပေးခဲ့ကြသည်။

နိုင်ငံတကာက ချီးမြှင့်သောဆုရရှိသည့် မာလာဝီ နိုင်ငံမှ ActionAid စီမံကိန်းတွင် အမျိုးသမီးများအတွက် အပတ်စဉ်စာတတ်မြောက်ရေး သင်တန်းများ၌ ကျား-မရေးရာနှင့်မြေယာပြဿနာများ ဆွေးနွေးခြင်းကို ပေါင်းစပ်လုပ်ဆောင်ခဲ့သည်။

## ကျား-မ သာတူညီမျှ ဆက်သွယ်ရေးနည်းလမ်းများကိုအသုံးပြုခြင်း

အချို့သောဆက်သွယ်ရေးနည်းစနစ်များနှင့် မီဒီယာများသည် အရင်းအမြစ်များရနိုင်မှု၊ အချိန်နှင့် ရယူသုံးစွဲရန်၊ အသုံးပြုရန် လွယ်ကူမှုတို့ အပေါ် မူတည်၍ ပရိသတ် အမျိုးမျိုးထံ ရောက်ရှိရန် ဆောင်ရွက်ရာတွင် အခြားနည်းလမ်းများထက် ပိုမိုထိရောက်နိုင်သည်။

ဥပမာအားဖြင့် ရေဒီယိုသည် ကျေးလက်ဒေသများနှင့် သီးခြားတည်ရှိနေသည့် ရပ်ရွာလူထုအသိုင်းအဝိုင်းများ အကြား အသိပညာပေးခြင်း၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း တို့အတွက် အရေးကြီးသော ကိရိယာတစ်ခုဖြစ်သည်။ FAO ၏ Dimitra စီမံကိန်းကို ဇယားကွက်-၅.၇ တွင် ဖော်ပြထားသည့်အတိုင်း ရေဒီယိုအစီအစဉ်များတွင် ပါဝင်သည့် နည်းလမ်းများကိုလည်း အသုံးပြုနိုင်သည်။ Dimitra နည်းလမ်းသည် ကျေးလက်ဒေသများရှိ အချေအတင်၊ ဆွေးနွေးမှုများအား တွန်းအားပေးရန် ကောင်းမွန်သော နည်းစနစ် တစ်ခုဖြစ်သည်။ သို့သော် အချို့အခြေအနေများတွင် အိမ်သုံးရေဒီယိုများ အသုံးပြုပုံနှင့် အသုံးပြုခွင့်ကို အမျိုးသားများက ထိန်းချုပ်ကြသည်။

ဇယားကွက်-၅.၇ - **ပြောင်းလဲမှုအတွက် ကျေးလက် ရေဒီယိုအား ဆက်သွယ်ရေးကိရိယာ တစ်ခုအဖြစ် အသုံးချခြင်း- Dimitra စီမံကိန်း**

အရင်းအမြစ် - FAO-Dimitra, 2008; 2010a; 2010b; 2011a; 2011b; 2011c; ilane Najros, personal communication

Dimitra သည် ကမ္ဘာ့ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ FAO ၏ စီမံကိန်းတစ်ခုဖြစ်ပြီး ကျေးလက်ဒေသတွင် ကျား-မ တန်းတူညီမျှမှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အကြောင်းအရာများကို တင်ပြဖြန့်ဝေသည့် ကွန်ရက်တစ်ခု ဖြစ်သည်။ နိုင်ဂျီးရီးယားနှင့် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ (DRC) တို့၏မိတ်ဖက်များနှင့်အတူ ၂၀၀၆ ခုနှစ်တွင် Dimitra သည် ရပ်ရွာလူထု သောတရှင်များအသင်းများကို တည်ထောင်ခဲ့ပြီး ယခုအခါနိုင်ငံနှစ်နိုင်ငံတွင် အဖွဲ့ဝင်ပေါင်း ၈,၀၀၀ ဦးခန့်ထိရှိလာသည်။

ရွာသူ၊ ရွာသား များထဲမှ အမျိုးသမီးနှင့်အမျိုးသား သီးသန့်အုပ်စုနှင့် နှစ်ဖက်ပေါင်းအုပ်စုများသည် ၎င်းတို့စိုးရိမ်မကင်း ဖြစ်နေသည့် အချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးရန်နှင့် စုပေါင်းဖြေရှင်းရန်အတွက် ပုံမှန်တွေ့ဆုံခြင်းများပြုလုပ်ကြသည်။ ကျေးလက်ရေဒီယို အသံလွှင့်ဌာနများသည် အသင်းဝင်များမှ သတ်မှတ်ထားသော ခေါင်းစဉ်အကြောင်းအရာများဖြစ်သည့် စိုက်ပျိုးရေး နည်းစနစ်များ၊ စားနပ်ရိက္ခာဖူလုံမှု၊ မြေယာအသုံးပြုခွင့်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့် သတင်းအချက်အလက်များကို ထပ်မံထုတ်လွှင့်ခြင်း၊ ဖလှယ်ခြင်းတို့ကိုဆောင်ရွက်၍ ဗဟုသုတ

↓

အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။ အသင်းဝင်များသည် အချင်းချင်းသော်လည်းကောင်း၊ အခြားအသင်းများနှင့် ဆက်သွယ်ရန်အတွက်သော် လည်းကောင်း ဆိုလာရေဒီယိုများ၊ သံပတ်ရေဒီယို များနှင့် (တခါတရံ) ဆယ်လူလာဖုန်းများကို အသုံးပြုကြသည်။ တွေ့ဆုံဆွေးနွေးမှုများနှင့် လက်တွေ့ဆောင်ရွက်ချက်များမှတဆင့် ကျေးလက်နေပြည်သူများသည် အသိပညာပိုမိုရရှိလာပြီး ဗဟုသုတများ ဖလှယ်ခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှုရှိလာခြင်းနှင့် ပြောရဲဆိုရဲရှိလာခြင်း အကျိုးများလည်းရရှိလာကြသည်။ ဤလုပ်ငန်းစဉ်သည် ရပ်ရွာလူထုဘဝတွင် ၎င်းတို့ တက်ကြွစွာပါဝင်လာအောင် အားပေးလျက်ရှိသည်။

ဤရလဒ်အချို့သည် ကျား၊ မသာတူညီမျှမှုကိုမြှင့်တင်ရန် အထူးသဖြင့်အထောက်အကူပြုခဲ့သည်။ ဥပမာအားဖြင့် Niger ရှိ Banizoumbou ကျေးရွာမှ အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်များစိုက်ပျိုးရန်အတွက် မြေဆီလွှာကောင်းသော ၂.၇၅ ဟက်တာ ကျယ်ဝန်းသည့် မြေယာကို ၉၉ နှစ် တာ ငှားရမ်းခွင့်ရရှိရန်အတွက် ဒေသခံအမျိုးသားမြေပိုင်ရှင်များနှင့် ညှိနှိုင်းခဲ့သည်။ ကွန်ဂိုဒီမို ကရက်တစ်ပြည်ထောင်စုနိုင်ငံ၊ Bugobe (Kabare) ရှိ သောတရှင်များ၏ အသင်းများအကြား ဆွေးနွေးပွဲများမှနေ၍ မြေဩဇာကောင်းသော ရေတိမ်ဒေသများကို ကြံစိုက်ပျိုးရန် အမျိုးသားများက ရယူလာလျက်ရှိကြောင်း သိရှိလာခဲ့ရသည်။ ယင်းကြောင့် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ အခြေအနေအပေါ် ကြီးမားသောဆုံးရှုံးမှုများရှိခဲ့ပြီး အခြားသီးနှံများစိုက်ပျိုးမည့် အမျိုးသမီးများအတွက် မြေယာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ သောတရှင်များ၏အသင်းသည် အုပ်ချုပ်ရေးမှူးနှင့် ဓလေ့ထုံးတမ်း အာဏာပိုင်များအား သတိပေးခဲ့ရာ ၎င်းတို့က ကြံစိုက်တောင်သူများအပေါ် အလွန်မြင့်မားသည့်အခွန်များ နှုန်းများဖြင့် စည်းကြပ်ကောက်ခံခဲ့သည်။ ရလဒ်အနေဖြင့် မြေနေရာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို သစ်သီး၊ ဝလံနှင့်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဤဥပမာများအားဖြင့် ပိုမိုကောင်းမွန်သည့်သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးရရှိပါက ကျား-မသာတူညီမျှ အလေ့အထများကို ပိုမို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်လှုံ့ဆော်ပေးနိုင်၍ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အမျိုးသမီး အခွင့်အရေး စသည်တို့နှင့် ပတ်သက်သော အရေးကြီးသည့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးရာတွင် မည်သို့ လှုံ့ဆော်ပေးနိုင်သည်ဆိုသည့် နည်းလမ်းတို့ကို ပြသထားရာ ရပ်သူ၊ ရွာသားများ အထူးသဖြင့် အမျိုးသမီးများများအတွက် လူမှုရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေးလှုံ့ဆော်ပေးခြင်းနှင့် လုပ်ပိုင်ခွင့်ရရှိရေးတို့ကို ဦးတည်စေပါသည်။ ကွန်ဂိုဒီမိုကရက်တစ်ပြည်ထောင်စု ၊ Kivu တောင်ပိုင်းရှိ Kalehe ရေဒီယိုသောတရှင်အသင်းတွင် ပါဝင်ခဲ့သော အမျိုးသားတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ဤသို့ဖော်ပြခဲ့သည် - "ကျား-မရေးရာအသိပညာပေးခြင်းအကြောင်း စကားစစ်ထိုးပွဲတစ်ခုထဲမှာ ပထမဆုံးအကြိမ် ပါဝင်ခဲ့တာပါ။ အရင်ကဆို ဒီခေါင်းစဉ်က အမျိုးသမီးတွေကိုပဲ မျက်နှာသာပေးပြီး အမျိုးသားတွေကို ဆန့်ကျင်တယ်လိုပဲ ထင်နေခဲ့တာ။"

ကျေးလက်နေအမျိုးသမီးများသည် ပုံနှိပ်မီဒီယာနှင့် ပုံနှိပ်ထားသော သတင်းအချက်အလက်များကို အနည်းငယ်သာရရှိသောကြောင့် အကြားနှင့်အမြင်ဆိုင်ရာ ဆက်သွယ်ရေး ကိရိယာများကို အထူးအလေးထား ဆောင်ရွက်ပေးသင့်သည်။ ပေးပို့သော အချက်အလက်များနှင့် သတင်းအအကြောင်းအရာများကိုလည်း ဒေသသုံးဘာသာစကားများသို့ ပြန်ဆိုရန် လိုအပ်ကောင်းလိုအပ်နိုင်ပြီး နည်းပညာနှင့် ဥပဒေရေးရာစကားလုံးများကို ရှောင်သင့်သည်။ ဇယားကွက်-၅.၈ တွင် ဖော်ပြထားသည့် မာလာဝီ တွင်ပြုလုပ်ခဲ့သည့် စီမံကိန်း ကဲ့သို့ ရပ်ရွာရှိ ပြဇာတ်ရုံများ၊ ရုပ်ပြစာအုပ်များ၊ သီချင်းများ၊ ပိုစတာများနှင့် ဗီဒီယိုများသည် နောက်ထပ် အသုံးပြုနိုင်သည့် ကိရိယာများဖြစ်ကြသည်။

| |
|---|
| ကျား-မရေးရာကိစ္စများနှင့် ပြဿနာများ၏ ခိုင်လုံမှုကို ဓလေ့ထုံးတမ်းခေါင်းဆောင်များ သိမြင် လက်ခံလာပါက ၎င်းတို့သည် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုကို အလွန်ထိရောက်စွာ ဖော်ဆောင်နိုင်သည့် အတွက် ၎င်းတို့အား ဦးတည်ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ သီချင်းများ၊ ကဗျာများ၊ ပြဇာတ်များနှင့် မတူညီသောအသံအမျိုးမျိုးကို ရိုက်ကူးတင်ဆက်ခြင်း၊ သတိပြုရန်မှာ ဖြေဆိုသူများက တစ်ခါတစ်ရံ ကင်မရာဖြင့် အရိုက်ခံ၍ ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြလိုခြင်းမရှိသည့် အချက်ဖြစ်သည်။ |

ဇယားကွက်-၅.၈-
**ကျား-မသာတူညီမျှ ဆက်သွယ်ရေးနည်းလမ်းနှင့်မီဒီယာများ**

အရင်းအမြစ် - WOLREC, 2011.

| |
|---|
| ကျား-မ မညီမျှမှု ပေါ်ပေါက်စေသည့် မြေယာပြဿနာများအပေါ် အဓိကထား၍ ရပ်ရွာလူထုအတွင်း သုတေသနတွေ့ရှိချက်များကို ဖြန့်ဝေပေးကာ ပရိသတ်များအား ၎င်းတို့၏ လက်တွေ့အခြေအနေနှင့် မြေယာနှင့်ပတ်သက်သော အခက်အခဲများအား ဖြေရှင်းနည်းများကို ဆွေးနွေးနိုင်ရန် အခွင့်အရေး ပေးခြင်းများ ပါဝင်သည့် ဖွံ့ဖြိုးရေး အရပ်ဇာတ်ထုတ်များဖြင့် တင်ဆက်စေပါ။ |
| ဖခင်မျိုးရိုးကြီးစိုးသော အသိုင်းအဝိုင်းများနှင့် မိခင်မျိုးရိုးကြီးစိုးသော အသိုင်းအဝိုင်းများအကြား အချင်းချင်း အပြန်အလှန်လည်ပတ်၍ - ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့် စနစ်များကို နှိုင်းယှဉ်ရန် - ဤသည်မှာ အရင်းအမြစ် အလေးပေး အသုံးပြုရသော ဆက်သွယ်ရေးနည်းလမ်းတစ်ခုဖြစ်သည်။ |
| ရပ်ရွာအတွက် ရေရှည်မျှော်မှန်းချက်ထားသည့်အလေ့အကျင့်တစ်ရပ်- အမျိုးသမီးများ မြေယာပိုင်ဆိုင်မှုနှင့် မြေယာထိန်းချုပ်မှုများ ရရှိပါက မည်သို့မည်ပုံဖြစ်နိုင်သည်ကို ရပ်ရွာရှိ အမျိုးသမီးနှင့်အမျိုးသားများက မြေပုံဆွဲခြင်း။ |

## ယုံကြည်မှုတန်ဖိုးများနှင့် ခံယူချက်သဘောထားများကိုပြောင်းလဲခြင်း

မြေယာလုပ်ကိုင်ခွင့်အုပ်ချုပ်ရေးတွင် ကျား-မသာတူညီမျှမှုအား တိုးတက်အောင်ပြုလုပ်ခြင်းသည် အခြေခံကျ၍ မကြာခဏ နက်ရှိုင်းစွာ အမြစ်တွယ်နေသော ယုံကြည်မှုတန်ဖိုးများနှင့် ခံယူချက်သဘောထားများကို ပြောင်းလဲရန် လိုအပ်သည့် ရေရှည်စီမံကိန်းတစ်ခုဖြစ်သည်။ ရေရှည်တွင် အကြီးမားဆုံး အကျိုးသက်ရောက်မှုရရှိရန်အတွက် ကျား-မရေးရာနှင့် မြေယာကိစ္စရပ်များနှင့် ပတ်သက်သည့် ဆက်သွယ်ရေးနှင့် အသိပညာပေးရေးအတွက် စတင်ဝင်ရောက်နိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်ရန် အရေးကြီးသည်။ ကလေးများနှင့် အတူလက်တွဲလုပ်ကိုင်ခြင်းမှာ ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပြီး ၎င်းတို့၏ တန်ဖိုးများနှင့် ခံယူချက်များမှာ အနာဂါတ်လူ့အဖွဲ့အစည်းကို ပုံဖော်လာနိုင်၍ ဖြစ်သည်။ ဇယားကွက်-၅.၅ တွင်ဖော်ပြထားသည့် ရပ်ရွာလူထုနှင့်ဆွေးနွေးတိုင်ပင်သော နည်းလမ်း နှင့် ဇယားကွက်-၅.၉ တွင်ဖော်ပြထားသည့် မိသားစု ဦးစားပေး နည်းလမ်းတို့လည်း ထိရောက်သော နည်းလမ်းများဖြစ်သည်။

**ဇယားကွက်-၅.၉ - မိသားစုဦးစားပေး နည်းလမ်းမှတစ်ဆင့် သဘောထားပြောင်းခြင်း**

အရင်းအမြစ် - World Bank/ FAO/IFAD, 2009a: 162-165

ဆင်းရဲနွမ်းပါးသူများအတွက် မြေယာရယူပိုင်ခွင့် တိုးမြှင့်ပေးရန်ရည်ရွယ်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း Honduras နိုင်ငံ၌ အကောင်အထည် ဖော်ခဲ့သော ကမ္ဘာ့ဘဏ်၏ မြေယာအသုံးချမှုဆိုင်ရာရွေ့ပြောင်းစီမံကိန်းနှင့် တိုးချဲ့ထားသော Proyecto Acceso a la Tierra တို့သည် ပူးတွဲပိုင်ဆိုင်မှု အခွင့်အရေးများ၊ အိမ်ထောင်ရေးအခြေအနေပေါ် မူတည်ခြင်းမရှိသည့် ဥပဒေအာမခံချက်အခွင့်အရေး၊ ကျေးလက် အသေးစား စီးပွားရေးလုပ်ငန်း များတွင် အိမ်ထောင်စုဝင်များ တန်းတူပါဝင်လုပ်ကိုင်ခွင့်ရရှိရေး၊ စီးပွားရေးလုပ်ငန်းသစ်များကို အမျိုးသမီးများက စီမံခန့်ခွဲခြင်းနှင့် ကျား-မ သာတူညီမျှသင်တန်းများ အစရှိသည့် အကြောင်းအရာများအပေါ် အသိပညာပေးနိုင်ခဲ့သည်။ မြေယာမဲ့များနှင့် မြေရှားပါးသော ကျေးလက် မိသားစုများအား နည်းပညာနှင့် ဥပဒေရေးရာအကူအညီများနှင့် မြေယာဝယ်ယူနိုင်ရန် ချေးငွေများကိုထောက်ပံ့ပေးနိုင်ခဲ့ပြီး ဇနီးများက ခင်ပွန်းတို့နှင့် စီးပွားရေးဖက်စပ်လုပ်ကိုင်နေမှုကို ထည့်သွင်းစဉ်းစား၍ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါသည်။ အားလုံးပါဝင်ခွင့်ရှိသည့် စောင့်ကြည့်၊ အကဲဖြတ်ခြင်းစနစ်ဖြင့် စီမံကိန်းကို ရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ်မှ ကျား-မရေးရာမဟာဗျူဟာကိုပေါင်းစပ် ထည့်သွင်းခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာဝန်ထမ်းအားလုံးကို ကျား-မ သာတူညီမျှရှိမှုနှင့်ပတ်သက်၍ သင်ကြားပေးပြီး အမြင်ဖွင့်ပေးခဲ့သည်။

